ဝိနည်းမိုရနှင့်

ကျောင်းထိုင်လက်စွဲ

ဦးရိုဝ်သာသသရာစတော်

ကျေးဇူးရှင်

ညောင်လွန့်တောရ ဆရာတော်၏ တပည့်ရင်း

"ဓမ္မာစရိယ"

ညောင်လွန့် အရှင်သောဘိတာစာရ

(ဦးရိပ်သာ ဆရာတော်)

၏

ဝိနည်းမိုရ်နှင့် ကျောင်းထိုင်လက်စွဲ

[အခဏ်းကြီး ၇-ခဏ်း ပါဝင်သဖြင့် သဒ္ဓမ္မာမက သုတဓရ ပုဂ္ဂိုလ်တိုင်း လက်ကိုင်ထားသင့်သည်။]

★

[မူပိုင်]

ဦးတင်အောင်-ဒေါ်ခင်နု

★

၁၃၃၇-ခုနှစ်၊ နတ်တော်လ၊
ခေတ် (က)

ဝိနည်းမိုရ်နှင့် ကျောင်းထိုင်လက်စွဲ

★

- ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ခွင့်ပြုချက်အမှတ် (၈၁၀၈)
- ထုတ်ဝေသူ —ဦးတင်အောင် (မြဲ-၀၇၂၆)
  တင်အောင် စာပေဖြန့်ချီရေး
  အမှတ်-၆၊ တကောင်းလမ်း၊
  ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
- ပုံနှိပ်သူ —ဦးကြီးမောင် (မြဲ-၀၂၄၀)
  ခေတ်-စာပုံနှိပ်လုပ်ငန်း
  အမှတ်-၉၀၊ ကွမ်းရွဲတန်း၊
  ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
- မျက်နှာဖုံးရိုက် —ဇမ္ဗူ့ရတနာပုံနှိပ်တိုက်
  အမှတ်-၁၆၊ ထီးတန်း ကမ်းနားလမ်း၊
  ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
- စာအုပ်ရေ —(၂၅၀၀)
- အကြိမ် —ပထမ-အကြိမ်။
- ဈေးနှုန်း —တအုပ် ၂-ကျပ်၊ ၅၀-ပြား။
- ထုတ်ဝေသည့်လ—၁၉၇၅-ခုနှစ်၊ ဒီဇင်ဘာလ။

★

ကျမ်းပြုသူ

ညောင်လွန့် အရှင်သောဘိတာစာရ

(ဦးရိပ်သာဆရာတော်)

* ၁၂၈၅-ခုဘွား *

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ပဏ္ဏာမာဒိ-နိဒဿန	၅
	(၁) ဆုံးဖြတ်ချက်ချနည်း အခန်း	
၃။	မှတ်သားရန်	၉
၄။	ဆုံးဖြတ်ပေးနိုင်ခွင့်	၉
၅။	မှတ်ချက်	၁၀
၆။	သံဃာတော်၏ ဝတ္တရား	၁၁
၇။	ဝိနည်းဓိုရ်(တရားသူကြီး)ကို ပြဆိုချက်	၁၂
၈။	အဓမ္မ ဝိနည်းဓိုရ်များ၏အပြစ်	၁၅
၉။	စောဒက(တရားလို)ကို ပြဆိုချက်	၁၅
၁၀။	လူဝတ်ကြောင် စောဒက	၁၈
၁၁။	တရားဝင်-တရားမဝင် စောဒက	၁၉
၁၂။	စောဒနာခြင်း သုံးမျိုးနှင့် လေးမျိုး	၂၀
၁၃။	စောဒနာ မြောက်-မမြောက်	၂၀
၁၄။	စောဒက(တရားလို)လိုက်နာရန်	၂၁
၁၅။	အဓမ္မစောဒကနှင့် ဗာလစောဒကအပြစ်	၂၄
၁၆။	စုဒိတက(တရားခံ)ကို ပြဆိုချက်	၂၅
၁၇။	အမှုအခင်း ဆုံးဖြတ်ပုံ-ဆုံးဖြတ်နည်း	၂၆
၁၈။	ပဌမမှု စသည်အတွက် ဆုံးဖြတ်ချက် ချပုံ-ချနည်း	၂၈
၁၉။	ဝိမတိဋီကာဆရာအလို	၃၃
၂၀။	မှတ်သားရန် နည်းကောင်းများ	၃၄
၂၁။	မန္တလေးမြို့-ရာဇာဂုရုဘွဲ့ခံ စံကျောင်းဆရာတော် ဘုရားကြီးမိန့်ခွန်း	၃၆
၂၂။	လဇ္ဇီ-အလဇ္ဇီ ခွဲခြားချက်	၃၈

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၃။	စောဒက-စုဒိတက လေးယောက်ပြားပုံ	၃၉
၂၄။	ဝိနည်းဓိုရ်(တရားသူကြီး)တို့ သိထားရန်	၄၂
၂၅။	အဓိကရုဏ်းလေးပါး	၄၂
၂၆။	သမထ ၇-ပါး	၄၂
၂၇။	အဓိကရုဏ်းကို သမထဖြင့် ငြိမ်းစေပုံ	၄၄
၂၈။	သမ္မုခတာ ၄-ပါး	၄၅
၂၉။	ကံ ၄-ပါး	၄၆
၃၀။	ကံ ၇-ပါး	၄၆
၃၁။	အဆုံးအဖြတ် စာတမ်းရေးနည်းပုံစံ	၄၈
	(၂) ကမ္မဝါစာဘတ်နည်းအခန်း	
၃၂။	ရှုပသိဒ္ဓိလာ ဌာန်,ကရိုဏ်း,ပယတ်	၅၀
၃၃။	ဌာန်,ကရိုဏ်း,ပယတ် အပြည့်အစုံဘတ်ပုံ	၅၂
၃၄။	ပရိဝါအဋ္ဌကထာလာ ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး	၅၅
၃၅။	သိထိလနှင့် ဃောသ၊ ဓနိတနှင့် အဃောသအထူး	၅၆
၃၆။	ကံပျက်-မပျက်	၆၀
၃၇။	ဝိသဇ္ဇနီသံ မဘတ်ရ	၆၁
၃၈။	အထပ်ထပ်ပြင်၍ဘတ်နည်း	၆၁
၃၉။	ဉာတ်ကမ္မဝါစာဘတ်ဆဲ တားမြစ်လျှင်ပျက်ပုံ	၆၂
၄၀။	ကမ္မဝါစာဆရာ ၂-ပါး၊ ၃-ပါးတွဲပုံ	၆၃
၄၁။	ရဟန်းလောင်း စသည်ကို ဒွန်တွဲပုံ	၆၃
၄၂။	ဥပသမ္ပဒ-သီမသမူဟနန-သီမသမ္မုတိ-ကထိန ကမ္မဝါစာများ	၆၄
၄၃။	ဥပသမ္ပဒ-သီမသမူဟနန-သီမသမ္မုတိ-ကထိန ကမ္မဝါစာတို့၌ ဘတ်ပုံ	၆၈

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ

(၃) ရဟန်းခံနည်းအခန်း

၄၄။	ဥပသမ္ပဒကံ ဆောင်ရွက်ပုံ	၇၃
၄၅။	အမည်သစ်မှည့်ပုံ	၇၃
၄၆။	အမည်သစ်မှည့်၍ ဘတ်ပုံသာဓက	၇၄
၄၇။	ပုဗ္ဗကိစ္စ(ခေါ်) ရဟန်းလောင်းဆုံးမပုံ	၇၄
၄၈။	အနုသာသကဉာတ်	၇၆
၄၉။	ဆုံးမပုံ	၇၇
၅၀။	ပဝေသနဉာတ်	၈၁
၅၁။	ရဟန်းအဖြစ်ကိုတောင်းပုံ	၈၂
၅၂။	အန္တရာယိကဓမ္မပုစ္ဆကဉာတ်	၈၂
၅၃။	မေးစစ်ပုံ	၈၃
၅၄။	ပဓာနကိစ္စ(ခေါ်)ဥပသမ္ပဒဉတ္တိစတုတ္ထ ကမ္မဝါစာဘတ်ပုံ	၈၄
၅၅။	အပရကိစ္စ(ခေါ်)ဩဝါဒကြားပုံ	၈၄
၅၆။	ရဟန်းရက်ချုပ် မှတ်ပုံတင်စာတမ်း	၈၅
၅၇။	မြန်မာဘာသာသက်သက်မှီရာ ၄-ပါးကြားပုံ	၈၆
၅၈။	မြန်မာဘာသာသက်သက် မပြုအပ်သော အမှု ၄-ပါးကြားပုံ	၈၈
၅၉။	ဒွန်တွဲရဟန်းခံပုံ	၈၉
၆၀။	အမည်သစ်မှည့်ပုံ	၉၀
၆၁။	ဆုံးမပုံအခန်း	၉၁
၆၂။	မေးစစ်ပုံအခန်း	၉၃
၆၃။	ကေဝုံစ်ဒွန်ဥပသမ္ပဒကမ္မဝါစာ	၉၄

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၄။	ဗဟုဝုစ်ဒွန်ကမ္မဝါစာ	၉၅
၆၅။	ရဟန်းခံနည်းအမျိုးမျိုး	၉၆
	(၄) သိမ်နုတ် သိမ်သမုတ်နည်းအခဏ်း	
၆၆။	သိမ်နုတ်ပုံ အစီအရင်	၉၉
၆၇။	ကျက်မှတ်ရန် ဆောင်ပုဒ်များ	၁၀၀
၆၈။	ရှေးဆရာတော်တို့၏လက်ာများ	၁၀၁
၆၉။	သိမ်မြေကွက်အကျယ်	၁၀၃
၇၀။	ညောင်စောင်းကွက်နှင့် အလျား-အနံတူ ကွက် ပုံ ၂-မျိုး	၁၀၅
၇၁။	သိမ်နုတ်ပုံကို ပြဆိုချက်	၁၀၆
၇၂။	သိမ်နုတ်ရာ၌ ညွှန်ကြားချက်	၁၀၇
၇၃။	သိမ်သမုတ်ပုံ အစီအရင်	၁၀၉
၇၄။	ဆန္ဒဆောင်ပုံကို ပြဆိုချက်	၁၁၂
၇၅။	ကျောက်နိမိတ်နှင့် ရေနိမိတ်ကိုသာ အသုံးပြုကြပုံ	၁၁၃
၇၆။	သိမန္တရိက်တွင်းထားပုံ	၁၁၆
၇၇။	သိမ်သမုတ်ပုံကို ပြဆိုချက်	၁၁၇
၇၈။	နိမိတ်ကြားရန် အစီအစဉ်	၁၁၈
၇၉။	နိမိတ်ကြားပုံ	၁၁၉
၈၀။	ပါဠိဘာသာသက်သက် ရေနိမိတ်ကြားပုံ	၁၁၉
၈၁။	မြန်မာဘာသာသက်သက် ရေနိမိတ်ကြားပုံ	၁၂၁
၈၂။	သိမ်သမုတ်ကမ္မဝါစာ ၂-မျိုးကိုဘတ်ပုံ	၁၂၅
၈၃။	အဝိပ္ပဝါသကမ္မဝါစာကို ဘတ်ရခြင်းအကျိုးကို ပြဆိုချက်	၁၂၆
၈၄။	အဆောက်အဦပေါ်၌ သိမ်သမုတ်ပုံ	၁၂၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၅။	ဝမ်းတွင်းမြို့နယ် မိဂဒါဝုန်ရိပ်သာသိမ် သိမ်အောင် ဩဘာစာတမ်း	၁၂၈
၈၆။	ဒိုက်ဦးမြို့-မကျည်းဘန်းကျောင်းတိုက် သာသနဝုစ်ိုကာရီ သိမ်သမုတ်ပုံ အခမ်းအနား	၁၃၁
၈၇။	နံနက်ပိုင်း အစီအစဉ်	၁၃၂
၈၈။	သိမ်အောင် ဩဘာစာတမ်း	၁၃၂
၈၉။	နေ့လယ်ပိုင်း အစီအစဉ်	၁၃၅
၉၀။	သက်သိမ်နှင့် သိမင္ဂသိမ်	၁၃၆
၉၁။	ဗဒ္ဓလာလျှင် ဂါမနောက်ဆုတ်ပုံ	၁၃၇
၉၂။	ဂါမလာလျှင် နဒီနောက်ဆုတ်ပုံ	၁၃၇
၉၃။	ဥဒကုက္ခေပသိမ်	၁၃၈

(၅) ကထိန်ခင်းနည်းအခန်း

၉၄။	အနုမောဒနာ တိုက်တွန်းပုံ	၁၄၄

(၆) ဥပုသ်-ပဝါရဏာပြုနည်းစသည်အခန်း

၉၅။	ဥပုသ် ၉-ပါး	၁၄၅
၉၆။	ဥပုသ်ပြုပုံများ	၁၄၆
၉၇။	ညောင်လွန့်တောရတိုက် သံဃဥပုသ်ပြုပုံ	၁၄၇
၉၈။	သုတသဒ္ဒါနှင့် သိမ်းပုံ	၁၄၉
၉၉။	ပဝါရဏာ ၉-ပါး	၁၅၁
၁၀၀။	ပဝါရဏာပြုပုံများ	၁၅၂
၁၀၁။	သံဃပဝါရဏာပြုပုံ	၁၅၄
၁၀၂။	ညောင်လွန့်တောရတိုက် သံဃပဝါရဏာပြုပုံ	၁၅၅
၁၀၃။	ဒေသနာကြားပုံ	၁၅၆
၁၀၄။	နိဿျည်းယူပုံ	၁၅၉

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၅။	နေလှဲ့ရှာဝင် ပန်ကြွားပုံ	၁၅၉
၁၀၆။	ဝါကပ်ပုံ	၁၅၉
၁၀၇။	ဝါပန်ပုံ	၁၆၀
၁၀၈။	ဝိကပ္ပနာပြုပုံ	၁၆၀

(၇) သီလပေး–ရေစက်ချ–တရားဟောနည်း အခန်း

၁၀၉။	အလုံးစုံ ဆက်ဆံသောဆုပေးများ	၁၆၂
၁၁၀။	သက်ဆိုင်ရာကိစ္စတို့၌ထည့်သွင်းရန်ဆုပေးများ	၁၆၃
၁၁၁။	အလုံးစုံဆက်ဆံသော ရေစက်ချများ	၁၆၆
၁၁၂။	တနည်း-ရေစက်ချပုံအထူး	၁၆၇
၁၁၃။	သက်ဆိုင်ရာကိစ္စတို့၌ထည့်သွင်းရန် ရေစက်ချများ	၁၆၈
၁၁၄။	ကျောင်းကို အပ်အောင်ရေစက်ချပုံ	၁၇၀

နောက်ဆက်တွဲ

၁၁၅။	ဝိနည်းမိုရ်နှင့် ကျောင်းထိုင်အင်္ဂါများ	၁၇၂
၁၁၆။	လယ်တီဆရာတော်ဘုရားကြီး၏ ဝိနည်းမိုရ် အင်္ဂါများ	၁၇၂
၁၁၇။	ကျောင်းထိုင်အင်္ဂါများ	၁၇၃
၁၁၈။	ရှေးဆရာတော်ဘုရားကြီးများ မိန့်ကြားတော်မူကြပုံ	၁၇၄
၁၁၉။	အယုတ်ဆုံး ကျောင်းထိုင်အင်္ဂါများ	၁၇၅
၁၂၀။	တာဝန်ခံချက်	၁၇၆
၁၂၁။	နိဂုံးနှင့် ဆုတောင်း	၁၇၇

မာတိကာပြီး၏။

နိဒါန်း

★

“ဝိနယောနာမ သာသနဿ အာယု–ဝိနည်း မည်သည်ကား သာသနာတော်၏ အသက်ဖြစ်၏”။

“ဝိနယေ ဌိတေ သာသနံ ဌိတံ–ဝိနည်းတည်လျှင် သာသနာ တည်၏”။

ဤသို့ လာရှိသော အဋ္ဌကထာစကား သဘောသွားကို ထောက်ထား၍ရင်း။

“အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ – နောင်အခါ၌ သာသနာတော်ကို လဇ္ဇီရဟန်းကောင်းများ စောင့်ရှောက်လတ္တံ့”။

ဤသို့လာရှိသော ရှေးမထေရ်ကြီးတို့(တတိယသံဂါယနာတင် အရှင်မဟာ မောဂ္ဂလိပုတ္တ တိဿ မထေရ်)၏ မိန့်ခွန်းတော်စကားကို ထောက်ထား၍ရင်း၊ ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ခိုင်မြဲစေလိုလျှင် ဝိနည်းမိုရ်နှင့် ကျောင်းထိုင်ပြုလိုသူတို့သည် ဝိနည်းဥပဒေ စည်းကမ်းနှင့်အညီ အဂတိတရား မလိုက်စားဘဲ သာသနာတော်အရေးကို “လေးလေးစားစား လိုက်နာဆောင်ရွက်အပ်ပေသည်။

ဝိနည်းဥပဒေ စည်းကမ်းကို လေးစားကြည်ညိုမှု သဒ္ဓါတရား နည်းပါးသောပုဂ္ဂိုလ်မျိုးသည် သာသနာတော်အရေးကို ကောင်းအောင်ပြုမည့်အစား ပျက်စီးအောင် ဖျက်ဆီးတတ်ကြောင်းကို–

“ဘုန်းကံကြီးမား၊ ခြွေရံများ၍၊ ပါးရှားသဒ္ဓါ၊ သက်ဝါကြီးမင်း၊ စာခေါင်ချဉ်းဟု၊ ငါးခင်းအင်ညီ၊ အလဇ္ဇီကား၊ တိုက်ကျီအိမ်တွင်း၊ မီးထွန်းလင်း၍၊ အတင်းဝင်လျှိုး၊

ဖြူအောင်ခိုးသည့်၊ သူခိုးအလား၊ ဘုရားရှေ့စက်၊ ပေ
အောင်ဖျက်သည့်၊ ရှင်ပျက်အလဇ္ဇီပေကြီးတည်း”။

ဟု ရှေးပညာရှိ မထေရ်ကြီးများ စပ်ဆိုတော်မူထားခဲ့ကြလေသည်။

ဤသဘောကို ထောက်ဆလျှင် ဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် ဘုန်းကံကြီးမား ရှိရုံမျှနှင့်လည်း မဖြစ်နိုင်၊ အခြေအရံ ပရိသတ်များရုံမျှနှင့်လည်း မဖြစ်နိုင်၊ အသက်သိက္ခာ (ဝါ)ကြီးရုံမျှနှင့်လည်းမဖြစ်နိုင်၊ ပိဋကတ်ကျမ်းဂန် တတ်ရုံမျှနှင့်လည်း မဖြစ်နိုင်၊ ဗုဒ္ဓသာသနာတော်ကို တကယ်သက်ဝင်ယုံကြည်သော သဒ္ဓါတရားရှိမှသာ (သဒ္ဓါတရားက ချုပ်ထားမှသာ) ဖြစ်နိုင်သည်ဟု မုချမှတ်ယူသင့်ပေသည်။

သဒ္ဓါပဗ္ဗဇိတ၊ သဒ္ဓါယုံကြည်သဖြင့် ရဟန်းအဖြစ်သို့ ရောက်လာသော ပုဂ္ဂိုလ်မှန်လျှင် ဝိနည်းဥပဒေစည်းကမ်းကို ရိုသေလေးစားစွာ လိုက်နာမည် ကေန်ဖြစ်ပေသည်။

ဤသို့လျှင်....သဒ္ဓါပဗ္ဗဇိတ-ဝိနယဂရုက-သဒ္ဓမ္မမာမက-သိက္ခာကာမ-သီလဝန္တ- ဖြစ်တော်မူကြသော၊ ဝိနည်းဓိုရ် ပုဂ္ဂိုလ်တို့နှင့် ကျောင်းထိုင် ပုဂ္ဂိုလ်တို့သည် သာသနာတော်အရေးကို ဝိနည်းဥပဒေစည်းကမ်းနှင့်အညီ အဂတိတရားမလိုက်စားဘဲ လေးစားစွာ လိုက်နာဆောင်ရွက်တော်မူကြရာ၌၊ ဝိနည်းဥပဒေစည်းကမ်းနည်းလမ်းများကို လွယ်လင့်တကူ မှတ်ယူနိုင်ကြစေခြင်း အကျိုးငှါလည်း၊ ဝိနည်းဥပဒေ စည်းကမ်းနည်းလမ်းကို နားမလည်သောဝိနည်းဓိုရ်များနှင့် ကျောင်းထိုင်ပုဂ္ဂိုလ်များလည်း ဝိနည်းဥပဒေစည်းကမ်းကို နားလည်ကြစေခြင်းအကျိုးငှာလည်း၊ ဝိနည်းဥပဒေစည်းကမ်းကို နားလည်သော်လည်း ဝိနည်းဥပဒေစည်းကမ်း နည်းလမ်းမှန်ကို ဘေးချိတ် ထားပြီးလျှင် အဂတိတရား လိုက်စားကာ

မတရား ပြုလုပ်လေ့ရှိကြသော ဝိနည်းမိုရ်များနှင့်, ကျောင်းထိုင် ပုဂ္ဂိုလ်များလည်း သတိတရား ဖြစ်ကြစေခြင်း အကျိုးငှါရင်း၊ ရိုးသားစွာဖြင့် ဤ"ဝိနည်းမိုရ်နှင့် ကျောင်းထိုင်လက်စွဲ"အမည်ရှိ သောကျမ်းကို ရေးသားအပ်ပေသည်။

ရေးသားပုံအစီအစဉ်

ဤ"ဝိနည်းမိုရ်နှင့်ကျောင်းထိုင်လက်စွဲ"အမည်ရှိသော ကျမ်း စာကို ရေးသားရာ၌—

(၁) ဆုံးဖြတ်ချက် ချနည်းအခဏ်း။
(၂) ကမ္မဝါစာ ဘတ်နည်းအခဏ်း။
(၃) ရဟန်းခံနည်း အခဏ်း။
(၄) သိမ်နှုတ်-သိမ်သမုတ်နည်းအခဏ်း။
(၅) ကထိန်ခင်းနည်းအခဏ်း။
(၆) ဥပုသ်-ပဝါရဏာပြုနည်း စသည်အခဏ်း။
(၇) သီလပေး-ရေစက်ချ-တရားဟောနည်းအခဏ်း။

အားဖြင့် ၇-ခဏ်းပိုင်းခြား၍ ရေးသားထားပေသည်။

မှာထားချက်

မိမိသည် ဤ"ဝိနည်းခိုရ်နှင့် ကျောင်းထိုင်လက်စွဲ" အမည်ရှိ သောကျမ်းစာကို ရေးသားရာ၌၊ မည်သည့်ဂိုဏ်း,မည်သည့်ပုဂ္ဂိုလ် ကိုမျှ အစွဲအလန်းမထား၊ ဂိုဏ်း,ပုဂ္ဂိုလ် အစွဲအလန်းမရှိ၊မည်သည့် ဂိုဏ်း,မည်သည့်ပုဂ္ဂိုလ်မဆို ဗုဒ္ဓအလိုတော်ကျအတိုင်းသာ ဆောင် ရွက်စေလိုသော စေတနာကောင်းဖြင့် ရိုးသားစွာ ရေးသားခြင်း ဖြစ်ကြောင်းကိုလည်း အထူးသိစေအပ်ပါသည်။

ဤ "ဝိနည်းမိုရ်နှင့် ကျောင်းထိုင်လက်စွဲ" အမည်ရှိသော ကျမ်းစာသည် ဗုဒ္ဓသာသနာတော်နှင့် ဝိနည်းမိုရ်, ကျောင်းထိုင် ပုဂ္ဂိုလ်များ၊ သုတစရေ, သုတသန္နိစ္ဆယ ပုဂ္ဂိုလ်များအား အထူး ကျေးဇူးများပါစေသတည်း။

ညောင်လွန်း အရှင်သောဘိတာစာရ
(ဦးရိပ်သာ ဆရာတော်)
ဦး ရိပ် သာ ကျောင်း တိုက်၊
ရေနံမြို့
(တောင်ငူခရိုင်)

●



ဝိနည်းဓိုရ်နှင့် ကျောင်းထိုင်လက်စွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမာဒိ-နိဒဿန

၁။ ယော သ-ကိစ္စံ ကရံ နာထော၊
ပတ္တော သမ္ဗောဓိ မုတ္တမံ။
တဉ္စ သတ္တာနံ ယော ဓမ္မော၊
တံ ဓမ္မဉ္စ ဟိတံ ဒဒေ။ ။
(တတိယ မကာရ ဝိပုလာ ဂါထာ)

၂။ သေဋ္ဌော ယဿာ-ဟံ ဂဏော တဉ္စ၊
ယေစ အာစရိယာ ဘဇာ။
မမ သေကာ.ဒျ.တ္ထုဿုက္ကာ၊
တေ ကတ္တိ.မံ လိခ.ဥလိ.န္တိ။ ။
(တတိယ မကာရ ဝိပုလာ ဂါထာ)

အဟံ၊ "ညောင်လွန့် အရှင်သောဘိတာစာရ" နာမသမုတ် အကျွန်ုပ်သည်။ ယောနာထော၊ အကြင် လူသုံးပါးတို့၏ မှီခိုကိုးစား အားထားရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သ-ကိစ္စံ၊ ကိုယ်တော်၏ လုပ်ငန်းကိစ္စဟူသမျှကို။ ကရံ-ကရောန္တော၊ ရက်ရက်-ရောရောကြီး ပြုလုပ် အားထုတ်တော် မူပြီး၍။ ဥတ္တမံ

လူသုံးပါးတွင် သီခြားဥက္ကဋ္ဌ လွန်ထူးမြတ်သော။ သမ္ဗောဓိံ၊သဗ္ဗညု
အစစ် ဘုရားအဖြစ်သို့။ ပတ္တော၊ ကမ်းတဖက်မြောက် ကူးရောက်
တော်မူခဲ့လေပြီ။ တံနာထဉ္စ၊ ထို လူသုံးပါးတို့၏ မှီခိုကိုးစား အား
ထားရာ အစစ် ဖြစ်တော်မူသော မြတ်စွာဘုရားကိုရင်း။ ယော
ဓမ္မော၊ အကြင် မဂ်-ဖိုလ်-နိဗ္ဗာန် ဓမ္မက္ခန်ထည့်ငြား ဆယ်ပါးသော
တရားတော်မြတ်သည်။ သတ္တာနံ၊ သတ္တဝါ ပိုလ်ခြေ များဝေနေ
တို့၏။ ဟိတံ၊အပါယ်လွတ်ကင်း၍ သံသရာဝဋ်တွင်းမှလွတ်မြောက်
ခြင်း ခေါ်ငြား ကျိုးစီးပွားကို။ ဒဒေါ၊ စင်စစ်မသွေ ပေးတော်
မူပါပေ၏။ တံဓမ္မဉ္စ၊ ထို မဂ်-ဖိုလ်-နိဗ္ဗာန် ဓမ္မက္ခန် ထည့်ငြား
ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ ယောဂဏော၊ အကြင်
မဂ်,ဖလဋ္ဌာန် ရှစ်တန်ထေရ်မော် အရိယာသံဃာတော် အပေါင်း
သည်။ သေဋ္ဌော-ပသတ္ထတရော၊ ချီးမွမ်းအပ်သော ပုထုဇန်ပုဂ္ဂိုလ်
တို့ထက် ဆထက်လွန်ကြူး အထူးသဖြင့် ချီးမွမ်း အပ်ပါပေ၏။
(ဤအလို-ဝိသေသတဒ္ဓိတ်၊ နျာသဖွင့်ချက်) တနည်း- သေဋ္ဌော-
သန္တေဟိဣဋ္ဌော၊ သူတော်သူမြတ် အမြဲမပြတ် အလိုရှိအပ်ပါပေ
၏။ (ဤ အလို-တတိယာ တပ္ပုရိသ်သမာသ်၊ အာစရိယဝါဒ)
တနည်း၊ သေဋ္ဌော - ပသတ္ထ ဣဋ္ဌော၊ ချီးမွမ်းအပ်၊ အလိုရှိအပ်
ပါပေ၏။ (ဤ အလို-ဒွန်သမာသ်၊ အာစရိယဝါဒ) တံဂဏဉ္စ၊ထို
မဂ်,ဖလဋ္ဌာန် ရှစ်တန်ထေရ်မော် အရိယာသံဃာတော် အပေါင်း
ကိုရင်း။ (အန္တရာယေ၊ ဘေးရန်ငြိတွယ် အန္တရာယ် ဟူသမျှတို့ကို။
နိဝါရေတုံ၊ တားမြစ်ခြင်းငှါ။ အာဒရံ၊ ရိုသေစွာ။) အဉ္စလိံ၊
လက်အုပ်ချီမိုး ရှိခိုးခြင်းကို။ ကတွာ - ကရောမိ၊ ကြည်ဆွသဒ္ဓါ
ပြုလိုက်ပါ၏။ ကတွာ၊ ကြည်ဆွညွတ်သီး ပြုလိုက်ပြီး၍။ မမ၊
အကျွန်ုပ်၏။ ဝါ-“သဗ္ဗူဘာသတိတိ သောဘိတော၊ အာပုနပ္ပုနံ
စရတိတိ အာစာရော၊သောဘိတော စ အာစာရော စ သောဘိတာ-

စာရော” ဟူသော ဝစနတ် ကြောင်းသကတ်ဖြင့် ဟောတတ်, ကျင့်တတ် ဤနှစ်ရပ်ကို အတတ်သိမြင် ကျေးဇူးရှင်သည် မှည့်တွင်ပေထ “သောဘိတာစာရ” နာမသမုတ် အကျွန်ုပ်၏။ ဆောကာ့ဒျ.တ္တံ၊ထိုထိုအရာ၌ လိမ္မာတတ်သိစေခြင်း စသည်တို့၏အကျိုးငှါ။ ဉဿုက္ကာ၊ အရေးတယူ ကြောင့်ကြတော် မူကြကုန်သော။ ယေ-အာစရိယာ၊ အကြင် ထင်ပေါ် ကျော်ကြား ကျေးဇူးတော်ရှင် ညောင်လွန့်-တောရဆရာတော် အစရှိကုန်သော ဆရာတော်ဘုရားတို့သည်။ ဘဇာ၊သူတော်သူမြတ် အမြဲမပြတ် ဆည်းကပ်အပ်ပါပေကုန်၏။ တေ အာစရိယေစ၊ ထို ထင်ပေါ်ကျော်ကြား ကျေးဇူးတော်ရှင် - ညောင်လွန့်တောရ ဆရာတော် အစရှိကုန်သော ဆရာတော်ဘုရား တို့ကိုလည်း။ (ကတညုတံ၊ ကျေးဇူးကို သိသည်၏အဖြစ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ အာဒရံ၊ ရိုသေစွာ။) အဥ္ဇလိံ၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို။ ကတွာ - ကရောမိ၊ ကြည်ဆွသဒ္ဓါ ပြုလိုက်ပါ၏။ ကတွာ၊ ကြည်ဆွညွတ်သီး ပြုလိုက်ပြီး၍။ ဣမံ-ဣမံဂန္ထံ၊ ဤ“ဝိနည်းမိုရ်နှင့်, ကျောင်းထိုင်လက်စွဲ”အမည်ရှိသော ကျမ်းကို။လိခံ-လိခိဿာမိ၊ဗုဒ္ဓအလိုတော်ကျအတိုင်းသာ စေတနာကောင်းဖြင့် ရိုးသားစွာ စီရင်ရေးသားပါအံ့။ ဣတိ-အယံ၊ဤသည်ကား.... “ပဏ္ဏာမာဒိ - နိဒဿန ”ကို ပြဆိုရာ စကားရပ် အပြီးသတ်တည်း....။ ။

ပဏ္ဏာမာဒိ-နိဒဿန ပြီး၏။

ဝိနည်းမိုရ်နှင့် ကျောင်းထိုင်လက်စွဲ

(၁)

ဆုံးဖြတ်ချက် ချနည်း အခဏ်း

●

မှတ်သားရန်

သံဃာ။ ။တရား ဆုံးဖြတ်ရာ ဖြစ်သော "အထူးခုံရုံး" ၌ စည်းဝေးတက်ရောက်လာသော ရဟန်းသံဃာများကို ဆိုသည်။

အနုဝိဇ္ဇက။ ။ဝိနည်းမိုရ် (တရားသူကြီး)ကို ဆိုသည်။

စောဒက။ ။တရားလိုကို ဆိုသည်။

စုဒိတက။ ။တရားခံကို ဆိုလိုသည်။

တာဝန်ခံ။ ။အထူး ခုံရုံး၌ စည်းဝေး တက် ရောက် သော သံဃာက ရုံးအုပ် (အတွင်းရေးမှူး) တင်မြှောက်ခြင်း ခံရသော ပုဂ္ဂိုလ်ကို ဆိုသည်။

ဤ၌ တာဝန်ခံ(အတွင်းရေးမှူး) ပုဂ္ဂိုလ်က စစ်ဆေးနိုင်ခွင့်, ဆုံးဖြတ်နိုင်ခွင့်မရှိ၊ အနုဝိဇ္ဇက(ဝိနည်းမိုရ်)ပုဂ္ဂိုလ်ကသာ စစ်ဆေးနိုင်ခွင့်,ဆုံးဖြတ်နိုင်ခွင့်ရှိသည်ကို အထူးသတိပြုရာ၏။

ဆုံးဖြတ်ပေးနိုင်ခွင့်

သံဃာစည်းဝေး၍ အထူးခုံရုံးပြုလုပ်ပြီး ဆုံးဖြတ်ရာ၌၊ သံဃာက တာဝန်ခံ-ရုံးအုပ် (အတွင်းရေးမှူး) ပုဂ္ဂိုလ်တပါးနှင့်, ဝိနည်းမိုရ်ပုဂ္ဂိုလ်သုံးပါး၊ နာယကပုဂ္ဂိုလ်တပါးကို ရွေးချယ်တင်မြှောက်ရပေမည်။

ထိုအထူးခုံရုံးက အစိုးရ၏ အက်ဥပဒေဟူသော အာဏာစက်အကူအညီမပါဘဲ ဓမ္မစက် ဝိနည်းဒေသနာတော် သက်သက်ဖြင့် သာ၊ စောဒက-စုဒိတက ၂-ဦးတို့က "အရှင်ဘုရားတို့ ဆုံးဖြတ်

ချက်ကို သဘောတူညီပါမယ်”ဟု လျှောက်ထားကြသောကြောင့် ထိုစောဒက-စုဒိတက ၂-ဦးတို့၏ သဘောတူညီချက်အရ၊ အမှုကို လက်ခံပြီးလျှင် ဆုံးဖြတ်ပေးနိုင်ခွင့် ရှိလေသည်။

ထိုသို့မဟုတ်ဘဲနှင့်“အရှင်ဘုရားတို့ ဆုံးဖြတ်ချက်ကို နှစ်သက်လျှင် နာခံပါမယ်၊ မနှစ်သက်လျှင် မနာခံနိုင်ပါ”ဟု လျှောက်ထားကြလျှင် ထိုအထူးခုံရုံးက ထိုအမှုကို လက်ခံခြင်း,ဆုံးဖြတ်ပေးခြင်း မပြုအပ်ချေ။

သာဓက။ ။“ယာယ ကာယစိစောဒနာယ ဝသေန သံဃမဇ္ဈေ ဩသဋ္ဌေ ဝတ္ထုသ္မိံ စုဒိတက စောဒကာ ဝတ္တဗ္ဗာ၊ တုမှေ အမှာကံ ဝိနိစ္ဆယေန တုဋ္ဌာ ဘဝိဿထာတိ၊ သစေ ဘဝိဿာမာတိ ဝဒန္တိ၊ သံဃေန တံ အဓိကရဏံ သမ္ပဋိစ္ဆိတဗ္ဗံ၊ အထ ပန ဝိနိစ္ဆယထ တာဝ ဘန္တေ သစေ အမှာကံ ခမိဿတိ၊ ဂဏှိဿာမာတိဝဒန္တိ၊ စေတိယံ တာဝ ဝန္ဒထာတိ အာဒီနိဝတွာ ဒီဃသုတ္တံ ကတွာ ဝိဿဇ္ဇိတဗ္ဗံ။ (ပါရာဇိကဏ် အဋ္ဌကထာ-၃-၁၆၄၊ ဝိနယသင်္ဂဟ အဋ္ဌကထာ-၂၈၅)

ဤကား ဗုဒ္ဓလက်ထက်တော်ကစ၍ ယနေ့ တိုင်အောင်ပင် အစိုးရ၏ အက်ဥပဒေဟူသော အာဏာစက်မပါဘဲနှင့် မြေစက် ဝိနည်းဒေသနာတော် သက်သက်ဖြင့်သာ၊ သာသနပါလ ဝိနယ ဂရုက-ဝိနယဓရပုဂ္ဂိုလ်အဆက်ဆက်တို့ အမှုကိုလက်ခံ၍ ဆုံးဖြတ်ချက်ချခဲ့ပုံ (အဓိကရဏ်*ကိုငြိမ်းခဲ့ပုံ)ကို ညွှန်ပြသော စကားရပ်များတည်း။

မှတ်ချက်။ ။အစိုးရ၏ အက်ဥပဒေဟူသော အာဏာကို လက်ကိုင်ရရှိထားသော ဝိနိစ္ဆယဌာနခေါ် ဝိနည်းဓိုရ်ရုံးများမှာ အောက်ရုံးနှင့် အယူခံရုံးများပါ အပြည့်အစုံရှိခြင်း

ကြောင့်၊ ကောင်းပင်ကောင်းသော်လည်း၊ ထိုအကျဉ်းဒေသ ဟူသောအာဏာသည် အဂတိလိုက်စား မတရားပြုလုပ် လေ့ရှိသော အဓမ္မဝိနည်းခိုရိုများအတွက်၊ အမြတ်ဘက်၍ လက်ကိုင်ဒုတ်သဖွယ် ဖြစ်တော့သည်။ (ဓမ္မဂရုက၊ ဓမ္မဓာမကာ ဝိနည်းခိုရို ပုဂ္ဂိုလ်ကြီးများ အတွက်ကား - ရှောင်ခွာသင့်မြတ်လှပါပေသည်။)ထိုအဓမ္မဝိနည်းခိုရိုတို့သည် လဇ္ဇီအမှုသည်များအား ထို အကျဉ်းဥပဒေဟူသော အာဏာကို လက်ကိုင်ဒုတ် လုပ်ထားကာ၊ မတရား ပြုလုပ်ကြသည်ကို လည်း မျက်ဝါးထင်ထင်တွေ့မြင်ရပေလိမ့်မည်။ သို့အတွက် အာဏာစက်သည် ထားသင့်သောအခွင့်ကြုံမှသာ အခိုက်အတန့် ထားသင့်သည်၊ သာသနာတော်ဘက်မှာ ဗုဒ္ဓ၏ ဥပဒေအာဏာတော် အသိးအခြားရှိပြီးဖြစ်သောကြောင့် အကျဉ်း ဥပဒေဟူသော အနေနှင့် အမြဲ-အာဏာစက် မထားသင့်ဟု သဘောရပေသည်၊ မှန်၏။ "သာခုဘန္တေ ဝိဿဋ္ဌာ ကရောထ၊ မယံ အာဏာစက္ကံ၊ တုမှာကံ ခန္ဓာကို ဟောတု" (ပါရာဇိကကဏ်အဋ္ဌကထာ ပ-ဂ)ဟူသော ပဌမသံဂါယနာတင်ပွဲက အဇာတသတ်မင်းတရား၏ လျှောက်ထားချက်မှာလည်း အခွင့်ကြုံသည့်အတွက် အခိုက်အတန့်မျှသာ အာဏာစက်ထားပေးပုံကို သတိပြုရာ၏။ ဥပဒေတသီးတခြား ပြုလုပ်၍ အမြဲ-အာဏာစက် မထားချေ။ သို့သော် ယခုအခါမှာ ဝိနည်းခိုရိုးများ ပျက်သွားပြီ ဖြစ်လေသည်။(ဤအချက်ကို လေးနက်စွာသတိပြုရာ၏)။

သံဃာတော်၏ ဝတ္တရား

သံဃာတော်သည် စောဒက - စုဒိတက - အနုဝိဇ္ဇက တို့ ပြောဆိုစစ်ဆေးကြရာတို့၌၊ မည်သူက အမှုရင်း စကား၏ ခမ္မသို့

သက်ဝင်သည့်မသက်ဝင်သည်ကိုသိရပေမည်။အနုဝိဇ္ဇကကိုလည်း "ကောင်းမွန်စွာ ဆင်ခြင်စဉ်းစား၍ အနည်းငယ်မျှ မယုတ်စေရအောင် ဖြောင့်မှန်စွာဆောင်ရွက်ပါ"ဟု သတိပေးစကား ပြောကြားရပေမည်။

သာဓက။ ။သံဃေန ဩတိဏ္ဏာ နေ၁ တိဏ္ဏံ ဇာနိ တဗ္ဗံ၊ သံဃေန ဇဝံ ပင္စပစ္စတဗ္ဗံ။

(ပရိဝါပါဠိ စောဒနာကဏ္ဍ-၂၃၉)

တတ္ထ သန္နိပတိတေ သံဃေ ဝိနိစ္ဆယ ပရိဂ္ဂဟဏတ္ထာ ယ၊ ဓမ္မာဓမ္မံ တုလနတ္ထာယ သုဝိနိစ္ဆိတ ဒုဗ္ဗိနိစ္ဆိတံ ဇာန နတ္ထာယာတိ အတ္တော။

(ငင်းအဋ္ဌကထာ၊ ဒုတိယာဂါထာ သင်္ဂဏိကအဖွင့်-၁၇၇)

အနုဝိဇ္ဇကော အပ္ပမတ္တကမ္ပိ အဟာပေန္တော အာဝုသော သမန္နာဟရိတွာ ဥဇုကံ ကတွာ အာဟရာတိ ဝတ္တဗ္ဗော။ (ငင်းအဋ္ဌကထာ-၁၇၉)

ဝိနည်းဓိုရ်ကို ပြဆိုချက်

ဣဒါနိ ဇဝံ ဥပ္ပန္နာယ စောဒနာယ ဝိနယဓရေန ကတ္တဗ္ဗကိစ္စံ ဒဿေတုံ အနုဝိဇ္ဇကေနာတိ အာဒိမာဟ။

(ပရိဝါအဋ္ဌကထာ၊ စောဒနာကဏ္ဍအဖွင့်-၁၇၈)

ဤအဋ္ဌကထာဖြင့် အနုဝိဇ္ဇကကို"ဝိနည်းဓိုရ်"ဟု ပြသည်။
ထိုဝိနည်းဓိုရ်(တရားသူကြီး)သည်....

(၁) ဓမ္မ—ဟုတ်မှန်သောဝတ္ထု။
(၂) ဝိနယ—စောဒနာဝိနည်း၊ သာရဏာဝိနည်း။
(၃) သတ္ထုသာသန — ဉာဏ်၏ ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ ပြည့်စုံခြင်း။

ဤ ၃-ပါးတို့ဖြင့် အဓိကရဏ်း(အမှုအခင်း)ကို ငြိမ်းစေရမည်၊ ဝါ-ဆုံးဖြတ်ရမည်။

သာဓက။ ။ဒ္ဓနုဝိဇ္ဇကေန ယေနဓမ္မေန ယေနဝိနယေန ယေနသတ္ထုသာသနေန တံ အဓိကရဏံ ဝူပသမ္မတိ၊ တထာ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ။

(ပရိဝါပါဠိ-၂၃၉)၊

ထို့အပြင် ဝိနည်းဓိုရ် (တရားသူကြီး) တို့၏ တာဝန်ဝတ္တရား(လိုက်နာရန်အချက်)များမှာ လွန်စွာ များပြားလှပေသည်၊ မှန်လှပေ၏။

"သံဃေန အနုမတေန ပုဂ္ဂလေန အနုဝိဇ္ဇကေန အနုဝိဇ္ဇိတုကာမေန သံဃဂရုကေန ဘဝိတဗ္ဗံ၊ နော ပုဂ္ဂလဂရုကေန သဒ္ဓမ္မဂရုကေန ဘဝိတဗ္ဗံ၊ နော အာမိသ ဂရုကေန။ (ပရိဝါပါဠိ၊ စူဠသင်္ဂါမ-၂၄၁)၊

"ပဥ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ သံဃေ ဝေါဟရိတဗ္ဗံ၊ ကတမေဟိ ပဥ္စဟိ၊ အာပတ္တိံ ဇာနာတိ၊ အာပတ္တိသမုဋ္ဌာနံ ဇာနာတိ၊ အာပတ္တိယာ ပယောဂံ ဇာနာတိ၊ အာပတ္တိယာ ဝူပသမံ ဇာနာတိ၊ အာပတ္တိယာ ဝိနိစ္ဆယကုသလော ဟောတိ"။

(ဋင်းပါဠိ၊ ဥပါလိပဉ္စ-၂၇၁)

န စ အာမိသံ နိဿာယ၊
န စ နိဿာယ ပုဂ္ဂလံ။
ဥဘော ဧတေ ဝိဝဇ္ဇေတွာ၊
ယထာ ဓမ္မော တထာကရေ။ ။

(ဋင်းပါဠိ၊ ဓောဒနာကဏ္ဍ-၂၄၉)၊

ဤသို့ အစရှိသည်ဖြင့် "ဝိနယ ပရိဝါပါဠိ" ၌ များပြားစွာ ဟောကြားညွှန်ပြတော်မူထားသည်။

သို့ရာတွင် ဝိနည်းဓိုရ်(တရားသူကြီး)များ လိုရင်းချုပ်အားဖြင့် နှလုံးထားကြရမည်မှာ.... ဝိနည်းဓိုရ် (တရားသူကြီး) သည် အမှု အခင်းဖြစ်လာလျှင် လောဘ - ဒေါသ - မာန တရားများကို မဖြစ် စေဘဲ၊ သာသနာတော်ကို ချီးမြှောက်လိုသော စိတ်၊ အမှုသည် များကို သနားခြင်းကရုဏာ၊ ချစ်ခြင်းမေတ္တာစိတ်တို့ဖြင့် ဖြစ်ပွား ရင်းအမှုမှ ဓမ္မကံအားလျော်စွာ ငြိမ်းအေး၍ ချမ်းသာသုခ ရရန် ကိုသာ ရှေးရှုပြီးလျှင်၊ လာဘ်-ပူဇော်သကာကို အလိုမရှိဘဲ၊ ပါဠိ-အဋ္ဌကထာကို အကြွင်းအကျန်မရှိ သက်ဝင်၍၊ ဘုရားကိုယ်တော် မြတ်ကြီး ကိုယ်တော်တိုင် ဆုံးဖြတ်တော်မူသကဲ့သို့ တိမ်းစောင်း မှောက်မှားခြင်းကို မဖြစ်စေရအောင် သတိဆောင်၍ ဆုံးဖြတ် ခြင်းကို ပြုရပေမည်။

သာဓက။ ။

တသ္မာ ဝတ္ထုမှိ ဩတိဏ္ဏေ၊
ဘိက္ခုနာ ဝိနယညုနာ။
ဝိနယာနုဂ္ဂဟေနေတ္ထ၊
ကရောန္တေန ဝိနိစ္ဆယံ။ ။
ပါဠိံ အဋ္ဌကထဉ္စေဝ၊
သာဓိပ္ပါယ မသေသတော။
ဩဂယှအပ္ပမတ္တေန၊
ကရဏီယော ဝိနိစ္ဆယော။ ။

(ပါရာဇိကကဏ်အဋ္ဌကထာ-ပ၊ ဒုတိယပါရာဇိကအဖွင့်-၃၃၃)

တဿ ဝိနိစ္ဆယော အပ္ပဋိဝတ္တိယော၊ ဗုဒ္ဓေန သယံ နိသိဳဒိတွာ ဝိနိစ္ဆိတသဒိသော ဟောတိ။ (ၐင်းအဋ္ဌကထာ-ပ၊ ပဌမပါရာဇိက အဖွင့်-၁၉၀၊ ဝိနယသင်္ဂဟအဋ္ဌကထာ-၃၀၀),

အဓမ္မဝိနည်းဓိုရ်များ၏ အပြစ်

ဣမေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ ဆန္ဒာဂတိံ ဂစ္ဆန္တော ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ၊ သာဝဇ္ဇော စ ဟောတိ၊ သာနု ဝဇ္ဇော ဝိညူနံ၊ ဗဟုဉ္စ အပုညံ ပသဝတိ။

(ပရိဝါပါဠိ၊ မဟာသင်္ဂါမ-၂၄၆),

အဝဇ္ဇေ ဝဇ္ဇဒဿိနော၊
ဝဇ္ဇေ အဝဇ္ဇဒဿိနော။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊
သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။

(ဓမ္မပဒ ပါဠိ).

ဤ ပါဠိတော်များအရ လာဘ်လာဘကိုရင်း၊ ပုဂ္ဂိုလ်ကိုရင်း ငဲ့ပြီးလျှင် အဂတိတရားလိုက်စား၍ရင်း၊ ဒေါသ-မာန်မာနတရား ထား၍ရင်း၊ မဟုတ်မတရား ပြုလုပ်ဆုံးဖြတ်သော အဓမ္မဝိနည်းဓိုရ် များမှာ အကုသိုလ်တရားပွား၍ အပါယ် ၄-ဘုံသို့ တိုင်အောင် ကျရောက်တတ်လေသည်။

ထို့ကြောင့် အဂတိမလိုက်စားဘဲ ပြဆိုခဲ့သော ကျင့်ဝတ်များ အတိုင်း လိုက်နာ၍ ဓမ္မဝိနိစ္ဆကအရာကို ပြုကြရပေမည်။

စောဒကကို ပြဆိုချက်

စောဒက။ ။စောဒနာသူ (တရားလို) ဖြစ်သည်။
ထိုစောဒကသည်....

၁–အဓမ္မစောဒက၊ ၂–ဓမ္မစောဒက၊ ၃–ဗာလစောဒက၊ ၄–ပဏ္ဍိတစောဒက-ဟူ၍ ၄-မျိုးရှိလေသည်။ ထိုတွင်....

(၁) စောဒနာခွင့်ကိုမတောင်းဘဲ သံဃာ့အလယ်စသည်တို့၌ နေထိုင်သောအခါ၊ ဒကာ-ဒကာမများခြံရံ၍ နေထိုင်သောအခါ ဟု ဆိုအပ်သော မစောဒနာ သင့်သော အခါ၌ စောဒနာခြင်း။

(၂) မဟုတ်မမှန် လုပ်ကြံ၍ စောဒနာခြင်း။

(၃) နားနှင့်နာသို့မဖြစ်လောက်အောင်ယုတ်မာကြမ်းကြုတ်သော စကားတို့ဖြင့် စောဒနာခြင်း။

(၄) အကျိုး စီးပွား မဲ့အောင်, အရှက်တကွဲ အကျိုးနဲဖြစ်အောင် စောဒနာခြင်း။

(၅) မေတ္တာစိတ်မရှိဘဲ မုန်းငြိုးသော ဒေါသ, အာဃာတစိတ်၊မနာလိုသော ဣဿာစိတ်များဖြင့်စောဒနာခြင်း။

ဤ ၅-မျိုးအတိုင်း စောဒနာသော စောဒကသည် အဓမ္မစောဒကဖြစ်သည်။

(၁) စောဒနာခွင့်ကို တောင်း၍ စောဒနာသင့်သောအခါ စောဒနာခြင်း။

(၂) ဟုတ်မှန်သည့်အတိုင်း စောဒနာခြင်း။

(၃) သိမ်မွေ့နူးညံ့သောစကားဖြင့် စောဒနာခြင်း။

(၄) စုဒိတက အကျိုးကို လိုလား၍ တရားသဖြင့် စောဒနာခြင်း။

(၅) မုန်းငြိုးစိတ်၊မနာလိုစိတ်မရှိဘဲ စုဒိတကအပေါ် မေတ္တာထား၍ စောဒနာခြင်း။

ဤ ၅-မျိုးအတိုင်း စောဒနာသောစောဒကသည် ဓမ္မစောဒက ဖြစ်သည်။

သာဓက။ ။အကာလေန စောဒေတိ အဘူတေန၊ ဖရုသေန အနတ္ထသံဟိတေန၊ ဒေါသန္တရောစောဒေတိ နော မေတ္တာစိတ္တော၊ ဧဒိသော ဝုစ္စတိ အဓမ္မစောဒကော။

ကာလေန စောဒေတိ ဘူတေန (ပ) ဓမ္မစောဒကော။

(ပရိဝါပါဠိ၊ ဒုတိယဂါထာ သင်္ဂဏိက-၂၃၆)

(၁) ရှေ့စကား-နောက်စကားကို မသိခြင်း။

(၂) ရှေ့စကား-နောက်စကား၌ မလိမ္မာခြင်း။

(၃) ပြောဆိုအပ်သောအရာနှင့် စပ်သောစကား၊ ဆုံးဖြတ်အပ်သောအရာနှင့် စပ်သောစကားကို မသိခြင်း။

(၄) ၎င်းစကား၌ မလိမ္မာခြင်း။

ဤသို့သော စောဒကသည် ဗာလစောဒက ဖြစ်သည်။ ထိုမှ ပြန်သော စောဒကသည် ပဏ္ဍိတစောဒက ဖြစ်သည်။

သာဓက။ ။ပုဗ္ဗာပရံ န ဇာနာတိ၊ ပုဗ္ဗာပရဿ အကောဝိဒေါ၊ အနုသန္ဓိ ဝစနပထံ န ဇာနာတိ၊ အနုသန္ဓိ ဝစနပထဿ အကောဝိဒေါ၊ ဧဒိသော ဝုစ္စတိ ဗာလစောဒကော။

ပုဗ္ဗာပရံ ဇာနာတိ (ပ) ပဏ္ဍိတစောဒကော။

(ပရိဝါပါဠိ-၂၃၇)

ဤ၌ အလဇ္ဇီ,ဗာလ,အဓမ္မ စောဒကတို့ ဖြစ်လျှင်၊ ၎င်းတို့ကို "သင်တို့ကဲ့သို့သောစောဒကတို့သည် သူတပါးကိုစောဒနာခြင်းငှါ မသင့်မလျော်ချေ"ဟု ပြောဆို၍ စစ်ဆေးခြင်းကိုမပြုဘဲ စစ်ဆေးရာ တရားရုံးမှပင် ပြန်လွှတ်လိုက်ရပေမည်။

သာဓက။ ။တတြာယံ အလဇ္ဇီ လဇ္ဇီ စောဒေတိ (ပ)နယတ္တော တထာ ဝေရူပေန ဗာလေန ပရံ စောဒေတုန္တိ ဥယျောဇေတဗ္ဗော၊ နာဿ အဝိယောဂေါ ဒါတဗ္ဗော။ (ပါရာဇိကာဏ် အဋ္ဌကထာ-၁၊ ပဌမဒုဋ္ဌဒေါသအဖွင့်-၁၆၅၊ ဝိနယသင်္ဂဟာ အဋ္ဌကထာ-၂၉၅)

လူဝတ်ကြောင် စောဒကရှိပုံ

သီလသမ္ပန္နော ဘိက္ခု ဘိက္ခုံ ဝါ ဘိက္ခုနိံ ဝါ၊ သီလသမ္ပန္နာစ ဘိက္ခုနီ ဘိက္ခုနိံယေဝ စောဒေတုံ လဘတီတိ မဟာပဒုမတ္ထေရော အာဟ။ မဟာသုမတ္ထေရော ပန ပဉ္စသဟဓမ္မိကာ လဘန္တီတိ အာဟ။ ဂေါဒတ္တတ္ထေရော န ကောစိ န လဘတီတိ ဝတွာ ဘိက္ခုဿ သုတွာ စောဒေတိ(ပ) ဥပါသကဿ သုတွာ စောဒေတိ (ပ) မာဟရိ။ (ပါရာဇိကကဏ်အဋ္ဌကထာ-၃၊ ပ-၃၇၄အဖွင့်-၁၆၂၊ ဝိနယသင်္ဂဟအဋ္ဌကထာ-၂၉၄)

* ဝါဒကွဲများထုတ်ပြရာ၌ နောက်ဆုံးဝါဒကို အတည်ယူရမည်ဟု အရှင်မဟာဗုဒ္ဓဃောသ သတ်မှတ်တော်မူထားလေသည်။

ဤ အဋ္ဌကထာစကား၌ နောက်ဆုံးဝါဒကို အတည်ယူရမည်ဖြစ်ရကား - လူဝတ်ကြောင် စောဒက ရှိကြောင်းကိုလည်း သိရပေသည်။

ထိုလူဝတ်ကြောင်စောဒကဖြစ်သော မိန်းမကရင်းယောကျ်ားကရင်း စောဒနာရာ၌၊ ၎င်းစောဒကမှာ သူတပါးက တံစိုး လက်ဆောင်ပေးပြီး စေခိုင်းသည် ဖြစ်ရ၍ မဟုတ်တရား (အဓမ္မစောဒကအနေအားဖြင့်) စောဒနာပုံ (စွပ်စွဲပုံ) ရခဲ့လျှင်၊ ၎င်းစောဒကကို ဓမ္မပဒပါဠိတော် ဒဏ္ဍဝဂ်-၉၊ ၎င်းအဋ္ဌကထာ-၃၊ ဒဏ္ဍဝဂ်အဖွင့်-၁၈၂-၌ လာသည့်အတိုင်း ရဟန်းသူတော်သူမြတ်တို့၌ လုန်ကျူးပြစ်မှား၍ မဟုတ်မတရား စောဒနာသော (စွပ်စွဲသော) သူတို့မှာ ဒဏ် ၁၀-ပါး သင့်၍ အပါယ် ငရဲသို့ ကျရောက် တတ်ကြောင်းအကျယ်ချဲ့၍ ဟောပြောဆုံးမပြီးလျှင်၊ ၎င်းဒိတကကို သူ၏ပဋိညာဉ်အတိုင်းသာ ဆုံးဖြတ်ရပေမည်။

ဤ၌ စောဒကမှာ ရိုးရိုးသားသား မမှုစောဒက အနေအတိုင်း စောဒနာပုံ(စွပ်စွဲပုံ) ရခဲ့စေကာမူ စုဒိတကကိုကား သူ၏ပဋိညာဉ် အတိုင်းသာလျှင် ဆုံးဖြတ်ရပေမည်။

(သာဓက)

ပရော ပဋိပုစ္ဆိတွာ ယထာ ပဋိညာယ ကာရေတဗ္ဗော။
(ပရိဝါပါဠိ၊ စူဠသင်္ဂါမ-၂၄၂)

တိဏ္ဏမ္ပိ ထေရာနံ ဝါဒေ စုဒိတကဿေဝ ပဋိညာယ ကာရေ တဗ္ဗော။ (ပါရာဇိကကဏ် အဋ္ဌကထာ-၁ ၁၆၂၊ဝိနယသင်္ဂဟ အဋ္ဌ ကထာ-၂၉၄)

သစေ ပန သော လဇ္ဇီ ပဏ္ဍိတော ဟောတိ ဗျတ္တော ပတိဋ္ဌာယ ကထေတိ၊ အလဇ္ဇီစ တေမ္ပိနတ္ထိ၊ တေမ္ပိနတ္ထီတိ ပဋိည် န ဒေတိ၊ အလဇ္ဇိဿ ပဋိညာယဧဝ ကာတဗ္ဗံ။ (ပါရာဇိကကဏ် အဋ္ဌကထာ-၁၊ ပ-၁,၄ အဖွင့်-၁၆၅၊ ဝိနယ သင်္ဂဟ အဋ္ဌကထာ-၂၉၆)

တရားဝင်-တရားမဝင် စောဒက

တရားဝင်စောဒကသည်သာ စောဒနာအပ်သည်၊ တရားမဝင် သော ဒုဗ္ဗလစောဒက၏ စကားကိုယူ၍ မစောဒနာအပ်ပေ။

သာဓက။ ။စောဒေတုံ ပန ကော လဘတိ ကော န လဘတီတိ၊ ဒုဗ္ဗလ စောဒက ဝစနံ တာဝ ဂဟေတွာ ကောစိ န လဘတိ။ဒုဗ္ဗလစောဒကော နာမ သမ္ဗဟုလေသု ကထာ သလ္လာပေန နိသိန္နေသု ဧကော ဧကံ အာရဗ္ဘ အနောဒိဿကံ ကတွာ ပါရာဇိကဝတ္ထုံ ကထေတိ၊ အညော တံ သုတွာ ဣတရဿ ဂန္တွာ အာရောစေတိ၊ သော တံ ဥပသင်္ကမိတွာ တွံ ကိရ မံ ဣဒဉ္စိဒဉ္စ ဝဒသီတိ

ဝဒတိ၊ သော အာဟ နာဟံ ဝေရူပံ ဇာနာမိ၊ ကထာ ပဝတ္တိယံပန မယာ အနောဒိဿကံ ကတွာ ဝုတ္တမတ္တံ၊ သစေ အဟံ တာဝ ဣမံ ဒုက္ခုပ္ပတ္တိံ ဇာနေယျံ၊ တွေ့ကမ္ပိ န ကထေယျန္တိ၊ အယံ ဒုဗ္ဗလ စောဒကော။ တဿေတံ ကထာသလ္လာပံ ဂဟေတွာ တံ ဘိက္ခုံ ကောစိ စောဒေတုံ န လဘတိ။ (ပါရာဇိကဏ် အဋ္ဌကထာ-ဒု၊ ပ-ဒုဋ္ဌ အဖွင့်-၁၆၂၊ ဝိနယ၀ိသင်္ဂဟအဋ္ဌကထာ-၂၉၃)

စောဒနာခြင်း သုံးမျိုး နှင့် လေးမျိုး

စောဒနာခြင်းသည် ဒိဋ္ဌ,သုတ,ပရိသင်္ကိတအားဖြင့် စောဒနာခြင်း ၃-မျိုး၊ သီလဝိပတ္တိ,အာစာရဝိပတ္တိ,ဒိဋ္ဌိဝိပတ္တိ,အာဇီဝဝိပတ္တိအားဖြင့် စောဒနာခြင်း ၄-မျိုးရှိပေသည်။

သာဓက။ ။အယံ ပန စောဒနာနာမ ဒိဋ္ဌစောဒနာ (ပ)အပရာပိ စတဗ္ဗိဓာ ဟောတိ (ပ) အာဇီဝဝိပတ္တိ စောဒနာတိ။ (ပါရာဇိကဏ်အဋ္ဌကထာ-ဒု-၁၆၃၊ဝိနယသင်္ဂဟ အဋ္ဌကထာ-၂၉၄)

စောဒနာ မြောက်-မမြောက်

စောဒနာရာ၌ ကိုယ်ဖြင့်စောဒနာခြင်း၊ နှုတ်ဖြင့်စောဒနာခြင်း တည်းဟူသော စောဒနာပုံအခြင်းအရာ ၂-မျိုးရှိသည်။ထို့ကြောင့် စုဒိတက အနီး၌ နေပြီး လက်ဆုပ်ဖြင့်ရင်း၊ နှုတ်မြွက်သဖြင့်ရင်း စောဒနာမှုသာလျှင် စောဒနာ မြောက်သည်။ တမန်ကိုဖြစ်စေ၊ စာလွှာကိုဖြစ်စေ လွှတ်၍ စောဒနာလျှင် စောဒနာ မမြောက်ဟု မှတ်ရမည်။

သာစကေ။ ။ကတမေဟိ ဒွိဟာကာရေဟိ စောဒေတိ၊ ကာယေန ဝါ စောဒေတိ၊ ဝါစာယ ဝါ စောဒေတိ၊ ဣမေဟိ ဒွိဟာကာရေဟိ စောဒေတိ။

(ပရိဝါပါဠိ၊ စောဒနာကဏ္ဍ-၂၃၉)

အယံပန စောဒနာနာမ ဒူတံ ဝါ ပဏ္ဏံ ဝါ သာသနံ ဝါ ပေသေတွာ စောဒေန္တဿ သီသံ န ဧတိ၊ ပုဂ္ဂလဿ ပန သမီပေ ဌတွာ ဟတ္ထမုဒ္ဒါယ ဝစီဘေဒေန ဝါ စောဒေ တဿေဝ သီသံ ဧတိ။ (ပါရာဇိကဏ်အဋ္ဌကထာ-၃-၁၆၂)

* (ဤသို့ စောဒနာရာ၌-တမန်,ကိုယ်စားလှယ်,ရှေ့နေငှါး၍ မစောဒနာ အပ်ကြောင်းကို အဆိုပါ ပါဠိ-၂၃၉၊ အဋ္ဌကထာ-၃,၁၆၂-တို့ဖြင့် သိရှိရပေမည်၊ သတိပြု။)

စောဒကလိုက်နာရန် ကျင့်ဝတ်များ

(၁) ပြောဆိုသင့်သော အခါ၌သာ ပြောဆို၍၊ မပြောဆိုသင့်သော အခါ၌ မပြောဆိုရခြင်း။

(၂) ဟုတ်မှန်သည့် အတိုင်းသာ ပြောဆို၍၊ မဟုတ်မမှန် လုပ်ကြံ၍ မပြောဆိုရခြင်း။

(၃) သိမ်မွေ့နူးညံ့သော စကားဖြင့်သာ ပြောဆို၍၊ ယုတ်မာ ကြမ်းကြုတ်သော စကားဖြင့် မပြောဆိုရခြင်း။

(၄) စုဒိတက အကျိုးကို လိုလားသဖြင့်သာ ပြောဆို၍၊ အကျိုးမဲ့ အရှက်တကွဲဖြစ်အောင် မပြောဆိုရခြင်း။

(၅) မေတ္တာစိတ်ဖြင့်သာ ပြောဆို၍၊ မုန်းငြိုး,မနာလိုသော စိတ်ဖြင့် မပြောဆိုရခြင်း။

ဤ ၅-ပါးအတိုင်း စောဒကများ လိုက်နာကျင့်သုံးရပေမည်။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
၉၆၃၁

ထိုအပြင်....

(၁) စုဒိတကအပေါ် သနားသောစိတ် ရှိရခြင်း။

(၂) စုဒိတကအပေါ် အကျိုးစီးပွားကို လိုလားရခြင်း။

(၃) စုဒိတကအပေါ် အစဉ်သနားရခြင်း။

(၄) အာပတ်မှ ထစေရခြင်း။

(၅) ဝိနည်းဥပဒေကို ရှေးရှုပြုရခြင်း။

ဤ ၅-ပါး အတိုင်းသည်း စောဒကများ လိုက်နာကျင့်သုံး ပေမည်။

သာဓက။ ။စောဒကေန ပဉ္စသု ဓမ္မေသု ပတိဋ္ဌာယ ပရော စောဒေတဗ္ဗော၊ ကာလေန ဝက္ခာမိ နော အကာလေန (ပ) နော သန္တရောတိ။ (ပရိဝါပါဠိ-၂၃၉)

စောဒကေနုပါလိ ဘိက္ခုနာ ပရံ စောဒေတုကာမေန ပဉ္စဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌာပေတွာ ပရော စောဒေတဗ္ဗော၊ ကတမေ ပဉ္စ ကာရုညတာ (ပ) ဝိနယပုရေက္ခတာ။

(ရှင်းပါဠိ၊ အဋ္ဌဒနိပါတ်-၂၁၀)

ထိုအပြင် စောဒကတို့ လိုက်နာကျင့်သုံးရန် ကျင့်ဝတ်များကို ပရိဝါ ပါဠိတော် - အတ္တဒါနဝဂ်၊ ပါရာဇိကဏ် အဋ္ဌကထာ-ဒုဋ္ဌဒေါသ သိက္ခာပုဒ်အဖွင့်၊ ၎င်းအဖွင့် တေရသကဏ် ဋီကာတို့၌ များပြားစွာ ညွှန်ကြားတော်မူထားသည်။

သို့ရာတွင် စောဒကများလိုရင်းချုပ်အားဖြင့်လိုက်နာကျင့်သုံး ကြရမည်မှာ....စောဒကသည် အဆိုပါ ပါဠိတော်များကို အသင့် အားဖြင့် နှလုံးသွင်းပြီးလျှင်၊ ကြီးပွားရန် အတွက် စုဒိတကကို သနား၍စောဒနာခြင်း၊ ရိုးသားဖြောင့်မှန်စွာ စောဒနာခြင်းတို့ကို ဖြစ်စေရပေမည်။ မှန်၏-အမိ၊ အဘ၊ အစ်ကို၊ ညီတို့သည် သား၊ သမီး၊ သားချင်း ညီ၊ အင်ကိုတို့မှာ အနာအဖျားရှိသော အခါ၊ ၎င်းတို့၌

အလှန်သနားခြင်းကရုဏာ၊ချစ်ခြင်းမေတ္တာရှိပြီးလျှင်အနာအဖျား ပျောက်စေ လိုသောကြောင့် ဆေးဆရာ, ဆရာဝန်အား အနာ အခြင်းအရာကိုအပြောင့်အတိုင်းရိုးသားစွာပြောကြားကြသကဲ့သို့ စောဒကသည်လည်း ဧဒိတက၌ သနားခြင်း ကရုဏာ၊ ချစ်ခြင်း မေတ္တာသားပြီးလျှင် စုဒိတက၏ အပြစ်မှလွတ်ကင်း၍ "ချမ်းသာ အောင်" ဟူသော နှလုံးသွင်းပြင့်သော၊ ဝိနည်းဒိုရ် (ကရားသူကြီး) အား စုဒိတက ပြုအပ်သော အမှုများကို ရိုးသားဖြောင့်မှန်စွာ ပြောကြား စောဒနာရပေမည်။

ဤသို့ ရိုးသား ဖြောင့်မှန်စွာ ပြောကြား စောဒနာပါမှသာ လျှင်.... "ဇဝံ သံဝဒ္ဓါ ဟိ တဿ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမည ဝုဋ္ဌာပနေနာတိ။" ဟူသော ပါရာ ဇိကဏ်ပါဠိတော်၊ ဒုဋ္ဌသိက္ခာပုဒ် ၂၃၇-လာစကားနှင့် ညီညွတ် နိုင်ပေမည်။

သို့မဟုတ်မူ၍ မရိုးမသားစိုင်းသားကောက်ကျစ်ပြီး မသိုမှုန်း ငြိုး၍ အရှက်တကွဲ အကျိုးနဲအောင်၊ ပျက်စီးဆုတ်ယုတ်အောင် ပြုလုပ်ပြောဆို(စောဒနာ)ခြင်း ဖြစ်ခဲ့လျှင်ကား- ထို "ဇဝံ သံဝဒ္ဓါ ဟိ" စသော ပါဠိတော်နှင့် လုံးဝမကိုက်ညီတော့သည့်ပြင်....

တိလမတ္တံ ပရေသံဝ၊
အပ္ပဒေါသဥ္စ ပဿတိ။
နာဠိကေရမ္ပိ သဒေါသံ၊
ခလဇာတော န ပဿတိ။ ။

ဟူသောစကားအတိုင်း-"သူတပါးအပြစ် နှမ်းစေ့မျှလောက် ကိုသာမြင်၍၊ အုန်းသီးလောက်ကြီးမားသော ကိုယ့်အပြစ်များကို မမြင်သော (သူတပါးကို လက်ညှိုးတချောင်း ထိုးမိလျှင်၊ လက်

သုံးချောင်းကကိုယ်ပြန်ထိုးနေသည်ကိုမသိသော)ပုဂ္ဂိုလ်မျိုးသာ” ဖြစ်တတ်ချေတော့လေသည်၊ ဤကို သတိပြုမိကြပါစေ။

အဓမ္မစေ့ဒကနှင့် ဗာလစေဒက အပြစ်

ကောခနော ဥပနာဟိစ၊ စဏ္ဍော ပရိဘာသကော။
အနာပတ္တိယာ အာပတ္တီတိ ရောပေတိ။
တာဒိသော စောဒကော စျာပေတိ အတ္တာနံ။ ။
ပုစ္ဆာပရံ န ဇာနာတိ၊ ပုဗ္ဗာပရဿ အကောဝိဒေါ။
အနာပတ္တိယာ အာပတ္တီတိ ရောပေတိ။
တာဒိသော စောဒကော စျာပေတိ အတ္တာနံ။ ။

(ပရိဝါပါဠိ၊ စောဒနာကဏ္ဍ-၂၄၁)

ဤ၌“ကောခနော ဥပနာဟိစ”စသောပါဠိဖြင့်ရင်း၊“ပုစ္ဆာပရံ န ဇာနာတိ”စသောပါဠိဖြင့်ရင်း အဓမ္မစောဒကနှင့် ဗာလစောဒကကို ပြသည်၊ ထိုဖြစ်၍ ၎င်း ၂-ယောက်လုံးပင် အပြစ်မလွတ်ကြောင်းကို မှတ်ယူရပေမည်။

၎င်းတို့ စောဒနာအပ် စွပ်စွဲအပ်သော အမှုအတွက် ဂုဒိတက အပေါ်မှာ အပြစ်မရောက်ဘဲ၊ စောဒက အပေါ်မှာသာ အပြစ်ကျရောက်နိုင်ကြောင်းကို ဆုံးဖြတ်ရမည်။

၎င်းအဓမ္မ,ဗာလ,စောဒကတို့သည် မိမိတို့က ရဟန်းဖြစ်လျက် စုဒိတကအပေါ် ဒိဋ္ဌ-သုတ-ပရိသင်္ကိတ လုံးဝမရှိဘဲနှင့်စွပ်စွဲခဲ့လျှင် သံဃာဒိသိသ်စသော အာပတ်များပင် ဖြန့်၍သင့်သေးသည်။

သာဓကေ။ ။အနုဝါဒါဓိကရဏာပစ္စယာ ကတိ အာပတ္တိယော အာပဇ္ဇတိ၊ အနုဝါဒါဓိကရဏပစ္စယာ တိဿော အာပတ္တိယော အာပဇ္ဇတိ၊ ဘိက္ခုံ အမူလကေန ပါရာဇိကေန အနုဒ္ဓံသေတိ၊ အာပတ္တိ သံဃာဒိသေသဿ။

(ပရိဝါပါဠိ၊ အဓိကရဏဘေဒ-၂၂၆)

စုဒိတကကို ပြဆိုချက်

စုဒိတက–စောဒနာခံရသူ(တရားခံ)ဖြစ်သည်။

ထိုစုဒိတကသည်.... ၁–ဓမ္မစုဒိတက၊ ၂–အဓမ္မစုဒိတက-ဟူ၍ ၂-မျိုး အပြားရှိသည်။

သာဓက။ ။အဓမ္မစုဒိတကော ပဂ္ဂဟေတဗ္ဗော။
ဓမ္မစုဒိတကော ပဂ္ဂဟေတဗ္ဗော။
(ပရိဝါပါဠိ၊ စူဠသင်္ဂါမ-၂၄၂)၊

စုဒိတကော ပဂ္ဂဟေတဗ္ဗောတိ ဓမ္မစုဒိတကော နုခေါ
နောတိ ဝေ စုဒိတကော ပဂ္ဂဟေတဗ္ဗော။
(ပရိဝါအဋ္ဌကထာ၊ စူဠသင်္ဂါမအဖွင့်-၁၈၂)

ဤ၌ စုဒိတက၏ လိုက်နာရန် ကျင့်ဝတ်အတိုင်း မှန်သော စကားကို ပြောဆိုခြင်း-ဟူသော သစ္စာတရား၊ အမျက်မထွက်ခြင်း-ဟူသော အကုပ္ပတရား၊ ရင်းတရား ၂-ပါး၌တည်သော စုဒိတကကို ဓမ္မစုဒိတက၊ ရင်းတရား ၂-ပါး၌မတည်သော စုဒိတကကို အဓမ္မစုဒိတက-ဟူ၍ မှတ်ရပေမည်။

ထို့ကြောင့် စုဒိတကသည်....

(၁) မှန်သောစကားကို ပြောကြားရခြင်း။
(၂) စောဒက နှင့် ဝိနည်းဓိုရ်များအပေါ် အမျက်မထွက်ရခြင်း။

ဤတရား ၂-ပါးအတိုင်း လိုက်နာကျင့်သုံးရပေမည်။

သာဓက။ ။စုဒိတကေန ဒွီသု ဓမ္မေသု ပတိဋ္ဌာတဗ္ဗံ၊ သစ္စေ စ အကုပ္ပေ စ။ (ပရိဝါပါဠိ၊ စောဒနာကဏ္ဍ-၂၃၉)၊

အမှုအခင်း၌ဆုံးဖြတ်ပုံ-ဆုံးဖြတ်နည်းကို ပြဆိုချက်

ပဌမမှု, ဒုတိယမှု-စသော အမှုမျိုး၊ ဝါ-သုဒ္ဓ,အသုဒ္ဓ-ဟူသော သီလနှင့်ပတ်သက်သော အမှုမျိုးမဟုတ်ဘဲနှင့် သပိတ်, သင်္ကန်း, ကျောင်း, အရာမ်, ဥယျာဉ်-စသည်တို့နှင့်ပတ်သက်သော အမှုမျိုးတို့၌မူ သင့်တင့်လျောက်ပတ် မှန်ကန်သောသက်သေကို ရသည်ရှိသော်၊ ထိုသက်သေထွက်ချက်အတိုင်း ဆုံးဖြတ်ရပေသည်။

သာဓက။ ။ပစ္စာဝရေ ပရိဝေဏာဒိအတ္ထာယ ပန ပတိရူပံ သက္ခိံ လဘိတွာ ကာတဗ္ဗော။ (ပါရာဇိကဏ် အဋ္ဌကထာ-ဒု၊ ပ-ဒုဋ္ဌဒေါသ အဖွင့်-၁၆၆၊ ဝိနယ သင်္ဂဟ အဋ္ဌကထာ-၂၉၇)

သပိတ်, သင်္ကန်း, ကျောင်း-စသည်တို့နှင့် ပတ်သက်သော အမှုမျိုး မဟုတ်ဘဲနှင့် ပဌမမှု, ဒုတိယမှု-စသော အမှုမျိုး၊ ဝါ-သုဒ္ဓ, အသုဒ္ဓ-ဟူသော သီလနှင့်ပတ်သက်သော အမှုမျိုးဖြစ်လျှင်ကား— သေဒကထွက်ဆိုချက်အတိုင်း (စွပ်စွဲချက်အတိုင်း) ဆုံးဖြတ်ချက်မချရချေ၊ ဝိနည်းဥပဒေကလည်း ညွှန်ကြားချက်မရှိပေ၊ အကယ်၍ သေဒက စွပ်စွဲချက်အတိုင်း ဆုံးဖြတ်ချက်ချရန် ဝိနည်းဥပဒေ ရှိခဲ့ပါလျှင်၊ ဤသာသနာတော်၌ လဇ္ဇီရဟန်းတော်များ နစ်နာချေတော့ပေမည်၊ အဘယ့်ကြောင့်နည်းဟူမူ မလိုသဖြင့်ရှင်း, မုန်းတီးသဖြင့်ခှင်း စွပ်စွဲခဲ့ပါလျှင်၊ ယုတ္တိရှိအောင်လုပ်ကြံ၍ အမှန်စွပ်စွဲကြပေမည်၊ စွပ်စွဲချက် ယုတ္တိရှိသည်ဟု ယူပြီး သေဒကစွပ်စွဲချက်အတိုင်းသာ ဆုံးဖြတ်ချက်ချခဲ့သော် လဇ္ဇီရဟန်းတော်များ အမှန်နင်နှာ ချေတော့မည်၊ ထို့ကြောင့် လဇ္ဇီ ရဟန်း တော် များကို ချိုးမြှောက်ခြင်း အကျိုးငှါ သေဒကကို ဦးစားမပေး၊ သေဒကထွက်ချက်အတိုင်း မဆုံးဖြတ်ရ၊ ဝိနည်းဥပဒေကလည်း သေဒကထွက်ချက်အတိုင်းဆုံးဖြတ်ရန် ညွှန်ကြားချက်မရှိ။

စုဒိတကကို ဦးစားပေး၍ စုဒိတက၏ ပဋိညာဉ် အတိုင်းသာ ဆုံးဖြတ်ရပေမည်၊ စုဒိတက,က သုဒ္ဓအနေအားဖြင့် ထွက်ဆိုဝန်ခံ လျှင် သုဒ္ဓအဖြစ် ဆုံးဖြတ်ချက်ချပေးရမည်၊ အသုဒ္ဓအနေ အသုဒ္ဓ အဖြစ်ဖြင့် ဝန်ခံခဲ့လျှင် အသုဒ္ဓအဖြစ် ဆုံးဖြတ်ရပေမည်။ (အသုဒ္ဓ အဖြစ်ဝန်ခံရာ၌ပင် ယုတ်တရက်မဆုံးဖြတ်ရသေး၊ သတိပေးစကား ပြောကြား၍ စိစစ်ဝေဘန်ရသေးသည်ဟု ကျေးဇူးရှင်များ အမိန့် ရှိဘူးသည်။) (မြင်းခြံနယ်က ဘုန်းတော်ကြီး တပါး၏ ဝတ္ထုကို ထုတ်ပြ၍၊ဝိနည်းအဋ္ဌကထာပို့ချရင်း အမိန့်ရှိဘူးသည်၊ ၁၃၁၁-ခု။)

သာခက။ ။ဝုတ္တံ အဟာပေတ္တေန အဝုတ္တံ အပကာသေန္တေန ဩဘိဏ္ဏာနိ ပဒဗျဉ္ဇနာနိ သာဓုကံ ပဋိဂ္ဂဟေတွာ ပရော ပဋိပုစ္ဆိတွာ ယထာ ပဋိညာယ ကာရေတဗ္ဗော။ (ပရိဝါပါဠိ၊ စူဠသင်္ဂါမ-၂၄၂)

၎င်း ပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ ... "စောဒက - စုဒိတကတို့က ထွက်ဆိုတင်ပြချက်ကို မယုတ်စေမူ၍၊ စောဒက - စုဒိတကတို့က အမှုစစ်ဆေးရာ တရားရုံးဌာန၌ ထွက်ဆို တင်ပြချက် မရှိသော ဤအမှုတွင် မသက်ရောက်သော အခြားသော အမှုမျိုး ကို ဝိနည်းဓိုရ် (တရားသူကြီး) တို့က အကြောင်းပြု ပြောဆိုခြင်း မပြုဘဲ ကောင်းမွန်စွာ သိမ်းဆည်းပြီးလျှင် စုဒိတကကို စစ်ဆေး မေးမြန်း၍၊ စုဒိတက၏ ထွက်ဆိုဝန်ခံချက် ပဋိညာဉ် အားလျော်စွာ စုဒိတက,က သုဒ္ဓအဖြစ်ထွက်ဆိုဝန်ခံလျှင် သုဒ္ဓ၊ အသုဒ္ဓအဖြစ် ထွက်ဆိုဝန်ခံလျှင် အသုဒ္ဓ-ဆုံးဖြတ်ရမည်"ဟု ဆိုလိုသည်။

ထို့အပြင် - အဋ္ဌကထာများ၌ စုဒိတက၏ ထွက်ဆိုဝန်ခံချက် ပဋိညာဉ်အတိုင်း (သာလျှင်) ဆုံးဖြတ်ရမည်-ဟု ဧဝ-သဒ္ဒါနှင့် ညွှန်ပြထားသည်ကိုလည်း အထူးသတိပြုရပေမည်။

သာကော။ ။တိဏ္ဏမ္ပိ ထေရာနံ ဝါဒေ စုဒိတကဿေဝ ပဋိညာယ ကာရေတဗ္ဗော။ (ပါရာဇိကဏ်အဋ္ဌကထာ ၃၊ ပ-ဒုဋ္ဌဒေါသအဖွင့်-၁၆၂၊ ဝိနယသင်္ဂဟအဋ္ဌကထာ-၂၉၄)

သစေ ပန သော လဇ္ဇီ ပဏ္ဏိတော (ပ) အလဇ္ဇီစ ေတမ္ပိ နတ္ထိ၊ ေတမ္ပိ နတ္ထီတိ ပဋိညံ န ဒေတိ၊ အလဇ္ဇီဿ ပဋိညာယ ဧဝ ကာတဗ္ဗံ။ (၎င်းအဋ္ဌကထာ၊၎င်းအဖွင့်-၁၆၅၊ ဝိနယသင်္ဂဟ-၂၉၆)

ဤနောက် အဋ္ဌကထာ၌ ဆိုလိုရင်းမှာ- အလဇ္ဇီ စုဒိတကသည် ဤအမှု ငါ့မှာမရှိ-ဟု ထွက်ဆို၍ အသုဒ္ဓပဋိညာဉ်ကို မပေး၊ သုဒ္ဓ အနေဖြင့်သာ ထွက်ဆိုဝန်ခံသော အလဇ္ဇီ စုဒိတကအား သူ၏ ဝန်ခံချက်ပဋိညာဉ်အတိုင်းသာလျှင် သုဒ္ဓအဖြစ်ဆုံးဖြတ်ပေးရမည် ဟု ဆိုလိုသည်၊ သတိပြုပါလေ။ (လဇ္ဇီဝိနည်းဓိုရ်ဖြစ်ရန် အရေး ကြီးလှသည်၊ လဇ္ဇီ ဝိနည်းဓိုရ်မှသာ ကိုယ်ချင်းစာ၍၊ ဖြေးဖြေး သက်သာ ဖေးဖေးမမ စီစစ်ဝေဘန်မှုရှိပေမည်။)

ပဌမအမှုစသည်အတွက် ဆုံးဖြတ်ချက်ချပုံ-ချနည်း

ဤ ပဌမမှု, ဒုတိယမှု-စသော သီလသိက္ခာနှင့်စပ်သော အမှု များ၌ စုဒိတက၏ ထွက်ဆိုဝန်ခံချက် ပဋိညာဉ် အားလျော်စွာ သုဒ္ဓဆုံးဖြတ်ပုံ၊ အသုဒ္ဓဆုံးဖြတ်ပုံများသာ ဝိနည်းကျမ်းဂန်၌ ထင် ပါသည်။ ခွဲပါဦးမည်....

"ပရော ပဋိပုစ္ဆိတ္ဗာ ယထာ ပဋိညာယ ကာရေ တဗ္ဗော" (ပရိဝါပါဠိ-၂၄၂)

တိဏ္ဏမ္ပိ ထေရာနံ ဝါဒေ စုဒိတကဿေဝ ပဋိညာယ ကာရေတဗ္ဗော။ (ပါရာဇိကဏ် အဋ္ဌကထာ-၁၆၂)

သစေ ပန သော လဇ္ဇီ (ပ) အလဇ္ဇီစ တေဟိ နတ္ထိ (ပ) ပဋိညံ န ဒေတိ၊ အလဇ္ဇိဿ ပဋိညာယ ဝေ ကာတဗ္ဗံ။ (ပါရာဇိကဏ်အဋ္ဌကထာ-၁၆၅)

ဤ ဝိနည်းကျမ်းဂန် ပါဠိတော် အဋ္ဌကထာများနှင့်အညီ စုဒိတကကို ဦးစားပေး၍၊ စုဒိတက,က သုဒ္ဓအနေအားဖြင့် ထွက်ဆို ဝန်ခံလျှင်၊ ၎င်းစုဒိတက၏ ဝန်ခံချက် အတိုင်းသာ "သုဒ္ဓ" ဟု ဆုံးဖြတ်ချက်ချပေးရမည်။

စုဒိတက,က အသုဒ္ဓအဖြစ်ဖြင့် ဝန်ခံ လျှောက်ထား ပါလျှင်၊ ၎င်း၏ ဝန်ခံလျှောက်ထားချက်အတိုင်းသာ "အသုဒ္ဓ" ဟု ဆုံးဖြတ်ရပေမည်။ အသုဒ္ဓအဖြစ်ဝန်ခံ၍ "အသုဒ္ဓ" ဆုံးဖြတ်ပုံ သာဓကမှာ....

သော စေ ဘိက္ခဝေ စုဒိတော ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ နာသေတဗ္ဗော သံဃေန ပဝါရေတဗ္ဗံ။ (မဟာဝါ ပါဠိ၊ ပဝါရဏာက္ခန္ဓက-၂၆၄)

ဤ၌-ပါရာဇိကံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ-အရ စုဒိတက,က အသုဒ္ဓအဖြစ် ထွက်ဆိုဝန်ခံခြင်းဖြစ်သည်၊ နာသေတဗ္ဗော-ဟူသော စကားဖြင့် "အသုဒ္ဓ" ဆုံးဖြတ်သည်ကို ပြသည်။

ဤသို့ စုဒိတက,က အသုဒ္ဓအဖြစ်ကို ထွက်ဆိုဝန်ခံခြင်း မပြုဘဲ သုဒ္ဓအနေအတိုင်းသာ ထွက်ဆို ဝန်ခံပါလျှင်၊ ၎င်း စုဒိတက၏ ဝန်ခံချက်ပဋိညာဉ်အတိုင်း သုဒ္ဓ-ဟုသာဆုံးဖြတ်ချက်ချပေးရမည်၊ အသုဒ္ဓ-ဟူသော ဆုံးဖြတ်ချက်ကို မချအပ်ချေ၊ ဝိနည်းဓိုရ်(တရားသူကြီး)များ ဤအချက်ကို လေးလေးနက်နက် သတိပြုသင့်သည်၊ သာသနာတော်၌ "အသုဒ္ဓ" ချမှတ်ချက်သည် လောက၌ သေဒဏ်ချမှတ်သည်နှင့် အတူတူပင်ဖြစ်ချေသည်၊ သတိပြုပါ။

> ပဋိညာနုသန္ဓိတောန ကာရယေတိ တွေ အနုသန္ဓိတတ္တိ ကထာနုသန္ဓိ ဝုစ္စတိ၊ တသ္မာ ပဋိညာနုသန္ဓိနာ ကာရယေ၊ ကထာ နုသန္ဓိံ သလ္လက္ခေတွာ ပဋိညာယ ကာရယေတိ အတ္ထော။ အထဝါ ပဋိညာယစ အနုသန္ဓိတောနစ ကာရယေ၊ လဇ္ဇိံ ပဋိညာယ ကာရယေ၊ အလဇ္ဇိံ ဝတ္တာနုသန္ဓိနာ ကာရယေတိ အတ္ထော။
> (ပရိဝါအဋ္ဌကထာ၊ ဒုတိယဂါထာ သင်္ဂဏိကအဖွင့်-၁၇၈)

ဤအဋ္ဌကထာစကားအရ - အလဇ္ဇီစုဒိတကကိုကား ပဋိညာဉ် ဝန်ခံခြင်း အပြင်၊ ၎င်း အလဇ္ဇီ စုဒိတက၏ ဝတ်အကျင့် အဆက် အစပ်ဖြင့် ဆုံးဖြတ်ရမည်ဟုလည်း သိရပေသည်။

သို့ရာတွင် လူလိုနေထိုင်၍ လူလိုထင်ရှားနေသော အလဇ္ဇီ စုဒိတကမျိုးကိုသာ ရည်ရွယ်၍ အဋ္ဌကထာဆရာ ဆိုထားခြင်းဖြစ် လေသည်။

ထိုသို့ပင်ဆိုထားငြားသော်လည်း ဝိနည်းကျမ်းဂန် ပါဠိတော်-အဋ္ဌကထာများမှာ အသုဒ္ဓ ပဋိညာဉ် မရသော အလဇ္ဇီစုဒိတက ပုဂ္ဂိုလ်ကိုလည်း(ပဋိညာဉ်မရသည့်အတွက်)"အသုဒ္ဓ"ဟု ဆုံးဖြတ် သည့် ဖြတ်ထုံး၊ ထုံးတမ်းစဉ်လာ မတွေ့ပေ၊ မရှိပေ။

ဝိနည်း ကျမ်းဂန်၌ ဤ ဆိုအပ်လတ့်အတိုင်း ပြုလုပ်ပြောဆို သော ထုံးတမ်းကိုကား တွေ့ရှိဘူးပေသည်။ ချဲ့ပါဦးမည်....

ပါရာဇိကဏ် အဋ္ဌကထာ၌ လာသည်မှာ...."အချိန်အခါကား တိပိဋကစူဠာဘယမထေရ်သည် သီဟိုဠ်ကျွန်းတွင် လောဟပါသာ ဒ-ခေါ် ကြေးပြာသာဒ်ကြီး အောက်ထပ်၌ ရဟန်းတော်များအား ဝိနည်းကို ချသော အချိန်အခါ ဖြစ်ပေသည်၊ ထိုအချိန်အခါမှာ ပင် ဤအမှုဖြစ်ပေါ်ခဲ့ပါသည်။အမှုကိုစစ်ဆေးရာ၌ စောဒကသည်

လဇ္ဇီဖြစ်၍ စုဒိတကသည် အလဇ္ဇီဖြစ်သည့်ပြင် စင်ကြယ်သန့်ရှင်းပုံလည်း မရသောကြောင့်ရင်း၊ အသုဒ္ဓ ပဋိညာဉ်ကိုလည်း မပေးသောကြောင့်ရင်း၊ တရားသူကြီးဖြစ်တော်မူသော အရှင်တိပိဋက စူဠာဘယမထေရ်က.... "ငါ့ရှင်-ငါသည် သင့်ကို ဆုံးဖြတ်ခြင်းငှါ မလျော်ချေ၊ တပါးသော ဝိနည်းခိုရ်ထံ အဆုံးအဖြတ်ခံလော့-ဟု ပြောဆိုကြောင်း" လာရှိလေသည်။

သာဓက။ ။အလဇ္ဇိဿ ပဋိညာယ ဝေကာတဗ္ဗံ၊ တဒတ္ထ ဒီပနတ္ထဉ္စ ဣဒံဝတ္ထု ဝေဒိတဗ္ဗံ၊ တေပိဋက စူဠာဘယတ္ထေရောကိရ (ပ) အညေန ဝိနိစ္ဆိနာပေဟိ တိ အာဟ။ (ပါရာဇိကဏ် အဋ္ဌကထာ-ဒု၊ ပ-ဒုဋ္ဌဒေါသ အဖွင့်-၁၆၅၊ ဝိနယသင်္ဂဟအဋ္ဌကထာ-၂၉၆).

ဤသို့ တိပိဋက စူဠာဘယ မထေရ်၏ ပြုလုပ်ပြောဆိုသော ဝိနည်းကျမ်းဂန်လာထုံးတမ်းကိုသာ နည်းယူပြီးလျှင်၊ ၎င်းထုံးတမ်းအတိုင်းသာ အသုဒ္ဓပဋိညာဉ်လည်းမရ၊ လူလိုနေထိုင်၍ လူလိုလည်း ထင်ရှားနေသော ပုဂ္ဂိုလ်ကို ပြုလုပ်သင့်ပေသည်၊ ပြောဆိုသင့်ပေသည်၊ သတိပြု။

ဒိမိတို့ ညောင်လွန့်တောရ - ပဌမမိုးနံကုန်း ဆရာတော်ဘုရားကြီးကလည်း—"ပါရာဇိကမှ ကြွင်းသော အာပတ်များကိုသာ ဆိုဆုံးဖြတ်ရမည်၊ ပါရာဇိကအမှုကြီးကိုကား မိမိက မဆို-မဆုံးဖြတ်ဘဲ၊ သူ့အလိုလိုသာ ဖြစ်စေရမည်-ဟု အမိန့်တော်ရှိကြောင်း...." (ဝိနယဂဏ္ဌိဋ္ဌာန ဝိနိစ္ဆယကျမ်းကြီး-၄၉၄)၌ လာသည်။

ထို မိုးနံကုန်း - ဆရာတော်ဘုရားကြီး၏ မိန့်တော်မူချက်မှာ-ဆိုလတ္တံ့ အဋ္ဌကထာစကားနှင့် အလွန် ညီညွတ်လှပေသည်။ (နည်းယူဘွယ်ရာပင်။)

ပါရာဇိကဏ် အဋ္ဌကထာ-ပ၊ ၁၉၈-၁၉၉၊ ဝိနယသင်္ဂဟ အဋ္ဌကထာ-၃၀၉၊ မှာ....

> သစေ အာပတ္တိံ ဟောတိ၊ အာပတ္တိတိ ဝတ္တဗ္ဗံ၊ သာ ဒေသနာဂါမိနီ စေ၊ ဒေသနာဂါမိနီတိ ဝတ္တဗ္ဗံ၊ ဝုဋ္ဌာန ဂါမိနီ စေ၊ ဝုဋ္ဌာနဂါမိနီတိ ဝတ္တဗ္ဗံ၊ တထဿ ပါရာဇိ ကစ္ဆာယာ ဒိဿတိ၊ ပါရာဇိကာပတ္တိတိ န တာဝ ဝတ္တဗ္ဗံ။

> အထ သဒ္ဓိံ ဥဂ္ဂဟိတတ္ထေရောပိ နတ္ထိ၊ အန္တေဝါသိ ကော ပဏ္ဍိတော အတ္ထိ (ပ) တေနာပိ ပါရာဇိကောသီတိ န ဝတ္တဗ္ဗော၊ ဒုလ္လဘော ဟိ ဗုဒ္ဓုပ္ပါဒေါ၊ တတော ဒုလ္လဘ တရာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ။ ဧဝံ ပန ဝတ္တဗ္ဗော ဝိဝိတ္တံ (ပ) မနသိကရောဟီတိ။ ဟု လာသည်။ သတိပြု။

> သော နေဝ သုဒ္ဓေါတိ ဝတ္တဗ္ဗော၊ န အသုဒ္ဓေါတိ၊ ဇီဝမတကောနာမ အာမကပုတိကောနာမ စေသ၊ သစေ ပနဿ အညမ္ပိ တာဒိသံ ဝတ္ထု ဥပ္ပဇ္ဇတိ န ဝိနိစ္ဆိတဗ္ဗံ၊ တထာ နာသိတကောဝ ဘဝိဿတိ။ (ပါရာဇိကဏ် အဋ္ဌကထာ-ဒု၊ ပ-ဒုဋ္ဌဒေါသ အဖွင့်-၁၆၆၊ ဝိနယသင်္ဂဟ အဋ္ဌကထာ-၂၉၆)

ဤ အဋ္ဌကထာ စကားအရ-လူလိုနေထိုင်၍ လူလိုထင်ရှားနေသော အလဇ္ဇီ (ဒုဿီလ) စုဒိတကပုဂ္ဂိုလ်ကို လူလိုနေထိုင်၍ လူလို ထင်ရှားနေသောကြောင့်၎င်း၊ အသုဒ္ဓပဋိညာဉ်ကိုလည်းမရသော ကြောင့်၎င်း၊ အသုဒ္ဓပဋိညာဉ်မရသော စုဒိတကပုဂ္ဂိုလ်ကို ၎င်းနည်း ကျမ်းဂန်၌ အသုဒ္ဓချမှတ်ခဲ့သော ထုံးတမ်းစဉ်လာလည်းမရှိသော ကြောင့်၎င်း၊ "အသုဒ္ဓ" ဟူ၍ကား မဆုံးဖြတ်ရချေ။

ထို့ကြောင့်-ထိုသို့ လူလိုနေထိုင်၍ လူလိုထင်ရှားနေသော အလဇ္ဇီ(ဒုဿီလ)စုဒိတက ပုဂ္ဂိုလ်မျိုးအတွက် "သုဒ္ဓ-အသုဒ္ဓ"ဟူ၍ မဆို-မဆုံးဖြတ်တော့ဘဲ– "ဇီဝမတက - အာမကပုတိက အသက်ရှင်လျက်သေသူ၊ စိမ်းလျက်ပုပ်သူ"ဟူသောအနေ၊ "တထာနာသိတက–ထိုသို့သော အခြင်းအရာအားဖြင့် ဖျက်ဆီးအပ်ပြီးသူ" ဟူသောအနေ ထား၍ရမည်ဟု ဆိုလိုသည်။

အထူးသတိပြုရန်။ ။ဤ၌ "နေဝသုဒ္ဓ-နာသုဒ္ဓ" ဟူသည် စာရွက်စာတမ်းရေး၍ စီရင်ဆုံးဖြတ်ချက်ချရမည့် အရာမျိုးမဟုတ်ချေ၊ အမှန်စင်စစ်သော်ကား-ထိုသို့ လူလိုနေထိုင်၍ လူလိုထင်ရှားနေသော စုဒိတကကို သုဒ္ဓ, အသုဒ္ဓ-ဟူ၍ မပြောဆို-မဆုံးဖြတ်အပ်ချေ၊ ဇီဝမတက - အာမကပုတိက သဘော, တထာနာသိတက သဘောသာထားလိုက်ရမည်ဟု ဆိုလိုရင်းဖြစ်ပေသည်၊ဤသဘောကိုရည်၍ပင်...."သော နေဝသုဒ္ဓေါတိ ဝတ္တဗ္ဗော၊ န အသုဒ္ဓေါတိ၊ ဇီဝမတကောနာမ (ပ) တထာ နာသိတကောဝ ဘဝိဿတိ"ဟု မိန့်ဆိုထားခြင်းဖြစ်လေသည်။ ဆုံးဖြတ်ချက်ချရန်မဆိုပါ။

ထိုသို့သော အလဇ္ဇီ (ဒုဿီလ) စုဒိတကမျိုးကို "တပါးသော ဝိနည်းမိုရ်ထံ အဆုံးဖြတ်ခံချေဦး" ဟူ၍ရင်း၊ "သင်၏ ချမ်းသာခြင်းကို ရှာချေဦး"ဟူ၍ရင်း ပြောဆိုလိုက်ရပေမည်၊ ဤကို-အထူးသတိပြုမိကြပါစေ။

ဝိမတိဋီကာဆရာအလို

ဤ၌ – ပါရာဇိကဏ် အဋ္ဌကထာ၊ ဒုဋ္ဌဒေါသသိက္ခာပုဒ် အဖွင့်၊ ဝိမတိ ဋီကာဆရာ အလိုအားဖြင့် .... "တထာ နာသိတကောဝ ဘဝိဿတီတိ ဣမိနာ ဝိနိစ္ဆယံပိ အဒတွာ သံဃတော ဝိယောဇနံ နာမ လိင်္ဂနာသနာဝိယ အယံပိ ဧကော နာသန ပကာရောတိ

ဒသောတိ”ဟူ၍ တထာနာသိတက, ဇီဝိမတက, အာမကပုတိက-တို့ကို အသုဒ္ဓ၏ကိုယ်စားဖြစ်ကြောင်း၊အသုဒ္ဓကဲ့သို့ပင်ဖြစ်ကြောင်း ပြဆိုထားချေသည်။

မှတ်သားရန် နည်းကောင်းများ

ရှေးအခါက အောက်မြို့-အောက်နယ်၌ ထင်ရှားကျော်စောသော ဂိုဏ်းအုပ်-ဆရာတော်ဘုရားကြီး တပါးထံ ပဌမမှု-ဒုတိယမှုစသည်တို့နှင့် စပ်ယှဉ်သောအရာများကို လာရောက်လျှောက်ကြားသောအခါ၊ ၎င်းဆရာတော်ဘုရားကြီးက ဆုံးမစကားပြောကြားလွှတ်သည်မှာ....“အညာမတွေသု ဝဇ္ဇေသု ဘယဒဿာဝီ”ဟု ဟောတော် မူသည့်အတိုင်း ကိုယ့်အပြစ်ကိုသာရှု၍ သူတပါးအပြစ်ကို မရှုနှင့်၊ သူတပါးအပြစ်ကို ရှုလျှင် အာသဝေါတရား ပွားများတတ်သည်။

သူတပါး၏ အန္တိမသို့ ရောက်မှု-မရောက်မှုကို ဘုရားမှသာ ကောန်သိနိုင်သည်၊ ဘုရားအရာသာဖြစ်သည်၊ အန္တိမသို့မရောက်ဘဲနှင့် အန္တိမအမှုကိုပြောဆိုစွပ်စွဲမိလျှင် မိမိမှာသာအပြစ်ရောက်မည်၊ အကယ်၍ အန္တိမသို့ ရောက်နေစေကာမူ၊ သူ့အပြစ်ကို သူသာ ခံရပေမည်။

တဦးနှင့်တဦး ညီညီညွတ်ညွတ်နေခြင်းသည် ဘုရားအဆုံးမနှင့် ညီပါသည်၊ သို့အတွက်“သူတပါးအပြင်ကိုမရှုဘဲ သင့်တင့်ညီညွတ်စွာ နေထိုင်ပါ”ဟု ဆုံးမစကား ပြောကြား၍ လွှတ်တော်မူလေ့ရှိသတတ်။

၎င်းဆရာတော်ဘုရားကြီးကား-ထိုပဌမမှုစသည်များကို လက်ခံ၍၊ သုဒ္ဓ,အသုဒ္ဓအားဖြင့် ဆုံးဖြတ်ပေးလေ့ ရှိတော်မမူ၊ အဘယ့်ကြောင့်နည်းဟူမူ-၎င်း သုဒ္ဓ, အသုဒ္ဓ အရာကို ဘုရားမှသာ သိနိုင်သော အရာဖြစ်သောကြောင့်တည်း-ဟု မိန့်တော်မူသတတ်။

ထို ဆရာတော်ဘုရားကြီး၏ ဆုံးမစကားပြောကြားလွှတ်ချက် မှာ ဆိုလတံ့ အဋ္ဌကထာစကားနှင့် ညီညွတ်လှပေသည်။

"သစေ ပန အလဇ္ဇီယေဝ အလဇ္ဇိံ စောဒေတိ (ပ) ဥဘောပိ ဧကသမ္ဘောဂ ပရိဘောဂါ ဟုတွာ ဇီဝထာတိ ဝတွာ ဥယျောဇေတဗ္ဗာ။" ။"အထ လဇ္ဇီ လဇ္ဇိံ စောဒေတိ(ပ) အစ္စယံ ဒေသာပေတွာ ဥယျောဇေတဗ္ဗာ။ (ပါရာဇိကကဏ် အဋ္ဌကထာ-၃၊ ပ-ဒုဋ္ဌဒေါသ အဖွင့်-၁၆၆၊ ဝိနယသင်္ဂဟ အဋ္ဌကထာ-၂၉၇)

ဤခေတ်မှီစီရင်နည်းအရ ဖြန့်ဖြေလွှတ်ရာ၌၊ ပေါင်းသင်းသော အခါ အပြစ်ရှိ-မရှိမှာ၊ အပြစ် ရှိ-မရှိကို တပ်အပ်မသိလျှင် ပေါင်း သင်းသော်လည်း အပြစ်မရှိပေ။

သာဓက။ ။လဇ္ဇိနော အလဇ္ဇိနာ သဒ္ဓိံ ယာဝ နဇာနာတိ၊ တာဝ ဝဋ္ဋတိ၊ အာဒိတော ပဋ္ဌာယ ဟိ အလဇ္ဇီ နာမ နတ္ထိ။

အလဇ္ဇိနော ပန အလဇ္ဇိနာဝ သဒ္ဓိံ ပရိဘောဂေ အာပတ္တိ နာမ နတ္ထိ။ (ပါရာဇိကကဏ် အဋ္ဌကထာ-၃၊ ရူပိယ အဖွင့်-၂၅၃) ဤအချက်ကို သတိပြုမိပါစေ။

ကျောင်းတိုက်တတိုက်၌ နာယကဆရာတော်တပါးသည်လည်း ၎င်း၏ ကျောင်းတိုက်၌ နေထိုင်သည့် ရဟန်းငယ် တပါးသည် ဝင်ကြွယ်သောသဘောမရှိသောအပြစ်သို့ရောက်အောင်လွန်ကျူး ကြောင်းကို ၎င်းဆရာတော်တပါးတည်း ၎င်းရဟန်းငယ်ကို တိတ် တဆိတ်ခေါ်၍ စစ်ဆေးသောအခါ အမှန်အတိုင်းဝန်ခံလျှောက် သွားသည့်အတွက် ထို ရဟန်းငယ်အား "သာသနာတော်၌ ထောက်တည်ရာ မရနိုင်တော့ကြောင်း၊ သူတပါးကို မညစ်နွမ်း

စေသင့်ကြောင်း”စသည်ဖြင့် သနားချစ်ခင်စွာ ပြောကြားဆုံးမ၍၊ စိတ်ချမ်းသာအောင်ပြုလုပ်နေထိုင်သင့်ကြောင်း ပြောပြကာ၊ ၎င်း ဆရာတော် တပါးတည်းသာ သိစေပြီးလျှင်၊ ထို ရဟန်းငယ်အား ပစ္စည်းများထောက်ပံ့၍ အခြားသို့စေလွှတ်လိုက်သတတ်။ ရဟန်း ငယ်လည်း ဆရာသမားကို ကျေနပ်စွာ ရှိခိုး၍ အခြား အရပ်သို့ သွားကာ မကြာမီပင် လူဝတ်လဲသတတ်။

ဤနည်းလည်လည်း ဖြစ်ပေါ်လာသည့်အမှုအခင်းကို လူကြား သူကြားမဖြစ်အောင် စီရင်သောနည်းဖြစ်သဖြင့်၊ သာသနာတော် ကို အတင်သေးမှု မဖြစ်နိုင်ရကား-အလွန်သင့်လျော်သော နည်း ကောင်းတခုဖြစ်ပေသည်၊ ဤနည်းသည်လည်း ဆိုလတ့်အဋ္ဌကထာ နှင့် ညီညွတ်လေသည်။

“နတ္ထိလောကေ ရဟောနာမ (ပ) တံ့ယေဝဒါနိတဝ သောတ္တံ ပရိယေသာဟီတိ ဝတ္တဗ္ဗော။ (ပါရာဇိ ကဏ် အဋ္ဌကထာ-ပ၊ ပ-ပါရာဇိက-၁၉၉)

ဤအချက်ကိုလည်း သတိပြုမိပါစေ။

မန္တလေးမြို့၊ ရာဇဂိုရ်ရှုဘွဲ့ခံ
မင်္ဂလာစံကျောင်း-ဆရာတော်ဘုရားကြီး မိန့်ခွန်း

ထိုထို လဟုက-ဂရုကအာပတ်ကိုဆုံးဖြတ်လိုသော ဓမ္မဝိနိစ္ဆက- ဝိနယဓရ ပုဂ္ဂိုလ်တို့သည် ရှေးရှု တိုက်ရိုက် ရောက်ဆိုက် ကြုံကြိုက် လာသော ပုဂ္ဂိုလ်တို့၏ စောဒက ဖြစ်သင့်,ဖြစ်ထိုက်သော ပုဂ္ဂိုလ်၊ စုဒိတက ဖြစ်သင့်,ဖြစ်ထိုက်သော ပုဂ္ဂိုလ်တို့၏ အကြောင်းအရာ သဘာဝကို မုချ ဆတ်ဆတ် အတပ်သိရအောင် စူးစမ်းဆင်ခြင် အပ်၏၊ အဘယ်သို့ စူးစမ်းဆင်ခြင် အပ်သနည်း ဟူမူကား— ထို

လဟုက, ဂရုက အမူအရာဖြင့် စွပ်စွဲတတ်, အပြစ်တင်တတ်, စောဒနာ တတ်သောပုဂ္ဂိုလ်သည် စောဒကပုဂ္ဂိုလ်မည်၏၊ ထိုစောဒကပုဂ္ဂိုလ် သည် ထို လဟုက, ဂရုက အရာတို့ဖြင့် စွပ်စွဲအပ်, အပြစ်တင်အပ်, စောဒနာအပ်သောပုဂ္ဂိုလ်သည် စုဒိတကမည်၏။

ထို စုဒိတက၌ အသုဒ္ဓ-သာပတ္တိကအဖြစ်ဖြင့် ယုံမှားသံသယ ဝေမတိက ဖြစ်ရာ၌လည်း အာပတ်သင့်ခြင်း၏ အကြောင်း အမူ အရာ၊ ဒိဋ္ဌ - သုတ - ပရိသင်္ကိတ အကြောင်းပက်ပင်းပါ ရှေးရှု တိုက်ရိုက် ကြုံကြိုက်သော် သာလျှင် ယုံမှားသံသယ ဝေမတိက အာသင်္ကာကိုပြုအပ်၏၊ တွေ့တိုင်း-မြင်တိုင်း ရဟန်းသီတင်းသုံးဘော် တို့၌ ယုံမှားသံသယ ဝေမတိက အာသင်္ကာကို မပြုအပ်။

ထို ဒိဋ္ဌ - သုတ - ပရိသင်္ကိတ ၃-ပါးတို့တွင် ဒိဋ္ဌ-ဟူသည်ကား ပါရာဇိကအစရှိသော ထိုထို အာပတ်၏ ဝေးသော အကြောင်း အရာကို မြင်သည်မဟုတ်၊ ထို ပါရာဇိက အစရှိသော အာပတ်၏ "မဂ္ဂေန မဂ္ဂ ပဋိပါဒန" စသော နီးသော အကြောင်းအရာကို မြင်ခြင်းတည်း။

သုတ - ဟူသည်ကား ပါရာဇိကအစရှိသော ထိုထို အာပတ်၏ ဝေးသော အကြောင်းအရာ အမူအရာနှင့် စပ်သော စကားကို ကြားသည့်အရာမဟုတ်၊ ပါရာဇိကအစရှိသော ထိုထို အာပတ်၏ "မဂ္ဂေန မဂ္ဂ ပဋိပါဒန" စသော နီးသော အကြောင်းအရာနှင့် စပ်သောစကားကို ကြားသောအရာတည်း။

ပရိသင်္ကိတ - ဟူသည်ကား မြင်သောအမူအရာ၊ ကြားသော အမူအရာ၊ တွေးဆသော အမူအရာ အားဖြင့် တွေးတွေးဆဆ သံသယ ဝေမတိက ဖြစ်သော အရာတည်း။

ထို့ကြောင့် ပဋ္ဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌... "တတ္ထ ဒိဋ္ဌံ သမူဋ္ဌကံနာမ ပါရာဇိကံ အာပဇ္ဇန္တံ ဒိသွာဝ ဒိဋ္ဌော မယာ တိ ဝဒတိ၊ အမူလကံနာမ ပဋိစ္ဆိန္နော ကာသတော နိက္ခမန္တံ ဒိသွာ ဝီတိက္ကမန္တံ ဒိသွာ ဒိဋ္ဌော မယာတိ ဝဒတိ (ပ) ဧတေန နယေန သုတ ပရိသင်္ကိတာနိပိ ဝိတ္ထာရေတဗ္ဗာနိ" ဟု မိန့်ဆိုတော်မူသည်။

ဤသို့လျှင် ထို နှစ်ယောက်သော စောဒက - စုဒိတက တို့၏ အကြောင်းအရာ သဘာဝကို မုချ ဆတ်ဆတ် အတပ်သိရအောင် စူးစမ်းဆင်ခြင်အပ်လေသည်-ဟု မိန့်တော်မူသည်။ (ဓူဋ္ဌဝါပါဠိ တော် နိဿယသစ် (စံကျောင်းမှူ) ကမ္မက္ခန္ဓက ၁၂-၄၆)

လဇ္ဇီ-အလဇ္ဇီ ခွဲခြားချက်

စောဒက - စုဒိတက တို့မှာ လဇ္ဇီ-အလဇ္ဇီ ၂ - မျိုး ရှိနိုင်သော ကြောင့် ဤနေရာ၌ လဇ္ဇီလက္ခဏာ,အလဇ္ဇီလက္ခဏာတို့ကို ခွဲခြား၍ ပြဆိုပေဦးမည်။

(၁) ဝီတိက္ကမစေတနာဖြင့် အာပတ်ကိုလွန်ကျူးခြင်း။

(၂) သင့်ပြီးသောအာပတ်ကိုလည်း လျှို့ဝှက်ထားခြင်း။

(၃) အဂတိတရား လိုက်စားခြင်း။

ဤသို့သဘောရှိသောပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ်မည်ပေသည်။

ထို အလဇ္ဇီ လက္ခဏာမှ ပြန်သော အားဖြင့် လဇ္ဇီ ပုဂ္ဂိုလ်၏ လက္ခဏာကို သိရပေမည်။

သာဓက။ ။သဉ္စိစ္စ အာပတ္တိံ နာပဇ္ဇတိ၊ (ပ)ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလော။

သဉ္စိစ္စ အာပတ္တိံ နာပစ္စတိ (ပ) ဝုစ္စတိ လဇ္ဇီပုဂ္ဂလော။
(ပရိဝါပါဠိ၊ ဒုတိယဂါထာ သင်္ဂဏိက-၂၃၆)

ဤ၌ အနာဒရိယစိတ်မရှိဘဲ ရှက်သဖြင့် ဒေသနာဂါမိ်,ဝုဋ္ဌာန ဂါမိ် အလျောက် မကုစားမူ၍ လျှို ကိထားသော်ကား အလဇ္ဇီ မမည်သေးဟု မှတ်ရာ၏။

သာရတ္ထ။ ။ပဋိဂူဟတီတိ နိဂူဟတိ န ဒေသေတိ န ဝုဋ္ဌာတိ။ (ပရိဝါအဋ္ဌကထာ-၁၇၈)

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတီတိ ဧတ္ထ အနာဒရိယဝသေန အာပဇ္ဇန္တော ဝေ အလဇ္ဇီ ဟောတိ၊ န ဣတရော တိစ၊ အာပတ္တိံ ပရိဂူဟတီတိ ဧတ္ထ လဇ္ဇာယ ပဋိဂူဟန္တော အလဇ္ဇီ န ဟောတိ၊ ကိံ ဣမိနာတိ အနာဒရိယဝသေန ပရိဂူဟန္တော ဟောတီတိစ လက္ခိတံ။ (ကင်္ခါဋီကာဟောင်း နိဒါနဝဏ္ဏနာ-၉)

လိုရင်းချုပ်အားဖြင့် ဒုက္ကဋ်-ဒုဗ္ဘာသိ အစရှိသော အနူမြခန့်မျ သင့်သော အာပတ်တို့၌ ဘေးဘယအားဖြင့် ရှုလေ့ရှိသည်ဖြစ်၍ အာပတ်သင့်ခြင်းကို ရှက်ကြောက်တတ်သော ပုဂ္ဂိုလ်သည် လဇ္ဇီ မည်၏၊ ထိုဆိုအပ်ခဲ့ပြီးသောအခြင်းအရာဖြင့် အာပတ်သင့်အံ့သည် ကိုမကြောက်၊ စိတ်နောက်ကိုယ်ပါ သိက္ခာပုဒ်တော်ကို ကျော်နင်း ကျူးလွန်သောပုဂ္ဂိုလ်သည် အလဇ္ဇီမည်၏ဟု မှတ်ရမည်။ (မင်္ဂလာစံကျောင်းဆရာတော်၊ဥဋ္ဌာပါဠိနိဿယသစ် ကမ္မက္ခန္ဓက-၁၃)

စောဒက-စုဒိတက လေးယောက်ပြားပုံ

၁—လဇ္ဇီစောဒက၊ ၂—အလဇ္ဇီစောဒက၊ ၃—လဇ္ဇီစုဒိတက၊ ၄—အလဇ္ဇီစုဒိတက-ဟူ၍ စောဒက-စုဒိတက လေးယောက် ပြား လေသည်၊ ထို့ကြောင့် စောဒနာမှု၌လည်း....

(၁) အလဇ္ဇီက - လဇ္ဇီကို စောဒနာမှု။
(၂) လဇ္ဇီက - အလဇ္ဇီကို စောဒနာမှု။
(၃) အလဇ္ဇီ - အလဇ္ဇီချင်း စောဒနာမှု။
(၄) လဇ္ဇီ - လဇ္ဇီချင်း စောဒနာမှု။

ဟူ၍ လေးမျိုးရှိကြောင်းကို မှတ်ယူရပေမည်။

(သာဓကကိုကား — ပါရာဇိကဏ် အဋ္ဌကထာ-ဒု၊ ပ-ဒုဋ္ဌဒေါသ အဖွင့်,၁၆၅-၁၆၆ တို့၌ရင်း၊ ဝိနယသင်္ဂဟ အဋ္ဌကထာ-စောဒနာဒိ ဝိနိစ္ဆယကထာ-၂၉၅၊ ၂၉၆၊ ၂၉၇-တို့၌ရင်း ယူပါလေ။)

ထို စောဒနာမှု ၄-မျိုးတို့တွင် အလဇ္ဇီက လဇ္ဇီကို စောဒနာမှု၊ အလဇ္ဇီ-အလဇ္ဇီချင်း စောဒနာမှု၊ လဇ္ဇီ-လဇ္ဇီချင်း စောဒနာမှုတို့၌ "ကေ သမ္ဗောဂ ပရိဘောဂါ ဟုတွာ ဇီဝထာတိ ဝတွာ ဥယျော ဇေတဗ္ဗာ။" ။"အစ္စယံ ဒေသာပေတွာ ဥယျောဇေတဗ္ဗာ" ဟူသော ပါရာဇိကဏ် အဋ္ဌကထာ-ဒု-၁၆၆၊ ဝိနယသင်္ဂဟ-၂၉၇၊ အတိုင်း တရားဟောပြောဆုံးမ၍ ဖြန်ဖြေလွှတ်နိုင်လျှင်ကောင်း၏၊ အကယ်၍ဖြန်ဖြေမလွှတ်နိုင်လျှင် စုဒိတက၏"သုဒ္ဓ"အနေ ထွက်ဆို ဝန်ခံချက် ပဋိညာဉ်ပေးခဲ့သော်၊ ၎င်း ပဋိညာဉ် အတိုင်းသာလျှင် "သုဒ္ဓ"အဖြစ် ဆုံးဖြတ်ပေးရမည်။

သာဓက။ ။ပဋော ပဋိပုစ္ဆိတွာ ယထာ ပဋိညာယ ကာရေတဗ္ဗော။ (ပရိဝါပါဠိ-၂၄၂)

တိဏ္ဏမ္ပိ ထေရာနံ ဝါဒေ စုဒိတကဿေဝ ပဋိညာယ ကာရေတဗ္ဗော။ (ပါရာဇိကဏ် အဋ္ဌကထာ-ဒု-၁၆၂၊ ဝိနယသင်္ဂဟအဋ္ဌကထာ-၂၉၄)

အလဇ္ဇီ လဇ္ဇိံ စောဒေတိ (ပ) လဇ္ဇိဿေဝ ပဋိညာယ ကမ္မံ ကာတဗ္ဗံ။ (ပါရာဇိကဏ် အဋ္ဌကထာ-ဒု-၁၆၅၊ ဝိနယသင်္ဂဟ-၂၉၅)

တေမ္ပိ နတ္ထိတိ ပဋိညံ နဒေတိ၊ အလဇ္ဇီသ ပဋိညာယ
ဧဝ ကာတဗ္ဗံ။ (၎င်းအဋ္ဌကထာ-၃-၁၆၅၊ ဝိနယ
သင်္ဂဟ-၂၉၆)

လဇ္ဇီက - အလဇ္ဇီကို စောဒနာမှု၌ကား - အလဇ္ဇီ စုဒိတကမှာ အလဇ္ဇီပုဂ္ဂိုလ် မျှလောက်သာဖြစ်၍ (ဒုသီလအဖြစ် မထင်ရှားခဲ့သော်၊ ဝါ-လူလိုနေထိုင်ပြုလုပ်၍ လူလိုထင်ရှားနေမှုမဖြစ်ခဲ့သော်၊ မလိုရ်စုပ်စွဲကြသဖြင့် အမှုအခင်းတွေ များစွာပင်ဖြစ်နေစေကာမူ) ၎င်းအလဇ္ဇီစုဒိတက၏ "သုဒ္ဓ"အနေ ထွက်ဆိုဝန်ခံချက် ပဋိညာဉ်ကိုသာ ပေးနေလျှင်၊ ၎င်းပဋိညာဉ်အတိုင်းပင် "သုဒ္ဓ"အဖြစ်သာ ဆုံးဖြတ်ပေးရမည်၊ သတိပြုမိပါစေ။

သာဓက။ ။သစေ လဇ္ဇီ အလဇ္ဇိံ စောဒေတိ (ပ) သစေ ပန သော လဇ္ဇီ ပဏ္ဍိတော ဟောတိ ဗျတ္တော ပတိဗလော ဝိနယ ကထေတိ၊ အလဇ္ဇီ စ တေမ္ပိနတ္ထိ၊ တေမ္ပိနတ္ထိတိ ပဋိညံ န ဒေတိ၊ အလဇ္ဇီသ ပဋိညာယ ဧဝ ကာတဗ္ဗံ။ (ပါရာဇိကဏ် အဋ္ဌကထာ-၃ ၁၆၅၊ ဝိနယသင်္ဂဟ-၂၉၆)

ထိုအလဇ္ဇီစုဒိတကမှာ အလဇ္ဇီမျှလောက်သာ မဟုတ်တော့ဘဲ နှင့် အမှုအခင်းတွေ များစွာဖြစ်ခဲ့သည့်ပြင်၊ လူလိုနေထိုင် ပြုလုပ်ပြီး လူလိုထင်ရှား နေခဲ့သော်၊ ဝါ-ဒုသီလအဖြစ် ထင်ရှားနေခဲ့သော်၊ ၎င်းစုဒိတက၏ အသုဒ္ဓအဖြစ် ပဋိညာဉ်ကိုလည်းမရခဲ့သော် ထိုကဲ့သို့သော စုဒိတကကို "အသုဒ္ဓ" အဖြစ်ကိုကား မဆုံးဖြတ်ရချေ။ အဘယ့်ကြောင့်နည်း-ဝိနည်းကျမ်းဂန်၊ ပါဠိ-အဋ္ဌကထာတို့၌ ဆုံးဖြတ်ခဲ့သော ဖြတ်ထုံးမရှိသောကြောင့်တည်း။ (ဤကို သတိပြုမိပါစေ။) (အကယ်၍"အသုဒ္ဓ"အဖြစ် ဆုံးဖြတ်မိခဲ့လျှင် ပညာရှင်တို့၏ ဝေဘန်မှုကို ခံရတတ်သည်။ ဝေဘန်မှု ခံခဲ့ရဘူးသော "အသုဒ္ဓ"ဆုံးဖြတ်ချက် အချို့လည်း ရှိခဲ့ဘူးလေသည်။)

ဤသို့ကြောင့် ထိုကဲ့သို့သော စုဒိတကကို ဝိနည်းဓိုရ် (တရားသူကြီး)တို့က "သင်၏ချမ်းသာခြင်းကို ရှာပါလော့"ဟု ပြောဆို၍ လွှတ်ရပေမည်။

သာဓက။ ။နတ္ထိလောကေ ရဟောနာမ ပါပကမ္မံ ပကုဗ္ဗတော၊ သစ္စ ပဥ္စမံ ဟိ ပါပံ ကရောန္တော အတ္တနာ ဇာနာတိ(ပ)တဝေသာတ္ထိ ပရိယေသာဟီတိ ဝတ္တဗ္ဗော။ (ပါရာဇိကဏ် အဋ္ဌကထာ-ပ၊ ပဥ္စမပါရာဇိက-၁၉၉၊ ဝိနယသင်္ဂဟ-၃၁၀)

ဝိနည်းဓိုရ်တို့ သိထားရန် အချက်များမှာ အဓိကရဏ်း ၄-ပါး

၁။ **ဝိဝါဒါဓိကရဏ်း။** ။ဓမ္မ-အဓမ္မစသည်ဖြင့် ငြင်းခုံခြင်းကို ဆိုသည်။

၂။ **အနုဝါဒါဓိကရဏ်း။** ။သီလ-အကျင့်-အယူ-အသက်မွေးမှု ပျက်စီးခြင်းတို့ဖြင့် ဆဲရေး-စောဒနာခြင်းဟု ဆိုအပ်သော စွပ်စွဲခြင်းကို ဆိုသည်။

၃။ **အာပတ္တာဓိကရဏ်း။** ။ငါးပါးသော အာပတ်အစု၊ ခုနစ်ပါးသော အာပတ်အစုကို ဆိုသည်။

၄။ **ကိစ္စာဓိကရဏ်း။** ။အပလောကန ကံ စသော ကံ(၄)ပါးတို့တွင် တပါးပါးသော ကံပြုခြင်းကို ဆိုသည်။ (သာဓက ရုဠ္ဌဝါဒါဓိ သမထက္ခန္ဓက-၁၇၁၊ ပရိဝါပါဠိ အဓိကရဏဘေဒ ၂၀၂-တို့၌ယူ။)

သမထ ၇-ပါး

၁။ **သမ္မုခါဝိနယသမထ။** ။သံဃ-ဓမ္မ-ဝိနယ-ပုဂ္ဂလတို့ မျက်မှောက်၌ ပေးအပ်သော ဝိနည်းကံကို ဆိုသည်။

၂။ **သတိဝိနယသမထ**။ ။အောက်မေ့ခြင်း သတိကို မှီ၍ ပေးအပ်သော ဉာတ္တိစတုတ္ထ ဝိနည်းကံကို ဆိုသည်။ သတိပြည့်ပြော သော ရဟန္တာအား ပေးအပ်သော ဝိနည်းကံဟု ဆိုလိုသည်။

၃။ **အမူဠှဝိနယသမထ**။ ။မရူးသော ရဟန်းအားကဲ့သို့ ရူးသောရဟန်းအား စောဒနာခြင်း၌ ပေးအပ်သော ဉာတ္တိစတုတ္ထ ဝိနည်းကံကိုဆိုသည်။ ရူးသောရဟန်းအား ပေးအပ်သော ဝိနည်း ဟု ဆိုလိုသည်။

မှတ်ချက်။ ။အမူဠှ ဝိနယပုဒ်ကို "အမူဠှဿဝိယ မူဠှဿ အစောဒနာယ ဒါတဗ္ဗော ဝိနယော အမူဠှဝိနယော" ဟု မူဠှတပုဒ် အကျေကြံ၍ ဝိဂြိုဟ်ပြုရပေမည်။ (သာဓကကို ဝိနယ ဂဏ္ဌိဒီပနီ ဝိနယဋီကာကျမ်း ၂၉၁-၃ ယှု။)

၄။ **ပဋိညာတကရဏ သမထ**။ ။ပဿသိ အာဝုသော တာ အာပတ္တိယောဟု ဆိုရာ၌၊ အာမဘန္တေ ပဿာမိဟု ဝန်ခံခြင်းဖြင့် အာယတိံ အာဝုသော သံဝရေယျာသိဟု ဆုံးဖြတ်အပ်သည်ကို ဆိုသည်။ ပဋိညာဉ်ဝန်ခံခြင်းကိုပြုသဖြင့် ဆုံးဖြတ်ရသည်ဟု ဆိုလို သည်။

၅။ **ယေဘုယျသိကာသမထ**။ ။ဓမ္မဝါဒီများရာသို့လိုက်၍ ပြုအပ်သော သမထကိုဆိုသည်။

၆။ **တဿပါပိယသိကာ သမထ**။ ။ဥပဝါဠ ရဟန်းကဲ့သို့ ယုတ်မာသော ရဟန်းအား ပြုအပ်သော ဉာတ္တိစတုတ္ထကံကို ဆို သည်။

မှတ်ချက်။ ။ဝိနည်းဓိုရ်က မေးသည်ကို မဖြေဘဲ၊ တပါး သော အကြောင်းဖြင့် ပြောဆိုဖုံးလွှမ်းစေ၍၊ သံဃာကိုညှဉ်းဆဲကာ ယုတ်မာသော အကျင့်များရကား - ဥပဝါဠ သမထက္ခန္ဓကလာ

တဿပါပိယသိကာ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ကံပြု၍ ငြိမ်းစေသည်ကို တဿ။ပ။သမထဟု ဆိုသည်။

၇။ **တိဏဝတ္ထာရကသမထ။** ။မစင်,ကျင်ငယ်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ ပြုအပ်သော သမထကို ဆိုသည်။

မှတ်ချက်။ ။နှစ်ပက္ခ ကွဲနေသော ရဟန်းတို့သည် မလျော်သောအမှုကို ပြုကြပြီးနောက် လဇ္ဇီသဘောသက်ရောက်ကြသဖြင့် အချင်းချင်း ဒေသနာကြား၍သာ စင်ကြယ်စေမည် ဆိုလျှင် ၎င်းအဓိကရုဏ်းသည် ကြမ်းတမ်းခြင်း, ရဲစွမ်းခြင်းငှါ ဖြစ်ရာ၏ဟု အပြစ်ကို မြင်သဖြင့် ရှုဋ္ဌဝါသမထက္ခန္ဓကလာ တိဏဝတ္ထာရက ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ငြိမ်းစေသည်ကို တိဏ။ ပ ။သမထဟု ဆိုသည်။ (သာဓကကို ပါစိတ်ပါဠိ,ရှုဋ္ဌဝါပါဠိ,သမထက္ခန္ဓက ၎င်းအဋ္ဌကထာတို့၌ ယူ။)

အဓိကရုဏ်းကို သမထဖြင့် ငြိမ်းစေပုံ

၁။ အဓိကရုဏ်း ၄-ပါးတို့တွင် ဝိဝါဒါဓိကရုဏ်းကို သမ္မုခါ ဝိနယ သမထ, ယေဘုယျသိကာ သမထ ၂-ပါးဖြင့် ငြိမ်းစေနိုင်သည်။

၂။ အနုဝါဒါဓိကရုဏ်းကို သမ္မုခါ-သတိ-အမူဠ္ဍ-တဿပါပိယသိကာ ၄-ပါးဖြင့် ငြိမ်းစေနိုင်သည်။

၃။ အာပတ္တာဓိကရုဏ်းကို သမ္မုခါ-ပဋိညာ-တိဏဝတ္ထာရက ၃-ပါးဖြင့် ငြိမ်းစေနိုင်သည်။

၄။ ကိစ္စာဓိကရုဏ်းကို သမ္မုခါဝိနယသမထ တပါးဖြင့်သာ ငြိမ်းစေနိုင်သည်။ ကြွင်းသမထ ၆-ပါးတို့နှင့် မဆိုင်ပေ။
(သာဓကကို ရှုဋ္ဌဝါပါဠိ - သမထက္ခန္ဓက ၁၇၁-မှ ၁၉၃-ထိ၊ ကင်္ခါ အဋ္ဌကထာ ၁၈၁-မှ ၁၈၃-ထိတို့၌ယူ။)

သမ္မုခတာ ၄-ပါး

၁။ **သံဃသမ္မုခတာ။** ။သံဃာညီညွတ်သည်၏အစွမ်းဖြင့် ကာရကသံဃာ၏ မျက်မှောက်၏ အဖြစ်ကို ဆိုသည်။

၂။ **ဓမ္မသမ္မုခတာ။** ။ငြိမ်းအေးစေအပ်သော ဟုတ်မှန်သောဝတ္ထု၏ မျက်မှောက်၏ အဖြစ်ကို ဆိုသည်။

၃။ **ဝိနယသမ္မုခတာ။** ။အဓိကရဏ်းကိုငြိမ်းအေးကြောင်းဖြစ်သော ဝိနယ-သတ္ထုသာသန၏ မျက်မှောက်၏ အဖြစ်ကို ဆိုသည်။

၄။ **ပုဂ္ဂလသမ္မုခတာ။** ။ဝိဝါဒဟုဆိုအပ်သော အကြောင်းကိုစွဲ၍ ဆန့်ကျင်ဘက်ကို အလိုရှိသော စောဒက-စုဒိတက(တရားလို-တရားခံ)တို့၏ မျက်မှောက်၏ အဖြစ်ကို ဆိုသည်။

မှတ်ချက်။ ။ဟုတ်မှန်သော ဝတ္ထုကို ဓမ္မ၊ စောဒနာ-သာရဏာဝိနည်းကို ဝိနယ၊ (ဉာတ်-ကမ္မဝါစာ ပြည့်စုံခြင်းကို သတ္ထုသာသန)ကမ္မပတ္တရဟန်းတို့ တထောင့်ထွာ ပတ္တပါသ်သို့ ရောက်ခြင်း၊ဆန္ဒာရဟ ရဟန်းတို့ဆန္ဒကို ဆောင်ခြင်း၊မျက်မှောက်ရောက်သော ရဟန်းတို့က မတားမြစ်ခြင်း၊ ဤ ၃-ပါးနှင့် ပြည့်စုံသော ကာရက (ကံပြု) သံဃာကို သံဃာ၊ စောဒက-စုဒိတက ကံပြုခံ ပုဂ္ဂိုလ်ကို ပုဂ္ဂလဟု ခေါ်သည်။ ၎င်း ၄-မျိုး မျက်မှောက်ဖြစ်သည်ကို သမ္မုခါဟု ခေါ်သည်။ (သာဓကကို ဗုဒ္ဓဝါပါဠိ-သမထက္ခန္ဓက-၁၇၉၊ ကင်္ခါအဋ္ဌကထာ-၁၈၁၊ ပရိဝါအဋ္ဌကထာ-စောဒနာကဏ္ဍ အဖွင့်တို့၌ ယူပါ။)

ကံ ၄-ပါး

၁။ **အပလောကနကံ။** ။ပန်ကြား - ပြောကြားကြောင်း ဖြစ်သော ကံကို ဆိုသည်။

> **သာဓက။** ။အပလောကေတိ အာပုစ္ဆတိ ဒါနေ နာတိ ဒါပလောကနံ၊ အပလောကနမေဝ ကမ္မံ အပ လောကန ကမ္မံ။ ။ (ပရိဝါ-သမထက္ခန္ဓက ယောဇနာ။)

၂။ **ဉတ္တိကံ။** ။ဉတ်သက်သက်ဖြစ်သော ကံကိုဆိုသည်။ (ဥပုသ်-ပဝါရဏာကံများတည်း။)

၃။ **ဉတ္တိဒုတိယကံ။** ။ဉတ် လျှင် နှစ် ကြိမ် မြောက် ဖြစ် သောကံကို ဆိုသည်။ (သီမသမုဟနန - သီမသမ္မုတိ - ကထိန်ကံ စသည်များတည်း။)

၄။ **ဉတ္တိစတုတ္ထကံ။** ။ဉတ်လျှင် ၄ - ကြိမ်မြောက် ဖြစ် သော ကံကို ဆိုသည်။ (ဥပသမ္ပဒကံ စသည်များတည်း။) (သာဓကကို ပရိဝါပါဠိ-သမထက္ခန္ဓက၊ ၎င်းအဋ္ဌကထာ ယောဇနာ တို့၌ရှု။)

ကံ ၇-ပါး

၁။ **တဇ္ဇနီယကံ။** ။ခြိမ်းခြောက်ကြောင်းဖြစ်သော ကံကို ဆိုသည်၊ ငြင်းခုံခြင်းကို ပြုတတ်သော ဗာလ - အဗျတ္တ - အာပတ္တိ ဗဟုလရဟန်းတို့အား တဇ္ဇနီယကံ ပြုအပ်သည်။

၂။ **နိယသကံ။** ။ဗာလ၏ ဆည်း ကပ် ကြောင်း ကံ ကို ဆိုသည်၊ (နိယဿိယတိ ဗာလော ဘဇာပိယတိ အနေန ဝိနယ ကမ္မေနာတိ နိယဿံ။ ။ယောဇနာ) မပြတ် အာပတ် သင့်သော ရဟန်းအား နိယသကံ ပြုအပ်သည်။

၃။ **ပဗ္ဗာဇနီယကံ။** ။ရွာ-ကျောင်းစသည်မှ နှင်ထုတ်သောကံကိုဆိုသည်၊ ကုလဒူသကအမှုပြုသောရဟန်းအား ပဗ္ဗာဇနီယကံ ပြုအပ်သည်။

၄။ **ပဋိသာရဏီယကံ။** ။မိမိ အပြစ်ကို ရှေးရှု အောက်မေ့ကြောင်း ကံကိုဆိုသည်၊ဂိဟိ အလာဘ-စသည်ပြုသောရဟန်းအား ပဋိသာရဏီယကံ ပြုအပ်သည်။

၅။ **အာပတ္တိ အဒဿန ဥက္ခေပနီယကံ။** ။အာပတ်ကို မမြင်၍ နှင်ထုတ်အပ်ကြောင်း ကံကိုဆိုသည်။

၆။ **အာပတ္တိ အပဋိကမ္မ ဥက္ခေပ နီယကံ။** ။အာပတ်ကို မကုစား၍။ ပ။ သည်။

၇။ **ပါပိကာဒိဋ္ဌိ အပဋိနိဿဂ္ဂ ဥက္ခေပ နီယကံ။** ။ယုတ်မာသော အယူကို မစွန့်၍။ ပ။ သည်။ (သာကေကို–စူဠဝါပါဠိ-ကမ္မက္ခန္ဓက၊ ၎င်းအဋ္ဌကထာတို့၌ယူ)

မှတ်ချက်။ ။ဝိနည်းပါဠိတော်၌ "ပကာသနီယကံ" ဟူ၍ ရှိသေးသည်၊ ၎င်းကံကတော့– "ဒေဝဒတ် ရဟန်းအား" ပြုအပ်သောကံ ဖြစ်သည်။ဒေဝဒတ်ပြုအပ်သောအမှုသည် ဘုရားနှင့်၎င်း၊ တရားနှင့်၎င်း၊သံဃာနှင့်၎င်းမဆိုင်တော့၊ ဘုရား,တရား,သံဃာနှင့် လုံးဝ မပတ်သက်တော့-ဟု ကြို့တင် ကာကွယ်သောအားဖြင့် ပြုရသော ကံကို "ပကာသနီယကံ" ဟု ဆိုသည်။ အကျယ်ကို ဝိနည်း ပါဠိတော်၌ ယူကြပါလေ။

“အဆုံးအဖြတ်စာတမ်း” ရေးနည်းပုံစံ

......................................မြို့

......................................ကျောင်းတိုက်

ဝိနိစ္ဆယဌာန

ဝိနိစ္ဆယ ချမှတ်ချက်

အမှုတွဲအမှတ်(   )

၁၃၂၉-ခု၊ နတ်တော်လဆုတ်(   )ရက်။

၁၉၆၇-ခု၊ ဒီဇင်ဘာလ   (   )ရက်။

၁။ စောဒက ....

၂။ စုဒိတက ....

၃။ အမှုအမည် (အာပတ္တာဓိကရုဏ်းမှု)

ဤအမှုကို စောဒက - စုဒိတက ၂-ဦး သဘောတူချက် အရ-သံဃာက လက်ခံ၍၊ ဝိနည်းဓိုရ်များအား လွှဲအပ်သည်။

ဝိနည်းဓိုရ်တို့သည်....

(က) နစ အာမိသံ နိဿာယ၊ နစ နိဿာယ ပုဂ္ဂလံ။
ဥဘော ဧတေ ဝိဝဇ္ဇေတွာ၊ ယထာဓမ္မော တထာကရော။
(ပရိဝါပါဠိ-၂၄၀)

(ခ) ပါဠိံ အဋ္ဌကထဉ္စေဝ၊ သာဓိပ္ပါယ မသေသတော။
ဩဂယှ အပ္ပမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော။
(ပါရာဇိကဏ်အဋ္ဌကထာ-ပ-၃၃၃)

(ဂ) ပရော ပဋိပုစ္ဆိတွာ ယထာ ပဋိညာယ ကာရေတဗ္ဗော။
(ပရိဝါပါဠိ-၂၄၂)

ဤ ဝိနည်းဥပဒေများကို အသင့်အားဖြင့် နှလုံးသွင်းကြကုန်ပြီးလျှင်၊ လာဘ်လာဘနှင့် ပုဂ္ဂိုလ်ကို ငဲ့ကွက်ခြင်း ကင်းစင်ကြကုန်သည်ဖြစ်၍၊ ပါဠိတော်-အဋ္ဌကထာကို အကြွင်းအကျန်မရှိစေသောအားဖြင့် သက်ဝင်ကြလျက် တိမ်းစောင်း မှောက်မှားခြင်း မဖြစ်စေရအောင် သတိဆောင်ကာ ကောင်းမွန်စွာ ဆုံးဖြတ်ချက် ချတော်မူကြသည်။

စီစစ် ဝေဘန် ဆုံးဖြတ်ပုံ

....

....

ဝိနည်းဓိုရ် ဆရာတော်များ

၁။ ....

၂။ ....

၃။ ....

ပုံ ....

တာဝန်ခံဆရာတော်
ဝိနိစ္ဆယဌာန

....ကျောင်းတိုက်

....မြို့

မှတ်ချက်။ ။အဆုံးအဖြတ်စာတမ်းကို တာဝန်ခံ ဆရာတော်က၊ သို့မဟုတ် ဝိနည်းဓိုရ်က သမ္မုခါ ဖြစ်စေခြင်းအကျိုးငှါ ဖတ်ကြားရပေမည်။

ဆုံးဖြတ်ချက်ချနည်းအခန်းပြီး၏။

(၂) ကမ္မဝါစာဘတ်နည်းအခဏ်း

ရူပသိဒ္ဓိလာ ဌာန်-ကရိုဏ်း-ပယတ်

၁။ လည်ချောင်းအရပ်၌ ဖြစ်သောအက္ခရာ။ ။အ-အာ-က-ခ-ဂ-ဃ-င-ဟ။(ခေါ-ဂေါ-ဃော စသည်ဖြင့် လည်ချောင်းသံပါအောင် ခပ်အုပ်အုပ်ဘတ်။)

၂။ အာစောက်အရပ်။ ။ဣ-ဤ-စ-ဆ-ဇ-ဈ-ဉ-ယ။ (စ-ဆ-ဇ-ဈ-ဉ၊ ၎င်း ၅-လုံးကို ကမ္ဘာ့အသံထွက်အားဖြင့် "ကျ-ချ-ဂျ-ဃျ-ဉ" ဘတ်ကြ၏၊ မြန်မာ့အသံထွက်အတိုင်း "စ-ဆ-ဇ-ဈ-ဉ" ဟု ဘတ်သော်လည်း ဌာန်-ကရိုဏ်း ပြောင်းသွားမှုမရှိ၍ သင့်မြတ်သည်ဟု မိန့်တော်မူကြ၏။ ။ကျေးဇူးရှင် ညောင်လွန့်တောရ-ဆရာတော်၊ ညောင်လွန့်တောရ-ဒုတိယ ဆရာတော်-၂)

၃။ အာထိပ်အရပ်။ ။ဋ-ဌ-ဍ-ဎ-ဏ-ရ-ဠ။ (၎င်း ၇-လုံးကို ဘတ်လျှင် လျှာကို အထက်အာထိပ်ဆီသို့ ခေါက်လိပ်ထိ၍ "ဋ-ဌ-ဏ-ဠ" စသည်ဖြင့် ဘတ်ပါ၊ လျှာကို ပကတိအတိုင်း တန်းတန်းထား၍ မဘတ်နှင့်၊ သတိပြု။)

၄။ သွားအရပ်။ ။တ-ထ-ဒ-ဓ-န-လ-သ။ (၎င်း ၇-လုံးကို လျှာတန်းတန်းထား၍ ပကတိအတိုင်းဘတ်။)

၅။ နှုတ်ခမ်းအရပ်။ ။ဥ-ဦ-ပ-ဖ-ဗ-ဘ-မ။

၆။ လည်ချောင်း-အာစောက်အရပ်။ ။ဧ။

၇။ လည်ချောင်း-နှုတ်ခမ်းအရပ်။ ။ဩ။

၈။ သွား-နှုတ်ခမ်းအရပ်။ ။ဝ။

၉။ နှာခေါင်းအရပ်။ ။အံ-အင်-အဉ်-အဏ်-အိန်-အမ်-အင်္ဂ-အဉ္ဇ-ပုဏ္ဏ-ဒိန္န-ဓမ္မ။(င်-ဉ်-ဏ်-န်-မ် တို့သည် "ဗျဉ္ဇနံ စဒ္ဓမတ္တကံ"

(သက္ကဋ-သရသ္ဒတဗျာကရဏ်း) ဟူသောစကားအရ မတြာဝက် ရှိကြသောကြောင့် မတြာဝက်ရှိသော မိမိတို့၏ဌာန်၌လည်း ဖြစ် သေးသည်ဟု သိရသည်၊ သို့သော် ဖြစ်ပုံမထင်ရှားသောကြောင့် နာသိကဌာန်၌သာ ဖြစ်သည်ဟုဆိုကြသည်။) (အင်-ဒဉ်ဟူသော င-ဉ ဝဂ္ဂန္တတို့၌ ကမ္ဘာ့အသံထွက်အားဖြင့်"အံ"ဟုသာ ထွက်ကြ သည်။ မင်္ဂလ၌-မံဂလ၊ ဂါမဥ္စ၌-ဂါမံစ ဟု အသံထွက်၍ ရွတ် ကြသည်။)

၁၀။ ရင်ချိုင့်အရပ်။ ။ဌ-ဍှ-ဏှ-နှ-မှ-ယှ-ရှ-လှ-ဝှ-ဠှ။ (ဤ၌ ထူးသောဌာန်ကိုသာရည်၍ ဥရဌာန်ဟု ဆိုသည်၊ အမှန်မှာ ၎င်း အက္ခရာတို့သည် မိမိတို့၏ဌာန်၌လည်း ဖြစ်သေးသည်ဟု ယူဆသင့် သည်။ ။ကျေးဇူးရှင်။ ။ဌ-ရှ အက္ခရာများ သာသနာတော် ကျမ်း၌ မရှိဟုဆို၏။ ။သဒ္ဒနီတိသုတ္တမာလာ။) ဤကား ဌာန် ၇-ပါးအရ ပြချက်တည်း။

၁။ လျှာလယ်ဖြင့်ဘတ်ရသောအက္ခရာ။ ။ဣ-ဤ-စ-ဆ-ဇ-ဈ-ဉ-ယ။

၂။ လျှာဖျား၏ အနီးဖြင့်ဘတ်။ ။ဋ-ဌ-ဍ-ဎ-ဏ-ရ-ဠ။ (လျှာကိုလိပ်၍ အာထိပ်သို့ ထိုးဘတ်ပါ) (ဋိစ်-ဏာ-ဏံ-ဌ စသည် ဖြင့် လျှာကိုအာထိပ်သို့လိပ်၍ ထိုးလိုက်ရသည်။)

၃။ လျှာဖျားဖြင့်ဘတ်။ ။တ-ထ-ဒ-ဓ-န-လ-သ။

၄။ လည်ချောင်းဖြင့်ဘတ်။ ။အ-အာ-က-ခ-ဂ-ဃ-င-ဟ။ (ကရိုဏ်းသီးခြားမရှိ၊ ဌာန်သည်ပင်လျှင် ကရိုဏ်းဖြစ်သည်။)

၅။ နှုတ်ခမ်းဖြင့်ဘတ်။ ။ဉ-ဦ-ပ-ဖ-ဗ-ဘ-မ။

၆။ လည်ချောင်း-အာစေက်ဖြင့်ဘတ်။ ။ဧ။

၇။ လည်ချောင်း-နှုတ်ခမ်းဖြင့်ဘတ်။ ။ဩ။

၈။ သွား-နှုတ်ခမ်းဖြင့်ဖတ်။ ။ဝ။

၉။ နှာခေါင်းဖြင့်ဘတ်။ ။(ႋ) ဤနိဂ္ဂဟိတ် (သေးသေးတင်) (င်-ဉ်-ဏ်-န်-မ်) ဤသရကင်းသော ဝဂ္ဂန္တ ၅-လုံး၊ (ဂ်-ဥ္ဆ-ဏ္ဍ-န္ဒ-မ္ဘ) ဤအထက်က သံယုတ်ဖြစ်သော ဝဂ္ဂန္တ ၅-လုံး။ ဥပမာ- "သံ-အင်-အဉ်-ပုဏ်-ဒိန်-ဓမ်-မဂ်-မဥ္ဆ-ပုဏ္ဍာ-ဒိန္န-ဓမ္မ" တို့ဖြစ်သည်။

၁၀။ ရင်ချိုင့်ဖြင့်ဘတ်။ ။ဌ-ဍ-ဏှ-နှ မှ ယှ-ရှ-လှ-ဝှ-ဠှ။ (ဤဌ ရင်ချိုင့်ဟူသည် ထူးရာကိုသာ ဆိုခြင်းဖြစ်သည်၊ အမှန်မှာ-ရင်း အက္ခရာ ၁၀-လုံးတို့၏ ပင်ရင်းဌာန်နှင့် ပင်ရင်းကရိုဏ်းများလည်း ပါဝင်သေးသည်ဟု မိန့်တော်မူ၏။ ။ကျေးဇူးရှင်။)

ဤကား ကရိုဏ်း ၄-ပါးအရ ပြဆိုချက်တည်း။

ဌာန်-ကရိုဏ်း-ပယတ် အပြည့်အစုံ ဘတ်ပုံကို ပြဆိုချက်

၁။ အ။ ။လည်ချောင်းဖြင့် ပိတ်၍ဘတ်။ (အ-ဟု လည်ချောင်းဖြင့် အသံပိတ်ပြီး ဘတ်သည်ကို ဆို၏၊ နှုတ်ခမ်းကို ပိတ်ရမည်ဟု မဆိုလိုပါ။)

၂။ အာ။ ။လည်ချောင်းဖြင့် ဖွင့်၍ဘတ်။ (အ-ကဲ့သို့ အသံမပိတ်ဘဲ အသံပွင့်လာသည်ကိုပင် ဖွင့်၍ဘတ်သည်ဟု ဆိုလိုသည်။)

၃။ ဣ-ဤ။ ။လျှာလယ်ဖြင့် အာစောက်အရပ်ကို ဖွင့်၍ဘတ်။ (ကရိုဏ်းသီးခြားရှိသော အက္ခရာများဖြစ်သည်။)

၄။ ဥ-ဦ။ ။နှုတ်ခမ်းကရိုဏ်းဖြင့် ဖွင့်၍ဘတ်။

၅။ ဧ ။ ။လည်ချောင်း-အာစောက်ဖြင့် ဖွင့်၍ဘတ်။

၆။ ဩ ။ ။လည်ချောင်း-နှုတ်ခမ်းဖြင့် ဖွင့်၍ဘတ်။

၇။ သ ။ ။လျှာဖျားဖြင့် သွားအရပ်ကို ဖွင့်၍ဘတ်။

၈။ ဟ ။ ။လည်ချောင်းကရိုဏ်းဖြင့် ဖွင့်၍ဘတ်။

၉။ က-ခ-ဂ-ဃ-င။ ။လည်ချောင်းကရိုဏ်းဖြင့်အားကြီးစွာ ထိ၍ဘတ်။

၁၀။ စ-ဆ-ဇ-ဈ-ဉ။ ။လျှာလယ် ကရိုဏ်းဖြင့် အာစောက် အရပ်ကို အားကြီးစွာ ထိ၍ဘတ်။

၁၁။ ဋ-ဌ-ဍ-ဎ-ဏ။ ။လျှာဖျား၏အနီးဖြင့် လျှာကို အထက် သို့ ခေါက်လိပ်၍ အာထိပ်အရပ်ကိုထိုးပြီး အားကြီးစွာထိ၍ဘတ်။

၁၂။ တ-ထ-ဒ-ဓ-န။ ။လျှာဖျားကရိုဏ်းဖြင့် လျှာကို တန်း တန်းထား၍ လျှာဖျားနှင့် အထက်သွားခြေအရပ်ကို အားကြီးစွာ ထိ၍ဘတ်။

၁၃။ ပ-ဖ-ဗ-ဘ-မ။ ။နှုတ်ခမ်း ကရိုဏ်းဖြင့် အားကြီးစွာ ထိ၍ဘတ်။

၁၄။ ယ။ ။လျှာလယ်ဖြင့် အာစောက်အရပ်ကို အနည်းငယ် ထိ၍ဘတ်။

၁၅။ ရ။ ။လျှာဖျား၏အနီးကရိုဏ်းဖြင့် လျှာကို အထက်သို့ လိပ်၍ အာထိပ်အရပ်ကိုထိုးပြီး အနည်းငယ်ထိ၍ဘတ်။

၁၆။ လ။ ။လျှာဖျား ကရိုဏ်းဖြင့် လျှာဖျားနှင့် အထက် သွားခြေအရပ်ကို အနည်းငယ်ထိ၍ဘတ်။

၁၇။ ဝ။ ။သွား-နှုတ်ခမ်းကရိုဏ်းဖြင့် အနည်းငယ်ထိ၍ဘတ်။

၁၈။ ဠ။ ။လျှာဖျား၏အနီးကရိုဏ်းဖြင့် လျှာကို အထက်သို့ လိပ်၍ အာထိပ်အရပ်ကိုထိုးပြီး အနည်းငယ်ထိ၍ဘတ်။ (ရှုပသိဒ္ဓိ၌ ဠ-ကြီးကို တိုက်ရိုက် မဆိုသော်လည်း လ-လေးဖြင့် ဠ-ကြီးကိုပါ ယူဟန်တူသည်။)

၁၉။ သံ-မင်-မဉ်-ပုဏ်-ဘန်-ဓမ်-မင်္ဂ-မဉ္ဇ-ပုဏ္ဏ-ဘန္တေ-ဓမ္မ။ ။ နှာခေါင်းကရိုဏ်းဖြင့် အနည်းငယ် ထိ၍ဘတ်။ (၎င်း အက္ခရာ

သဲ့တမျိုးကို ကျမ်းဂန်တို့၌ မည်သည့် ပယတ်ဟူ၍ အဆိုမရှိသော်လည်း ရှိတ်ဘတ်ရာ၌ ဝဂ်အက္ခရာကဲ့သို့ ထိခိုက်သောသဘောမရှိသောကြောင့် ဤသံဖုဋ္ဌထဲ သွင်း၍ ယူသင့်သည်ဟု မိန့်၏။ ။ ကျေးဇူးရှင်။)

၂၀။ ဍ။ ။လျှာလယ် ကရိုဏ်းဖြင့် ရင်ချိုင့် အရပ်နှင့် တကွ အာစောက်အရပ်ကို အားကြီးစွာ ထိ၍ဘတ်။

၂၁။ ဏ။ ။လျှာဖျား၏အနီးကရိုဏ်းဖြင့် ရင်ချိုင့်အရပ်နှင့် တကွ လျှာကိုအထက်သို့လိပ်၍ အာထိပ်အရပ်ကိုထိုးပြီး အားကြီးစွာ ထိ၍ဘတ်။

၂၂။ န။ ။လျှာဖျား ကရိုဏ်းဖြင့် ရင်ချိုင့် အရပ်နှင့် တကွ လျှာဖျားနှင့် အထက်သွားခြေအရပ်ကို အားကြီးစွာ ထိ၍ဘတ်။

၂၃။ မ။ ။ရင်ချိုင့်အရပ်နှင့်တကွ နှုတ်ခမ်းဖြင့် အားကြီးစွာ ထိ၍ဘတ်။

၂၄။ ယ။ ။လျှာလယ် ကရိုဏ်းဖြင့် ရင်ချိုင့်အရပ်နှင့်တကွ အာစောက်အရပ်ကို အနည်းငယ် ထိ၍ဘတ်။

၂၅။ လ။ ။လျှာဖျားဖြင့် ရင်ချိုင့်အရပ်နှင့်တကွ အထက်သွားခြေအရပ်ကို အနည်းငယ် ထိ၍ဘတ်။

၂၆။ ဝ။ ။ရင်ချိုင့်အရပ်နှင့်တကွ သွား-နှုတ်ခမ်းကရိုဏ်းဖြင့် အနည်းငယ် ထိ၍ဘတ်။

၂၇။ ဠ။ ။လျှာဖျား၏ အနီးကရိုဏ်းဖြင့် ရင်ချိုင့်အရပ်နှင့် တကွ လျှာကို အထက်သို့လိပ်၍ အာထိပ်အရပ်ကိုထိုးပြီး အနည်းငယ် ထိ၍ဘတ်။

မှတ်ချက်။ ။ငင်းအက္ခရာ(၈)လုံးကို ကျမ်းဂန်တို့၌ခွဲခြား၍ မဆိုသော်လည်း ကျေးဇူးရှင်မိန့်ချက်အတိုင်း ပြဆိုလိုက်ပါသည်။

ဤကား ဌာန်-ကရိုဏ်း-ပယတ် အပြည့်အစုံဘတ်ပုံဘည်း။

ဌာန်-ကရိုဏ်း-ပယတ် အပြည့်အစုံဘတ်အပ်ကြောင်း သာဓက မှာ....

ဗျဉ္ဇနာဒီနံ ဌာန ကရဏာ သမ္ဗန္ဓံ အာဟာပေတွာနေဝ
အာဝဇ္ဇယေနပိ အဇ္ဈေဝ သိကေနပိ ဝဏ္ဏဗ္ဗဂ္ဂါနိ။
(မဟာဝါ၊ အဋ္ဌကထာ-မဟာခန္ဓက)

နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟိတွာ။ (ပရိဝါ၊
အဋ္ဌကထာ-ကမ္မဝဂ္ဂ)

ဌာန ကရဏာနိ သိထိလာနိ ကတွာ ဥစ္စာရေတဗ္ဗံ
အက္ခရံ သိထိလံ။ (ပရိဝါ-ဝေဒသက္ကဏ္ဍဋီကာ)

တေရသကဏ္ဍဋီကာ စကားအရ — ကမ္မဝါစာ အက္ခရာသည်လည်း ဌာန်-ကရိုဏ်း-ပယတ် ပြည့်စုံရကြောင်းသိရပေသည်ဟု မိန့်၏။ ။ (ကျေးဇူးရှင်ဆရာတော်၊ သဒ္ဒါဝိလွှန်ဒီပ-ဆရာတော်၊ မိုးနံ့ကုန်း ဆရာတော်၊ ရွှေရေးဆောင်-စံကျောင်း-ဇလင်းဆရာတော်-၆)

ဌာန်-ကရိုဏ်း-ပယတ် ပြီး၏။

ပရိဝါအဋ္ဌကထာ ကမ္မဝဂ်လာ
ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး

၁။ (ဝဂ်၏ ပ-တ၊ ပဉ္စမ၊ အ-ဝဂ်,သဘ-သိထိလာ)က-ဂ-င၊ စ-ဇ-ဉ၊ ဋ-ဍ-ဏ၊ တ-ဒ-န၊ ပ-ဗ-မ၊ ယ-ရ-လ-ဝ-သ-ဟ-ဠ-အံ၊ အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-ဩ။ ။သိထိလ-လျော့လျော့ဘတ်။ ။ (ဂေါ-ဂဃ-ဒသတို့၌ လျော့လျော့ဘတ်ပါ။)

မှတ်ချက်။ ။ဝဂ်၏ ပဉ္စမအက္ခရာ အ-ဝဂ်ရှစ်လုံး သရ-ရှစ်လုံး တို့ကို “ဣဘဝေ သိထိလာ” ဟူသော ရူပသိဒ္ဓိနှင့်အညီ သိထိလထဲ သွင်းရသည်။ ။(ကျေးဇူးရှင် ဆရာတော်၊ ပုခန်း ဆရာတော်-၂)

၂။ (ဝဂ်၏ ဒု-စ၊ပေါင်းဒသ၊ယှူကြမ်နိတာ။) ခ-ဃ၊ ဆ-ဈ၊ ဌ-ဎ၊ ထ-ဓ၊ ဖ-ဘ။ ။ဓနိတ–ဘတ်သူက ဝစီပယောဂဖြင့် ပြုပြင် လှုံ့လပြု၍ ပြင်းပြင်းဘတ်။ ။(ဃော-ခေါ-ဂစ္ဆ-ဋ္ဌော-တ္ထံစသည် တို့၌ ပြင်းပြင်းဘတ်၊ ဒေါ ခပ်ပါပါနှင့် ဘတ်ရမည်၊ သို့ရာတွင်– ကာယိန္ဒြေပျက်အောင် ဦးခေါင်း-ကိုယ်တို့ပါလှုပ်အောင် ဘတ်ရ မည်ကား မဟုတ်ချေ။)

သိထိလနှင့် ဃောသ၊ ဓနိတနှင့် အဃောသတို့ အထူးမှတ်ရန်

သိထိလအက္ခရာသည် ဝစီပယောဂဖြင့် ပြုပြင်၍ လျော့လျော့ ဘတ်ရသည်၊ ပယောဂသိဒ္ဓမျိုး။ ဃောသအက္ခရာသည် သဘာဝ ကိုက ပြင်းပြင်းဟိန်းဟိန်းရှိသည်၊သဘာဝသိဒ္ဓမျိုး။ဓနိတအက္ခရာ သည် ဝစီပယောဂဖြင့်ပြုပြင်၍ ပြင်းပြင်းဘတ်ရသည်၊ ပယောဂ သိဒ္ဓမျိုး။ အဃောသအက္ခရာသည် သဘာဝဖြင့်ပင် မပြင်းမဟိန်း သော အသံရှိသည်၊ သဘာဝသိဒ္ဓမျိုး၊ ဤသို့ ထူးသောကြောင့် သိထိလနှင့် ဃောသ၊ ဓနိတနှင့် အဃောသ အချင်းချင်းမဆန့်ကျင် ဟူ၍မှတ်ရမည်။ ။ဂေါ-ဂဃတို့၌ ပြင်းပြင်းဟိန်းဟိန်းအသံရှိ၏၊ ပြင်းပြင်းမဘတ်ရ၊ ခေါ-ဋ္ဌော-ဂစ္ဆတို့၌ မပြင်းမဟိန်းသော အသံ ရှိ၏၊ ပြင်းပြင်းပြုပြင်၍ ဘတ်ရသည်။။ (ကျေးဇူးရှင် ဆရာတော်၊ ကျွန်းရွာတောရ ဆရာတော်၊ ဝိသုဒ္ဓါရုံ ဆရာတော်-၃)

၃။ အာ-ဤ-ဦ-ဧ-ဩ၊ သာ-သီ-ကူ-မေ-ဂေါ။ ။ဒီဃ– ရှည်ရှည်ဘတ်။

မှတ်ချက်။ ။ဒီဃ အက္ခရာများကို ရှည်ရှည်ဘတ်ရမည် ဟု ဆိုသော်လည်း သုံးမတြာပြည့်အောင် ဘတ်လျှင်,ရွတ်လျှင်၊ မဂဓ

အဆို"ဗြူတာ"၊သက္ကဋအဆို"သြုတ်"ဖြစ်၍၊ဂီတထဲပါဝင်သွားပြီ၊ ဤဩ တမတြာလျှင် လက်ပစ်တတွက်,မျက်စိတမှိတ် ကာလရှိသည်။

သာဓက။ ။ဒူရတော အဝှာနေ ဂီတေ(ပ)ဗြူတာ တိမတ္တိကာ ဝုတ္တာ။ (သဒ္ဒါငယ်-ကာရိကာ)

တိမတ္တောတု သုတော ဧ ယျော။ (သက္ကဋ သရ သွတ ဗျာကရဏ်း)

မတ္တာသဒ္ဒေါ စေတ္ထ အစ္ဆရာ သင်္ဃာတ (ပ) ဝဒတိ။ (ရူပသိဒ္ဓိ)

၄။ အ-ဣ-ဥ၊ က-ထိ-သု။ ။ရဿ-တိုတိုဘတ်။

၅။ အာ-ဤ-ဦ-ဧ-ဩ။ ဒတ္တာ-ဒိသ္သာ-သုတ္တာ-ယဿ-တိဿ၊ ကူဿ။ ဗုဒ္ဓမ်-ရံသိမ်-ဘိက္ခုမ်။ သ္သံ-ရံသိံ-ဘိက္ခုံ။ ။ဂရု-လေးလေးဘတ်။

သာဓက။ ။ဒီဃော၀။ (ကစ္စည်းကျမ်း-ဒီဃသရ အတွက်)

ဒုမှိဂရု။ (ကစ္စည်းကျမ်း-သံယုဂ်အတွက်)

အဿရဗျဥ္ဇနတော ပုဗ္ဗရဿောစ။ (သဒ္ဒနီတိသုတ္တ-မာလာ သရကင်းဗျည်းအတွက်)

နိဂ္ဂဟိတ ပရောစ။ (ဝုတ္တောဒယဆန်းကျမ်း-နိဂ္ဂဟိတ် နှောင်းရာအတွက်)

၆။ အ-ဣ-ဥ၊ နုခမတိ။ ။လဟု-ပေါ့ပေါ့ဘတ်။ ။

သာဓက။ ။လဟုကန္တိရဿမေဝ၊ ယံဝါ အာယသ္မ တော ဗုဒ္ဓရက္ခိတ ထေရဿ၊ ယဿ နခမတိ ဧဝံ အသံ ယောဂပဒံ ကတ္ဘာ ဝုစ္စတိ။ (ပရိဝါအဋ္ဌကထာ-ကမ္မဝဂ်)

၇။ မေတ္တာ-သေယျ-တွေ၊ သောဏ္ဍော-ဩဋ္ဌော-သောတ္တိ။ ရဿကဲ့သို့ဘတ်။

သာခေက။ ။ကွစိ သံယောဂတော ပုဗ္ဗာ ကောရော ကာရာ ရဿာတ္တံဝ ဝုစ္စန္တေ။ (ရူပသိဒ္ဓိ)

သဒ္ဒာကျမ်းတော စသော ပုဒ်များက အာ-အက္ခရာကိုလည်း နောက်က သံယုဂ်ကိုင့်၍ "သဒ္ဒက်ခါတော" ဟု ကျေးဇူးရှင်များ ဘတ်သည်ကို ကြားဘူးသည်။

သေယျ-ဒေယျတို့၌ ရှေးဆရာတော်များ ရဿကဲ့သို့ဘတ်ပုံကို ၇-မျိုးလောက် ကြံဆ၍ ဘတ်တော်မူကြသည်၊ သို့ရာတွင် ယုတ္တိ အရှိဆုံးတမျိုးကို ထုတ်ပြမည်။

သေယျ-ဒေယျကို သင်ယ-ဒင်ယဟုဘတ်၊ အဘယ့်ကြောင့်နည်း ဟူမူ ဣ-ဥ တို့သည် ယ,သံယုတ်-န,သံယုတ် နှောင်းရာ၌ ဒိန္နော-ပုဏ္ဏော၊ ဒိယျတိ-သုယျတိ=ဒိန်-ပုဏ်၊ ဒိန်-သုန်ဟု အသံတူထွက် ကုန်သကဲ့သို့ ဧ-သည်လည်း န,သံယုတ် - ယ,သံယုတ် နှောင်းရာ၌ သေန္တော-သေယျ၊ ဒေန္တော-ဒေယျ=သင်တော-သင်ယ၊ဒင်တော-ဒင်ယဟု အသံတူ ထွက်သင့်သောကြောင့်တည်း။ (ကျေး-ဒု-မိုး၊ မိုင်း-မိုင်းခိုင်ဆရာတော်၊ စံ-စံကျောင်းဆရာတော်၊ ကြီး-ဘုရားကြီး ဆရာတော်၊မန်-မန်လည်ဆရာတော်၊ ကျွန်း-ခန်း-ပုခန်းဆရာတော်၊ ရွှေ-ရွှေရေးဆောင်၊ လင်း-စလင်းဆရာတော်-၁၁။)

ဤသံယုတ်နှောင်းသော ဧ,အက္ခရာ၊ဩ,အက္ခရာတို့ကို မောဂ္ဂ လာန်ဆရာက ရဿထဲသွင်း၍ ယူလိုသည်။ အဘယ့်ကြောင့်နည်း ဟူမူ ၎င်းဆရာက "အ-အာ၊ ဣ-ဤ၊ ဥ-ဦ၊ တော်-ဧ၊ ဩတ်-ဩ" ဟု သရ ၁၀-လုံး ထုတ်ပြ၍၊ သုတိတူ သရ ၂-လုံး၊ ၂-လုံးတို့တွင် ရှေ့သရ-တို့ကို ရဿဟု ဆိုထားသောကြောင့်တည်း။

မိမိအနေအားဖြင့်“ဒုမ္ဘိဂရ”သုဘ်ကို သောက်၍၊ ၎င်းသံယုတ်နေသော ဧ္ပြအက္ခရာတို့ကို ဂရုထဲသွင်းလိုသည်။ ရှဘ်ဘတ်ရာ၌ကား သေယျ-တွေ့တို့၌ သေယ-ထေဟု သ္မ ဧ-ဩပကတိအတိုင်း မဘတ်မူ၍၊ သံယုတ်ကိုငဲ့ပြီး“သင်ယ-ဇေ်တ”ဟူ၍ ရဿကဲ့သို့ ဘတ်ရမည်ဟု ဆိုလိုဟန် တူပေသည်။ ။ဤကား အထူးဗျဥ္ဇနဗုဒ္ဓိတည်း။ သတိပြုပါလေ။ ။

ဂ။ ဒ္ဓံ-ဏံ-သံ-ဿံ။ ။နိဂ္ဂဟိတ်-ခံ တွင်းကို ပိတ်ဆို့၍ နှာခေါင်းသို့ လေသွားစေလျက် နှာခေါင်းသံပါအောင်ဘတ်။ (နိဂ္ဂဟိတ်မိရာ အက္ခရာ၏ ဌာန်ကရိုဏ်းကို နာနာနှိပ်၍ နိဂ္ဂဟိတ်မိရာအက္ခရာ၏ အသံထွက်လာသည်နှင့်တပြိုင်နက် ခံတွင်းပိတ်ဆို့၍ နှာခေါင်းသို့ လေနှင့် အသံသွားစေ၍ နှာခေါင်းသံ ပါလာအောင် ဘတ်ရမည်ဟု ဆိုလိုသည်။ သံဟု ဘတ်ကြည့်ပါ၊ နိဂ္ဂဟိတန္တ ဘတ်ပုံဝါဒ များလွန်းလှ၏။)

ဃ။ ဗုဒ္ဓမ်-သရဏမ်၊ ဓမ္မမ်-သံဃမ်။ ။မကာရန္တ-အထူးပိတ်ဆို့သိမ်းဆည်းခြင်း မရှိမူ၍ ပကတိသော ခံတွင်း ပါးစပ်ဖြင့်ပင် နှာခေါင်းသံပါအောင်ဘတ်။(ဤ၌ကိုယ်ကအထူးပြုပြင်၍ ခံတွင်းကို ပိတ်ဆို့ဘတ်မှသာ မကာရန္တ ဖြစ်သည်။ ဖွင့်ဟ၍ ဘတ်မှသာ မကာရန္တ ဖြစ်သည်ဟု မယူဆလိုပေ။ မကာရန္တ ဘတ်ရာ၌ နိဂ္ဂဟိတန္တမှ အထူးထင်ရှားစေရန်“ မ်”မ-သတ်အဆုံးရှိသော အက္ခရာကို ဘတ်လျှင် ခံတွင်းပါးစပ်ကို မပိတ်ဘဲ အနည်းငယ်မျှ ဖြတ်သကဲ့သို့ ဘတ်ခဲ့သော် သင့်လျော်ပေ၏။ သို့သော် ....ဗုဒ္ဓမ်....သရဏမ်...ဟု ကြာရှည်စွာဖြတ်၍ လူရှုတ်တွေ ဘတ်နေ့ရှုတ်နေသကဲ့သို့ကား မပြုအပ်ချေ။ သတိပြုမိပါစေ။) (အမှန်ကတော့“အ(မ်)အေ”ဟူသော စကားလုံးကို ဘတ်သကဲ့သို့ ဘတ်ရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။) ဤလည်း အထူးဗျဥ္ဇနဗုဒ္ဓိပေတည်း။ ။

မှတ်ချက်။ ။ကမ္မဝါစာအရာ၌ မကာရန္တကိုမဆိုသော်လည်း သရဏဂုံအရာက မကာရန္တနည်းကိုယူ၍၊ ကမ္မဝါစာအရာ၌ မကာရန္တပင် ဖြစ်သွားသော်လည်း အပ်သည်သာ။

သာဓက။ ။အနုနာသိကန္တေ ဒိယျမာနေ ခလိတ္ထာ
ဗုဒ္ဓမ်-သရဏမ် ဂစ္ဆာမိတိ(ပ)ဝေံကမ္မဝါစာယမ္ပိတိ ဝုတ္တံ။
(ဝဇိရဗုဒ္ဓိဋီကာ)

ကျေးဇူးရှင်လည်း ဤအတိုင်းမိန့်၏။(ဤ၌မကာရန္တပေးနည်းမှာ မြန်မာတို့ အသံထွက်အနေဖြင့် အမှန်ကျအောင် အသံထွက်မှုခဲယဉ်းလှတော့၏။ သို့ဖြစ်၍ အသံထွက် အမှန် မကျနိုင်သော မကာရန္တပေးနည်းကို အသုံးမပြုခြင်းက သာ၍ ကောင်းလိမ့်မည် ထင်ပါသည်။ သို့အတွက် ရှင်ပြုပေးရာ၌ နိဂ္ဂဟိတန္တချည်း ၃-ကြိမ်ထပ်၍ ပေးတာက ကောင်းပါလိမ့်မည်။ သတိပြုမိပါစေ။)

၁၀။ တုဏှဲ။ ။သမ္ဗန္ဓ-သန္ဓိစပ်၍ ဘတ်။

၁၁။ ပရိပုဏ္ဏံ-ဣမေသံ။ ။ဝဝတ္ထိတ ပုဒ်ဖြတ်၍ ဘတ်။

၁၂။ ဏာ-အာ-ဘာ။ ။ဝိမုတ္တ-ဌာန်ကရိုဏ်းကို အထူးမနှိပ်ဘဲ ခံတွင်းကို ဖွင့်ဟ၍ဘတ်။(အဋ္ဌကထာနှင့် သဒ္ဒနီတိမှာ အာကာရန္တတမျိုးသာ ပြဆိုသည်။)

ကံပျက်–မပျက်

သိထိလကို - ဓနိတ၊ ဓနိတကို - သိထိလ ပြု၍ ဘတ်သော်ငင်း၊ နိဂ္ဂဟိတကို-ဝိမုတ္တ၊ ဝိမုတ္တကို-နိဂ္ဂဟိတပြု၍ ဘတ်သော်ငင်း ကံပျက်သည်။ အထူးသတိပြု။

ဒီဃ-ရဿ-ဂရု-လဟု-သမ္ဗန္ဓ-ဝဝတ္ထိတ၊ ဤ ၆-မျိုးကို ပြန်လှန်၍ ဘတ်မိစေကာမူ ကံမပျက်နိုင်။ သို့သော် ဒီဃနေရာ-ဒီဃ၊ ရဿနေရာ - ရဿ စသည်ဖြင့်သာ ဘတ်သင့်လေသည်။ (သာဓကကို ပရိဝါ အဋ္ဌကထာ-ကမ္မဝဂ်၌ ယူ။) **ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး ပြီး၏။**

ဝိသဇ္ဇနီသံ မဘတ်ရ

သကာယ နိရုတ္တိယာတိတွေ့ သကာနိရုတ္တိနာမ သမ္မာ
သမ္ဗုဒ္ဓေန ဝုတ္တပ္ပကာရော မာဂဓိကော ဝေါဟာရော။
(စူဠဝါအဋ္ဌကထာ ခုဒ္ဒကဝတ္ထုက္ခန္ဓက အဖွင့်-၄၁၆)

ဤ အဋ္ဌကထာ စကားအရ ဖြစ်သော မာဂဓီ ပါဠိဘာသာ၌ ဝိသဇ္ဇနီမရှိသောကြောင့် ဝိသဇ္ဇနီသံ မဘတ်အပ်ဟု မိန့်တော်မူကြသည်။ (ကျေး-ကျွန်း-ခန်း၊ ဒု-လယ်-လယ်တီဆရာတော်-၅)

တံ့ ဘေး ဂိုဏ်း အုပ် ဆရာ တော် ကား ဝိသဇ္ဇနီ သံ ဘတ်လျှင် ကံပျက်ကြောင်း(ပရိတ်ကြီး နိဿယ၌)မိန့်ဆိုသည်။

ဧတေဟိ - အယံ - ဣဒံ - အယဉ္စ - ကောဏ္ဍည-ယာစန္တိ စသော ေ-အက္ခရာများ, နိဂ္ဂဟိတ်ဆုံးသော နေရာများ, ဝဂ္ဂန္တအက္ခရာဆုံးသော နေရာများ၌ အေးတေဟိ,အယမ်း-ဣဒမ်း-အယဉ်းစ စသည်ဖြင့် ဝိသဇ္ဇနီသံမပါအောင် အထူးသတိပြု၍ဘတ်ရမည်။(ကျေးဇူးရှင်)

* ပညာရှိတံခွန်ထူ ပုဂ္ဂိုလ်ကြီးများထံ တပည့်ဝတ်ငါးပါးနှင့် ပြည့်စုံစွာ မနေရဘူးသော ပုဂ္ဂိုလ်တို့သည် များ သော အား ဖြင့် ပေါ့လျော့သည်များ၏။ သိမ်သမုတ်ပွဲ, ရဟန်းခံပွဲ စသည်တို့၌ ဝိသဇ္ဇနီသံစျေးကောင်းသည်ကို သိရသည်များ၏။ ဝိသဇ္ဇနီသံဘတ်လျှင် ကံပျက်၏ဟု ရှေးဆရာတော်ကြီးများ အယူရှိကြောင်း သိအပ်၏ဟု မိန့်၏။ (ကျွန်းရွာဆရာတော်)

အထပ်ထပ်ပြင်၍ ဘတ်နည်း

အက္ခရပရိဟီန စသည်ဖြစ်လျှင်" တဿ သောမနတ္တံ ပုနပ္ပုန္နံ ဝတ္တုံဝဋ္ဋတိ" ဟု ဆိုသည့် အတိုင်း ဖြစ်သောပုဒ်ကို ပြန်၍ ဘတ်။
(ရွှေ-မိုင်း-စံ-ဘျီ-၄)

သို့သော် ဘယ်နေရာဖြစ်သည်ဟု မသိလျှင် ဉာတ်၌သံသယရှိမူ ဉာတ်ကိုအရင်းက ပြန်၍ဘတ်၊ ကမ္မဝါစာ၌လည်း နည်းတူပင်။

(ကျေး-၃-မိုး-၃)

ထိုသို့ အက္ခရပရိဟီန စသည်မဟုတ်ဘဲ ပုဒ်တခု တခုကို နည်းအမျိုးမျိုး ပြလို၍ ဘတ်လျှင်ကား၊ နည်း တမျိုးတမျိုးကို ဉာတ်၊ ကမ္မဝါစာ တခေါက်၊တခေါက်ပေါက်အောင် ဘတ်ပြီးမှ ပြန်၍ ဘတ်ရမည်။ ဤသို့ဘတ်လျှင် ဘတ်သမျှအကုန်တည်လေသည်ဟု မိန့်၏။ (ကျေး-၃-မိုး-၃)

ဉာတ်-ကမ္မဝါစာ ဘတ်ဆဲတားမြစ်လျှင် ဘတ်ဆဲဉာတ်-ကမ္မဝါစာ ပျက်ပုံ

ဉာတ်-ကမ္မဝါစာ တို့ကိုဘတ်၍ ကံပြုဆဲအခါ ပရိသတ်ထဲတွင် ပါဝင်သော ရဟန်းတပါးပါးက ထိုကံကိုတားမြစ်လျှင် ပဋိက္ကောသနဖြစ်၍ ကံပျက်ကြောင်း — မဟာဝါ-စမ္မေယျက္ခန္ဓက၊ စူဠဝါ သမထက္ခန္ဓက တို့၌လာသည်။

ဤ၌-ဤကံကို မပြုလင့်၊ ဤကံကို သဘောမတူ၊ ကမ္မဝါစာ ဘတ်ပုံကိုသဘောမကျ၊ ဤသို့စသည်ဖြင့် တားမြစ်-ပြစ်တင်စကား ပြောကြားခဲ့လျှင်၊ အများကြားအောင်မပြောဘဲ အနီးရှိ အချင်းချင်း တိုးတိုးစကား ပြောကြားစေကာမူ ကောင်းသောစိတ်ဖြင့် ပြောသည် ဖြစ်စေ၊ မကောင်းသောစိတ်ဖြင့် ပြောသည် ဖြစ်စေ ကံပျက်သည်သာ၊ ၂-ပါး, ၃-ပါး တွဲ၍ ဘတ်ရာ၌ တပါးပါးက နောက်ကျနေ၍ဖြစ်စေ၊စာပျောက်နေ၍ဖြစ်စေ ရပ်ပါဦး,နေပါဦး စသည်ဖြင့် ပြောသည်များပင် ပဋိက္ကောသနဖြစ်၍ ကံပျက်သည်သာ၊ တားမြစ်သူနှင့် အကျိုးအကြောင်း ပြောဆိုပြီးမှ ဉာတ်-ကမ္မဝါစာ အစကပြန်၍ ဘတ်ရမည်ဟု မိန့်၏။

(ကျွန်း-ကျီ-ဂန္ဓဝန် ဆရာစုတော်-စံ-၃)

ထိုအပြင် ပုဒ်တခု-တခုကို နည်းအမျိုးမျိုးပြလို၍ ပုဒ်တခုထဲ နည်း အမျိုးမျိုး ဘတ်ရာ၌လည်း ရှေးရှေးနည်းကို တားမြစ်ခြင်း ပြုရာရောက်သောကြောင့် မောရုံသာရှိသည်၊ ဘာမျှမထူး၊ နောက်ဆုံးနည်း တမျိုးသာ တည်သည်၊ အကယ်၍ နောက်ဆုံးနည်းက မမှန်ခဲ့လျှင် ကံပင်ပျက်တတ်သေးသည်ဟု မိန့်၏။ (ကျေး-ဒု-မိုး-၃)

ကမ္မဝါစာဆရာ ၂-ပါး၊ ၃-ပါး တွဲပုံ

ဗျတ္တေန ဘိက္ခုနာ-စသော ပါဠိတော်ဖြင့် တပါးထဲ ပုဂ္ဂိုလ် ဘတ်ကို ခွင့်ပြုတော်မူသဖြင့်၊ ၎င်း ပါဠိတော်ကိုပင်မှီး၍ ၂-ပါး, ၃-ပါး ဂိုဏ်းဘတ်လည်း သင့်မြတ်သည်သာ၊ ၂-ပါး, ၃-ပါး တွဲဘတ်မှ ဒဠှီကမ္မပင် ဖြစ်သေးသည်၊ သို့ရာတွင် ဘတ်ခါနီးတွင် တညီဘညွတ်ထည်းဖြစ်အောင်နှစ်သက်သောနည်းအတိုင်းတိုင်ပင် ဘတ်ရမည်၊ တွဲရာ၌ ၄-ပါး, ၅-ပါး စသည် မတွဲအပ်၊ အဘယ့်ကြောင့်နည်းဟူမူ ၄-ပါး,၅-ပါး စသည်တွဲလျှင် သံဃာသည်ပင် အာဏာပက၊ သံဃာသည်ပင် အာဏတ္တ ဖြစ်နေသောကြောင့် တည်း။မှန်၏-ဒာဏာပကဖြစ်သော ကမ္မဝါစာဆရာသည် သံဃာ မဖြစ်သင့်၊ ဂိုဏ်းပုဂ္ဂိုလ်သာ ဖြစ်သင့်သည်၊ ထို့ကြောင့် ၄-ပါး, ၅-ပါးစသည် မတွဲအပ်ဟု မိန့်၏။ (ကျေး-ဒု-မိုး-လင်း-၃)

အန္တရာယ်ကင်း ကမ္မဝါစာ ဘတ်ရာ၌ကား.... ကံဆောင်တာ မဟုတ်၊ အန္တရာယ် ကင်းအောင်သာ ဘတ်သောကြောင့် သံဃာ ကုန်ပင် ဘတ်လည်းအပ်သည်သာ။ (ကျေး)

ရဟန်းလောင်းစသည်ကို ဒွန်တွဲပုံ

နိဂ္ဂဟကံမျိုး၌သာ ၃-ပါးက ပိုလွန်မတွဲရ၊ ရဟန်းခံမှု စသော ပဂ္ဂဟကံမျိုး၌ကား ဝတ္ထုအများလည်း ရစကောင်းသောကြောင့်

၃-ပါးကအထက် ပိုလွန်၍ တွဲအပ်သော်လည်း ဆရာအစဉ်အဆက်ပြုလုပ်ရိုးထုံးစံ မရှိသောကြောင့်၊ ၃-ပါးကပိုလွန်၍ ဒွန် မတွဲရဟုမိန့်တော်မူ၏။ (ကျေး-ကျွန်း-လင်း-ဝဇီရဗုဒ္ဓိ) အကျယ်ဝိနိစ္ဆယကို ဤစာရေးသူ၏"ကမ္မဝါစာ ဘတ်ပုံဘတ်နည်းကျမ်း"၌ ယူပါ။

ဥပသမ္ပဒ-သီမသမ္မုတိ-သီမသမ္မုတိ

ကထိန ကမ္မဝါစာများ

၁။ ။ဥပသမ္ပဒ။ ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာ ယိကေဟိ ဓမ္မေဟိ၊ပရိပုဏ္ဏဿ ပတ္တစီဝရံ၊နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော၊ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ . ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။

ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ.မေတံ ဓာရယာမိ။ (ဥပသမ္ပဒဉာတ္တိစတုတ္ထကမ္မဝါစာ ရဟန်းခံရန်-မဟာဝါမဟာခန္ဓက)

၂။ ။သိမ်နှုတ် ကမ္မဝါစာ ၂-မျိုး။ ။သုဏာတု ပေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနေယျ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမုဟနတိ။ ယဿာယသ္မတော ခမတိ ဧတဿ တိစီဝရေန အဝိပ္ပဝါသဿ သမုဂ္ဃာတော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမုဟတော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။
(ဤကား အဝိပ္ပဝါသ သိမ်အတွက်တည်း။)

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မန္နတာ သမာနသံဝါသာ ဧကုပေါသထာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ သမုဟနေယျ သမာနသံဝါသံ ဧကုပေါသထံ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မန္နတာ သမာနသံဝါသာ ဧကုပေါသထာ၊ သံဃော တံ သီမံ သမုဟနတိ သမာနသံဝါသံ ဧကုပေါသထံ။ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါသာယ ဧကုပေါသထာယ သမုဂ္ဃါတော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမုဟတာ သာ သီမာ သံဃေန သမာနသံဝါသာ ဧကုပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ (ဤကား သမာနသံဝါသ သိမ်အတွက်တည်း၊ သီမသမူဟနန ဉာတ္တိ ဒုတိယ ကမ္မဝါစာ-သိမ်နုတ်ရန်၊ မဟာဝါ ဥပေါသထက္ခန္ဓက)

၃။ ။**သိမ်သမုတ် ကမ္မဝါစာ ၂-မျိုး**။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာန သံဝါသံ ဧကုပေါသထံ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ သမာန သံဝါသံ ဧကုပေါသထံ။ ယဿာယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ သီမာယ သမ္မုတိ သမာန သံဝါသာယ ဧကုပေါသထာယ။ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာန သံဝါသာ ဧကုပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ (ဤကား-သမာနသံဝါသ သိမ်အတွက်တည်း)

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကုပေါသထာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နေယျ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ ဧသာ ဉတ္တိ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာန သံဝါသာ ဧကုပေါသထာ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါသာ

ယ သမ္မုတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သာ သီမာ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။(ဤကား-အဝိပ္ပဝါသ သိမ်အတွက်တည်း၊ သီမ သမ္မုတိ ဉာတ္တိ ဒုတိယ ကမ္မဝါစာ သိမ်သမုတ်ရန်-မဟာဝါ ဥပေါသထက္ခန္ဓက)

၄။ ။**ကထိနတ္ထာရကမ္မဝါစာ**။ ။သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ ကထိနစီဝရံ တိဿဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ။ ။ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနစီဝရံ တိဿဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ။ ယဿာယသ္မတော ခမတိ ဣမဿ ကထိန စီဝရဿ တိဿဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဒိန္နံ ဣဒံ သံဃေန ကထိနစီဝရံ တိဿဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။ ကထိနတ္ထာရ ဉတ္တိ ဒုတိယ ကမ္မဝါစာ၊ ကထိန်ခင်းရန် သင်္ကန်းပေးသည့် ကမ္မဝါစာ-မဟာဝါ ကထိနက္ခန္ဓက)

ကမ္မဝါစာ ၄-မျိုးကို အဘတ်သင်ရန်၎င်း၊ ကံဆောင်တို့၌ လွယ်လင့်တကူ ယူသုံးနိုင်ရန်၎င်း၊ သူ့အခန်းနှင့် သက်ဆိုင်ရာ စု-ဤ စာအုပ်တခုတည်းတွင် ပြည့်စုံစေရန်၎င်း ထည့်သွင်းထားလိုက်ပါသည်။ မူမှာ- ကျေးဇူးရှင် ညောင်လွန်တောရ-ဆရာတော်၏ မူ-ဖြစ်ပါသည်။ ။(ဉာတ္တိကား- ကွန်းရွာဆရာတော် မူ-တည်း။)

ကမ္မဝါစာ ၄-မျိုး ပြီး၏။

မှတ်ချက်။ ။ပဌမအကြိမ်မှာ—ဘာသေယျ, ကောပေါ, သမူဟနတိ,တုဏှိ,ဂါမူပစာရင်စ-ဟု ဘတ်သည်။ ဒုတိယအကြိမ်မှာ—ဘာသင်ယ, သမ္မန္နိတာ, ကောပေါ, သမုဟနတိ, တုဏှိ, ဂါမံစ, ဂါမူပစာရံစ,သမ္မန္နင်ယ,သမ္မန္နတိ-ဟု ဘတ်သည်။ ဤသို့ မိမိဘတ်သောအတွဲမှာ ၂-ကြိမ်တာဝန်ယူ၍ ၂-မျိုးဘတ်လေ့ ရှိသည်။)

ဥပသမ္ပဒ-သီမသမူဟနန-သီမသမ္မုတိ ကထိနကမ္မဝါစာတို့၌ ဘတ်ပုံ

သုဏာတု၌ ဏာ-ကို လျှာကိုအထက်လိပ်၍ အာထိပ်ကို ထိုးဘတ်၊ ဘန္တေ-နေရာ၌ သံဃာ့မထေရ်ကြီးဘတ်လျှင် အာဝုသော-ဟုပြင်၊ သံဃော-သဃော်၊ ၂-မျိုးတွင် သံဃော-မူကိုဘတ်။

သာဓက။ ။အနုသာဝနေ သန္ဒိဂ္ဂဟိတ ပဒဃောဝ
ဒိဋ္ဌတ္တာ သံဃောတိ ပဒမေဝ လိခိတဗ္ဗံ။
(ပါတိမောက္ခ လေခန)

အက္ခရာအတူဆင့်မှာ အထက်စာလုံးသံမထွက်စေရ၊ မတူဆင့်မှာ "ဝဂ္ဂေဃောသာဃောသာနံ" သုတ်အဆင့်မှတပါး "အာယသ္မတော, တသ္မာ" စသည်တို့၌ အထက်စာလုံးပါ အသံထွက်စေရသည်၊ မှိုရာ သရကိုကား အောက်စာလုံး၏ မှိုရာသရကို ယူလေ။ ။အာယသ်သ္မတောဟုဘတ်။ (ကျေး-ကျွန်း-၂)

ဥပသမ္ပဒါပေက္ခော၌၊ ပက်ခေါဟုမဘတ်ရ၊ ဥပဇ္ဈာယေန၌၊ ဥပြစ်ဈာဟု ရရစ်သံ မဘတ်ရ။ ။(ပတ္တကလ္လံ၌၊ လ္လံကို လျှာတန်းတန်းထား၍ လျှားဖျားနှင့် အထက်သွားခြေ အရပ်ကို ထိဘတ်၍ နှာခေါင်းသို့ လေနှင့် အသံသွားအောင် ခံတွင်းကို ပိတ်လိုက်ပါ။

ဥပသမ္ပာဒေယျ၌၊ ဒင်ယဟုဘတ်၊ ဘာသေယျ၌လည်း သင်ယဟုဘတ်၊ ဤ၌ ဒေယ-သေယ ဟု သံယုတ်ကို မင့်ဘဲ ဘတ်မိသော်လည်း“ပဝေဏီ အနုသသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ”ဟူသော ပရိဝါ အဋ္ဌကထာနှင့် ညီညွတ်သောကြောင့် သင့်မြတ်သည်သာ၊ ကံမပျက်ပါ။ ။ (ကျေး-မြ-ကန်မြ ဆရာတော်-ခန်း-၃)

ဉာဏ္တိ၌ ဉာ၈တ်ဖြစ်သောကြောင့် ဉာတ္တိဟု ဉာမှာ အာဒိဿနှင့် ရှိသင့်သည်၊ သံယုတ်ရှိသော်လည်း “ယထာက္ကမံ” ပုဒ်ကဲ့သို့ ရဿမပြုရပေ။ ။(အဂ္ဂမဟာ ပဏ္ဍိတ - ကျွန်းရွာတောရ ဆရာတော်) (ဉာတ်တိဟုဘတ်၊ ဉာတိဟုမဘတ်ရ။)

ခမတိ၌-ကတ္တုရုပ်၊ ခမတိ-နှစ်သက်၏ဟုပေး၊ (ယဿာ ယဿ္မ တောဟူသော စတုတ္ထီသည်-ပဋ္ဌမာကတ္တားနှင့် အလားတူသည်။) “ခမတိ” ဟုဘတ်၊ ခ-မတိ၊ ခမ္မတိဟု မဘတ်ရ။ ။(ကျေး-ဒု-ရွှေ-မိုး-မိုင်း-ဝိ-လယ်-လယ်တီဆရာတော်-၇)

ဒုတိယမ္ပိ၌၊ တိမှာရဿနှင့်ဘတ်။ တုဏှိ-တုဏှီ ၂-မျိုးတွင် တုဏှီနိပါတ်ပုဒ်ဖြစ်၍၊ တုဏှီဟုဒီဃနှင့်ဘတ်။ ။(ဒု-မိုး)

“ ဓာရယာမိ ” ရောက်မှ ကမ္မဝါစာ ဆုံးသည်ဟုယူ။ ။ (မိုင်း-ခန်း)

အဝိပ္ပဝါသော၌၊ အ-ဝိပ္ပဝါသောဟုဘတ်၊ အဝိပ္ပ-ဝါသော ဟု မဘတ်ရ၊ သမ္မတော၌၊“သမ်-မတော”ဟုဘတ်၊ သမ္မ-တောဟု မဘတ်ရ၊ သမုဟနေယျ-သမူဟနေယျ ၂-မျိုးတွင် သမုဟနင်ယဟု ရဿနှင့်ဘတ် “ သမု-ဟနင်ယ” ဟုဘတ်။

သီမာ၌၊ သိမာ-သီမာ ၂-မျိုးတွင် သီမာဟုဒီဃနှင့်ဘတ်။ ။(ကျေး-ဒု-မိုး)

သမ္မန္နိတာ၌၊ သမ္မန္နိတာ-သမ္မတာ ၂-မျိုးတွင် သမ္မန္နိတာမူ ဘတ်။ (ကျေး-ဒု-မိုး-လင်း-ဝိသုဒ္ဓါရုံ)

"သမ်-မန္နိတာ"ဟုဘတ်။ ။(သမ္မနိတာ-သမနိတာ-သမန္နိတာ မူများကို မဘတ်ရ။) ကေုပေါသထာ၌၊ ကေု-ကေူ ၂-မျိုးတွင် ကေုဟု ရဿနှင့်ဘတ်။ ။(ကျေး ဒု ခိုး)

* ပတ္တကလ္လံ၌၊ ကလ်(ကန်)ဟု နသတ်သံဘတ်၊ လ္လံ၌ လျှာ မလိပ်နှင့်-လျှာတန်းတန်းထား-ပကတိအတိုင်းဘတ်။ ။

(ကျေးကျွန်း)

ယာဝတာ၌၊ "ယာဝဘာ" ဟု ပေါင်းဘတ်၊ နိပါတ်ပုဒ်၊ ယာဝ-တာဟု မဘတ်ရ။ ။(ကျေး ဒု)

" သမန္တာ "ဟု ပေါင်းဘတ်။ သမ္မနေယျ - သမ္မန္နေယျ ၂-မျိုး တွင်-သမ္မန္နေယျ ဘတ်၊ သမ္မနတိ-သမ္မန္နတိ ၂-မျိုးတွင်-သမ္မန္နတိ ဘတ်။ ။(ကျေး။)

သမ္မတာ သာ သိမာ-ဟု "သာ" ပါရမည်၊ အကြောင်းကား- အက္ခရ ပရိဟိန ဖြစ်လျှင် ကံပျက်နိုင်၍၊ အက္ခရာဓိက ဖြစ်လျှင် ကံ မပျက်နိုင်သောကြောင့်ငှင်း၊ ပဌမသံဂါယနာမူ ရှိသောကြောင့် ငှင်းတည်း။ (ကျေး-ကျွန်း-ဒု-ရွှေ)

သမ္မန္နိတာ-သမ္မတာ ၂-မျိုးတွင် သမ္မန္နိတာမူကိုဘတ်၊ ဌပေတ္ဗာ- ထပေတ္ဗာ ၂-မျိုးတွင် ဌပေတ္ဗာမူကို ဘတ်။ (ကျေး) ဌပေတ် တဝါဟုဘတ်။ (ကျေး)

ဂါမဌ-ဂါမူပစာရဌ၌ နိဂ္ဂဟိတန္တနှင့် ပြင်၍မဘတ်နှင့်၊ ဝဂ္ဂန္တ အတိုင်းပင်ဘတ်။ (ကျေး-ဒု-မိုး) ဂါမင်စ-ဟု သာ ဘတ်၊ ဂါမည်စ-ဟု မဘတ်ရ။

* ဤ၌-အိမ် နှင့် အိမ်စည်းရိုးအတွင်း ဂါမ၊ ရွာမှာ အရံရှိလျှင် အရံကို ဂါမူပစာရ၊ အရံမရှိလျှင် အရံထိုက်ရာ အရပ်၏အတွင်းကို ဂါမ၊ အရံထိုက်ရာအရပ်ကို ဂါမူပစာရ ယူ၊ အဒိန္နာဒါန် သိက္ခာပုဒ်က ဂါမ-ဂါမူပစာရမျိုး မဟုတ်၊ ဂါမောဝါ ဂါမူပစာရော-ဟု အဝခါရဏကမ္မခါနည်းပြု၊ ဥပေါသထက္ခန္ဓက ဝဇီရဗုဒ္ဓိဋီကာ၌လည်း "ဘန္တရဃရသင်္ခါတ ဂါမဉ္စ"ဟု ဖွင့်၏။

(ကျမ်း-သင်း-ကျီ-၃)

ကထိန၌ ထိ-ကို ပြင်းပြင်းဘတ်၊ "အတ္ထရိတုံ"ဟု ပေါင်းဘတ်၊ အတ္ထ-ရိတုံ ဟု မဘတ်ရ၊ တွံ-၌လည်း ပြင်းပေး၊ ကုဒံ-၌ ကုဒမ်း-ဟု ဝိသဇ္ဇနီယ မဘတ်ရ။

အမှာ။ ။ဗျဉ္ဇနပဒ်ဗလေန ပါဠိပြင့် ဗျဉ္ဇနပဒ်ဗလ အင်္ဂါနှင့် မပြည့်စုံလျှင် သိက္ခာဝါကြီးသော်လည်း ကမ္မဝါစာမဘတ်ရ၊ ၎င်းအင်္ဂါနှင့်ပြည့်စုံလျှင် ရဟန်းငယ်ပင်ဖြစ်သော်လည်း ဘတ်ခြင်းငှါ ထိုက်၏ဟု ပြသည်။ ။(ကျေး-ကျွန်း)

ကမ္မဝါစာဘတ်နည်းအခန်းပြီး၏။

(၃) ရဟန်းခံနည်းအခန်း

မဇ္ဈိမဇနပုဒ်(ဏ္ဍိယ)၌ အနည်းဆုံး ရဟန်း ၁၀-ပါးရှိမှ ဥပသမ္ပဒကံဆောင်နိုင်သော်လည်း၊ မဇ္ဈိမဇနပုဒ် မဟုတ်သောအရပ်၌ အနည်းဆုံး ရဟန်း ၅-ပါးရှိလျှင် ဥပသမ္ပဒကံ ဆောင်နိုင်သည်၊ ထို့ကြောင့် ဤမြန်မာနိုင်ငံ၌ အနည်းဆုံး ရဟန်း ၅-ပါး ရှိလျှင် ဥပသမ္ပဒကံ ဆောင်နိုင်တော့သည်သာဟု မှတ်ရမည်။

သာဓက။ ။သော ပနေသ ကမ္မဝသေန ပဉ္စဝိဓော ဟောတိ စတုဝဂ္ဂေါ ပဉ္စဝဂ္ဂေါ ဒသဝဂ္ဂေါ ဝီသတိဝဂ္ဂေါ အတိရေကဝီသတိဝဂ္ဂေါတိ။ တတ္ထ စတုဝဂ္ဂေန ထပေတွာ ဥပသမ္ပဒါ ပဝါရဏာ အဗ္ဘာနာနိ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ပဉ္စဝဂ္ဂေန ထပေတွာ မဇ္ဈိမေသု ဇနပဒေသု ဥပသမ္ပဒဉ္စ အဗ္ဘာနကမ္မဉ္စ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ဒသဝဂ္ဂေန အဗ္ဘာန ကမ္မမတ္တံ ထပေတွာ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ဝီသတိဝဂ္ဂေန န ကိဉ္စိ သံဃကမ္မံ ကာတုံ န ဝဋ္ဋတိ။ (ကင်္ခါအဋ္ဌကထာ-နိဒါနဝဏ္ဏနာ-၃)

ထိုစတုဝဂ္ဂကံစသည်တို့၌ သတ်မှတ်ထားသည့်အောက် သံဃာ ယုတ်နေလျှင် မအပ်၊ သံဃာ ပိုလျှင်ကား အပ်သောကြောင့် သက်ဆိုင်ရာကံများ၌ သတ်မှတ်ထားသည်ထက် ၂-ပါး, ၃-ပါး အနည်းဆုံး ပိုထားလျှင် သာ၍ပင် ကောင်းသည်ဟု မိုးနံကုန်း-ဆရာတော်မိန့်ကြောင်း ကျေးဇူးရှင်-မိန့်တော်မူ၏။

သာဓက။ ။သော ပန စတုဝဂ္ဂါဒိနာ (ပ) အတိရေကေန ပန ဝဋ္ဋတီတိ ဒဿနတ္ထံ ဝုတ္တော။

(ဋီကာအဋ္ဌကထာ-၃)

ဥပသမ္ပဒကံဆောင်ရွက်ပုံ

အနည်းဆုံး ရဟန်း ၅-ပါး၊ သို့ထက် အလွန်ရှိသော ရဟန်းတို့ကို ခဏ္ဍသိမ်သို့ဖြစ်စေ၊ သို့မဟုတ် ဥဒကုက္ခေပသိမ်သို့ ဖြစ်စေ ပင့်၍၊ အယုတ်ဆုံး ပဋိသန္ဓေလများပါ အသက်(၂၀)ပြည့်သော ရဟန်းလောင်း - ရှင်သာမဏေကို ဆိုလတ္တံ့ အစီအစဉ် အတိုင်း ရဟန်းခံပေးရမည်။ "ရှင်သာမဏေကိုသာရဟန်းခံအပ်သည်"။ ။ (ကျေး-ဒု-မိုး-သစ်- ရွာသင်ဆရာတော်။)

မှတ်ချက်။ ။အယုတ်ဆုံး အသက် (၁၉) နှစ်နှင့် ၅-လ ပြည့်လျှင် ရဟန်းခံနိုင်ပြီ၊ တနည်း....၁ါသပ်သောနှစ်များအတွက် ပိုလာသော လများကိုပါ ယူခဲ့သော်၊ အသက်(၁၉)နှစ်နှင့် ၃-လရှိလျှင်ပင် ပဋိသန္ဓေအားဖြင့် အသက် (၂၀) ပြည့်ရုံမျှမက ပိုနေလေပြီ။ ။(ကျေး ဒု-ဒိုး-သယ်-ငံ-၅) ဤကား အယုတ်ဆုံး ဖြစ်သော (၇)လသားအတွက်ယူ၍ တွက်ချက်ထားပုံတည်း။

အမည်သစ်မှည့်ပုံ

ဉာတ်-ကမ္မဝါစာတို့၌ ရဟန်းလောင်း၏ အမည်ကို လွယ်ကူစွာ ဘတ်နိုင်စေခြင်းငှါ၊ ရဟန်းလောင်းကို "နာဂ" ဟု မှည့်ပါ၏၊ ရဟန်းလောင်းက-မိမိအမည်ကို နာဂဟုမှတ်၊ သံဃာတော်များကလည်း ရဟန်းလောင်း၏ အမည်ကို နာဂဟုမှတ်တော်မူကြပါ၊ ဉာတ်-ကမ္မဝါစာတို့၌ ရဟန်းလောင်း၏ အမည်ကို နာဂဟု ဘတ်တော်မူကြပါ။

ဥပဇ္ဈာယ် ဆရာတော်၏ အမည်ကို ရွဲ့စွာ ဘတ်နိုင်စေခြင်းငှါ၊ ဥပဇ္ဈာယ်ဆရာတော်ကို "တိဿ" ဟု မှည့်ပါ၏။ ဥပဇ္ဈာယ်ဆရာတော်က မိမိအမည်တော်ကို တိဿဟု မှတ်တော်မူပါ၊သံဃာ

တော်များကလည်း ဥပဇ္ဈာယ်ဆရာတော်၏ အမည်ကို တိဿဟု မှတ်တော်မူကြပါ၊ ဉာတ်-ကမ္မဝါစာတို့၌ ဥပဇ္ဈာယ် ဆရာတော်၏ အမည်ကို တိဿဟု ဘတ်တော်မူကြပါ။

အမည်သစ်မှည့်၍ ဘတ်ပုံသာဓကမှာ

အာယသ္မာ အာနန္ဒော ဝေ မာဟ-နာဟံဥဿဟာမိ ထေရဿ နာမံ ဂဟေတုံ။ ပ။ ဂေါတ္တေ နပိ အနုဿာ ဝေတုန္တိ။ ။(မဟာဝါပါဠိ-မဟာခန္ဓက-၁၃၅)

ဂေါတ္တေနပိ(ပ)မဟာကဿပဿ ဥပသမ္ပဒါပေက္ခောတိ (ပ) အတ္ထော။ ။ (၎င်းအဋ္ဌကထာ-၂၆၂)

နာမည်သစ် မမှည့်ဘဲ၊ ၎င်း ဘွဲ့ရင်းအတိုင်း ဘတ်လျှင်လည်း အပ်၏၊ သို့သော် အချို့ဘွဲ့က အဘတ်ခက်သည့်ပြင်၊ ဥပဇ္ဈာယ် မှာ ဆရာဖြစ်နေပြန်လျှင် ဘွဲ့ကို ဘတ်ဝံ့ရန် ခဲယဉ်းနေပေမည်၊ ထို့ကြောင့်-ဒက္ခိဏာရာမဘုရားကြီးဆရာတော်များနှင့်ညောင်လွန်း တောရ ဆရာတော်များအတိုင်း အမည်သစ်မှည့်၍ ဘတ်ခြင်းက သာလွန်ကောင်းပေမည်။

ပုစ္ဆကိစ္စခေါ် ရဟန်းလောင်း ဆုံးမပုံ

အမှာ။ ။အများ သုတေသီတို့ နည်းရစေရန် ရည်သန်၍၊ မကျဉ်း-မကျယ်၊အလယ်အလတ်အားဖြင့် ရေးသားထားပါသည်။

ဤပုစ္ဆကိစ္စအခန်းကို တပါးတည်းပြုလုပ်သင့်သည်၊ သို့သော် နှဲ့ထပ်ကောမား အဖွင့်-အပိတ် အတွင်းကပါဠိများကို ၃-ပါးပင် တွဲဘတ်လေ့ရှိကြသည်။

“ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော” (၃ - ပါးဘတ်)။ ။နအတိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ-ဒုက္ကဋဿဟူ၍။ ဝစနတော၊ မဟာဝါပါဠိတော် မဟာခန္ဓကဥ် မြတ်စွာဘုရား ဟောကြား-ပညတ်တော်မူခြင်းကြောင့်။ သံဃေန၊ သံဃာတော်သည်။ နာဂေါ်-နာဂမည်သော ပဉ္စင်းလောင်းကို။ ပဌမံ၊ သပိတ် - သင်္ကန်းကို ကြားသည်မှရှေးဦးစွာ။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂါဟာပေတဗ္ဗော၊ ယူစေရမည်။

ရဟန်းလောင်းက - ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ-ဟု ၃-ကြိမ်ဆို၊ ဥပဇ္ဈာယ်က-ပါသာဒိကေန သမ္ပာဒေဟိ-ဟု ဆိုလျှင်၊ ရဟန်းလောင်းက-အာမဘန္တေ-ဟု ဆို။

“ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ” (၃-ပါးဘတ်)။ ။န အတိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ၊ ဒုက္ကဋဿ ဟူ၍။ ဝစနတော၊ မဟာဝါ(ပ)ကြောင့်။ သံဃော၊ သံဃာတော်သည်။ နာဂံ၊ ပဉ္စင်းလောင်းကို။ ဥပဇ္ဈံ၊ ကို၊ ဂါဟာပေတွာ၊ ယူစေပြီး၍၊ ဝါ-ယူစေပြီးသည်ရှိသော်၊ ဝါ-ယူစေပြီးသောကြောင့်။ ပတ္တစီဝရံ၊ သပိတ်တလုံးသုံးထည်သောသင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ကြားရမည်။

နာဂ၊ ပဉ္စင်းလောင်း။ အယံ၊ ဤသပိတ်သည်ကား။ (တော၊ သင်အား။ ဗိုလ်ထွေ၊ ရေနံမြို့နေ ရဟန်း ဒါယကာ (ဦးသိုက်)-ရဟန်းဒါယိကာမ (ဒေါ်ဒေါ်ဒေါင်း) တို့က သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော။) တေ၊ သင်၏။ ပတ္တော၊ အများမဆိုင် ကိုယ်ပိုင် သပိတ်တည်း။

အာမ ဘန္တေ-ဟု ဆို။

နာဂ၊ လောင်း။ အယံ၊ ဤ ဒုကုဋ်သည်ကား။ (...............) တေ၊ သင်၏။ သံဃာဝ်၊ အများမဆိုင် ကိုယ်ပိုင် ဒုကုဋ်တည်း။

အာမ ဘန္တေ။

နာဂ၊ လောင်း။ အယံ၊ ဤကိုယ်ဝတ် ကေစ့်သည်ကား။(....) တေ၊ ၏။ ဥတ္တရာသင်္ဂေါ၊ အများမဆိုင် ကိုယ်ပိုင် ကေစ့်တည်း။

အာမ ဘန္တေ။

နာဂ၊ လောင်း။ အယံ၊ဤခါးဝတ် သင်းပိုင်သည်ကား။(....) တေ၊ သင်၏။ အန္တရဝါသကော၊ အများမဆိုင် ကိုယ်ပိုင် သင်းပိုင် တည်း။

အာမ ဘန္တေ။

" ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ " (၃-ပါးဘတ်)။ ။ အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသိတွာ သံဃမဇ္ဈေ အန္တ ရာယိကေ ဓမ္မေ ပုစ္ဆိတုန္တိ၊ ပုစ္ဆိတုံ ဟူ၍။ ဝစနတော၊ မဟာဝါ (ပ) ဟောကြား ခွင့်ပြုတော် မူခြင်းကြောင့်။ နာဂ၊ လောင်း။ တွံ၊ သည်။ ဣတော၊ ဤသံဃဘောင်မှ။ ဂစ္ဆ၊ ချီလက်အုပ်ဖြင့် နောက်ဆုပ် ဖဲသွားလေလော့။ အမုမှိ ဩကာသေ၊ ဤမည်သော ဟတ္ထပါသ်ကင်းမြောက် သင့်တင့်လောက်သောအရပ်၌။တိဋ္ဌာဟိ၊ အခိုက်အတန့် ဆိုင်းငံ့၍ ရပ်တည်ဦးလော့။ ။အဟံ၊ ငါသည်။ အာဂန္တွာ၊ လာ၍။ တံ၊ သင့်ကို။ အနုသာသိဿာမိ၊ ဆုံးမပေအံ့။

အနုသာသကဉာတ်

သုဏာတု မေ ဘန္တေ (ပ) အဟံ နာဂံ အနုသာ သေယျံ။ (၃-ပါးဘတ်)။

မှတ်ချက်။ ။ပြဆိုခဲ့သော ဉာတ်မှာ မိမိကိုယ်ကို မိမိပြန်၍ သမုတ်ပုံဖြစ်သည်၊ သို့မဟုတ်ဘဲ မိမိကဖြစ်စေ၊ သူတပါးကဖြစ်စေ၊ အခြားသူတပါးကို သမုတ်၍ ဆုံးမစေရာ၌လည်း အပ်သည်သာ။

သူတပါးကို သမုတ်ပုံမှာ .... "သုဏာတု မေ ဘန္တေ (ပ) ဓမ္မ ဓာရေယျ" ။ ။ဤသို့-သူ ဘွဲ့ရင်းအတိုင်း သမုတ်ပုံကို ပြလိုက်သည်။

သာဓက။ ။အတ္တနာဝ အတ္တာနံ သမ္မန်ိ တဗ္ဗံ၊ ပရေနဝါ ပရော သမ္မန်ိတဗ္ဗော။ (မဟာဝါ ပါဠိ၊မဟာ ခန္ဓက-၁၃၇)

ဥပဇ္ဈာယ်က၊သို့မဟုတ် သံဃာ့မထေရ်ကြီးက"အနုသာသထ" ဟု ခွင့်ပြုလိုက်သောအခါ၊အနုသာသကရဟန်းက ရဟန်းလောင်း ထံသို့ကပ်၍ သံဃာဘက်မျက်နှာပြုပြီး ဆုံးမရမည်။

ဆုံးမပုံမှာ

အနုဇာနာမိ ဘိက္ခဝေ သမ္ပတေန အနုသာသိတုံ၊ အနုသာ သိတုံ ဟူ၍။ ဝစနတော၊ မဟာဝါ(ပ)ခွင့်ပြုတော်မူခြင်းကြောင့်။ နာဂ၊ လောင်း။ အဟံ၊ အနုသာသက သမ္မုတိရသော ငါသည်။ တံ၊ သင့်ကို။ အနုသာသိဿာမိ၊ ဆုံးမပေအံ့။ တွံ၊ သင်သည်။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏာသိ၊ သတိထား၍ နားစေ့စေ့ ထောင်။ ။အယံ၊ ဤအခါကား။ တေ၊ သင်၏၊ဝါ-သင့်အား။ သစ္စကာလော၊ ဟုတ်မှန်သည်ကိုဆိုခြင်းငှါ သင့်သောအခါတည်း။ ဘူတကာလော၊ထင်ရှားသည်ကိုဆိုခြင်းငှါသင့်သောအခါတည်း။ ယံဓမ္မဇာတံ၊ အကြင်ပဋ္ဌင်းအဖြစ်၏ အန္တရာယ်စသည်ကို ပြုတတ် သော နှုနာစသောသဘောတရားသည်။ တေ၊ ၏။သရီရေ၊ကိုယ်၌။ ဇာတံ၊ ရှိတတ်၏။ တံ ဓမ္မဇာတံ၊ ထို ပဋ္ဌင်းအဖြစ်၏ အန္တရာယ် စသည်ကိုပြုတတ်သော နှုနာစသောသဘောတရားကို။သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ ဘိက္ခူဟိ၊ အန္တရာယိကဓမ္မ ပုစ္ဆကရဟန်းတို့ သည်။ တယိ၊ သင့်ကို။ ပုစ္ဆန္တေ-ပုစ္ဆိယမာနေ၊ မေးအပ်သည် ရှိသော်။ သန္တံ၊ ကိုယ်တွင်ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါ၏

ဘုရားဟူ၍။ တယာ၊ သင်သည်။ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။ အသန္တံ၊ ကိုယ်တွင်ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။

နာဂ၊ လောင်း။ တွံ၊ သည်။ မာခေါ ဝိတ္ထာသိ၊ ကြောက်ရွံ့ခက်မာ ကြမ်းထမ်းစွာသော ကိုယ်စိတ်ရှိသည် မဖြစ်လင့်။ မာခေါ မင်္ကုအဟောသိ၊ရှက်ဟန်ခြင်းရာ မျက်နှာမလှ မဖြစ်လင့်။ ဘိက္ခူ၊ အန္တရာယိကမေ့ ပုစ္ဆကရဟန်းတို့သည်။ ဝေါ၊ ဤသို့။ တံ၊ ကို။ ပုစ္ဆိဿန္တိ၊ မေးမြန်းကြကုန်လတ္တံ့။ ကိံ ပုစ္ဆိဿန္တိ၊ အဘယ်သို့ မေးမြန်းကြကုန်လတ္တံ့နည်းဟူမူကား။ ။န ဘိက္ခဝေ ပဥ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ၊ ဒုက္ကဋဿ ဟူ၍။ ဝစနတော၊ မဟာဝါ (ပ) ဟောကြား ပညတ်တော်မူခြင်းကြောင့်။ နာဂ၊လောင်း။တေ၊၏။ သရီရေ၊ကိုယ်၌။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာမျိုးငါးပါးတို့သည်။ သန္တိ၊ ရှိကုန်သလော။

နာဂ၊လောင်း။ တေ၊ ၏။သရီရေ၊ ၌။ ကုဋ္ဌံ၊ နူနာသည်။ အတ္ထိ၊ ရှိသလော။ ဧဝံ၊ ဤသို့။ ပုစ္ဆိဿန္တိ၊ လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊ ဤသို့ မေး မြန်း ကြ ကုန် သည်ရှိသော်။ နတ္ထိဘန္တေတိ၊ နတ္ထိဘန္တေဟူ၍။ တယာ၊ သင်သည်။ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။ ဂဏ္ဍော၊ တဏ္ဍုမြင်း အိုင်းမာ ကြွက်နို့နာသည်။ အတ္ထိ၊လော။ ဧဝံ၊သို့။ ပုစ္ဆိဿန္တိ၊ လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊ သော်။ နတ္ထိဘန္တေတိ၊ နတ္ထိဘန္တေ ဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ မည်။ ကိလာသော၊ ညှင်းကြီး ပွေးပါ တင်းတိတ်နာသည်။ အတ္ထိ၊ လော။ ဧဝံ၊ သို့။ ပုစ္ဆိဿန္တိ၊ လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊သော်။ နတ္ထိဘန္တေတိ၊ ဟူ၍။ တယာ ဝတ္တဗ္ဗံ၊ မည်။ သောသော၊ အသား, အသွေးကို ခန်း ခြောက် စေ တတ် သော ချောင်းဆိုးပန်းနာမျိုးသည်။ အတ္ထိ၊ လော။ ဧဝံ၊ သို့။ ပုစ္ဆိဿန္တိ၊

လဟုံ၊ ဝေံပုစ္ဆန္တေသု၊ သော်။ နတ္ထိဘန္တေတိ၊ ဟူ၍။ တယာ-ဝတ္တဗ္ဗံ၊ မည်။ အပ မာရော၊ သည်းခြေပျက်က စသည် ကြောင်းထူး ရှူးသွတ်သော အနာမျိုးသည်။ အတ္ထိ၊ လော။ ဝေံ၊ သို့။ ပုစ္ဆိသန္တိ၊ လတုံ။ ဝေံပုစ္ဆန္တေသု၊ သော်။ နတ္ထိဘန္တေတိ၊ ဟူ၍။ တယာ ဝတ္တဗ္ဗံ၊ မည်။

မှတ်ချက်။ ။အပ မာရော၌ အပ-မာရောဟုဘတ်၊ “ အပ ဂတော မာရော ဇာနနော တေသ္မာတိ အပ မာရော ” ဟုပြု။

တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ဥပသမ္ပန္နော နာသေတဗ္ဗောတိ-နာသေတဗ္ဗောဟူ၍။ ဝစနတော၊ မဟာဝါ (ပ) ပညတ်တော်မူခြင်းကြောင့်။ နာဂ၊ လောင်း။ တွံ၊ သည်။ မနုဿော၊ နဂါးစသည်မဖြစ် လူသား စင်စစ်သည်။ အသိ၊ ဖြစ်၏လော။ ဝေံ၊ သို့။ ပုစ္ဆိသန္တိ၊ လတုံ၊ ဝေံပုစ္ဆန္တေသု၊ သော်။ အာမဘန္တေတိ၊ အာမဘန္တေဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။

ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗောတိ၊ နာသေတဗ္ဗောဟူ၍၊ ဝစနတော၊ မဟာဝါ(ပ)မူခြင်းကြောင့်။ နာဂ၊လောင်း။ တွံ၊သည်။ပုရိသော၊ ပဏ္ဍုက်စသည် မဖြစ်၊ ယောကျ်ား စင်စစ်သည်။ အသိ၊ လော။ ဝေံ၊ သို့။ ပုစ္ဆိသန္တိ၊ လတုံ။ ဝေံပုစ္ဆန္တေသု၊ သော်။အာမ ဘန္တေတိ၊ ဟူ၍။ တယာ ဝတ္တဗ္ဗံ၊ ရမည်။

အမှာ။ ။နည်းရလောက်ပြီ ဖြင့်၍ နောက်-နောက်ပုဒ်တို့၌ ပါဠိတော်ကို မထည့်တော့ပေ။

နာဂ၊ လောင်း။ တွံ၊ သည်။ ဘုဇိဿော၊ သူ့ကျွန်အဖြစ်မှ တော်လှန်စစ်သည်။ ဝါ-သူ့ကျွန်မဟုတ်သည်။ အသိ၊ ဖြစ်၏လော။

ဧဝံ၊ သို့။ ပုစ္ဆိသာန္တိ၊ လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊ သော်။ အာမဘန္တေ၊ တိ၊ ဟူ၍။ တယာ ဝတ္တဗ္ဗံ၊ မည်။ တံ၊ သည်။ အနဏော၊ သူကြွေး သူမြီမတင် သန့်ရှင်းစင်သည်။ အသိ၊ လော။ ဧဝံ၊ သို့။ (ပ) ဝတ္တဗ္ဗံ၊ မည်။ တံ၊ သည်။ ရာဇဘဋော၊ မင်း၏ရိက္ခာကိုစားသော-မင်း၌ ယောကျာ်းသည်။ ဝါ-မင်း၏လခစားသည်။ နအသိ၊ မဖြစ်၏ လော။ ဧဝံ၊ သို့။ (ပ) ဝတ္တဗ္ဗံ၊ မည်။ တံ၊ သင့်ကို။ ဝါ-သင်သည်။ မာတာပိတူဟိ၊ မိဘ ၂-ပါးတို့သည်။ အနုညာတော၊ ရဟန်း ပြုရေး ခွင့်ပေးအပ်သည်။ အသိ၊ ဖြစ်၏လော။ ဧဝံ၊ သို့။ (ပ) ဝတ္တဗ္ဗံ၊ မည်၏။ တံ၊ သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ သန္ဓေတည်က စ၍ တွက်ရှိ အသက် နှစ်ဆယ်ပြည့်သည်။ အသိ၊ လော။ ဧဝံ၊ သို့။ (ပ) ဝတ္တဗ္ဗံ၊ မည်။ တေ၊ သင့်အား။ ဝါ-သင်၏။ ပတ္တစီဝရံ၊ သပိတ်ဘလုံး၊ သုံးထည်သော သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံ ၏လော။ ဧဝံ၊ သို့။ (ပ) ဝတ္တဗ္ဗံ၊ မည်။

နာဂ၊ လောင်း။ တံ၊ သည်။ ကိံ နာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။ ဧဝံ၊ သို့။ (ပ) သော်။ အဟံ ဘန္တေ နာဂေါ နာမာတိ၊ အဟံ ဘန္တေ နာဂေါ နာမ ဟူ၍။ တယာ ဝတ္တဗ္ဗံ၊ မည်။

မှတ်ချက်။ ။သူ့ဘွဲ့ရင်းအတိုင်းဘတ်ခဲ့လျှင် "အဟံ ဘန္တေ ဓမ္မဃောသောနာမာတိ" စသည်ဖြင့် ဆိုပါ။

နာဂ၊ လောင်း။ တေ၊ ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာတော်သည်။ ကောနာမော၊ အဘယ်အမည်တော်ရှိသနည်း။ ဧဝံ၊ သို့။ (ပ) သော်။ ဥပဇ္ဈာယော (ပ) နာမာတိ၊ "ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ" ဟူ၍။ တယာ ဝတ္တဗ္ဗံ၊ မည်။

န ဘိက္ခဝေ ကေတော အာဂန္တဗ္ဗံ၊ အနုသာသကေန ပဌမံ တရံ အာဂန္တွာ သံဃော ဉာပေတဗ္ဗောတိ၊ ဉာပေတဗ္ဗော ဟူ၍။ ဝစနတော၊ မဟာဝါ (ပ) ဟောကြားတော် မူခြင်းကြောင့်။ နာဂ၊ လောင်း။ မယာ၊ ငါသည်။ တယာ၊ သင်နှင့်။ ဝါ-တယာ၊ သင်သည်။ မယာ၊ ငါနှင့်။ ကေတော၊ အတူတပြိုင်နက်။ သံဃမဇ္ဈံ၊ သံဃာ့အလယ်သို့။ ဂန္တုံ၊ သွားခြင်းငှါ။ နယုတ္တံ၊ မသင့်ချေ။ တံ၊ သင်သည်။ ဣဓေဝ၊ ဤအရပ်၌ပင်လျှင်။ တိဋ္ဌ၊ တခဏခန့် ဆိုင်းငံ့၍ ရပ်တည်ရစ်ဦးလော့။

ပဝေသနဉာတ်

သုဏာတု မေ ဘန္တေ (ပ) အနုသိဋ္ဌော သော မယာ (ပ) နာဂေါ အာဂစ္ဆေယျ။ ။(၃-ပါးဘတ်။)

မှတ်ချက်။ ။ဤ၌-သူတပါးကိုဆုံးမစေ၍၊ သူတပါးအတွက် ဘတ်လျှင်၊ ၎င်းသူတပါး၏ဘွဲ့ရင်းကို မယာ-နေရာ၌ ထည့်၍ဘတ်ရမည်။ ။သူတပါးအတွက် ဘတ်ပုံမှာ....“သုဏာတု မေ ဘန္တေ (ပ) အနုသိဋ္ဌော သော ဓမ္မဃောသေန (ပ) နာဂေါ အာဂစ္ဆေယျ။ ။ဤကား-သူတပါး၏ ဘွဲ့ရင်းအတိုင်း ဘတ်ပုံကို ပြထား ချက်တည်း။

ပဝေသနဉာတ် ထားသော ပုဂ္ဂိုလ်က ဆက်၍ ဆိုရန်မှာ.... “နာဂ၊ လောင်း။ ဣဒနိ၊ ယခု အခါ၌။ ဘော၊ အား၊ ဝါ၊ ၏။ ဥပသမ္ပဒယာစနကာလော၊ ပဉ္စင်းအဖြစ်ကိုတောင်းရန်အခါသည်။ အနုပ္ပတ္တော၊ ရောက်လာပြီ။ တံ၊ သည်။ ဣဓ၊ ဤသံဃာ့ဘောင်သို့။ အာဂစ္ဆာဟိ၊ လက်အုပ်ချီမိုးရှိခိုးလျှက်ငြိမ်သက်စွာလာခဲ့လော့”။

ရဟန်းအဖြစ်ကို တောင်းပုံ

သံဃံ ဘန္တေ (ပ) ဥပါဒါယ။ ။ဒုတိယမ္ပိ။ ။တတိယမ္ပိ သံဃံ ဘန္တေ (ပ) ဥပါဒါယ။

အရှင်ဘုရားတို့ - တပည့်တော်သည် သံဃာတော်ကို ပဥ္စင်း အဖြစ်ကို တောင်းပန်ပါ၏။ အရှင်ဘုရားတို့ - သံဃာတော်သည် တပည့်တော်ကိုအစဉ်သနားသဖြင့် ရှင်သာမဏေအဖြစ်မှ ထုတ်နုတ်၍၊ ပဥ္စင်းအဖြစ်၌ တည်ပါစေလော့။

နှစ်ကြိမ်မြောက်၊ နောက်တဖန်လည်း၊ အရှင်ဘုရားတို့-(ပ) အစဉ်သနားသဖြင့် အကုသိုလ်အဘို့မှ ထုတ်နုတ်၍၊ ကုသိုလ်အဘို့၌ တည်ပါစေလော့။

သုံးကြိမ်မြောက်၊ နောက်တဖန်လည်း၊ အရှင်ဘုရားတို့ - (ပ) အစဉ်သနားသဖြင့်၊သံသရာတည်းဟူသော ရေအလျဉ်မှ ထုတ်နုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်ပါစေလော့။

အန္တရာယိကဓမ္မ ပုစ္ဆကဉာတ်

သုဏာတု မေ ဘန္တေ(ပ)အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။ ။
(၃-ပါးဘတ်)

မှတ်ချက်။ ။ဤပြဆိုခဲ့သော ဉာတ်မှာ မိမိကိုယ်ကိုမိမိပြန်၍ သမုတ်ပုံဖြစ်သည်၊ သို့မဟုတ်ဘဲ အနုသာသကဉာတ်ကအတိုင်း မိမိကဖြစ်စေ၊ သူတပါးကဖြစ်စေ အခြား ရဟန်းတပါးကိုလည်း သမုတ်နိုင်သည်။ ။သမုတ်ပုံမှာ.... " သုဏာတု မေ (ပ) ဓမ္မဃောသော နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျ"။

ဥပဇ္ဈာယ်က သို့မဟုတ် သံဃာ့မထေရ်ကြီးက "ပုစ္ဆထ" ဟု ခွင့်ပြုလိုက်သောအခါ၊ ဓမ္မပုစ္ဆက သမ္မုတိရ ရဟန်းက မေးစိစစ်ရမည်။

မေးစိစစ်ပုံမှာ

အမှာ။ ။ဤအခဏ်း၌ ထူးရာမျှကိုသာ ရေးလိုက်သည်၊ အကြွင်းကို နောက်ပြန်ကြည့်ပါ။

သုဏာသိနာဂ။ ။နာဂ၊ လောင်း။ တွံ၊ သင်သည်။ မမ၊အန္တရာယိကဓမ္မပုစ္ဆက သမ္မုတိရသော ငါ၏။ ဝစနံ၊ ကို။ သုဏာသိ၊ သတိထား၍ နားေ ထောင်။

အယံတေ (ပ) ယံဓမ္မဇာတံ၊ သည်။ တေ၊ ၏။ သရီရေ၊ ၌။ ဇာတံ၊ ရှိတတ်၏။ တံဓမ္မဇာတံ၊ ကို။ အဟံ၊ ငါသည်။ ဝါ-ငါက။ ပုစ္ဆာမိ၊ မေးပေအံ့။ သန္တံ(ပ)နတ္ထီတိ၊ ဟူ၍။ တယာဝတ္တဗ္ဗံ၊ ရမည်။ နာဂ၊ လောင်း။ တေ၊ ၏။ သရီရေ၊ ၌။ ဧဝရူပါ၊ သော။ အာဗာဓာ၊ တို့သည်။ သန္တိ၊ ရှိကုန်သလော။

ကုဋ္ဌံ၊ နူနာသည်။ အတ္ထိ၊ ရှိသလော။ ။"နတ္ထိဘန္တေ"ဟုဆို။ ဂဏ္ဍော၊ သည်။ အတ္ထိ၊ လော။ ။နတ္ထိဘန္တေ။ ။(ပ)တွံ၊သည်။ မနုဿော၊ သည်။ အသိ၊ဖြစ်၏လော။ ။"အာမဘန္တေ"ဟုဆို။ (ပ) ကောနာမော၊ နည်း။ ။"ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ"ဟုဆို။

အမှာ။ ။ဤနေရာ၌ အမည် မိန့်မှတ်ချက် စကားတွဲကို အပိုဆိုနေရန် မလိုချေ၊ မှန်၏ ဤပုဗ္ဗကိစ္စ အခဏ်း၌ လိုရင်းကိစ္စ ပြီးရုံသက် ဖွဲ့ နွဲ့သိုင်းဝန်းနေပြီးလျှင် အချိန်ပိုတွေ ကုန်မသွားစေ သင့်ပါ။ သတိပြုပါလေ။ မြတ်စွာ ဘုရားသည်လည်း ကျယ်ပွား ခြင်း မရှိသည်ကိုသာ ချီးမွမ်းတော်မူ၏။

ဝဏ္ဏိတံ နိပ္ပပဉ္စင်၊ ကိလမထ ပဟာယိယာ။

တတော တဿ သာသနမှိ ပပဉ္စော ကိလမော န ဟိ။ ။

(ဆရာတော် ဦးဇုမ်)

ပဓာန ကိစ္စခေါ် ဥဒ္ဒေါတ္တိစတုက္က
ဥပသမ္ပဒကမ္မဝါစာဘတ်ပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အယံနာဂေါ(ပ)ဝေမေတံ ဓာရယာမိ၊(ဤပဓာနကိစ္စ၌ ၃-ပါးတွဲ၍ ဘတ်ခြင်းသည် သာလွန်၍ ကောင်းမွန်သင့်မြတ်လှပေသည်။)

မှတ်ချက်။ ။ဤပဓာန ကိစ္စ၌ အနည်းဆုံး (၃) ကြိမ်အထိ ဘတ်ပါ၊ မိမိသည် ညောင်လွန့်တောရ ကျောင်းတိုက်ကြီးအတွင်းရှိ ခဏ္ဍသိမ်၌ရဟန်းခံစဉ်က ကျေးဇူးရှင် ဆရာတော်သည် ၅-ကြိမ် အထိ စီစဉ်၍ ဘတ်စေတော်မူသည်၊ ဆရာတော်ကြီး ဦးကျောက်ခဲ နှင့် ရွှေရေးဆောင်ဆရာတော်ဘုရားကြီးကား ၇-ကြိမ်အထိဘတ်မှ ကျေနပ်တော်မူသည်ဟု ကျေးဇူးရှင် ဆရာတော်မိန့်ဘူး၏။ သို့ဖြစ်၍ ပဓာန ကိစ္စအခါ်းမှာ ခပ်ပေါ့ပေါ့ လုပ်ကြခြင်းများကို ရှောင်ရှားသင့်ကြပေသည်၊ သတိပြု။

အပရကိစ္စခေါ် ဩဝါဒကြားပုံ

အမှာ။ ။ဤဩဝါဒခါ်း၌ မည်သည့်စာအုပ်မှ မရေးဘူးသေးသော ခေတ်အမှီဆုံး, အတိုဆုံးနည်းကို ထွင်ထားပါသည်၊ ဤနည်းကို အသုံးပြုနိုင်ကြပါစေ။

တာဝဒေဝ (ပ) သင်္ဂီတိ အာစိက္ခိတဗ္ဗာတိ — အာစိက္ခိတဗ္ဗာ၊ ဟူ၍။ ဝစနတော၊ မဟာဝါ(ပ)ဟောကြားတော်မူခြင်းကြောင့်။ နဝ ပဗ္ဗဇိတ၊ ငါ့ရှင် ပဉ္စင်းသစ်။အဟံ၊ငါသည်။တေ၊ ဆာယာ မေတဗ္ဗာဒိံ ၊ ထိုအရိပ်ဖဝါးတိုင်းပုံ၊ (အချိန်,နာရီ မှတ်သားပုံ) အစ ရှိသော “ရဟန်းရက်ချုပ် မှတ်ပုံတင် စာတမ်း”ကို။ အာစိက္ခာမိ၊ သိမ်မှမထွက်သေးမီပင် ဘတ်၍ ပြောကြားပေအံ့။ တွံ၊ သင်သည်။

သာဓုကာ၊ ကောင်းစွာ။ ဥပလက္ခေဟိ၊ မှတ်ထားပါလော့။ ဥပဓာရေဟိ၊ ဆောင်ထားပါလော့။

ရဟန်းရက်ချုပ် မှတ်ပုံတင်စာတမ်း

ဘြိဥက္ကဌ၊သုံးလူ့ဘ၏သုံးဝသာသနာ၊ထွန်းစိမ့်ငှါဟု၊ ရည်သန်ပြုလျက်၊ ယခုအခါ၊ ဤပြည်ထောင်စု မြန်မာနိုင်ငံ၊ တောင်ငူခရိုင်၊ ရေနီမြို့၊ ရိပ်သာကျောင်းတိုက် အတွင်းဝယ် " သာသနဝိပုလာကာရီ "အမည်ရှိသော ခဏ္ဍသိမ်တော်မြတ်၌ (၃၃) ပါးသော သံဃာတော် အရှင်မြတ်တို့သည် အညီအညွတ် စည်းဝေးတော်မူကြပြီးလျှင် ရေနီမြို့-ရိပ်သာကျောင်းတိုက်၊ ပဓာနနာယကအရှင်ဦးရိပ်သာဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု၍—

ပဌမကမ္မဝါစာ ဆရာတော်များ

၁။ ....

၂။ ....

၃။ ....

ဒုတိယကမ္မဝါစာဆရာတော်များ

၁။ ....

၂။ ....

၃။ ....

တတိယ ကမ္မဝါစာ ဆရာတော်များ

၁။ ....

၂။ ....

၃။ ....

(အနည်းဆုံး ၃-ကြိမ် အထိ ဘတ်။)

ဤဆရာတော် အရှင်မြတ်တို့သည် ဉာတ္တိစတုတ္ထ ဥပသမ္ပဒကမ္မဝါစာကို ဌာန် - ကရိုဏ်း - ပယတ်၊ ဗျဉ္ဇနဗုဒ္ဓိတို့နှင့် ညီညွတ်စွာ ရွတ်ဘတ် ချီးမြှောက်တော်မူကြသဖြင့် ရိပ်သာ ကျောင်းတိုက်နေ ရဟန်းလောင်း(ရှင်မမ္မဃောသ)သည် သာသနာတော်(၂၅၁၁)ခု၊ ကောဇာသက္ကရာဇ်(၁၃၂၉)ခု၊ ဥတုဟေမန္တ၊ နတ္တော်လပြည့်ကျော်(၁၂)ရက်၊(၂၈-၁၂-၁၉၆၇) ကြာသပတေးနေ့၊ နံနက်(   )နာရီ(   )မိနစ်(   )ဖဝါးအချိန်တွင် ရဟန်းအဖြစ်သို့ ရောက်လေသည်။ ။ဗုဒ္ဓမြတ်စွာ သာသနာကျိုးကို သည်ပိုး ရွက်ဆောင်နိုင်ပါစေသတည်း။

ဘတ္တာရောနိဿယာ အာစိက္ခိတဗ္ဗာတိ — အာစိက္ခိတဗ္ဗာဟူ၍။ ဝစနတော၊ မဟာဝါ(ပ) ဟောကြားတော် မူခြင်းကြောင့်။ နဝ ပဗ္ဗဇိတ၊ ငါ့ရှင်ပဉ္စင်းသစ်။အဟံ၊ ငါသည်။စတ္တာရောနိဿယေ၊ မှီရာပစ္စည်း (၄)ပါးတို့ကို။ အာစိက္ခာမိ၊ ပြောကြားပေအံ့။ တွံ၊ သည်။ သာဓုကံ၊ စွာ။ သံလက္ခေဟိ၊ မှတ်ထားပါလော့။

မြန်မာဘာသာသက်သက်
မှီရာပစ္စည်း ၄-ပါးကိုပြောကြားပုံ

၁။ ငါ့ရှင်ပဉ္စင်းသစ် "ပိဏ္ဍိယာလောပ ဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ"အစရှိသော စကားကို မြတ်စွာဘုရား ဟောကြားတော်မူသဖြင့် ငါ့ရှင်သည် ဆွမ်းခံ၍ စားမှုကို သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး ပြုရမည်။ ။

အာမဘန္တေ-ဟုဆို။

သို့ရာတွင် ငါ့ရှင်အား လာဘ်လာဘ ပေါများခဲ့သော် လာရောက်၍လှူသောဆွမ်း၊ပင့်ဖိတ်၍လှူသောဆွမ်းများကိုလည်းဘုဉ်းပေး သုံးဆောင်နိုင်ပါသေးသည်၊ ဘုဉ်းပေး သုံးဆောင်ဦးလေ။

အာမ ဘန္တေ။

၂။ ငါ့ရှင်ပဉ္စင်းသင် "ပံသုကူလ စီဝရံ နိဿာယ ပဗ္ဗဇ္ဇာ" အစရှိသောစကားကို မြတ်စွာဘုရား ဟောကြားတော်မူသဖြင့် ငါ့ရှင်သည် ပံသုကူသင်္ကန်း ကောက်ယူ၍ ဝတ်မှုကို သိက္ခာပုဒ်တော်ကိုယ်၌ တည်သမျှကာလပတ်လုံး ပြုရမည်။

အာမ ဘန္တေ။

သို့ရာတွင် ငါ့ရှင်အား လာဘ်လာဘပေါ်များခဲ့သော်၊ ဒုကာဒုကာပသသော သင်္ကန်းအမျိုးမျိုးကိုလည်း ဝတ်ရုံသုံးဆောင်နိုင်ပါသေးသည်၊ ဝတ်ရုံသုံးဆောင်ဦးလေ။

အာမ ဘန္တေ။

၃။ ငါ့ရှင်ပဉ္စင်းသင် "ရုက္ခမူလသေနာသနံ နိဿာယပဗ္ဗဇ္ဇာ" အစရှိသော စကားကို မြတ်စွာဘုရား ဟောကြားတော်မူသဖြင့် ငါ့ရှင်သည် သစ်ပင်ရင်းဟူသော ကျောင်း၌ နေထိုင်မှုကို သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး ပြုရမည်။

အာမ ဘန္တေ။

သို့ရာတွင် ငါ့ရှင်အား လာဘ်လာဘပေါ်များခဲ့သော်၊ ဒုကာဒုကာမဆောက်လုပ်သော ကျောင်း အမျိုးမျိုး၌လည်း နေထိုင်သုံးဆောင်နိုင်ပါသေးသည်၊ နေထိုင် သုံးဆောင်ဦးလေ။

အာမ ဘန္တေ။

၄။ ငါ့ရှင်ပဉ္စင်းသင် "ပူတိ မုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ" အစရှိသော စကားကို မြတ်စွာဘုရား ဟောကြားတော်မူသဖြင့် ငါ့ရှင်သည် နွားကျင်ငယ်ပုပ် တည်းဟူသော ဆေးကို မှီဝဲမှုကို သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး ပြုရမည်။

အာမ ဘန္တေ။

သို့ရာတွင် ငါ့ရှင်အား လာဘ်လာဘ ပေါများခဲ့သော်၊ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ စသော ဆေးများကိုလည်း မှီဝဲ သုံးဆောင်နိုင်ပါသေးသည်၊ မှီဝဲသုံးဆောင်ဦးလော။

အာမ ဘန္တေ။

စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိတိ၊ အာစိက္ခိတဗ္ဗာနိ ဟူ၍။ ဝစနတော၊ မဟာဝါ(ပ)ဟောကြားတော်မူခြင်းကြောင့်။ နဝပဗ္ဗဇိတ၊ ငါ့ရှင်ပဉ္စင်းသစ်။ အဟံ၊ သည်။ စတ္တာရိ အကရဏီယာနိ၊ မပြုအပ်သော အမှု(၄)ပါးတို့ကို။ အာစိက္ခာမိ၊ အံ့။ တံ့၊ သည်။ သာဓုကံ၊ စွာ။ သံလက္ခေဟိ၊ မှတ်ထားပါလော့။

မြန်မာဘာသာ သက်သက်
မပြုအပ်သောအမှု ၄-ပါးကို ပြောကြားမှု

၁။ ငါ့ရှင် ပဉ္စင်းသစ်....“ဥပသမ္ပန္နေန ဘိက္ခုနာ မေထုနော ဓမ္မော န ပဋိသေဝိတဗ္ဗော” အစရှိသောစကားကို မြတ်စွာဘုရား ပညတ်တော်မူခြင်းကြောင့်၊ ရဟန်းသည် မေထုန်မှီဝဲသည်ရှိသော် ရဟန်းမဟုတ်တော့ချေ၊ ထို့ကြောင့်-ငါ့ရှင်သည် မေထုန်မှီဝဲမှုကို သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး မပြုနှင့်။

အာမ ဘန္တေ-ဟု ဆို။

၂။ ငါ့ရှင် ပဉ္စင်းသစ် .... “ဥပသမ္ပန္နေန ဘိက္ခုနာ အဒိန္နံ ထေယျသင်္ခါတံ န အာဒါတဗ္ဗံ” အစရှိသော (ပ) ပညတ်တော်မူခြင်းကြောင့်၊ ရဟန်းသည် တမတ်-တမတ်က အထက်ဖြစ်သော သူတပါးပိုင် အကပ္ပိယဥစ္စာ-ကပ္ပိယဥစ္စာကို ခိုးယူသည် ရှိသော် ရဟန်းမဟုတ်တော့ချေ၊ ထို့ကြောင့်-ငါ့ရှင်သည် သူတပါးပိုင်ဥစ္စာ ခိုးယူမှုကို သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှကာလပတ်လုံးမပြုနှင့်။

အာမ ဘန္တေ။

၃။ ငါ့ရှင် ပဥ္စင်းသစ် .... "ဥပသမ္ပန္နေန ဘိက္ခုနာ သဉ္စိစ္စ ပါဏော ဇီဝိတာ န ဝေါရောပေတဗ္ဗော" အစရှိသော စကားကို (ပ) ပညတ်တော် မူခြင်းကြောင့်၊ ရဟန်းသည် သေစေလိုသော စိတ်ဖြင့် လူဇာတ်ရှိသော သူ၏ကိုယ်ကို သတ်သည်ရှိသော် ရဟန်း မဟုတ်တော့ချေ၊ ထိုကြောင့် - ငါ့ရှင်သည် သူ့အသက် သတ်မှုကို သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး မပြုနှင့်။

အာမ ဘန္တေ။

၄။ ငါ့ရှင် ပဥ္စင်းသစ်...."ဥပသမ္ပန္နေန ဘိက္ခုနာ ဥတ္တရိမနုဿ ဓမ္မော န ဥလ္လပိတဗ္ဗော" အစရှိသောစကား (ပ) ပညတ်တော်မူခြင်း ကြောင့်၊ ရဟန်းသည် မဟုတ်မမှန် ဝ ကြွား-လှည့်စား၍၊ ဈာန်-မဂ်-ဖိုလ်တရားကို ရ၏-သိ၏-မြင်၏ ဟု ပြောကြားသည်ရှိသော် ရဟန်းမဟုတ်တော့ချေ၊ ထို့ကြောင့် - ငါ့ရှင်သည် ဈာန်-မဂ်-ဖိုလ် တရားကို မရဘဲလျက် ရ၏-ဟု မဟုတ်မမှန် ဝ ကြွား-လှည့်စား၍ ပြောကြားမှုကို သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး မပြုနှင့်။

အာမ ဘန္တေ။

ဤတွင်-တပါးတည်း ရဟန်းခံပုံပြီး၏။

ဒွန်တွဲ ရဟန်းခံပုံ

မှတ်ချက်။ ။ဆရာ အစဉ်အဆက် ပြုလုပ်ရိုးထုံးစံ မရှိသောကြောင့် ရဟန်းလောင်း ၃ - ပါးက ပိုလွန်၍ ဒွန်တွဲမှုကို မပြုရဟု ကျေးဇူးရှင်မိန့်တော်မူသည်။ (ကျွန်း-လင်း-ဝဇိရဗုဒ္ဓိ)

ဤသို့ ဒွန်တွဲရဟန်းခံရာ၌ ဉာတ်များနှင့် ဥပသမ္ပဒဉာတ်, ကမ္မဝါစာတို့ကို ချန်ထား၍ ကျန်သော အရာကို၌ကား ပဗ္ဗဇ္ဇာကိစ္စ၌ရှိသာန

အသီးအသီးဖြစ်သောကြောင့် အသီးအသီးရွတ်ဘတ်ခြင်းငှါ ဒိုင်း၊ ပေါင်း၍ (ဗဟုပုစ်ဖြင့်) ရွတ်ဘတ်ဖြင်းငှါဒိုင်း၊ အပ်သည်သာဟု မှတ်ရမည်။

အမှာ။ ။ဤဒွန်တွဲ ရဟန်းခံပုံ၌ အနက်များကို အကျဉ်းမျှသာ ရေးသားထားသည့်ပြင်၊ နည်းရလောက်အောင် ထူးရာပုဒ်ကိုသာ ထုတ်ပြထားပါသည်။

အမည်သစ် မှည့်ပုံ

ဥာတ်-ကမ္မဝါစာတို့၌ ရဟန်းလောင်းတို့၏အမည်ကို လွယ်ကူစွာ ဘတ်နိုင်စေခြင်းအကျိုးငှါ၊ရဟန်းလောင်းတို့ကို အစဉ်အတိုင်း "နာဂ" ဟု မှည့်သမုတ်ပ ၏၊ ရဟန်းလောင်းတို့က မိမိ-မိမိ၏ အမည်ကို အစဉ်အတိုင်း"နာဂ"ဟု မှတ်ကြ၊ သံဃာတော်များကလည်း ရဟန်းလောင်းတို့၏ အမည်ကို အစဉ်အတိုင်း "နာဂ"ဟု မှတ်တော်မူကြပါ၊ ဥာတ် - ကမ္မဝါစာတို့၌ ရဟန်းလောင်းတို့၏ အမည်ကို အစဉ်အတိုင်း "နာဂ"ဟု ဘတ်တော်မူကြပါ။

(ဥပဇ္ဈာယ်၏အမည်သစ်ကိုကား ရှေးနည်းတူမှည့်ပါလေ။)

"ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော" (၃-ပါးဘတ်)။ ။ နာဂါ၊နာဂအမည်ရှိသောပဥ္စင်းလောင်းတို့"ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗောတိ"ဂါဟာပေတဗ္ဗော ဟူ၍။ ဝစနတော၊မြတ်စွာဘုရားဟောကြားတော် မူခြင်းကြောင့်။ တုမှေ၊ သင်တို့သည်။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂဏှထ၊ ယူကြကုန်လော့။ (ထုံးစံ အတိုင်း-ဥပဇ္ဈာယ် ယူစေ)

"ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ" (၃-ပါးဘတ်)။ ။နာဂါ၊တို့။"ဥပဇ္ဈံ(ပ)တဗ္ဗန္တိ"တဗ္ဗံဟူ၍။ ဝစနတော၊ ကြောင့်။ တုမှာကံ၊ပတ္တစီဝရံ၊အာစိက္ခာမိ၊ ပြောကြားပေအံ့။ ။

နာဂေါ၊တို့။ လူမော၊ ဤသပိတ်တို့သည်ကား။ တုမှာကံ၊တို့၏။ ပတ္တာ၊ သပိတ်တို့တည်း။

အာမ ဘန္တေ-ဟု ဆိုကြ။

လူမာ၊ ဤ ဒုကုဋ္ဌ တို့သည်ကား။ ဘုမှာကံ သံဃာဋိသော၊ တို့တည်း။

အာမ ဘန္တေ။

လူမေ တုမှာကံ ဥတ္တရာသင်္ဂါ။

အာမ ဘန္တေ။

လူမေ တုမှာကံ အန္တရဝါသကာ။

အာမ ဘန္တေ။

"ဂစ္ဆထ အမုမှိ (ပ) တိဋ္ဌထ"(၃-ပါးဘတ်)။ ။

နာဂေါ၊ တို့။ တုမှေ လူတော သံဃမဇ္ဈတော ဂစ္ဆထ အမုမှိ (ပ)တိဋ္ဌထ၊ ရပ်တည်ကြဦးလော့။

"သုဏာတု မေ (ပ) နာဂေါစ နာဂေါစ အာယသ္မတော (ပ) အဟံ နာဂံစ နာဂံစ အနုသာသေယျံ။ (၃-ပါးဘတ်)။

အမှာ။ ။ရဟန်း လောင်း ၃-ပါး တွဲ လျှင် နာဂေါစ-၃-ကြိမ်ဘတ်။

ဆုံးမပုံ အခန်း

အမှာ။ ။ဤ အခန်း၌ အနက်များကို ရှေး-တပါးတည်း ရဟန်းခံပုံကအတိုင်း မှတ်ယူပါ၊ ဗဟုဝုစ် ပြင်ထား၍ ဗဟုဝုစ် ပြောင်းဆိုရန်သာ ထူးသည်။

သုဏာထနာဂါ။ ။နာဂါ၊တို့။တုမှေ မမ ဝစနံ သုဏာထ၊ အယံ တုမှာကံ သစ္စကာလော၊ ဘူတကာလော။ ယံ ခမ္မဇာတံ တုမှာကံ သရိရေသု ဇာတံ၊ တတ်၏။ တံ ခမ္မဇာတံ သံဃမဇ္ဈေ-

တုမှေသု၊ တို့ကို။ ပုစ္ဆန္တေသု-ပုစ္ဆိယမာနေသု၊ အပ်ကုန်သည်ရှိသော်။ သန္တံ (ပ) တုမှေဟိ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။ နာဂါ တုမှေ မာခေါ ဝိတ္ထာနော အဟုဝတ္ထ၊ မကြောက်ကြကုန်လင့်။ တုမှေ မာခေါ မင်္ကူ အဟုဝတ္ထ၊ မရှက်ကြကုန်လင့်။ (ပ) နာဂါ တုမှာကံ သရိရေသု ကဍ္ဍုံ၊ သည်။ အတ္ထိ၊ လော။ ဧဝံပုစ္ဆိဿန္တိ၊ ဧဝံ ပုစ္ဆန္တေသု၊ သော်။ နတ္ထိ ဘန္တေတိ တုမှေဟိ ဝတ္တဗ္ဗံ၊ မည်။ ဂဏ္ဍော (ပ) ကိလာသော (ပ) သောသော (ပ) အပမာရော (ပ-) နတ္ထိ ဘန္တေတိ တုမှေဟိ ဝတ္တဗ္ဗံ၊ ရမည်။

နာဂါ တုမှေ မနုဿာ၊ တို့သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ဧဝံ ပုစ္ဆိဿန္တိ၊ ဧဝံ ပုစ္ဆန္တေသု၊ သော်။ အာမ ဘန္တေတိ တုမှေဟိ ဝတ္တဗ္ဗံ။ တုမှေ ပုရိသာ အတ္ထ (ပ) ဘုဇိဿာ အတ္ထ (ပ) အနဏာ အတ္ထ (ပ) ရာဇဘဋ္ဋာ န အတ္ထ၊ မဖြစ်ကုန်၏လော။ (ပ) အာမ ဘန္တေတိ တုမှေဟိ ဝတ္တဗ္ဗံ။ တုမှေ မာတာပိတူဟိ အနုညာတာ အတ္ထ (ပ) တုမှေ ပရိပုဏ္ဏဝီသတိဝဿာ အတ္ထ (ပ) တုမှာကံ၊ အား။ ဝါ-၏။ ပတ္တစီဝရာနိ၊ သပိတ်သင်္ကန်းတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်စုံကုန်၏လော့။ (ပ) အာမ ဘန္တေတိ တုမှေဟိ ဝတ္တဗ္ဗံ။ ။နာဂါ တုမှေ ကိံနာမာ အတ္ထ (ပ) အဟံ ဘန္တေ နာဂေါနာမာတိ၊ နာမ ဟူ၍။ တုမှေဟိ ဝတ္တဗ္ဗံ။ တုမှာကံ၊ တို့၏။ ဥပဇ္ဈာယော ကောနာမော (ပ) ဥပဇ္ဈာယော (ပ) နာမာတိ တုမှေဟိ ဝတ္တဗ္ဗံ။ ။ နာဂါ တုမှေ ဣဓ တိဋ္ဌထ၊ တခဏခန့် ဆိုင်းငံ့၍ ရပ်တည်ရာကြကုန်ဦးလော့။

သုဏာတု (ပ) နာဂေါ စ နာဂေါ စ အာယသ္မတော (ပ) အနုသိဋ္ဌော သော စ သော စ မယာ၊ ယဒိသံဃဿ (ပ) နာဂေါ စ နာဂေါ စ အာဂစ္ဆေယျ။ (၃-ပါးဘတ်)

မှတ်ချက်။ ။သောဝ - သောဝ ၌ သော - မှာ သဗ္ဗနာမ်ပုဒ် ဖြင့်၍၊ နာဂေ ါစ-နာဂေ ါစ ဟု သရုပ်အားဖြင့် ပြအပ်ပြီးသည်ကို “သောသဗ္ဗော”ဟု စွဲယူသင့်သောကြောင့် “သောဝ-သောဝ” ဟု ၂-ကြိမ်မဆိုမိဘဲ၊ သော-ဟုသာဆိုမိသော်လည်း အပြစ်မရှိနိုင်ပေ၊ အဘယ့်ကြောင့်နည်းဟူမူ-ဗုဒ္ဓဝင်၌“သာဝ ဣဓ္ဓိ သောဝ ယသော တာနိစ ပါဒေသု စက္ကရတနာနိ၊သဗ္ဗံ တမနန္တရဟိတံ”ဟူ၍၊ သာဝ သောဝ တာနိစ-ဟု သရုပ်အားဖြင့် ပြအပ်ပြီးသည်ကို သဗ္ဗံ တံ-ဟု စွဲယူထားသည်ကိုတွေ့ရသောကြောင့်တည်း-ဟု မဟာဝိဇီတာရာမ ဆရာတော်ဘုရားကြီး အမိန့်တော်ရှိကြောင်း မိုးနံကုန်းဆရာတော် ဘုရားကြီးမိန့်တော်မူ၏။ (တိပိဋက ပကိဏ္ဏကဒီပနီကျမ်း-ပ-၂၁၉)

ကန်ဦးဆရာတော်လည်း ဤအတိုင်းမိန့်၏၊ (၎င်း၏ သိထိလာ ဒိက ဘာဏီနိကျမ်း)သို့သော်လည်း ယုံမှားခြင်းအထူးပျောက်စေ ရန် သောဝ-သောဝ ဟုပင် ဘတ်ရမည်။ (ကျေး-မိုး)

, နာဂါ၊ တို့။ ဣဒါနိ တုမှာကံ ဥပသမ္ပဒ ယာစနကာလော အနုပ္ပတ္တော၊ တုမ္ဟေ ဣမံ သံဃမဇ္ဈေ အာဂစ္ဆထ။

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ (ပ) ဥပါဒယ။ ။ဒုတာ။

သုဏာတု(ပ)အယံနာဂေ ါစ အယံနာဂေ ါစ အာယသ္မတော (ပ) အဟံ နာဂံစ နာဂံစ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

(၃-ပါးဘတ်)

မေးစိစစ်ပုံအခဏ်း

အမှာ။ ။ဤအခဏ်း၌ ထူးရာမျှကိုသာ ရေးလိုက်ပါသည်။

သုဏာထ နာဂါ။ ။နာဂါ တုမ္ဟေ မမဝစနံ သုဏာထ။ အယံ တုမှာကံ သစ္စ (ပ) သန္တိ၊ လေ့။

ကဋ္ဌံ အတ္ထိ၊ သလော။ (နတ္ထိ ဘန္တေ) ဂဏ္ဍော အတ္ထိ (နတ္ထိ ဘန္တေ (ပ) ဥပဇ္ဈာယော (ပ) နာမ။

ကေဝုစ်ဒွန် ဥပသမ္ပဒကမ္မဝါစာ

အမှာ။ ။ဤ ပဓာနကိစ္စအခါ၌ ကမ္မဝါစာဆရာ ၃-ပါး တွဲ၍ဘတ်လျှင်၊ သာ၍ပင်ကောင်းမွန်လှပါသည်။ ရဟန်းလောင်း ၃-ပါးတွဲလျှင်၊နာဂေါစ-ကို ၃-ကြိမ်ထည့်ဘတ်ပါ။ ဤ၌ ဒွန်တွဲ ရသောပုဒ်များလောက်ကိုသာ ပြဆိုလိုက်ပါသည်၊ မပါသောပုဒ် များကို ရိုးရိုးတပ းတည်း ရဟန်းခံသော ကမ္မဝါစာအတိုင်း ယူ ပါလေ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါစ အယံ နာဂေါစ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော၊ ပရိ သုဒ္ဓေါ (ပ) ပရိပုဏ္ဏံ အဿစ အဿစ ပတ္တစီဝရံ၊ နာဂေါစ နာဂေါစ သံဃံ ဥပသမ္ပဒံ ယာစတိ (ပ) သံဃော နာဂံစ နာဂံစ ဥပသမ္ပာဒေယျ (ပ) သော ဉာတ္တိ။ ။

သုဏာတု မေ (ပ) အယံနာဂေါစ အယံနာဂေါစ အာယသ္မ တော(ပ)ပရိပုဏ္ဏံ အဿစ အဿစ ပတ္တစီဝရံ နာဂေါစ နာဂေါစ သံဃံ (ပ) သံဃော နာဂံစ နာဂံစ ဥပသမ္ပာဒေတိ (ပ) နာဂဿစ နာဂဿစ ဥပသမ္ပဒါ (ပ) သောယျ။ ။ဒု၊ တ၊ (ပ) ဥပသမ္ပန္နော (ပ) နာဂေါစ နာဂေါစ (ပ) ဓာရယာမိ။ ။

ဤဘတ်နည်းကား "အယံဗုဒ္ဓရက္ခိတောစ အယံဓမ္မရက္ခိတောစ အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါ ပေက္ခောတိ အာဒိနာ (ပ)နယော ဒဋ္ဌဗ္ဗော"ဟူသော ဝိမတိဋီကာနှင့် အညီ ပဓာနပုဒ်၌ စသဒ္ဒါယှဉ်၍ ဘတ်အပ်သောကျေးဇူးရှင်ညောင်လွန့်တောရဆရာ တော်နှင့် ၎င်းတောရ ဒုတိယ-ပဉ္စမ မိုးနံကုန်းဆရာတော်ဘုရားကြီး များ၊ မန္တလေးဘုရားကြီး ဆရာတော်ကြီးများ၏ နည်းဖြစ်သည်။

ဤ၌ "ပရိပုဏ္ဏသာသစ အဿာစ" ဟုဘတ်ရန် ဘုရားကြီးတိုက် ဆရာဦးနာဂဒမိန့်၏။ "ပရိပုဏ္ဏံ အဿာစ အဿာစ" ဟုဘတ်ရန် ကျေး-ဒု-မိုးတို့မိန့်၏။

"အယဉ္စ ပီတိ ဣဒဉ္စသုခံ အဿာ စျာနဿ အသ္မိံ ဝါ စျာနေ အတ္ထိ တိ ဣဒံစျာနံ ပီတိသုခန္တိ ဝုစ္စတိ" ဟူသော အဋ္ဌသာလိနီအဋ္ဌကထာနှင့်အညီ "အယဉ္စ နာဂေါ" ဟူ၍ငင်း၊ "အယံစ နာဂေါ" ဟူ၍ငင်း (ဝဂ္ဂန္တ-နိဂ္ဂဟိတန္တ ၂-မျိုး) အပမာနပုဒ်၌ စ,ယဉ်၍လည်း ဘတ်တော်မူကြသည်။ ။(အဘယာရာမ ဆရာတော်စသည်)

ဤဘတ်နည်းကို ဒွန်ကေဝုစ်ဘတ်နည်းဟူ၍ငင်း၊ စယသိတန္တ ဘတ်နည်းဟူ၍ငင်း ခေါ်ဆိုကြသည်။ ၎င်း အဋ္ဌသာလိနီ၊ အဋ္ဌကထာစသည်တို့ကို ထောက်၍ပင် ဒွန်ကေငုင်ဘတ်နည်းရှိကြောင်းကိုလည်း သိရလေသည်။

ဗဟုဝုစ်ဒွန်ကမ္မဝါစာ

သုဏာတု မေ (ပ) ဣမေ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ ပရိသုဒ္ဓါ (ပ) ပရိပုဏ္ဏာမေသံ ပတ္တစီဝရံ၊ နာဂါ (ပ) ယာစန္တိ သံဃော နာဂေ (ပ) ဉတ္တိ။ (ဉတ်)

ကမ္မဝါ၌ကား "နာဂါနံ" "ဥပသမ္ပန္နာ" သံဃေန "နာဂါ" ၎င်းပုဒ်တို့သာထူးသည်။ "ပရိပုဏ္ဏံ ဣမေသံ" ဟုလည်း ဘတ်နိုင်သည်။ ။(ကျေး မိန့်။)

ဤဘတ်နည်းကား—ပါရာဇိကဏ်ပါဠိတော်၊ စူဠဝါပါဠိတော်လာ ကမ္မဝါစာများကို နည်းမှီး၍ ပခုက္ကူ ဆရာတော်ဘုရားကြီးများ ဘတ်တော်မူကြသော နည်းဖြစ်သည်၊ ၎င်းနည်းကို ဗဟုဝုစ်ဒွန် ဘတ်နည်းဟူ၍ငင်း၊ အင်္ဂသိတဒွန် ဘတ်နည်းဟူ၍ငင်း ခေါ်ဆိုကြသည်။ ။ဉတ် ကမ္မဝါစာတို့ကို ချန်လှပ်၍ ကြွင်းသော

ဥပဇ္ဈာယ်ယူခဏ်း, ဆုံးမခဏ်း, မေးစစ်ခဏ်းဆုံးအောင် ရဟန်းလောင်း ရှိသမျှတရာပင်ဖြစ်သော်လည်း တပေါင်းတည်း ပြုလုပ်နိုင်သည်ဟု ကျေးဇူးရှင်များ မိန့်တော်မူကြသည်။

အမှာ။ ။ဒွန်ဘတ်နည်း ၂-မျိုးလုံးပင် ရဟန်းလောင်းမှာ ၃-ပါးကပိုလွန်၍ မတွဲကြပေ၊ ဤဝိ-ဝိနယပါဠိအဋ္ဌကထာများမှာ ရဟန်းလောင်း ၂-ပါး, ၃-ပါး ဒွန်တွဲ၍ဘတ်ပုံ ကမ္မဝါစာ တိုက်ရိုက်မပြပေ၊ ဝိမတိဋီကာ၌ အမြွက်မျှပြသည်၊ ထို့ကြောင့် အာစရိယဝါဒနှင့်တကွ သဒ္ဒယုတ္တိ-အတ္ထယုတ္တိရှိရှိနှင့် အလိုရှိသလိုပင် ပြင်ဆင် ဘတ်နိုင်သည် ဟူ၍ မှတ်ရာ၏။ ။ထိုအပြင် ဒွန်ဘတ်နည်း ၃-မျိုးနှင့် အဆုံးအဖြတ် အကျယ်ကို ဤစာရေးသူ၏ "ကမ္မဝါစာ ဘတ်ပုံ-ဘတ်နည်းကျမ်း"၌ ယူပါလေ။

ဤတွင်-ဒွန်တွဲ၍ရဟန်းခံပုံပြီး၏။

ရဟန်းခံနည်း အမျိုးမျိုး

၁။ ဥပဇ္ဈာယ် တပါးတည်းထား၍ ပဉ္စင်းလောင်း တပါးတည်းကို ကမ္မဝါစာဆရာ တပါးတည်းဖြစ်စေ၊ ၂-ပါး၊ ၃-ပါး တွဲ၍ဖြစ်စေ ဘတ်၍ ရဟန်းခံသောနည်းလည်း အပ်သည်သာ။

သာဓက။ ။ဘေန ခေါ ပန သမယေန အာယသ္မတော(ပ)အနုဿာဝေတုတိ။ ။(မဟာဝါပါဠိ-၁၃၅),

ဤကား ထုံးစံအတိုင်း ရိုးရိုးရဟန်းခံနည်းတည်း။

၂။ ဥပဇ္ဈာယ် တပါးတည်းထား၍ ပဉ္စင်းလောင်း ၂-ပါး၊ ၃-ပါး ဒွန်တွဲပြီး ကမ္မဝါစာဆရာ တပါးတည်းဖြစ်စေ၊ ၂-ပါး၊ ၃-ပါးဖြစ်စေ ဘတ်၍ ရဟန်းခံသော (ဒွန်တွဲခံပုံ) နည်းလည်း အပ်သည်သာ။'

သာဓက။ ။အနုံဇာနာမိ ဘိက္ခဝေ ဒွေ တယော(ပ) ဧကေန ဥပဇ္ဈာယေန။ ။ (ၐင်းမဟာဝါပါဠိ-၁၃၅၊)
(ၐင်းအဋ္ဌကထာ-၂၆၂)

၃။ ဥပဇ္ဈာယ် တပါးတည်းထား၍ ပဥ္စင်းလောင်း ၂-ပါး၊ ၃-ပါး၊ ၄-ပါး၊ ၅-ပါး စသည်တို့ကို တပါး တပါးလျှင် ကမ္မဝါစာဆရာ တပါးစီ ဖြစ်စေ၊ ၂-ပါး၊ ၃-ပါးစီ တွဲ၍ဖြစ်စေ ကိုယ့်ပဥ္စင်းလောင်းကို ကိုယ်ငဲ့၍ (ဒုန်မဟုတ်ဘဲ) ရိုးရိုး ကမ္မဝါစာအတိုင်း တပြိုင်နက်ဘတ်၍ ရဟန်းခံသောနည်းလည်း အပ်သည်သာ။

သာဓက။ ။ဒွိ ဟိဝါ တိဟိဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ဧကဿာတိ(ပ)ကာတဗ္ဗာ။ ။
(ၐင်းအဋ္ဌကထာ-၂၆၃)

ဤနည်းကို ငဲ့ဘတ်သောနည်းဟု ခေါ်သည်၊ ဘတ်ခါနီး၌ ကိုယ့်ပဥ္စင်းလောင်းကို ကိုယ်ငဲ့၍ ဘတ်ရမည်ဟု ပြောကြားပါလေ။ ။(ကန်ဦးဆရာတော်-ပျော်ဘွယ်ခတာရဆရာတော်။)

၄။ ဥပဇ္ဈာယ်လည်း ၂-ပါး၊ ၃-ပါး၊ ၄-ပါး စသည်ထား၍၊ ပဥ္စင်းလောင်းလည်း ၂-ပါး၊ ၃-ပါး၊ ၄-ပါး စသည်ထားပြီး ကိုယ့် ဥပဇ္ဈာယ်၊ ကိုယ့် ပဥ္စင်းလောင်းနှင့်ကိုယ် အသီးသီး ခွဲခြားထားလျက် ကမ္မဝါစာဆရာ တပါးစီဖြစ်စေ၊ ၂-ပါး၊ ၃-ပါးစီ တွဲ၍ဖြစ်စေ အချင်းချင်းလည်း ဂိုဏ်းပြည့်သံဃာလုပ်ပြီး တပြိုင်နက် ရိုးရိုးကမ္မဝါစာဖြင့်ဘတ်၍ ရဟန်းခံသော နည်းလည်း အပ်သည်သာ။

သာဓက။ ။သစေပန နာနာစရိယာ နာနုပဇ္ဈာယာ (ပ)ဂဏှပူရကာဟောန္တိ ဝဋ္ဋတိ။ (ၐင်းအဋ္ဌကထာ-၂၆၃)

ဤကား အပ်သော ရဟန်းခံနည်း ၄-မျိုးတည်း။

ထိုသို့မဟုတ်ဘဲနှင့် ပဉ္စာယ် အသီးသီးထား၍ ပဥ္စင်းလောင်း ၂-ပါး၊ ၃-ပါးကို ကိုယ်ဥပဇ္ဈာယ်-ကိုယ့်ပဥ္စင်းလောင်းနှင့်ကိုယ် သီးခြားမပြုတော့ဘဲ ကမ္မဝါစာအရာ တပါးတည်းဖြစ်စေ၊ သို့မဟုတ် ၂-ပါး၊ ၃-ပါး တွဲ၍ဖြစ်စေ ဘတ်၍ ရဟန်းခံလျှင်ကား တပြိုင်နက်သောအခါ၌ ဥပဇ္ဈာယ် ၂-ပါး၊ ၃-ပါးတို့၏ အမည်ကို ဘတ်ခြင်းငှါ မတတ်ကောင်းရကား မအပ်ပေ။

သာဓက။ ။နတွေဝ နာနုပဇ္ဈာယေန။ ။
(မဟာဝါပါဠိ-၁၃၅)

သစေပန နာနာဥပဇ္ဈာယာဟောန္တိ၊ ကော အာစရိယော(ပ)နတွေဝ(ပ)နဝဋ္ဋတိ ။ (၎င်းအဋ္ဌကထာ ၂၆၃)

မှတ်ချက်။ ။ဥပဇ္ဈာယ်ကိုယ်တိုင် ပြန်၍ကမ္မဝါစာဘတ်ရာ၌ ပဌမအကြိမ် မဘတ်ဘဲ၊ ဒုတိယအကြိမ် စသည်များ၌သာ သရာ အစဉ်အဆက် ဘတ်ရိုးထုံးစံရှိသည်ဟု ကျေးဇူးရှင်မိန့်၏။
(သတိပြုပါ။)

* ဤ၌ ဥပဇ္ဈာယ်ကိုယ်တိုင် ကမ္မဝါစာပြန်၍ ဘတ်ကောင်းကြောင်း၊ ဥပဇ္ဈာယ်နှင့် ကသိန်ခံပုဂ္ဂိုလ်မှာ ဝတ္ထုမဟုတ်၍၊ ဝတ္ထုဝိပတ္တိ မဖြစ်သောကြောင့် သိမ်ထဲမလိုက်လည်း အမည်ထည့်ဘတ်လျှင် အပ်ကြောင်း၊ ဥပသမ္ပဒကံ၌ ရဟန်းလောင်းသာ ဝတ္ထုဖြစ်ကြောင်း၊ ကထိန်ကံ၌ သင်္ကန်းသာ ဝတ္ထုဖြစ်ကြောင်း၊ ဝိကပ္ပနာပြု၍ သုံးဆောင်ခဲ့လျှင် ကထိန်ခံပါနိုး အခင်္ဌာန်တင်၍ ပစ္စုဒ္ဓရဏ်ပြုမှု မလုပ်တော့ဘဲ သင်္ကန်းသစ်ကို အခင်္ဌာန်တင်၍သာ ကထိန်ခင်းနိုင်ကြောင်း အသုံးအဖြစ်များကို အနယ်နယ်မှမေးမြန်းသည့် ပုစ္ဆာများကို ဖြေကြားသောအားဖြင့် ရေးသားအပ်သော ဤစာရေးသူ၏ "ဝိနိစ္ဆယ ပကာသနီကျမ်း" "ပကိဏ္ဏက ဒီပကကျမ်း" ၌ ယူပါလေ။ ။**ရဟန်းခံနည်း အစကောင်းပြီး၏။**

(၄) သိမ်နုတ်-သိမ်သမုတ်နည်းအခက်း

သိမ်နုတ်ပုံ အစီအစဉ်

အယံ ဟိ သီမာနာမ ကမ္မဝါစာယ ဝါ အသိမာ ဟောတိ သာသနန္တရဓာနေန ဝါ၊ န စ သက္ကာ သိမံ အဇာနန္တေဟိ ကမ္မဝါစံ ကာတုံ၊ တသ္မာ န သမုဟနိတဗ္ဗာ။ (ပါစိတျာဒိ အဋ္ဌကထာ-၁၊ ဥပေါသထက္ခန္ဓက အဖွင့်-၂၇၈)

ဤအဋ္ဌကထာဖြင့် သိမ်ဟောင်းကိုမသိလျှင် သိမ်မနုတ်နိုင်ပုံကို ပြသည်၊ သို့ရာတွင်-ထိုသို့ သိမ်ဟောင်းကိုပင်မသိစေသော်လည်း သိမ်နုတ်ခြင်းငှါ၎င်း၊ နုတ်ပြီး၍ သမုတ်ခြင်းငှာ၎င်း စွမ်းနိုင်သောနည်းများကို ရှေးဆရာတော်များနှင့် ကျေးဇူးရှင်များ ညွှန်ကြားတော်မူထားသည်မှာ....

၁။ ညောင်စောင်းပန္တိ နုတ်နည်း။
၂။ အလျား-အနံတူ အကွက်စဉ် နုတ်နည်း။
၃။ ကိုးဌာန နုတ်နည်း။
၄။ ငါးဌာန နုတ်နည်း။
၅။ ပျားပန်းစုတ် နုတ်နည်း။
၆။ ပျားကြီးစွဲ နုတ်နည်း။
၇။ ထောင့်တန်း နုတ်နည်း။
၈။ ကြက်ခြေသဏ္ဌာန် နုတ်နည်း။
၉။ ရင်ဘောင်တန်း နုတ်နည်း။
၁၀။ ယက်ကန်းခတ် နုတ်နည်း။
၁၁။ မြင့်မိုရ်တက် နုတ်နည်း။
၁၂။ မြင့်မိုရ်ဆင်း နုတ်နည်း။

၁၃။ ခရုပတ် နုတ်နည်း။
၁၄။ ပရွက်ကြောင်း နုတ်နည်း။
၁၅။ အဌသိမန္တရိကဌာန နုတ်နည်း။
၁၆။ သိမန္တရိက ပရိက္ခေပ နုတ်နည်း။....
ဟူ၍ (၁၆)မျိုးရှိလေသည်။

မှတ်ချက်။ ။ထိုသိမ်နုတ်နည်း(၁၆)မျိုးတို့တွင် နောက်ဆုံး သိမန္တရိက်အတွက် နုတ်နည်း(၂)မျိုးမှာ .... "ဗဟိ သိမဌာနမ္ပိ သမန္တတော ဧကမဋ္ဌကံ ဝါ ဒွိတိမဋ္ဌကံ ဝါ ဂါဟေတဗ္ဗံ" ဟူသော ဝိနယာလင်္ကာရ ဋီကာနှင့်အညီ သိမ်ပသိမန္တရိက် အရပ်အတွက် နုတ်ရန်သာဖြစ်သည်။ သို့အတွက် ၎င်း ၂ - မျိုးမှာ သိမ်ပြင်ကျရောက်နေသောကြောင့် ရှေးနုတ်နည်း(၁၄)မျိုးနှင့်ကင်း၍ မဖြစ်နိုင်၊ ရှေးနုတ်နည်း (၁၄)မျိုး၊ တမျိုးမျိုးဖြင့် နုတ်ပြီးမှသာ ၎င်း နောက်ဆုံး ၂-နည်း၊ တနည်းနည်းဖြင့် သိမ်ပသိမန္တရိက် အရပ်ကို နုတ်ရမည်ဖြစ်သည်ဟု ကျေးဇူးရှင် မိန့်တော်မူသည်။

ကျက်မှတ်ရန် ဆောင်ပုဒ်များ

၁။ ညောင်စောင်းပန္တီ၊ စဉ်တိုင်းတည်၊ ပြောင်းလည် နုတ်လေပါ။
၂။ သမပန္တီ၊ စဉ်တိုင်းတည်၊ ပြောင်းလည် နုတ်လေပါ။
၃။ ကိုးဌာနမူ၊ လယ်-ပြင့်ယူ၊ နုတ်ဟူ တစ်-ရှစ်ပါ။
၄။ ငါးဌာနမူ၊ လယ်-ပြင့်ယူ၊ နုတ်ဟူ တစ်-လေးပါ။
၅။ ပျားပန်းစုတ်မူ၊ လယ်၌ယူ၊ နုတ်သူ စုလေပါ။
၆။ ပျားကြီးစွဲမူ၊ ပြင်-လယ့်ယူ၊ နုတ်ဟူ လေး-ငါးသာ။
၇။ သောင့်တန်း နည်းပေ၊ ထောင့်ကနေ၊ တန်းလေ နုတ်အပ်စွာ။

၈။ ကြက်ခြေရှေ-နောက်၊တောင်က-မြောက်၊တန်းလျှောက် နုတ်အပ်စွာ။

၉။ ရင်ဘောင်တန်းပင်၊ ရှေ့ရပ်လျှင်၊ တန်းစဉ် နုတ်လေပါ။

၁၀။ ယက်ကန်းခတ်ပင်၊မြောက်ကလျှင်၊တန်းစဉ်နုတ်လေပါ။

၁၁။ မြင့်မိုရ်တက်ပင်၊ ဘေးကလျှင်၊ စ,တင် နုတ်လေပါ။

၁၂။ မြင့်မိုရ်ဆင်းပေ၊ အလယ်နေ၊ စ,လေ နုတ်ကြပါ။

၁၃။ ခရုပတ်ပေ၊ ပြင်ကနေ၊ ဝင်လေ ပတ်ကာ တွင်းသို့သာ။

၁၄။ ပရွက်ကြောင်းပေ၊ တွင်းကနေ၊ ထွက်လေပတ်ကာ ပြင်သို့သာ။

၁၅။ သိမ္မန္တရိက၊ ရှစ်ဌာန၊ နုတ်ကြ အမြဲသာ။

၁၆။ သိမ္မန္တရိက်မှာ၊ ဝိုင်းကာပတ်လည်၊ စဉ်စီတန်းပြု၊ သိမ်နုတ်မှု၊ မှတ်ရှု ပဏ္ဍိတာ။ ။

(ဤကား ၁၃၁၆-ခုနှစ်က ဤစာရေးသူပင်ရေးသား၍ပုံနှိပ်ပြီးသော "သိမ်မျိုးစုံ ဘာသာဋီကာကျမ်း" မှ ထုတ်နှုတ်ပြအပ်သော လင်္ကာ ဆောင်ပုဒ်များတည်း။)

ရှေးဆရာတော်တို့၏ လင်္ကာများမှာ....

၁။ ကြက်ခြေ,ထောင့်တန်း၊ ရင်ဘောင်တန်း၊ လယ်လမ်း ထောင့် ပဿာ။

၂။ ခရု-ပျားကြီး၊ လယ်ဆုံစည်း၊ ပြင်စည်း ငါးမျိုးလာ၊ ။

ဟူ၍ သိမ်နုတ်နည်း ၅-မျိုးမျှကိုသာ ပြဆိုထားသည်။

ဤသို့ သိမ်နုတ်နည်း အမျိုးမျိုးကို ညွှန်ကြားတော်မူကြရာ၌လည်း ကျောင်းတိုက် တတိုက်စာလောက်သာ ကျယ်သော မဟာသိမ်မျိုးများနှင့် များသောအားဖြင့် ယခုကာလ မျက်မြင်ထင်ရှားသော ခဏ္ဍသိမ်မျိုးများအတွက်ကိုသာ နုတ်ရန် ညွှန်ကြားတော်မူကြခြင်း ဖြစ်လေသည်။

ဂ ်မခေတ် ၂-ခု၊ ၃-ခု စသည် လောက် ကျယ်ဝန်းသော မဟာသိမ်ကြီးမျိုးများနှင့် သုံးယူဇနာရှိသော မဟာသိမ်ကြီးမျိုး များအတွက် နုတ်ရန် ညွှန်ကြားတော်မူခြင်း မဟုတ်ပေ။ (သတိပြုပါ။)

ထိုကဲ့သို့ ကျယ်ဝန်းလှသော မဟာသိမ်ကြီးမျိုးကိုလည်း ၎င်း အတွင်းရှိ ရဟန်းတော်များအတွက် ဝဂ္ဂကမ္မမှ ရှောင်လွှဲ၍ မဖြစ် နိုင်သောကြောင့် နုတ်ခြင်းငှါ မဘတ်ကောင်းတော့ချေ။

ထိုမဟာသိမ်ကြီးမျိုးလည်း ဗုဒ္ဓိမန္တပုဂ္ဂိုလ်မျိုးမှတပါး သမုတ် ရန် ခဲယဉ်းသည့်အတွက် ရှိဘို့ရန် အလွန် နည်း ပါး ပေ လိမ့် မည်။ မှန်၏-ပိဋကတ် ကျမ်းဂန်တို့၌ အရှင်သာရိပုတ္တရာ သမုတ်သော မဟာသိမ်ကြီးနှင့် အရှင်မဟိန္ဒသမုတ်သော မဟာသိမ်ကြီး ၂-လုံး သာ ထင်လေသည်။

ဤမြန်မာနိုင်ငံ၌ကား ထို မဟာသိမ်ကြီးမျိုး မရှိနိုင်ကြောင်း ကို စူးစမ်းဆင်ခြင်၍ သိရပေမည်။ မှန်၏-ပုဂံခေတ်က အလျား ၁၆၂-တောင်၊ အနံ ၁၄၇-တောင်ရှိ မဟာသိမ်တလုံး၊ အင်းဝ ခေတ်က အလျား ၂၁၅-တောင်၊ အနံ ၁၅၀-ရှိ မဟာသိမ်ဘလုံး၊ ပျဉ်းမနားမြို့၌ ဇေယျ သိန် ကျောင်း တိုက် တခုလုံး သမုတ်ထား သော မဟာသိမ်တလုံး၊ ဤမျှ ပမာဏရှိသော မဟာသိမ်များသာ ထင်ပေသည်။ ကျယ်ဝန်းသော မဟာသိမ်ကြီးမျိုး မထင်ခဲ့ချေ။ ထို့ကြောင့် ဤမြန်မာနိုင်ငံ၌ ကျယ်ဝန်းသော မဟာသိမ်ကြီးမျိုး ကို သံသယမရှိသင့်ပေ။ (သတိပြုပါ)

ဘို့အပြင် ဆိုခဲ့သော မဟာသိမ်ကြီး ၂-လုံးမှတပါး အခြား၌ ကျယ်ဝန်းသောမဟာသိမ်ကြီးမျိုးမရှိကြောင်းကို “ဝိဟာရပရိက္ခေ ပဿ အင္ဂ ောဝ ဗဟိဝ သမန္တာ လေဍ္ဍုပါတေ (ပ) သီမာယ

သမုဋ္ဌါတေ ” ဟူသော ဝိမတိဋီကာအရ ကျောင်းတိုက်အတွင်း၌ရှင်း၊ တိုက်ပ ထက်ဝန်းကျင် ခဲတကျအရပ်၌ရှင်း သိမ်နုတ်ရသည်ဟု ဆိုသောစကားကို ထောက်၍လည်း သိရပေသည်။

ညောင်လွန့်တောရ ဒုတိယ ဆရာတော် ဘုရားကြီးကား ဤမြန်မာနိုင်ငံ၌ မဟာသိမ်ကို သံသယ မရှိသင့်၍ရှင်း၊ သံသယရှိ၍ နုတ်သော်လည်းမဖြစ်နိုင်၍ရှင်း ခဏ္ဍသိမ်ကိုသာ သံသယရှိ၍ နုတ်ကြရလေသည်။ ထိုခဏ္ဍသိမ်သည်လည်း ဖျာတခုပ်ရာ, ညောင်စောင်းတကွက်ရာမဟုတ်ဘဲ အယုဘ်ဆုံးအားဖြင့် ၂-ကျိပ်တပါး သံဃာစည်းဝေးလောက်အောင်သမုဒ်ရမြဲဖြစ်၍ ညောင်စောင်းတကွက်ရာလောက် ကျဉ်းသော သိမ်မရှိနိုင်သောကြောင့်၊ ယခု ကာလ ညောင်စောင်းကွက်ချ၍ ထုံးစံအတိုင်းနုတ်ကြခြင်းသည် ပင်ပန်းဖို့မျှသာ ရှိချေသည်၊ ကိုးဒါနကနေ၍နုဘ်လျှင်၊ ရှင်းအတွင်း ဘယ်နေရာကပင် သိမ်ဟောင်းရှိရှိ အကုန် ကျွတ် တော့ သည် သာ ဟု အမိန့်တော်ရှိကြောင်း ကျေးဇူးရှင်မိန့်၏။ ။(သိမ်နုတ်နည်း ၁၆-မျိုးအတွက် နုဘ်ပုံ ပုံစံနှင့်တကွ အကျယ်ကို ဤစာရေးသူ၏“သိမ်မျိုးစုံ ဘာသာဋီကာ”၌ ယူပါ)

သိမ်မြေကွက်အကျယ်

သာ ဟေဋ္ဌိမ ပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ
ဂဏှာတိ ဝဋ္ဋတိ၊ တတော သြရံ န ဝဋ္ဋတိ။ ။
(ပါဠိတော် ဒိ အဋ္ဌကထာ-ပ၊ ဥပေါသထက္ခန္ဓက)

ဤအဋ္ဌကထာအရ အယုဘ်ဆုံး ၂-ကျိပ်တပါး ဆံ့လောက်အောင် သိမ်ကျောင်း ဆောက်နိုင်သည့် မြေကွက်ကစ၍ အထက်ကျယ်စေရမည်၊ ထို့အောက်ယုတ်လျှင် မအပ်တော့ချေ။

ထိုသိမ်မြေကွက်ကို " အာဒါသ တလံ ဝိယ သမံ သုဒ္ဓံ ဝိမလံ ကတွာ"စသော ဝိနယာ လင်္ကာရဋီကာနှင့်အညီ ကြေးမုံပြင်ကဲ့သို့ ကောင်းမွန်ညီညွတ်အောင် ပြုပြင်သုတ်သင်ပြီးလျှင်၊ ၎င်းမြေအပြင်၌ အလျား ၄-တောင်၊ အနံ ၂-တောင်၊ သို့မဟုတ် အလျား ၄-တောင်ထွာ၊ အနံ ၂-တောင် ၆-သစ် ပမာဏရှိ ဩောင်စောင်းကွက်ပုံများကို ချ၍၎င်း၊ တနည်း...စတုရန်း ၅-တောင်ပတ်လည် အကွက်ပုံများကို ချ၍၎င်း ခိုင်မြဲအောင် ထုံးမှုန့်ရည် စသည့် လောင်းပြီးလျှင် ၎င်းအကွက်ပုံများ အပေါ်ကနေ၍ ဆိုအပ်သော သိမ်နုတ်နည်းများဖြင့် အလိုရှိသလောက် နုတ်ရပေမည်။ (တပည့်များ နည်းရစေရန် ရည်သန်ခဲ့သော် (၁၆) နည်း စုံလင်အောင် နုတ်ရန် သင့်ပါသည်၊ သို့မဟုတ်လျှင် သင့်လျော်သလောက်ရုံသာ နုတ်ပါလေ။)

ဤစာအုပ်တွင် အလျား ၄-တောင်၊ အနံ ၂တောင်ရှိ ဩောင်စောင်းကွက်ပုံနှင့် အလျား,အနံ ၅-တောင်ပတ်လည်ရှိ အလျား, အနံတူကွက်ပုံ ၂-မျိုးကိုသာ ထုတ်ပြထားပါသည်၊ ဩောင်စောင်းကွက်ပုံမှာ ဝိနယာလင်္ကာရဋီကာဆရာနှင့်တကွ ရှေးရှေးဆရာတော်များ သုံးစွဲသောပုံဖြစ်သည်၊ မိုင်းခိုင်ဆရာတော်၏ပုံကို နမူနာပြု၍ ပြလိုက်ပါသည်၊ အလျား,အနံတူ ကွက်ပုံမှာ ဟံသာဝတီ(ခေါ်) ပဲခူးကလျာဏီသိမ်ကို သမုတ်တော်မူကြသော မထေရ်များ၊ ဆရာတော်များ၏ပုံဖြစ်သည်။ (အကွက်များ ချပြီးနောက် အကွက်ထောင့်တခုတခု၌ သိမ်ပန္နက်ငုတ်တိုင်ကလေးတွေ ရိုက်ပေးရမည်။ "ကျေး-ကျွန်း"။ ။ပန္နက်ငုတ်တိုင်ကို မြုပ်အောင်ရိုက်သည်ကိုလည်း တွေ့ရဘူးသည်၊ မမြုပ်သော်လည်း အပ်သည်သာ။)

ညောင်စောင်းကွက်ပုံ (ပဌမပုံ)



အလျား-အနံတူကွက်ပုံ (ဒုတိယပုံ)



သိမ်နုတ်ပုံကို ပြဆိုချက်

မိမိသည် ဒုတိယပုံဖြစ်သော စတုရန်း ၅-တောင်ပတ်လည် (အလျား-အနံဘူ) အကွက်ပုံကို အထူးနှစ်သက် မြတ်နိုးလှသော ကြောင့် ၎င်းပုံအတိုင်း သိမ်နုတ်ပုံကို ပြဆိုပေမည်။

ပရိသ သမ္ဘုတ္ထိယာ ယုတ္တာနုဘမ သဗ္ဗတ္ထိမေန ပရိစ္ဆေ
ဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတွာ။ ။
(ကင်္ခါအဋ္ဌကထာ)

ဣဒါနိ သိမံ သမုဟနိဿာမာ တိ ခတ္တာဒ္ဒောဂါ
တဒုတ္တရိဝါ သမာန သံဝါသကေ ဘိက္ခူ ဂဟေတွာ။ ။
(ဝိနယာလင်္ကာရဋီကာ)

၎င်းအဋ္ဌကထာ ဋီကာအရ သိမသမုဟနနကံသည် စတုဝဂ္ဂကံ ဖြစ်သော်လည်း ဒဠှီကမ္မဖြစ်စေခြင်းငှ အနည်းဆုံး ရဟန်း ၆-ပါး ၈-ပါးလောက် စည်းဝေး၍ နုတ်ရမည်။ (သိမ်နုတ်ရာ ကျောင်း တိုက်အတွင်း၌ ရဟန်းများစွာရှိလျှင်လည်း၊ ထိုရဟန်းတို့ကို အကုန် စည်းဝေးစေ၍ နုတ်ရမည်)။ ။ (ကျေး-ကွန်း)

နုတ်ပုံမှာ စတုရမ်း ၅-တောင်ပတ်လည် အကွက်တကွက်၌ တဖက်လျှင် ရဟန်း ၃-ပါးအားဖြင့် ရဟန်း ၆-ပါး မျက်နှာချင်း ဆိုင်ထိုင်၍ ၃-ပါးတတွဲ တွဲပြီး တကွက်လျှင် သိမသမုဟနန ကမ္မ ဝါစာ ၂-မျိုးလုံးဆက်ဘတ်၍ ၂-ကြိမ်နုတ်ရမည်၊ ဤနည်းအတိုင်း တကွက် ၂-ကြိမ်ကျအားဖြင့် အကွက် ကုန်ဆုံးအောင် (ဖော်ပြ ပြထားသည့် အစဉ်အတိုင်း)နုတ်သွားရမည်၊ ထိုသို့ နုတ်ရာ၌ "သိမံ ဘိက္ခဝေ သမုဟနန္တေန ပဌမံ တိစီဝရေန (ပ) သမုဟန္တဗ္ဗာ" ဟူသော မဟာဝါပါဠိ ၌ပေါ်သထက္ခန္ဓက ၁၅၆ - နှင့်အညီ ရှေးဦးစွာ အဝိပ္ပဝါသ သိမ်နုတ်ကမ္မဝါစာကစ၍ သိမ်နုတ်ကမ္မဝါ

စ၁၂-မျိုးလုံးဆက်ဘတ်၍ နုတ်ရပေမည်၊ ဤသို့နုတ်၍ အကျက်ကုန် ဆုံးသွားလျှင် "သဗ္ဗာသု ပန္တီသု သဗ္ဗသိံ ဂေဟဋ္ဌာသေ ပဠိကမ္မိကော ကုဒံ သီမာ သမုဟနကမ္မံ နိဋ္ဌိတံနာမ ဟောတိ" ဟူသော နယာ လင်္ကာရဋီကာအတိုင်း ဤ သိမ်သမုဟနကံမှာ အသုံးစုံ ပြီးစီး လေတော့သည်။ (ဤ၌ နည်းမျိုးစုံထပ်၍ နုတ်လိုလျှင်သည်း နုတ်နိုင်သည်)။ ။(ကျေး-ကျွန်း)

ညောင်လွန့်တောရ ပဌမ မိုးနံ့ကုန်း ဆရာတော်ဘုရားကြီးနှင့် ဒုတိယဆရာတော်ဘုရားကြီးတို့ကား ထိုသိမ်သမုတ်မည့်မြေအပြင် ဝယ် အလယ်ဗဟိုအရပ်၌ တကြိမ်၊ အရှေ့ဘက်ဘေး အရင်ကစ၍ လက်ျာရစ်လှည့်ပြီး အပြင်ရှစ်ဌာနတို့၌ ရှစ်ကြိမ်၊ ဤသို့ ကိုးဌာန တို့၌ ကိုးကြိမ်နုတ်လျှင် ဘယ်နေရာကပင် သိမ်ဟောင်းရှိရှိ အကုန် ကျွတ်တော့သည်သာဟု အမိန့်ရှိကြောင်း ကျေးဇူးရှင်မိန့်၏။

သို့ရာတွင် (အလျား-အနံဘူ ကွက်ပုံ၌ ပြဆားသည့်အတိုင်း) နိမိတ်တွင်းအပြင် ၂-တောင်၊ ၃-တောင် အချပ်တိုင်အောင် သိမ္မန္တ ရိက်နုတ်နည်း ၂-မျိုးအရ (သိမန္တရိက်အရပ်နှင့်ဘာ ၂-တောင်၊ ၃-တောင်ရှိ အပြင်အရပ်တွင်)ရဟန်း ၂-ပါးစီ မျက်နှာချင်းဆိုင် တန်းလိုက်ထိုင်ပြီး ရှေးဦးစွာ အဝိပ္ပဝါသသိမ်နုတ်ကမ္မဝါစာကစ၍ ၂-မျိုးလုံးဆက်ဘတ်၍ နုတ်ရဦးမည်။ (ကျေးဇူးရှင် မိန့်၏။) (သိမ်နုတ်ပုံ အကျယ်ကို ဤစာရေးသူ၏ " သိမ်းမျိုးစုံ ဘာသာ ဋီကာ"၌ ယူပါ။)

သိမ်နုတ်ရာ၌ ညွှန်ကြားချက်

၁။ သိမ်နေရာ၌ သစ်မြစ် ကူးယှက်ရောနှောခြင်း မရှိအောင် ကြေးမုံပြင်ကဲ့သို့ ညီညာတ်စွာ မြေကိုညှိထားရမည်၊ အကြောင်း ကား သစ်မြစ်စသည် ကူးယှက်၍ ၎င်းသစ်မြစ် စသည်ပေါ်သို့

ရဟန်း ၂-ပါး၊ ၃-ပါး စသည် ထိုင်မိလျှင် သင်မြစ် စသည်သည် သိမဗ္ဗသိမ်ဖြစ်သောကြောင့်၊ ၎င်းနေရာ၌ ဗဒ္ဓသိမ် ၂-လုံးကပ်လျက် ရှိခဲ့သော်၊ ၎င်းသစ်မြစ် စသည်သည် ဒွိသိမ်သိမဗ္ဗ ဖြစ်နေသည်၊ ဒွိသိမ်သိမဗ္ဗ၌ ကံပြုလျှင်လည်း "နာနာ သိမာယ ဌိတ စတုဗ္ဗော စေ ဘိက္ခဝေ ကမ္မံ ကရေယျ၊ အကမ္မံ န စ ကရဏီယံ" ဟူသော ပါဠိတော်အတိုင်း ကံမအောင်တော့သောကြောင့်တည်း။

၂။ သိမ်မြေပေါ်၌ မဏ္ဍပ်စသော အဆောက်အဦ ဆောက်လုပ်၍ သိမ်နုတ်ခြင်းကို ဆရာများ မနှစ်သက်ကြပေ၊ သို့ရာတွင်- အဆောက်အဦမှာသာ ဗဒ္ဓ-သိမ်ဟောင်း ၂-လုံး စသည်ရှိလျှင် ဒွိသိမ်သိမဗ္ဗစသည် ဖြစ်နိုင်သောကြောင့်၊ အဆောက်အဦတိုင်များ ကို ရဟန်း ၂-ပါး,၃-ပါးစသည် မထိဘဲနှင့် မြေပြင်၌သာနုတ်လျှင် အပြစ်မြင်တန်ရာ။ (သတိပြုပါ)

၃။ သိမ်မြေပြင်၌ အခင်းများခင်း၍ မနုတ်ရန် အကြောင်း ကား - ၎င်းအပေါ်၌ ရဟန်း ၂-ပါး, ၃-ပါး စသည် ထိုင်မိလျှင် ဒွိသိမ်သိမဗ္ဗ အပြစ်မလွတ်၍ ကံမအောင်နိုင်သောကြောင့်တည်း၊ သို့ရာတွင် - တပါးထိုင် ပျဉ်ချပ်ငယ် ကလေးတော့ကို ခင်း၍၎င်း၊ သို့မဟုတ် ဂုံအိတ်ကို ခေါက်ပြီး ခင်း၍၎င်း ထိုင်ခဲ့သော် တခုနှင့် တခု မထိလျှင်ကား-ဒွိသိမ်သိမဗ္ဗ အပြစ်များမဖြစ်နိုင်ပါ။

၄။ ဝိနယကုက္ကုစ္စက-လဇ္ဇီပေသလ-ဝိနယဝိဒူ ဆရာတော်များ ကား-သိမ်နုတ်သောအခါ ရဟန်းချင်းထိစပ်ခြင်းတို့ကို မနှစ်သက် ကြကုန်၊ အကြောင်းကား - ရဟန်းချင်း ထိစပ်သည့်အတွက် ၎င်း တို့မှာ ဒွိသိမ်သိမဗ္ဗ ဖြစ်နေ၍၊ ဒွိသိမ်သိမဗ္ဗ၌ တည်သော သဘော သက်ရောက်သောကြောင့်တည်း၊ ဂရုကအရာ၌ တည်သင့်သော ကြောင့် ရဟန်းချင်းမထိစပ်ဘဲ အကောင်းဆုံးဘဲဟု ကျေးဇူးရှင် ခန့်တော်မူ၏။

၅။ သိမ်မြေပြင်ရှိ ရဟန်းများကိုသာ တထောင့်တွာ ဟတ္ထပါသ် စပ်အောင် သိမ်း၍ နုတ်လျှင် ကံအောင်သည်ကား မှန်၏၊ သို့သော် ဂရုကအရာ၌ တည်သင့်သောကြောင့် ကျောင်းတိုက်အတွင်းရှိ ရဟန်းကုန် ဟတ္ထပါသ် စပ်အောင် သိမ်း၍ နုတ်လျှင် သာ၍ကောင်းသည်ဟု ကျေးဇူးရှင်မိန့်၏။

၆။ သိမ်နုတ်သော အခါ ရှေးသိမ်ဟောင်းကို နုတ်သည်ဟူသော နှုတ်လုံးသွင်းဖြင့် နှုတ်လုံးသွင်း၍ နုတ်ရမည်။ သိမ်ကိုနုတ်သည်ဟူသော နှုတ်လုံးသွင်းမရှိဘဲ ဆေးစိရင်ခြင်းငှါလည်းကောင်း၊ အန္တရာယ်ကင်းခြင်းငှါလည်းကောင်း၊ အဘတ်သင်ခြင်းငှါလည်းကောင်း၊ သိမ်ထဲတွင် သိမ်နုတ် ကမ္မဝါစာ ဘတ်သော်လည်း သိမ်နုတ်သည်မမည်သောကြောင့် သိမ်မကျွတ်ဟု ကျေးဇူးရှင်မိန့်၏။

သိမ်နုတ်ပုံ ပြီး၏။

သိမ်သမုတ်ပုံ အစီအရင်

သိမ်သမုတ်ရာ၌ .... (၁) ဝိသုံဂါမ အမိန့်ခံ၍ သမုတ်ခြင်း၊ (၂) သူကြီးတဦးပိုင် ဒိုင်နယ်သိမ်း၍ သမုတ်ခြင်း-ဟူ၍ ၂-မျိုး ရှိသည်။ (ဝိသုံဂါမသိမ် ဝိနိစ္ဆယ နှင့် ဝိသုံဂါမ အမိန့်ခံပုံကို၊ ဤစာရေးသူ၏ " သိမ်မျိုးစုံ ဘာသာဋီကာ " ၌ ယူပါ။ အကျယ်တဝင့် ရေးသားထားသည်။)

မှတ်ချက်။ ။ဝိသုံဂါမအမိန့်ကို မူလသူကြီးဟောင်းမှတပါး အခြားသူသာခံရမည်၊ မူလသူကြီးဟောင်း အနေနှင့်ခံလျှင် ရွာသီးခြားမဖြစ်နိုင်သောကြောင့် ဝိသုံဂါမ မမြောက်၍ သိမ်လည်း မအောင် ဟု ညောင်လွန့်တောရ ပဉ္စမ - မိုးနံကုန်း ဆရာတော်မိန့်တော်မူ၏။ (ဝိနယဂဏ္ဌိဋ္ဌာန ဝိနိစ္ဆယဋ္ဌကျမ်းတွင်ရှု)

ပဒုက္ကူ ဆရာတော်များလည်း မူလသူကြီးမှတပါး အခြားသူ ခံယူမှ ဝိသုံဂါမ-မြောက်သည်ဟု ယူတော်မူကြသည် ။

(၎င်းတို့၏ သိမာဝိနိစ္ဆယ ကျမ်းဘွင်ရှု)

ထိုအပြင်-ကျေးဇူးရှင်ဆရာတော်, ရွှေရေးဆောင်ဆရာတော်, ကျွန်းရွာဆရာတော်, ကျီဝန်ဆရာတော်, အောင်မြေရွှေဘုံ ဆရာတော်, မင်းကျောင်းဆရာတော်ဦးဘဲတို့လည်း မူလသူကြီးဟောင်း ဝိသုံဂါမခံယူလျှင်မအပ်ကြောင်း ယူတော်မူကြသည်။ (မူလသူကြီး ဟောင်းကို ဝိသုံဂါမခံစေ၍ သမုတ်တတ်ကြသည် သတိပြုပ ါ။)

ဘိုးတော်ဘုရား လက်ထက်က ဆရာတော် - ဦးဗုဒ်တိုက်,က ဦးပဥ္ဇင်းတပါးကို နန်းမတော်-မယ်နု,က ရဟန်းခံပုံကိုသိမြင်လို၍ နန်းတော်တွင် ဝိသုံဂါမခံစေ၍ ရဟန်းခံဘူးကြောင်း၊သီပေါမင်း လက်ထက် သက္ကရာဇ် ၁၂၄၆-ခုနှစ် ဝါတွင်းမှာလည်း နန်းတော် ပေါ်တွင် ဝိသုံဂါမခံစေပြီး ရဟန်းခံဘူးကြောင်း၊ စံကျောင်း-ဆရာတော်ဘုရားကြီးကိုယ်တိုင် ထိုစာတမ်းကို ရေးသားကြောင်း ကျွန်းရွာ-ဆရာတော် ရေးသားထားသည်။

"ရာဇူနံ ဂူဋ္ဌာဝသေန ပဝတ္တာ ဝိသုံဂါမသိမာစ ဗဒ္ဓသိမာ ဝိယ သဗ္ဗကမ္မရဟာ" ဟူသော ဝိနယာလင်္ကာရဋီကာအတိုင်း သင့် မြတ်ပေသည်။ (ရွာသီး-နယ်သီးပြုနိုင်သော အမိန့်အာဏာရှိသည့် ခရိုင်ဝန်မင်းအထိ ဝိသုံဂါမ-အမိန့်ပေးနိုင်သည်။

(ကျေး-ကျွန်း-မိုင်း-ဦမဘ်)

သိမ်သမုတ်ခြင်း ၂-မျိုးတို့တွင်-သူကြီးတဦးပိုင် ဒိုင်နယ်သိမ်း၍ သမုတ်ရာ၌ကား....

(၁) သူကြီးတဦးပိုင် ဒိုင်နယ်အတွင်းက ကျေးရွာ, ရပ်ကွက်ရှိ ရဟန်းများကို သိမ်သမုတ်မည့်မြေပြင် တထောင့်ထွာဟတ္ထပါသ် အတွင်းရောက်အောင် သိမ်း၍သမုတ်ခြင်း။

(၂) မလိုက်နိုင်သော ရဟန်းများကို ဆန္ဒဆောင်၍ သမုတ်ခြင်း။

(၃) ထိုရဟန်းများ၏ကျောင်းတွင် ဗဒ္ဓသိမ်ရှိလျှင် သမုတ်မည့်အချိန်၌ ဗဒ္ဓသိမ်တွင်းသို့ ဝင်နေစေ၍ သမုတ်ခြင်း။

(၄) သူကြီးတဦးပိုင် ဒိုင်နယ်အပြင်သို့ ကြွနေစေ၍ သမုတ်ခြင်း-ဟူ၍ ၄-မျိုးရှိလေသည်။ ။(၄-နံပါတ်အရ အဋ္ဌကထာ၌ မပါသော်လည်း ၃-နံပါတ်အရနှင့် အလားတူ ဖြစ်သည်။)

သာဓက။ ။သစေ ကေသွံ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ(ပ) ဆန္ဒော အာဟရေပေတဗ္ဗော။ ။
(ပါဠိတော်ဒိအဋ္ဌကထာ-၁၊၃၃ပေါ်သထက္ခန္ဓ-၂၆၃)

မှတ်ချက်။ ။ဤ၌ ဟတ္ထပါသ်အတွင်း ရောက်အောင်ပင့်၍ သမုတ်ခြင်း၊ ဆန္ဒဆောင်၍ သမုတ်ခြင်း ၂-မျိုးသာ စိတ်ချရသည်၊ ၎င်း ၂-မျိုး တမျိုးမျိုးကို အသုံးပြုပါ။ (ပုတ္တလင်ရှင်မထီးသိမ်ကျောက်စာ၌ ဆရာတော် ဦးဗုမ်အလို ဘုရားမြေ, ကျောင်းမြေစသော ဘုရင်က လှူထားသော ဝတ္တုကံမြေများကို ဝိသုံဂါမ ဖြစ်သည်ဟုယူပြီး သံဃာမသိမ်းဘဲ ပြုလုပ်သည်ဟုလာ၏။ ဝတ္တုကံမြေမှာ လာဘသိမ်သာဖြစ်၍ မအပ်ဟု သဲအင်း သာသနာပိုင် ဆရာတော်နှင့် ဗားကရာ သာသနာပိုင် ဆရာတော်၊ ကိုဝန်-မိုင်းခိုင်း-ဗန်းမော်-အောင်မြေရွှေဘုံ-ကျွန်း-ကျေးတို့ မိန့်၏၊ ကျေးက "ယေ တတ္ထ အဗဒ္ဓသိမဝိဟာရာ တေသု ဘိက္ခူ ကေဇ္ဈံ" စသော အဋ္ဌကထာအရ ၎င်းဝတ္တုကံမြေများ ဝိသုံဂါမ မဖြစ်၊ ပကတိဂါမသာ ဖြစ်သည်ဟု မိန့်၏။)

ဆန္ဒဆောင်ပုံကို ပြဆိုချက်

ရဟန်းတပါးပါးက ဒိုင်နယ်အတွင်းရှိ မလိုက်နိုင်သော ရဟန်းများထံသွား၍ ဆန္ဒပေးရန်တောင်းပြီး ၎င်းနှေ့ဦပင် သိမ်သမုတ်သောအခါ သံဃဟတ္ထပါသ်အတွင်း ရောက်အောင်လာ၍ ကြားရမည်။

ဆန္ဒပေးပုံ။ ။ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ။ (၃-ကြိမ်ဆို၍ပေး) ထိုနေ့ဦပင် သံဃဟတ္ထပါသ်အတွင်း ရောက်အောင် လာ၍ ကြားရမည်၊ နေ့ချင်းမရောက်လျှင် ဆန္ဒသိုးသည်မည်၏။

ဆန္ဒကြားပုံ။ ။ခမ္မ ဃောသနာမေန ဘန္တေ ဘိက္ခုနာ ဆန္ဒော ဒိန္နော။ ။(၃-ကြိမ်ကြား) ဘွဲ့အတိုင်းထည့်ကြားပါ။

တနည်း။ ။" ခမ္မဃောသော ဘန္တေ ဘိက္ခု ဆန္ဒံ ဒေတိ-ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟီတိ။ (၃-ကြိမ်ကြား) နောက်နည်း ကျေးဇူးရှင် မိန့်ချက်။ ။သံဃာစည်းဝေးပြီး၍ ဟတ္ထပါသ်အတွင်းရောက်မှ ကြားစေရမည်၊ သတိပြုပါ။

မှတ်ချက်။ ။ဤ၌ အချို့က တခုသော သိမ်အပြင်၌ သံဃာ ၄-ပါး၊ ၅-ပါးစသည်ရှိပြီးမှ သံဃာ့ထံကသွား၍ ဆန္ဒယူရမည်ဟု ဆိုကြ၏၊ အချို့ကလည်း ဆန္ဒယူခြင်းမှာ သံဃာ မစည်းဝေးမီက ယူလာသော်လည်း သုံးယူဇနာရှိ သိမ်သမုတ်ရာတို့၌ သံဃာ့ထံက သွား၍ယူဘို့ရန် ခဲယဥ်းသည်ကိုထောက်၍အပ်သည်သာဟု ဆိုကြ၏၊ နောက်ဝါဒအတိုင်း ကျေးဇူးရှင်များ ဆောင်ရွက်သည်ကို တွေ့ရဘူးသည်၊ (ကျွန်းရွာဆရာတော်ကား ပဌမဝါဒကို နှစ်သက်ဟန်တူသည်။)

ဆန္ဒဆောင်လာသောရဟန်းသည် ပါရာဇိကပင် ကျနေသော်လည်း ရဟန်းဟူသော ဝန်ခံမှုရှိခြင်းကြောင့် ဆန္ဒလိုက်သည်သာ။ သာမဏေဘဲဟုသိလျက် ဆန္ဒပေးလျှင်ကား ဆန္ဒမရောက်ဟု မှတ်ရမည်။

သာဓက။ ။ "ယာဝ ဘိက္ခု ပဋိညာ ဝတ္တတိ၊ တာဝ တေဟိ အာဟဋာပိ ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတီတိ ဒဿိတန္တိ ဒဋ္ဌဗ္ဗံ။ (ဝိမတိဋီကာ)

ဆန္ဒဟာရကော စေ(ပ)ဥဘတော ဗျဉ္ဇနကော ပဋိဇာနာတိ၊ အာဟဋော ဟောတိ ဆန္ဒော။ (ဒိနည်းပါဠိတော်)

ဇာနိတ္ဝာ သာမဏေရဿ ဒိန္နော န ယာတိ။ (ဝဇိရဗုဒ္ဓိဋီကာ)

ကျောက်နိမိတ် နှင့် ရေနိမိတ်ကိုသာ အသုံးပြုကြပုံ

မဟာဝါ-ဥပေါသထက္ခန္ဓက-၁၅၁၊ လာ-တောင်, ကျောက်, တော,သစ်ပင်,ခရီး,တောင်ပို့,မြစ်, ရေနိမိတ်တည်းဟူသော နိမိတ် (၈)ပါးတို့တွင် ကျောက်နိမိတ် နှင့် ရေနိမိတ်ကိုသာ အသုံးပြုကြသည်များ၏၊ ကျေးဇူးရှင်များကား ဝါဒကွဲမရှိ၊ သံသယ အကင်းနိုင်ဆုံး အလွယ်ကူဆုံးဖြစ်သည့် ရေနိမိတ်ကိုသာ အသုံးပြုတော်မူလေ့ရှိသည်။

ကျောက်နိမိတ်အတွက် ဝါဒကွဲများမှာ - ကျောက်နိမိတ်ကို ဩမက ပရိစ္ဆေဒအားဖြင့် ပြရာ၌ ၃၂-ပိုလ် တင်လဲခဲ ပမာဏဟု အဋ္ဌကထာလာရာတွင် ပိုလ်အရ ဝါဒ ကွဲပြားကြသည်။ ခွဲပြဦးမည်။

(၁) ကျွန်းရွာဆရာတော်, မိုင်းခိုင်းဆရာတော်တို့ကား-အမရကောသအဘိဓာန်အရ ၄-ကျပ်တပိုလ်ယူ၍ ၃၂-ပိုလ်မှာ မြန်မာကျပ် (၁၀၆-ကျပ်၊ ၇-မူး၊ ၂-ရွေး) တပိဿာ၊ ခြောက်ကျပ်၊ ခုနစ်မူး၊ နှစ်ရွေးသား အချိန်ရှိသော တင်လဲခဲနှင့် တူမျှသော ကျောက်တုံးဖြစ်လျှင် ကျောက်နိမိတ် လောက်၏ဟု ယူတော်မူကြသည်။ (၎င်းအရ သေးလွန်းလှသောကြောင့် ကျေး-ဒု-မိုးတို့ မနှစ်သက်၊ သစ်ပင်, တောင်ပို့များမှာကား ကြီးပွားဆဲ ကြီးပွားလတံ့ဖြစ်သောကြောင့် ငယ်လွန်းသော်လည်းအပ်ကြောင်း ။" ။
(ကျေး-ဒု-မိုးမိန့်၏။)

(၂) တောင်ဘီလာရေး သိမဝိနိစ္ဆယနှင့် ကျီဝန်ဆရာတော်တို့ကား ကျပ် ၁၀-တပိုလ်ယူ၍ ဆယ်ပိုလ်တပိဿာ ၃၂-ပိုလ်မှာ သုံးပိဿာနှစ်ဆယ်ဟု ယူတော်မူကြသည်။

(၃) အရှင်အရိယဝံသမမွှသေနာပတိရေးဇာတ်ဝိသော နှင့် ရွှေဥမင် ဆရာတော်တို့ကား ကျပ် ၄၀-တပိုလ်ယူ၍ ၃၂-ပိုလ်မှာ တဆယ့်နှစ်ပိဿာ ကျပ်ရှစ်ဆယ်ဟု ယူတော်မူကြ၏။

(၄) ဆင်တဲဂဏ္ဌိကြကား တပိဿာ တပိုလ်ယူ၍ ၃၂-ပိုလ်မှာ ၃၂-ပိဿာ ရှိသည်ဟု ယူတော်မူ၏။

(၅) ကျေးဇူးရှင် ဆရာတော် နှင့် ညောင်လွန့် ဒုတိယဆရာတော်များကား ရွှေဥမင်ဆရာတော်တို့ ဝါဒအတိုင်း ကျပ်၄၀-ကို တပိုလ်ယူ၍ပင် ၃၂-ပိုလ်လျှင် ၁၂-ပိဿာနှင့် ၈၀-ကျပ်သား ရှိကြောင်း မိန့်တော်မူကြသည်၊ အဘောက်အထားကား မဂဓအဘိဓာန်၌ "ဓာရဏာနိ ပလံဒသ" စသည်အရ၊ ဓာရဏာဘခု ၄-ကျပ်ရှိလေရာ ဓာရဏာဆယ်ခု တပိုလ်ဟု ဆိုရာ၌ တပိုလ်လျှင် ကျပ် ၄၀-ရှိရကား ၃၂-ပိုလ်မှာ ၁၂-ပိဿာနှင့် ၈၀-ကျပ်သား ရှိသည်ဟု သိရသောကြောင့်တည်း။

ထို့ကြောင့် ဗျက် ၇-လက်မခွဲ၊ ပတ်လည် ၄-ထောင့်၊ အမြင့် ၁၄-လက်မခွဲရှိလျှင် ၁၂-ပိုလ် တင်လဲခဲ ပမာဏဟု ညောင်လွန့်ဒုတိယဆရာတော် အမိန့်ရှိကြောင်း ကျေးဇူးရှင်မိန့်၏။

ဤခဲနိမိတ်များကို ၃-ခုကစ၍ တရာအထိလည်းထားနိုင်သည်။

သာကေ။ ။"သာ ဧဝံ သမ္မန္နိတ္ဝာ ဗဒ္ဓမာနာ ကေနေ ဒွိဟိဝါ နိမိတ္တေဟိ အာပဇ္ဇာဟောတိ၊ တီဟိ ပန အာဒိံ ကတ္ဝာ(ပ)ဟောတိ။" (ပါဠိတော်ဗိအဋ္ဌကထာ-ပ၊ ဥပေါသထက္ခန္ဓက-၂၆၉)

ဤခဲ နိမိတ်အများအပြားထားခဲ့လျှင် "ပုရတ္ထိမာယ ဒိသာယ ပဌမံ ကိံ နိမိတ္တံ၊ ဥဒကံ ဘန္တေ၊ ဧတံ ဥဒကံ နိမိတ္တံ။ ပုရတ္ထိ (ပ) ဒုတိယံ ကိံ နိမိတ္တံ (ပ) ပုရတ္ထိ (ပ) တတိယံ ကိံ နိမိတ္တံ"စသည်ဖြင့် အရပ်ရှစ်မျက်နှာတို့၌ အသီးအသီး ပဌမ-ဒုတိယ-တတိယ စသည်ထည့်၍ ကြားရမည်ဟု ကျေးဇူးရှင်မိန့်၏။ ဝိမတိဋီကာ၌ကား-"ပုရတ္ထိ (ပ) နိမိတ္တံ၊ (ပ) ပုန ပုရတ္ထိ (ပ) ကိံ နိမိတ္တံ" စသည်ဖြင့် ပုနသဒ္ဒါထည့်၍ ကြားရမည်ဟု မိန့်၏။ သင့်သည်ပင်ဟု ကျေးဇူးရှင်မိန့်၏။ သို့ရာတွင် အရပ် ၈-မျက်နှာကိုရည်၍ ၈-လုံးသာ ဆရာအစဉ်အဆက် ထားလေ့ရှိကြသည်။

ဝါဒကွဲမရှိသော ရေနိမိတ်ကိုထားရာ၌ ရေခံစေခြင်းငှါ တွင်းကို သရွတ်နှခြင်း စသည်မပြုအပ်၊ နာဝါ စာဠိ အလားရှိသည်ဟု စံကျောင်းဆရာတော်ကြီးမိန့်၏။

သာဒက။ ။ဥဒကနိမိတ္တေ နိဂ္ဂဒက ဌာနေ နာဝါ ယာဝါ(ပ)ဘူမိဂတာ မေဝ ဝဋ္ဋတိ။ (ဂဏ်ႏအဋ္ဌကထာ-၂၆၈)

တွင်းနေရာမှာ ပုဇွန်တွင်း စသည် ရှိနေလျှင်ကား မြေပကတိဖြင့် ပိတ်ကောင်းသည်ဟု ကျွန်းချာဆရာတော် မိန့်၏။

ရေနိမိတ် ပြုလုပ်ရာ၌ နိမိတ်နေရာမှာ တွင်း မကျဉ်း မကျယ် အနက်တထောင့်ထွာခန့် တူးစေပြီးလျှင် ၁-ရက်၊ ၂-ရက်လောက် က ကြိုတင်၍ ရေလောင်းထည့်စေရမည်၊ လျော့သွားလျှင် ထပ် လောင်းစေရမည်၊ သို့မှသာ အသားကျ၍ ရေကြာရှည် တည်နိုင် မည်၊ ဤသို့ ပြုရုံမျှကား အပြစ်မရှိပေ၊ သို့ရာတွင် စေးသော ရွှံ့ညွှံ့ စသည်ဖြင့် တွင်းကိုလိမ်းကျံပြုပြင်မှု မပြုရဟု မိုင်းခိုင်းဆရာတော်, စံကျောင်းဆရာတော် မိန့်၏။

ရေနိမိတ်မှာ ကမ္မဝါစာ ၂-မျိုးလုံး ပြီးဆုံးသည်အထိ အနည်း ဆုံး ဖါးတဝပ်စာမျှလောက် တည်နေလျှင် သိမ်အောင်တော့ သည်သာ။

သာဓက။ ။တခ်ဏညေဝ ပထဝိယံ အာဝါဋကံ(ပ) အပ္ပံ ဝါ ဟောတု ဗဟုံ ဝါ ဝဋ္ဋတိ။ (၎င်းအဋ္ဌအထာ- ဥပေါသထက္ခန္ဓက-၂၆၉။)

သီမန္တရိက်တွင်းထားပုံ

ရေနိမိတ်ထားရန် တွင်းများနှင့် တတောင်ခန့်လောက်ခွါ၍၊ ၎င်းရေနိမိတ် တွင်းများနှင့် တန်းတန်းပင် အပြင်ဘက်ကနေ၍ သီမန္တရိက်တွင်း ၈-ခုကိုလည်း တူးထားရမည်၊ (၎င်းသီမန္တရိက် အတွက် ထားသည့်တွင်း၌ကား ရေမထည့်ရပေ။)

သာဓက။ ။အနုဇာနာမိ(ပ)သမ္မန္နိတုံ။ (မဟာဝါ ပါဠိ-၁၅၇) ဗဟိ သီမန္တရိကာ ပစ္ဆိမကောဋိယာ ကေ ရတနပ္ပမာဏာ ဝဋ္ဋတိ၊ ဝိဒတ္ထိပ္ပမာဏာပိ ဝဋ္ဋတီတိ ကုရုန္ဒိယံ။ (၎င်းအဋ္ဌကထာ-၂၇၀)

သိမ်သမုတ်ပုံကို ပြဆိုချက်

ဤ သိမ်သမုတ်ပွဲကို ရွက်ဆောင်သော တာဝန်ခံပုဂ္ဂိုလ်သည် ပိဋကတ်ကျမ်းဂန်ကို ကျနစွာတတ်သိ၍ အာစရိယလဒ္ဓေါပဒေသ များကိုလည်း ကောင်းမွန်စွာ ရရှိသော ဗဟုဿုတဓရ - သဒ္ဓမ္မ မာမက - ဝိနယဂရုက ဆရာတော်များကို ခပ်များများရွေးချယ်၍ ပင့်ရမည့်ပြင် ရဟန်းတော်ပေါင်း ၂-ကျိပ် ၄-ပါး၊ အပါး ၃-ကျိပ်အောက် မနည်းစေမူ၍ ပင့်ရပေမည်။

ထိုဆရာတော်များရောက်၍ သံဃာစုံသောအခါ၌လည်း သိမ် နုတ်ပြီးနေရာကို ထပ်မံ၍ အနည်းဆုံး ကိုးဌာနလောက်၊ ငါးဌာန လောက်ဖြစ်စေ နုတ်ရပေဦးမည်၊ သို့မဟုတ်လျှင် နိမိတ်ကြားခါ နီးတွင် ကပ်၍ သံဃာအစုံပင့်ပြီး အလယ်ဗဟိုကနေ၍ ၃-ကြိမ် ထက်မနည်း နုတ်ဖြစ်အောင် နုတ်ရပေမည်။ (ဤသို့နုတ်လျှင် သံဃာသိမ်း၍ နုတ်သည်မည်သောကြောင့် မဟာ သိမ်ဟောင်း များအတွက် သံသယကင်းနိုင်လေသည်။ (ဝိနယာလင်္ကာရ ဋီကာ နှင့် မိုင်းနိုင်းဆရာတော်ဝါဒ။)

မှတ်ချက်။ ။"ဒိသာစာရိက ဘိက္ခူနံ နိဿဋ္ဌာရ သမယေ" ဟု ဥပေါသထက္ခန္ဓ အဋ္ဌကထာ ၂၆၉-၌ လာသောကြောင့် ရဟန်းတို့ အသွားအလာနည်းပါးချိန် ည (၈) နာရီ၊ (၉) နာရီ လောက်တွင် သမုတ်လျှင် သာလွန်၍ ကောင်းသည်။ (ထိုအချိန် ရောက်လျှင် သိမ်သမုတ်ရန် သိမ်မြေပြင်သို့ တာဝန်ခံက သံဃာ တော်များ ကြွရောက်ရန် ပင့်ရမည်။)

သိမ်သမုတ်မည့် နေရာ၌ သံဃာစုံညီသောအခါ ဖျာ စသည် မခင်းစေသေးဘဲ ပကတိ မြေပေါ်၌ပင် အလယ် အရပ်ကနေ၍ ၃-ကြိမ်ထက်မနည်း သိမ်နုတ်လိုက်ရမည်။

ထိုနောက်မှ ဖျာ စသည် တင့်တယ်စွာ ခင်းကျင်း၍ သံဃာတော် အစုံအညီ စည်းဝေးရပေမည်။

နိမိတ်ကြားရန် အစီအစဉ်

ထိုအချိန်တွင် နိမိတ်ကြားတော့မည်ဖြစ်၍၊ ရေနိမိတ် ကွင်းများ၌ နောက်ဆုံး အနေအားဖြင့် ရေများ ပြည့်လျှံနေအောင် ထည့်ထားရမည်။

မှတ်ချက်။ ။နိမိတ်ကြားသည်ကစ၍ နိမိတ်ကွင်း၌ ရေများ ထပ်မလောင်းရတော့ချေ၊ အကြောင်းကား ကမ္မဝါစာဆုံးသည် တိုင်အောင် ဘယ်ရေက တည်မှန်း မသိနိုင်သောကြောင့် ထပ်မလောင်းရဟု မိုင်းခိုင် းဆရာတော် - သခွတ်ပင် ဆရာတော်တို့ မိန့်ကြောင်း ကျွန်းရွာဆရာတော်မိန့်၏။ (သတိပြုပါလေ။)

ရေနိမိတ် ၈-ခု၌ နိမိတ်စောင့် ၈-ပါးက အသီးအသီး သိမန္တရိက် အရပ်ကထိုင်လျက် နေရမည်၊ သို့မဟုတ် ရပ်လျက်လည်း နေနိုင်သည်။ (ရပ်လျက်နေခြင်းသည် သာ၍ကောင်း၏။)

ဤ၌ နိမိတ်စောင့်မှာ ရဟန်း,ရှင်,လူ အားလုံးအပ်သည်သာ။

> **သာဓက။** ။ဥဒကံ ဘန္တေတိ ဓေံ ပန (ပ) အနုပသမ္ပန္နောဝါ ဝဋ္ဋတိ ယေဝ။ (ဥပေါသထက္ခန္ဓက အဋ္ဌကထာ-၂၆၅) မေးရာ-ကြားရာတို့၌ကား ရဟန်းကိုသာ မေးကောင်း - ကြားကောင်းသည်၊ သိမ်တွင်းကလည်း နေရမည်။ ။(ကျွန်း)

နိမိတ်ကြားသောအခါ "ဣဒံဥဒကံ နိမိတ္တံ ကရောမ ဟောတိ" စသည်ဖြင့် ကြိယာပုဒ်ထည့်၍ မကြားအပ်၊ မြန်မာပြန်ရာ၌လည်း နိမိတ္တံ၊နိမိတ်တည်းဟုဆိုလျှင် ကြိယာသံပါသေးသည်၊ သို့အတွက်

နိမိတ္တံ၊ ဤသိမ်၏ အပိုင်းအခြားကို မှတ်ကြောင်းဖြစ်သော နိမိတ်ဟုသာကြားရန်။ (တည်း) မထည့်ရန် ကျေးဇူးရှင်မိန့်၏။

နိမိတ်ကြားပုံ

စည်းဝေးရောက်လာသော သံဃာ့ ပရိသတ်ထဲမှ ပိဋကတ်ကျမ်းဂန်တတ် အာစရိယလဒ္ဓေါပဒေသ ဂုဏ်ထူးရှိသော ဗဟုသုတရေ-ဝိနယဓိုဠ ဖြစ်တော်မူသော အကြီးဆုံးဆရာတော်တပါးက အရှေ့အရပ်ရှိ နိမိတ်စောင့်အနီးသို့ သွားပြီးလျှင် ရပ်လျက်ပင် မေးမှု-ကြားမှုတို့ကို ပြုရမည်၊ ဤသို့လျှင် အရှေ့ အရပ်ကစ၍ လက်ျာရစ်လှည့်လည်ပြီး မေးမှု-ကြားမှုတို့ကို ပြုလုပ်၍ ရေနိမိတ်များကို ကြားရမည်၊ ဤသို့ နိမိတ်ကြားရာ၌ အရှေ့ အရပ်ကစ၍ ကြားလျှင် ၎င်းအရှေ့အရပ်သို့ ပြန်ရောက်အောင် ထပ်၍ ကြားရမည်၊ သို့မှသာ နိမိတ်စပ်နိုင်သည်။

သာဓက။ ။ပဌမံ နိမိတ္တာ ကိတ္တေ တဗ္ဗာတိ ဝိနယဓရေန(ပ)ဝေ ံ နိမိတ္တံ ကိတ္တေတဗ္ဗံ။ ။ဝေ ံ ပဌမံ ကိတ္တိတနိမိတ္တံ (ပ) ဝေဠိ နိမိတ္တေန နိမိတ္တံ ဃဋိတံ ဟောတိ။ ။
(ဥပေါသထက္ခန္ဓက အဋ္ဌကထာ-၂၆၅။)

ပါဠိဘာသာသက်သက် ရေနိမိတ်ကြားပုံ

ဝိနည်းဓိုရ်။ ။ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ-ဟုမေး။

နိမိတ်စောင့်။ ။ဥဒကံ ဘန္တေ-ဟုဖြေ။

ဝိနည်းဓိုရ်။ ။ဧတံ ဥဒကံ နိမိတ္တံ-ဟုကြား။ (အဝေး ဖြစ်လျှင် "တံ ဥဒကံ နိမိတ္တံ"ဟုကြား။)

နိမိတ်စောင့်။ ။သာဓု ဘန္တေ-ဟု ဝန်ခံ။

ဤကား အရှေ့အရပ်အတွက်တည်း။

ပုရတ္ထိမာယ အနုဒိသာယ ကိံနိမိတ္တံ(ပ)သာစု ဘန္တေ။
ဒက္ခိဏာယ ဒိသာယ ကိံနိမိတ္တံ(ပ)သာစု ဘန္တေ။
ဒက္ခိဏာယ အနုဒိသာယ ကိံနိမိတ္တံ(ပ)သာစု ဘန္တေ။
ပစ္ဆိမာယ ဒိသာယ ကိံနိမိတ္တံ(ပ)သာစု ဘန္တေ။
ပစ္ဆိမာယ အနုဒိသာယ ကိံနိမိတ္တံ(ပ)သာစု ဘန္တေ။
ဥတ္တရာယ ဒိသာယ ကိံနိမိတ္တံ(ပ)သာစု ဘန္တေ။
ဥတ္တရာယ အနုဒိသာယ ကိံနိမိတ္တံ(ပ)သာစု ဘန္တေ။
* ပုရတ္ထိမာယ ဒိသာယ ကိံနိမိတ္တံ (ပ) သာစု ဘန္တေ။

မှတ်ချက်။ ။ကျောက်နိမိတ်ဖြစ်လျှင် ပါသာဏော ဘန္တေ-ဟုဖြေ၍၊အယံ ပါသာဏော နိမိတ္တံ-ဟုကြား။ ။အဝေးဖြစ်လျှင် ဧသော ပါသာဏော နိမိတ္တံ-ဟုကြား၊ သည့်ပြင် မထူးတော့ပေ။

ဤ၌ နိမိတ်စောင့် အနီးသို့သွား၍ ကြားရန်ဖြစ်သောကြောင့် ကျေးဇူးရှင် ဆရာတော် ကြားတော်မူသည့်အတိုင်း " ဣဒံ ဥဒကံ နိမိတ္တံ"ဟု ရေးလိုက်သည်၊ ကျေးဇူးရှင်ရေး သိမဝိနိစ္ဆယ သိမ်ပုံကျမ်း ၈-၌လည်း ဤအတိုင်း ရေးထားပါသည်။ ။အလယ်ဗဟိုကနေ၍ ကြားရာ၌ အဝေးဖြစ်သောကြောင့် " ဧတံ ဥဒကံ နိမိတ္တံ"ဟု ကျေးဇူးရှင် ကြားသည်ကို သိမ် ၃-လုံးအထိ တွေ့ရဘူးသည်။ (ကိုရင်ဘငကေ ၈လုံးတွေ့ရဘူးသည်။)

မှာထားချက်။ ။ဣမ-သဒ္ဒါပါလျှင် အနီး၊ ဧတသဒ္ဒါပါလျှင် မနီးမဝေး၊ တ-သဒ္ဒါပါလျှင် အဝေးဟု ဆိုသော သဒ္ဒါဆရာတို့ စကားသည် နေရာတိုင်းမဟုတ်၊ သိမ်နုတ် ကမ္မဝါစာ၌ သိမ်ပေါ်မှာ တည်လျက်နှင့်ပင် တံသီမံသမုဟနေယျ-ဟု ဘုရားဟောထားသည်၊ဣဒံဥဒကံ နိမိတ္တံ-ဟု ဆိုကြခြင်းသည် မကြာမြင့်သေး၊ ရှေး

ဆရာတော်များ တော်ဥဒကံချည်း ဆိုကြသည်ဟုလည်း အချို့ဆရာ တော်များမိန့်ကြ၏၊ သို့သော် ကျေးဇူးရှင်များ ကြားတော်မူပုံကို ကိုယ်တိုင် လက်တွေ့ဖြစ်၍ သဘောလည်း သင့်လှသော ကြောင့် အာစရိယဝါဒကို နောက်သားတို့ နယဂ္ဂါဟပြုနိုင်ရန် ဣဒံ ဥဒကံ နည်းကို ရေးလိုက်ပါသည်၊ ဤသို့သာ မှန်သည်ဟု " လိပ်ခဲတင်း လင်း " ဆိုလိုသည် မဟုတ်ပါ၊ ဤ၌ နှစ်တောင့်ကွာ ဟတ္ထပါသ် အတွင်း ဣဒံ။ ဟတ္ထပါသ်အပ တော်ဟု ဆိုခြင်းသည် အဒိဋ္ဌာန်တင် ခဏ်း၌ ဟတ္ထပါသ် အတွင်း ဣမံ စီဝရံ။ အပမှာ ဧတံ စီဝရံ ဟု အဋ္ဌကထာဆရာ ညွှန်ကြားသည်နှင့် ညီညွတ်သည်ဟုလည်း ကျေး ဇူးရှင် မိန့်ဘူး၏။

ပုရတ္ထိမာယ၌ ပုရတ္ထိမာယ-ဟု တ-ဝမ်းပူနှင့်လည်း ဆိုကြ၏၊ သို့ရာတွင် သက္ကဋလာ "ပုရသ္တ"ကို မာဂဓ၌ သ-နှင့် တ-ကို တ-နှင့် ထ(တ္ထ)သံယုတ်ပြုထားသည်၊ သက္ကဋ၌ "ပုရသ္တ"သဒ္ဒါကို နိပါတ် ဟု ဆိုထားသဖြင့် "ပုရတ္ထ"လည်း အရှေ့အရပ်ဟူသော အနက်ကို ဟောသည့် နိပါတ်ပုဒ်ပင် ဖြစ်လေသည်။

သာဓက။ ။ပုရတ္ထ သဒ္ဒေါ ပါစီယံ ဒိသာယံ ဣစ္စတ္ထေ။ (အဘိဓာန် ဋီကာ) သို့ဖြစ်၍ ပုရတ္ထိမာယသာ အမှန်ဟု မိန့်တော်မူကြ၏။ (ကျေး-ကျွန်း-ရွှေ-မိုင်း-၄), ပုရတ္ထပုဒ်-ဏိမပစ္စည်း။ ။

မြန်မာဘာသာသက်သက် ရေနိမိတ်ကြားပုံ

ဝိနည်းဓိုရ်။ ။(ငါ့ရှင် နိမိတ်စောင့်) ယခုသမုတ်အပ်လတ့ံ သော † ဤသိမ်၏ အရှေ့အရပ်၌ † သိမ်၏ အပိုင်းအခြားကို မှတ်ကြောင်းဖြစ်သော နိမိတ်ကား အဘယ်နည်း(ဟုမေး)။

နိမိတ်စောင့်။ ။ရေပါအရှင်ဘုရား(ဟုဖြေ)။

ဝိနည်းဓိုရ်။ ။ဤခရေသည် ယခု သမုတ်အပ်လတ္တံ့သော ဤသိမ်၏ အရှေ့ရပ်၌ သိမ်၏ အပိုင်းအခြားကို မှတ်ကြောင်း ဖြစ်သော နိမိတ်(ဟုကြား)။

နိမိတ်ခေါင်း။ ။ကောင်းပါပြီ အရှင်ဘုရား(ဟုဝန်ခံ)
ဤကား အရှေ့အရပ် အတွက်တည်း။

အမှာ။ ။ကြွင်းသော အရပ်များအတွက် ထူးရာမျှကိုသာ ရေးလိုက်ပါသည်။

† ဤသိမ်၏-အရှေ့တောင်ထောင့် အရပ်၌ † (ပ)
† ဤသိမ်၏-တောင်အရပ်၌ † (ပ)
† ဤသိမ်၏-အနောက်တောင်ထောင့်အရပ်၌ † (ပ)
† ဤသိမ်၏-အနောက်အရပ်၌ † (ပ)
† ဤသိမ်၏-အနောက်မြောက်ထောင့်အရပ်၌ † (ပ)
† ဤသိမ်၏-မြောက်အရပ်၌ † ပ)
† ဤသိမ်၏ အရှေ့မြောက်ထောင့်အရပ်၌ † (ပ)
* † ဤသိမ်၏-အရှေ့အရပ်၌ † (ပ)

မှတ်ချက်။ ။ဤ၌ “ ယာယ ကာယစိ ဘာသာယ ” ဟု ဆိုသောကြောင့် နိမိတ်ကြားရာ၌ ပါဠိ-မြန်မာ ၂-မျိုး ကြားနိုင်သည်ကို သိရသည်၊ ဤသို့ ကြားရာ၌လည်း ပါဠိဘာသာ သက်သက်သော်၎င်း၊ မြန်မာဘာသာ သက်သက်သော်၎င်း ကြားခြင်းသည်သာကောင်း၏။ ပါဠိတချက်-အနက်တချက် ရော၍ ကြားသည့် မိဿက ကြားခြင်းမျိုးကို မနှစ်သက်ဟု ပဌမ စလင်းဆရာတော် ဦးကလျာဏနှင့် ကျီဝန်ဆရာတော် မိန့်၏။

မိမိသည် ယခု ဝါ(၂၄)ဝါ အတွင်းမှာ ကျေးဇူးရှင်ဆရာတော် မပါဘဲ သိမ် ၅-လုံး၊ ကျေးဇူးရှင်ဆရာတော်နှင့် အတူ သိမ် ၂-လုံး၊ ပေါင်း သိမ် ၇-လုံးကို သမုတ်ပြီးခဲ့သည်၊ ကျေးဇူးရှင် ဆရာတော်နှင့်အတူ သမုတ်ရာတွင် ကျေးဇူးရှင် ဆရာတော်သည် သိမ်သမုတ်တိုင်းပင် နိမိတ်ကြားသောအခါ ပဌမတကြိမ် နိမိတ်စောင့်အနီးသွား၍ကြားရာ၌ မြန်မာဘာသာသက်သက်ဖြင့် ခပ်တိုတိုသာ ကြားသည်ကိုသာတွေ့ရ၍၊ ဒုတိယတကြိမ် အလယ် ဗဟိုအရပ်ကနေ၍ ရပ်ပြီးကြားရာ၌ ပါဠိဘာသာ သက်သက်ဖြင့် ကြားသည်ကို တွေ့ရဘူးသည်၊ ပါဠိ-အနက် မိဿကကြားခြင်းကို မတွေ့ရပေ၊ သို့ရာတွင် ပါဠိ-အနက် မိဿက ကြားခြင်းမှာလည်း အပြစ်မရှိသောကြောင့် ကျေးဇူးရှင်၏ သိမဝိနိစ္ဆယ သိမ်ပုံကျမ်း၌ကား ပါဠိ-အနက် ကြားပုံကို ရေးသားတော် မူသည်။ (ညောင်လွန့်တောရ-ဒုတိယဆရာတော်ဘုရားကြီး၏ အလိုအတိုင်း ရေးဟန်တူသည်။)

ဤ၌ ဖွဲ့နွဲ၍ ပါဠိ-အနက် မိဿကအားဖြင့် အပိုတွေ များစွာ ထည့်လျက် အချိန်များများ ကုန်စေကာ ကြာရှည်စွာ နေးနေး-ကြားနေခြင်း မျိုးကိုကား ရေနိမိတ်မှာ ရေခမ်းသွားမည်ကိုပင် စိုးရိမ်ရသောကြောင့်၎င်း၊ အချိန်ပိုတွေ ကုန်သွားမည်ဖြစ်သောကြောင့်၎င်း ဆင်ခြင်အပ်လေသည်၊ ဤကို အထူး သတိပြုပါလေ။ ။ဝဏ္ဏိတံ နိပ္ပပဥ္စ၀၊ ကိလမထ ပဟာယိနာ။ တတော တဿ သာသနမ္ပိ၊ ပပဉ္စော ကိလမော န ဟိ။ (ဆရာတော်ဦးဖုဒ်)

ဤသို့ နိမိတ်ကြားရာ၌ အရပ်ရှစ်မျက်နှာတို့တွင် ဘယ်အရပ် ကစ၍ ကြား-ကြား အပ်သည်သာ၊ ကျေးဇူးရှင်သည် ကြက်ဖြူ တောင်၌ သိမ်သမုတ်စဉ်က တောင်အရပ်ကစ၍ ကြားသည်ကို ကိုယ်တိုင်တွေ့ခဲ့ဘူးသည်။

ဤ၌“တံ တံ နိမိတ္တဋ္ဌာနံ အဂန္တွာ ကိတ္တေတုံ ဝဋ္ဋတိ” ဟူသော ဝိမတိဋ္ဌကာအတိုင်း မဟာသိမ်ကြီးမျိုးကိုသမုတ်ရာ၌ လှည့်လည်၍ မကြားနိုင်သည်ကို ထောက်၍ အလယ်ဗဟို အရပ်ကနေ၍လည်း ကြားနိုင်,ဖြေနိုင်ကြောင်းကို ကျွန်းရွာတောရ ဆရာတော် မိန့်၏၊ ကျေးဇူးရှင်ကား နောက်ဆုံးအကြိမ်၌ အလယ်ဗဟိုကရပ်၍ ပါဠိဘာသာ သက်သက်ဖြင့် ကြားတော်မူသည်ကို တွေ့ရဘူးသည်။ အလယ်ဗဟိုကနေ၍ နိမိတ်စောင့်နေရာအဝေးသို့ လှမ်းပြီးကြားရခြင်းကြောင့် “ဧတံ ဥဒကံ” ဟု ကြားသည်ကိုတွေ့ရသည်။

ကမ္မဝါစာဘတ်သောအခါ၌ကား - နိမိတ်အတွင်းကသာနေ၍ ဘတ်ရပေမည်၊ သို့မှသာ ဗဟိဋ္ဌိတ သမ္မတသိမ် အဖြစ်မှ လွတ်နိုင်မည်။ (ကင်္ခါဋီကာသစ်)

> တတ္ထ နိမိတ္တာနိ သကိံ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ၊ အန္ဓကဋ္ဌကထာယံ ပန တိက္ခတ္တုံ သီမမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗန္တိ ဝုတ္တံ။ (ဥပေါသထက္ခန္ဓက အဋ္ဌကထာ - ၂၆၅)

ဤ အဋ္ဌကထာအရ နိမိတ်ကို တကြိမ်ကြားလည်း အပ်၏၊ သို့ရာတွင် ခင်မကန် ဆရာတော်ဘုရားကြီးကား ၃-ကြိမ်ကြား၏၊ ကျေးဇူးရှင်ကား ၆-ကြိမ်အထိကြားရန် စီစဉ်သည်ကိုတွေ့ရသည်၊ ကျွန်းရွာဆရာတော်ကား ၇-ကြိမ်,၉-ကြိမ်အထိ ကြားကြသည်ကို မိန့်၏။

နိမိတ်ကြားပြီးလျှင် နိမိတ်စောင့်ရဟန်းများနှင့်တကွ သံဃာအားလုံးကုန် အလယ်ဗဟိုတွင် တထောင့်ထွာဟတ္ထပါသ် စပ်မိအောင် စည်းဝေးကြရမည်။ (တထောင့်ထွာဟတ္ထပါသ်ဟူသော ဝါဒမှာ - ကျေးဇူးရှင်နှင့် ကင်္ခါဋီကာသစ်ဝါဒဖြစ်သည်။)

ဤအချိန်တွင် သိမ်သမုတ်တော့မည်ကို သိရှိရန်နှင့် အထူးဂရုစိုက်၍ နယ်ကြားကစောင့်စေခြင်းငှါ နယ်စောင့်လွှတ်စဉ်က ပြောလွှတ်သည့်အတိုင်း သေနတ်-ကြေးစည်-ခေါင်းလောင်း-တုံးစသည်တို့ကို တီးခေါက်ပေးရမည်၊ နယ်စောင့်များကလည်း အမှတ်ပေးသည့်အချိန်ကိုသိရှိကြောင်း သေနတ်စသည်တို့ဖြင့်ပြန်၍ပစ်ဖေါက်လိုက်ရမည်၊ ကလျာဏီသိမ် ကျောက်စာ၌လည်း နိမိတ်ကြားပြီးမှပင် အမှတ်ပေးရန်ဆိုသည်။ ။ဤအချိန်မှာပင် ဆန္ဒဆောင်သောရဟန်းများကလည်း ဟတ္ထပါသ် အတွင်းကနေ၍ ဆန္ဒကြားရပေမည်၊ ဤကို အထူးသတိပြုပါလေ။ (ဆန္ဒကြားပုံကိုပြခဲ့ပြီ။)

သိမ်သမုတ် ကမ္မဝါစာ ၂-မျိုးကို ဘတ်ပုံ

သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတွာ (ပ) ဆန္ဒံဝါ အာဟရိတွာ သမ္မတာ။
(ကင်္ခါအဋ္ဌကထာ-၇၊ ဝိန ယသင်္ဂဟအဋ္ဌကထာ-၁၇၅)

ဧဝံ နိမိတ္တာနိ ကိတ္တေတွာ အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ (ပ) နိမိတ္တာနိ သီမတော ဗဟိ ဟောန္တိ။
(ဥပေါသထက္ခန္ဓက အဋ္ဌကထာ-၂၆၅)

ဤ အဋ္ဌကထာများနှင့်အညီ ဤ သီမသမ္မုတိ ကံသည်လည်း စတုဝဂ္ဂကံပင်ဖြစ်၍ အနည်းဆုံးရဟန်း ၄-ပါးရှိက အပ်သော်လည်း ၂-ကျိပ် ၄-ပါး, အပါး ၃-ကျိပ်အောက်မနည်း ရှိရပေမည်၊ ၎င်းတို့တွင် ပိဋကတ်ကျမ်းဂန်တတ် ဗျတ္တပဋိဗလ-ဗဟုဿုတခရေ-ဝိနယဝိဒူ ဖြစ်တော်မူကြသော ဆရာတော်များကို ရွေးချယ်၍ ၃-ပါးစီတွဲပြီးလျှင်၊ ဤ သီမသမ္မုတိ ကမ္မဝါစာများကို ၄၁န် - ကရိုဏ်း - ပယတ်-ဗျဥ္စနဗုဒ္ဓိတို့နှင့် ညီညွတ်စွာ ဘတ်ကြရပေမည်။

ဤ၌ ရှေးဦးစွာ သမာနသံဝါသ သိမသမ္မုတိ ကမ္မဝါစာကို ဘတ်၍၊ တဆက်ထည်းပင် အဝိပ္ပဝါသ သိမသမ္မုတိ ကမ္မဝါစာကိုလည်း ဘတ်သွားရမည်။

သာဓက။ ။"သိမံ ဘိက္ခဝေ သမ္မန္နန္တေန ပဌမံ သမာန သံဝါသ သိမာ (ပ) သမ္မန္နိတဗ္ဗာ။"

(မဟာဝါပါဠိ-၁၅၅)

မှတ်ချက်။ ။ဤ၌ ကျေးဇူးရှင်ကား-သိမ်သမုတ်တိုင်း ကမ္မဝါစာ ၂-မျိုးလုံး တဆက်ထည်း ဘတ်တော်မူသည်ကိုသာ တွေ့ရသည်။ ။သမာန သံဝါသသိမ်ကို သီးခြားသတ်သတ် အကြိမ်လိုသလောက်ဘတ်၍ သမုတ်ပြီးမှ အဝိပ္ပဝါသသိမ်ကို သီးခြားဘတ်၍ သမုတ်ကြသည်လည်းရှိ၏။ (ကျွန်းရွာ ဆရာတော်ရေး-သိမ်မျိုးစုံ မဟာဋီကာ-၂၂၄-၂၂၅)

ကျေးဇူးရှင်ကား - သိမ်သမုတ်တိုင်းပင် ၇-ကြိမ်ဘတ်ရန် စီစဉ်သည်ကို တွေ့ရဘူးသည်၊ ရွှေရေးဆောင်ဆရာတော်နှင့် ဆရာတော်ကြီး - ဦးကျောက်ခဲလည်း ၇-ကြိမ် ဘတ်တော်မူသည်၊ ကျွန်းရွာ-ဆရာတော်ကား ၉-ကြိမ်ဘတ်ရမည်ဟု မိန့်၏။

အဝိပ္ပဝါသ ကမ္မဝါစာကို ဘတ်ရခြင်း အကျိုးကို ပြချက်

အထ တဿာဝေ ဒဠှီ ကမ္မတ္ထံ အဝိပ္ပဝါသ ကမ္မဝါစာ ကာတဗ္ဗာ၊ ဧဝဉှိ သိမံသမုဟနိဿာမာတိ အာဂတာ သမုဟနိတုံ န သက္ခိဿန္တိ။ (ဥပေါသထက္ခန္ဓက အဋ္ဌကထာ-၂၇၀)

၎င်းအဋ္ဌကထာ အတိုင်းပင် ဒဠှီကမ္မအကျိုးငှါ အဝိပ္ပဝါသ ကမ္မဝါစာကိုလည်း ဆက်၍ ဘတ်လေ့ရှိကြသည် ဟု ကျွန်းရှာ-ဆရာတော်မိန့်၏။

အဝိပ္ပဝါသ သီမာပန(ပ)န ဟိ ဝါသာ ဝိသုံ နိမိတ္တ ကိတ္တနံ အတ္ထိ။ (ဥပေါသထက္ခန္ဓက အဋ္ဌကထာ-၂၇၈)

၎င်းကို ထောက်သော် အဝိပ္ပဝါသသိမ်အတွက် ရေ့မတည်သော်လည်း အပ်၏ဟု ယူဆရန်ရှိသည်၊ သို့သော် ''ဂရုက လဟုကေသု(ပ)လက္ခဏံ'' ဟူသော ပါစိတ်အဋ္ဌကထာ ဘူတဂါမဝဂ်-၂၆-နှင့်အညီ ဂရုကအရာ၌ကည်ဘင့်သောကြောင့်၎င်း၊ ရှေးဆရာတော် အဆက်ဆက် အဝိပ္ပဝါသ သိမ်သမုတ်ပြီးအောင် ရေ့ ငှါရမည်ဟု ယူကြသောကြောင့်၎င်း၊ အဝိပ္ပဝါသ သီမသမ္မုတိ ကမ္မဝါစာ ဆုံးသည်တိုင်အောင် ရေ့တည်ရမည် ဟု ကျွန်းရှာ-ဆရာတော် မိန့်၏၊ ကျေးဇူးရှင်လည်း ဤအတိုင်းယူတော်မူ၏။

အဆောက်အဦပေါ်၌ သိမ်သမုတ်ပုံ

သိမ်နုတ်ပြီးသားဖြစ်ခဲ့သော် မြေအပြင်၌သာမဟုတ် အဆောက်အဦပေါ်၌လည်း သိမ်သမုတ်အပ်သေးသည်။

သာဒက။ ။သီမာစနာမေသာ န ကေဝလံ ပထဝီတလေယေဝ (ပ) ကုဋ္ဌိဂေဟေပိ လေဏေပိ (ပ) ဗဒ္ဓါယေဝ ဟောတိ။ (ဥပေါသထက္ခန္ဓကအဋ္ဌကထာ-၂၇၁)

ယခုကာလ အချို့ဆရာတော်တို့သည် ''သစေ ကေယောဇန (ပ) ကိတ္တေတဗ္ဗာနိ'' ဟူသော ဥပေါသထက္ခန္ဓကအဋ္ဌကထာ-၂၆၆ ကိုထောက်၍၊ ဆောက်ပြီး အဋ္ဌတိုက်ကြီးများ စသည်ကို သိမ်း၍ သိမ်နုတ်၊ သိမ်သမုတ် ကိစ္စပြုကြလေပြီ၊ အချို့လည်း သိမ်သမုတ်ပြီး

နောက်မှ နိမိတ်ပြင်ဘက် ကျောင်းကိုခွါ၍ တသိမ်ထည်းပြုလုပ်ကြလေပြီ၊ ဤ၌ ရှေးကသမုတ်ပြီး ဗဒ္ဓသိမ်ဟောင်း မရှိသော နေရာချည်းဖြစ်မှု သင့်ရာ၏၊ သို့သော် အလွန်လည်းပေါ့၊ ရှေးကတကယ့်ကျမ်းဂန်တတ် ဝိနယဂရုက ဆရာတော်ကြီးများ အသုံးမပြုသောနည်းကို မလိုက်ကြရာဟု အဂ္ဂမဟာပဏ္ဍိတ ကျွန်းရွာဆရာတော်မိန့်၏။ (ဂုဏ်း၏မဟာဋီကာကျမ်း-၁၉၆။)

ဤ၌ သိမ်သမုတ်၍ ပြီး-ပြီးချင်းပင် နယ်စောင့်များအား သိမ်သမုတ်ပြီးကြောင်း သိစေရန် ပြောလွှတ်သည့်အတိုင်း သေနတ်၊ ကြေးစည် စသည်တို့ဖြင့် အမှတ်ပေးလိုက်ရမည်။ ။ထို့နောက်ဆက်လက်၍ပင် ရောက်ရှိလာသော လူအပေါင်းတို့ ကောင်းချီးသြဘာ သာဓုခေါ်ကြစေခြင်းငှါ "သိမ်အောင်သြဘာစာတမ်း" ကို ဘတ်ကြားရပေမည်။

နောက်နေ့၌ သိမ်တရားနာပွဲ ပြုလုပ်၍ ရေစက်ချ အမျှဝေရပေမည်။ (ဝမ်းတွင်းမြို့နယ် မိဂဒါဝုန်ရိပ်သာ သိမ်သမုတ်စဥ်က မိမိသည်ပင် သိမ်အောင်သြဘာစာရေး၍ ဘတ်သည့်ပြင် တရားဟောရေစက်ချတို့ကိုပါ ဆောင်ရွက်ခဲ့သည်။)

ဝမ်းတွင်းမြို့နယ် မိဂဒါဝုန်ရိပ်သာသိမ်
သိမ်အောင် သြဘာစာတမ်း

ဝိဇ္ဇန္တော နဘမဇ္ဈမှိ၊ ဝိမလော သူရိယော ယထာ။
စီရံ အဒေါသ. သမ္ပုဏ္ဏော၊ သီမာ ပဘာတု သာသနေ။
ပဉ္စမာရေ ဇိနာတိတိ ဇိနော။ ။

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ပဉ္စမာရေ၊ ဒေဝပုတ္တ စသည်ပြားဟန် မာရ်ငါးတန်တို့ကို။ ဇိနာတိ၊ ပယ်လှန်

သုမ်သင် အောင်မြင်တော်မူတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇိနော၊ ဇိန မည်တော်မူပါပေသတည်း။

ဤသို့လျှင် ပဥ္စမာရေ ဇိနာတိဝစနတ်၊ ဗျုပ္ပတ်အောင်ထိန်၊ ခြောက်ရောင်ရှိန်သည့်၊ မဟိန္ဒြာ၊ သညာအနွတ်၊ ခေါင်ယူဆွတ်သော၊ တမွတ်ထိပ်ဖျား၊ ဘုရားဇိန၊ သုံးလူ့ဘသည်၊ ဒေဝပုတ္တ၊ စသည်ပြားဟန်၊ မာရ်ငါးတန်ကို၊ ကြိမ်ဖန်များစွာ၊ ဘဝါဘဝ၊ ပြုထပါရမီ၊ စာဂီအဟုန်ကြောင့်၊ အကုန်အစင်၊ အောင်မြင်တော်မူကာ၊ မဟာမာရဇိန်ဟူသော ဘွဲ့တော်ကို အစိုးရတော်မူခဲ့လေသတည်း။

ထိုမဟာမာရဇိန၊မာရာရိဇယ၊အနုတ္တရသယမ္ဘူ၊ အရဟံတဆူ၊ ဖြစ်တော်မူသော၊ သဗ္ဗညု မြတ်စွာဘုရား၏၊ တည်ထားတော် မူခဲ့သော သာသနာတော် နှစ်သည်ကား၊ ငါးထောင်ဒီဃ၊ ကာလရှည်ကြာ၊ရှိသည်တာတွင်၊ပမာထက်ဝက်၊မပျက်မှန်စွာ၊လွန်သောခါဝယ် .... (ဤ မြန်မာနိုင်ငံ၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ သဲတောကလေးရွာ-စသော ကျေးရွာများ၌၊ကလျာဏအမှု ဆယ်ဖြာသော ကုသိုလ်တရားတို့ကို၊ကြိုးစားအားထုတ်ကာ၊ပျော်မွေ့စွာနေထိုင်ကြကုန်သော၊ ဒကာ-ဒကာမအပေါင်း၊ သူတော်ကောင်းတို့သည်၊ ဗုဒ္ဓပ္ပါဒ၊ နဝမခေတ်၊ ကြုံကြိုက်ခြင်းဖြစ်သည်အားလျော်စွာ၊ သာသနာတော်မှာ၊ ထာဝရကုသိုလ်အရာ၊ သိမ့်-ဒကာ ခံယူကြလေသတည်း....။

ထိုသို့ သိမ့်-ဒကာ ခံယူကြသောကြောင့် ထိုဝမ်းတွင်းမြို့နယ်၊ ရွှေဖလားကန် ဒိုင်နယ်အတွင်းရှိ၊ ခရုတန်းကုန်းတောရ-မိဂဒါဝုန်ရိပ်သာအတွင်းဝယ်၊ ကြေးမုံပြင်သဖွယ်၊ စင်ကြယ်စွာသုမ်သင်၍၊ ပြုပြင်စီရင်ထားသော၊ သိမမဏ္ဍလင်၊ သိမ်မြေပြင်၌....) ပိဋကတ်

ကျမ်းဂန်တတ်၊အာစရိယလဒ္ဓေါပဒေသ၊ကောင်းမွန်စွာ ရရှိတော်မူကြ၍၊ ဗဟုဿုတဓရ-ဝိနယဂရုက-ဝိနယဝိဒူ ဖြစ်တော်မူကြကုန်သော....

(၁) မိတ္ထိလာခရိုင်၊ တောင်ပုလု ကမ္မဋ္ဌာန်းရိပ်သာ၊ တောင်ပုလု ဆရာတော်။

(၂) ရမည်းသင်းမြို့၊ညောင်လွန့်တောရဆရာတော်။ ရန်ကုန်မြို့၊ မဟာစည် ဆရာတော်တို့၏ တပည့် တောင်ငူခရိုင်၊ ရေနီမြို့၊ ကမ္မဋ္ဌာန်းရိပ်သာတိုက် (ညောင်လွန့် - အရှင်သောဘိတာစာရ) ရိပ်သာဆရာတော်။

(၃) မိတ္ထိလာမြို့၊ မဏိဇောတိကာရုံ ကျောင်းတိုက်၊ မဏိဇောတိကာရုံ ဆရာတော် အမှူးပြုကုန်သော (၅၄) ပါးသော သံဃာတော် အရှင်မြတ်တို့သည်၊.... "သိမံ ဘိက္ခဝေ (ပ) ပဌမံ ကိစ်ဝရေန အဝိပ္ပဝါသော" စသော ပါဠိတော်နှင့်အညီ၊ အခါမြင့်ညောင်း၊ ရှိစကောင်းသော၊ သိမ်ဟောင်းတို့ကို၊ အဝိပ္ပဝါသ-သမာနသံဝါသ၊ သီမသမုဟနန ကမ္မဝါစာ ၂ - မျိုးလုံး ဘတ်၍ ရှေးဦးစွာ နုတ်တော်မူကြလေသတည်း။

ထို့နောက်-ရွှေဖလားကန် ဒိုင်နယ်အတွင်းရှိ ရဟန်းတော်များကို အကုန်သိမ်း၍၊ လူများကို နယ်စပ်က အစောင့်ထားပြီးလျှင်.... "ပဗ္ဗတနိမိတ္တံ(ပ)ဥဒကနိမိတ္တံ" ထုတ်ပြန်အပ်သော ပါဠိတော်နှင့်အညီ ရှစ်ပါးသောနိမိတ်တို့တွင် ဘရပ်ရှစ်မျက်နှာတို့၌ ရှစ်ဖြာသော ရေနိမိတ်တို့ကိုထားစေ၍၊ "အနုဇာနာမိ (ပ) သီမန္တရိကာ ဌပေတဗ္ဗာ"ဟူသောပါဠိတော်အတိုင်းသီမန္တရိက်ကိုပါထားလျက် "ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ဟူသောပါဠိတော်၊ ပဌမံ ကိတ္တ်တနိမိတ္တံ ကိတ္တေတွာဝ ဌပေတဗ္ဗာ" ဟူသော အဋ္ဌကထာတို့နှင့်အညီ ပဌမကြားရင်း နိမိတ်သို့ ပြန်ရောက်သည့် တိုင်အောင် အခါခါ

အထပ်ထပ် ရေနိမိတ်တို့ကို ကြားအပ်ပြီးသော အခါ၊.... "နိမိတ္တ ကိတ္တနာနန္တရံ (ပ) ကမ္မဝါစာယ ဗန္ဓိတဗ္ဗာ" ဟူသော အဋ္ဌကထာနှင့်အညီ ဌာန်-ကရိုဏ်း-ပယုတ်-ဗျဉ္ဇနဗုဒ္ဓိတို့ကို နှိုင်းညှိဆင်ခြင်သတိယှဉ်ကာ သမာနသံဝါသ - အဝိပ္ပဝါသ - သီမသမ္မုတိ ကမ္မဝါစာတို့ကို အစဉ်အတိုင်း ကောင်းမွန်စွာ ရွတ်ဘတ် ချီးမြှောက်တော်မူကြလေသတည်း။

ဤသို့-ရွတ်ဘတ် ချီးမြှောက်တော် မူကြသဖြင့်၊ ဤ "ကလျာဏီ"၊ သညီခေါ်မှတ်၊ သိမ်တော်မြတ်သည်၊ သာသနာတော်နှစ် ၂၅၁၁-ခု၊ ကောဇာ သက္ကရာဇ် ၁၃၂၉-ခု၊ ဥတု ဟေမန္တ၊ ပြာသိုလဆန်း(၁၃)ရက်၊ သောကြာနေ့၊ ည ၁ဝ-နာရီအချိန်တွင် အောင်မြင်ပါသောကြောင့်.... သုနက္ခတ္တ၊ ဇယသောဘာ၊ ထုတိသာသည့်၊ ဩဘာအောင်ဟိတ်၊ အောင်နိမိတ်ဖြင့်၊ အောင်တံဆိပ် သွင်းပြီးလျှင်၊ အောင်ချီးပွဲ ထောပနာ ပြုလျက်၊ အောင်သာမုံ ခေါ်နိုင်ကြပ စေသတည်း....။

၁၃၂၉-ခု၊ ပြာသိုလ။ { **အရှင် ဦးရိပ်သာဆရာတော်**
ညောင်လွန့်-အရှင် သောဘိတာစာရ။

ဒိုက်ဦးမြို့-မကျည်းတန်းကျောင်းတိုက်
သာသနဝုမိုကာရီသိမ် သမုတ်ပုံအခမ်းအနား

ဒိုက်ဦးမြို့-မကျည်းတန်းကျောင်း ဆရာတော်-အရှင်အာစရကား ဤစာရေးသူနှင့် သမာနာစရိယက ဖြစ်ခဲ့သည့်အပြင်၊ အင်မတန် ခင်မင်ရင်းနှီးသောပုဂ္ဂိုလ်လည်းဖြစ်ပေသည်၊ ထိုဆရာတော်၏ ကျောင်းတိုက်အတွင်းရှိ ဝိသုံဂါမမြေပေါ်တွင် "သာသနဝုဓိကာရီသိမ်တော်" သမုတ်ပွဲကို ၁၃၃၆-ခု၊ပြာသိုလဆန်း ၁၄-ရက်နံနက်ပိုင်းက ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နံနက်ပိုင်း-အစီအစဉ်

၁။ ဂိုဏ်းပေါင်းစုံ ဆရာတော် - သံဃာတော် (၅၀) ကျော်တို့က မန်ကျည်းတန်းကျောင်းတိုက်အတွင်းရှိ ဝိသုံဂါမမြေပေါ်၌ ရှေးဦးစွာသိမ်နှုတ်၍ သိမ်သမုတ်တော်မူကြသည်။

၂။ သိမ်သမုတ်၍ပြီးလျှင်ပြီးချင်းပင် ဤစာရေးသူက ဆိုအပ်လတ္တံ့သော"သိမ်အောင်ဩဘာစာတမ်း"ကို ကိုယ်တိုင်ရေးသား၍ ဘတ်ကြားခဲ့သည်။

၃။ ဆက်လက်၍ပင် သံဃာတော်များက ဥပသမ္ပဒကံ ဆောင်ရွက်တော်မူကြသည်။

၄။ သိမ်သမုတ်ပွဲကို ဝမ်းမြောက်ကြည်နူးစွာ ကြည်ညိုနေကြသော ဒကာ-ဒကာမအပေါင်းတို့က သိမ်မှုထွက်ကြွတော်မူလာကြသော သံဃာတော်(၅၀)ကျော်တို့အား "သိမ်မျိုးစုံ ဘာသာဋီကာကျမ်း"၊ "ဓမ္မာလာ ပဒေသာကျမ်း" တစုံစီနှင့် အခြားလှူဘွယ်ဝတ္ထုများကို ကိုယ်စီကိုယ်ငှသံဃာစေ့ကပ်လှူကြလေသည်။

သိမ်အောင် ဩဘာစာတမ်း

(၁) ပဌမာရေ ဇိနာတိဝစနတ်၊ ဗျူပ္ပတ်အရ၊ ဇိနဟူသော ဘွဲ့တော်ကို အစိုးရတော်မူသော၊ မဟာမာရဇိန၊ မာရော့ရိဇယ၊ အနုတ္တရသယမ္ဘူ၊တြိဥက္ကဋ္ဌမဟန္တဂူ၊အရဟံတဆူဖြစ်တော်မူသော သဗ္ဗညူ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏၊ တပည့်တပန်း၊ ရဟန်းသံဃာတော်အပေါင်းတို့၏။

ကေူပေါသထ—တူသော ဥပုသ် ပြုခြင်းရှိနိုင်ဖို့ရန်။
ကေုဒ္ဒေသ—တူသောပါတိမောက် ပြခြင်း ရှိနိုင်ဖို့ရန်။
သမာနသံဝါသ—တူသော ကံကြီး, ကံငယ် ဟူသော ပေါင်း ဖေါ်ခြင်း ရှိနိုင်ဖို့ရန်။

ကမ္မသုခကရဏ – ကံကို လွယ်ကူစွာ ပြုနိုင်ဖို့ရန်တို့နှင့် တကွ သံဃကိစ္စ,သံဃကံအ၀၀တို့ကို သည်ပိုးရွက်ဆောင်ရာ “ဌာနကြီး တခု ”ဖြစ်စေလိုသောကြောင့်။ “ အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ”ဟု ဝိနည်းမဟာဝါ ပ ဠိတော်၌ သိမ်သမုတ်ခြင်း အရာကို မြတ်စွာဘုရား ဟောကြားခွင့်ပြုတော်မူအပ်လေသည်။

(၂) ဤ ခွင့်ပြုတော်မူချက် ဒေသနာအရ သိမ်သမုတ်လိုကြသောအခါ “သာမံကံ ပန ဥတ္တာယေဝ သမုဟာနိတဗ္ဗာ ဗန္ဓိတဗ္ဗာ စာတိ”ဟု ကျမ်းဂန်ပါဠိလာရှိသည်နှင့်အညီ ဒိုက်ဦးမြို့-မန်ကျည်းတန်း ကျောင်းတိုက်အတွင်းရှိ၊ ဝိသုံဂါမ မြေပေါ်ဝယ်၊ ကြေးမုံပြင်သဖွယ်၊ စင်ကြယ်စွာ သုခ်သင်ထားသော အရပ်၌၊ ပိဋကတ်ကျမ်းဂန်တတ်၊ ဗဟုဿုတဓရ၊ အာစရိယလဒ္ဓေါ ပဒေသတို့ကို၊ ကောင်းမွန်စွာ ရရှိတော်မူကြသော၊ (သုဓမ္မာ - ရွှေကျင်-ဒွါရ-ညောင်လွန်)ဟူသော ဂိုဏ်းပေါင်းစုံ၊ ဝိနည်းဓိုရ်ဆရာတော်များအမှူးရှိသော၊(၅၀)ကျော်သောသံဃာတော်အရှင်မြတ်တို့သည်၊ “သီမံ ဘိက္ခဝေ သမုဟနန္တေန ပဌမံ တိစီဝရေန(ပ)သမုဟန္တဗ္ဗာ” ဟူသော ပါဠိတော်နှင့်အညီ၊ အခါမြင့်ညောင်း၊ရှိစကောင်းသော သိမ်ဟောင်းတို့ကို သိမ်နုတ်နည်း မျိုးစုံတို့ဖြင့်၊ သီမသမုဟနန ကမ္မဝါစာ ၂-မျိုးလုံး ရွတ်ဖတ်၍၊ အထပ်ထပ် နုတ်တော်မူကြလေသည်။

(၃) ထိုနောက်တတန်၊ “ ပဗ္ဗတနိမိတ္တံ (ပ) ဥဒကနိမိတ္တံ ” ထုတ်ပြန်ပါဠိ၊ လာရှိသည်နှင့်အညီ၊ ရှစ်ပါးသော နိမိတ်တို့တွင် အရပ်ရှစ်မျက်နှာတို့၌ ရှစ်ဖြာသော ရေနိမိတ်တို့ကို ထားလျက်၊

"အနုဇာနာမိ ဘိက္ခဝေ(ပ)သီမန္တရိကာ ဌပေတဗ္ဗာ" ဟူသော ပါဠိတော်အတိုင်း၊ သီမန္တရိက်ကိုပါထားကာ၊ ရဟန်းများကို ကိုယ်စီကိုယ်ငှ၊ နိမိတ်စောင့်ချထားပြီးနောက်၊ "ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ"ဟူသော ပါဠိတော်၊"ပဌမံ ကိတ္တိတ နိမိတ္တံ ကိတ္တေတ္ဗာဝ ဌပေတဗ္ဗံ"ဟူသောအဌကထာတို့နှင့်အညီ၊ ပဌမကြားရင်း နိမိတ်သို့ ပြန်ရောက်သည်တိုင်အောင် နိမိတ်များကို အထပ်ထပ်ဆောင်ပြီးလျှင်၊ " နိမိတ္တ ကိတ္တနာ နန္တရံ (ပ) ကမ္မဝါစာယဗန္ဓိတဗ္ဗာ " ဟူသော အဌကထာနှင့်အညီ၊ သမာနသံဝါသ-အဝိပ္ပဝါသ၊ သိမ်သမုတ် ကမ္မဝါစာ ၂-မျိုးတို့ဖြင့် အစဉ်အတိုင်း၊ (တဆက်ထည်းဆက်ကာ) ဆယ်ဖြာသော ဗျဉ္ဇနဗုဒ္ဓိညီ၍၊ ဌာန်-ကရိုဏ်း-ပယတ် ပီသစွာ၊ ထပ်ကာထပ်ကာ ရွတ်ဖတ်တော်မူကြလေရာ၊ ကမ္မဝါစာ၏ တန်ခိုးကြောင့်၊ မြေလျှိုးထိုး ဖေါက်၊ နှစ်သိန်းလေးသောင်းပေါက်အောင်၊ သက်ရောက်ကာပြီး၊ ဗဒ္ဓသိမ်တော်ကြီးသည်၊ပြီးစီးအောင်မြင်ခြင်းသို့ရောက်လေသတည်း။

(၄) ဤသို့လျှင် "သာသနဝုဍ္ဍိကာရီ" သညီခေါ်မှတ်၊ ဤသိမ်တော်မြတ်သည်၊ သာသနာတော်နှစ် ၂၅၁၇-ခု၊ ကောဇာသက္ကရာဇ် ၁၃၃၆-ခု၊ ဥတုဟေမန္တ၊ ပြာသိုလဆန်း ၁၄-ရက်၊ စနေနေ့၊ နံနက်( )နာရီအချိန်တွင်၊ အောင်မြင်ပါသောကြောင့်၊ အောင်လျှင်ခုမူ၊ အောင်ဆုယူ၍၊ အောင်မူပြာပြာ၊ အောင်မင်္ဂလာ ဤသိမ်တော်ကြီးကို၊ ကောင်းချီးနုမော်၊ သာဓုခေါ်စေသော်ဟု၊ အောင်သြဘာပြုလိုက်ပါသည်၊သာဓု-သာဓု-သာဓု ခေါ်ကြပါစေသောဝ်။

* ပြာသိုလဆန်း ၁၄-ရက်၊ နေ့လယ်ပိုင်းတွင်ကား သိမ်တရေးနာ ရောက်ချုပ်မှ အခမ်းအနား ကျင်းပသည်။

နေ့လယ်ပိုင်း အစီအစဉ်

၁။ ဆရာတော်-သံဃာတော်များနှင့်၊ လူပရိသတ် အားလုံး စုံညီသောအခါ၊ ဤစာရေးသူက "သာသနဿစ လောကဿ" ဂါထာဖြင့်၊ ရှေးဦးစွာ တရားနာ၍ ရေစက်ချ မင်္ဂလာပွဲ အခမ်းအနား ဖွင့်ပါသည်။

၂။ ဤစာရေးသူကပင် ဆက်လက်၍ ဒိက်ဦးမြို့-မန်ကျည်း တန်းကျောင်းတိုက်နှင့်၊ မန်ကျည်းတန်းဆရာတော် အရှင်အာစရ၏ ဂိုဏ်းဂဏ အဆက်အနွယ်များ၊ မန်ကျည်းတန်း ဆရာတော် စာသင်တိုက်တည်၍ သာသနာ ပြုစုခဲ့ပုံများ ကို ရှင်းလင်းပြောပြ ပြီးလျှင်၊ သိမ်သည် သာသနာ့အသက် ဖြစ်ပုံနှင့် သိမ်အကြောင်း အရာများကို အမြွက်မျှပြောပြ၍၊ "သာဂါရာ အနာဂါရာစ" ဂါထာဖြင့် နိဂုံးချုပ်၍ ပတ္ထနာ ပြုလိုက်ပါသည်။

၃။ ရန်ကုန်မြို့ ဓမ္မကထိက ဆရာတော်က ပရိသတ်များကို သီလပေးပြီးလျှင်၊ သံဃာတော်များက ပရိတ်ရွက်တော်မူသည်။

၄။ ထို့နောက် ဓမ္မကထိက ဆရာတော်က တရားဟော၍ ရေစက်ချပေးလေသည်။

ဤသို့လျှင် ဆရာရော-ဒကာပါ၊ ပီတိကိုယ်စီဖြစ်ကာ၊ ပြုံးပန်း ဖြာလျက်၊ ဝမ်းသာဝမ်းမြောက်အားဖြင့် (၃) ရက်တိုင်တိုင် ခမ်းနားသိုက်မြိုက်စွာ ဆင်နွှဲလာခဲ့သော၊ ဒိက်ဦးမြို့ - မန်ကျည်း တန်းကျောင်းတိုက်၊ "သာသနာ့စိုက်ကာရီ သိမ်တော်" သိမ်သမုတ် ပွဲကြီးကို ပြာသိုလဆန်း ၁၄-ရက် ညနေပိုင်းအချိန်တွင် အလုံးစုံ နိဂုံးအုပ်ကာ ရုပ်သိမ်းလိုက်ပါတော့သတည်း။

ညောင်လွန့် သောဘိတ

မန်ကျည်းတန်းသိမ်သမုတ်အခမ်းအနားပြီး၏။

သက်သိမ် နှင့် သီမဋ္ဌသိမ်

ယခုကဲ့သို့ သမုတ်အပ်သော ဗဒ္ဓသိမ်သည်–
(၁) သက်သိမ်။
(၂) သီမဋ္ဌသိမ်-ဟူ၍ ၂-မျိုးရှိ၏။

ထိုတွင် သမုတ်ပြီးသောအခါ အောက်သို့ မြေကိုခံသော ရေဆုံးအောင် သက်သွားသောသိမ်ကို သက်သိမ်ဟု ခေါ်သည်။

သာဓက။ ။"ကမ္မဝါစာ ပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိ ကတွာ(ပ)ဥဒကံ ပရိယန္တံ ကတွာ သီမာ ဂတာ"။ ။(ဥပေါသထက္ခန္ဓက အဋ္ဌအထာ-၂၇၀)

၎င်းသက်သိမ်သည် သမုတ်ပြီးနောက်မှ အထက်က ထပ်ဖို့ရာ၌လည်း အထက်သို့ ဖို့သည့်အတိုင်း သက်ရောက်ကြောင်းကို ညောင်လွန့်ဒုတိယဆရာတော်မိန့်၏။

သာဓက။ ။" ခန္ဓသီမာ နိစဝတ္ထုကာ ဟောတိ၊ တံ ပူရေတွာ ဥစ္စဝတ္ထုကံ ကရောန္တိ၊ သီမာယေဝ။ ။
(၎င်းအဋ္ဌကထာ)

သမုတ်အပ်ပြီးသော သိမ်မြေပေါ်၌ ပေါက်ရောက်သော သစ်ပင်၊ ဆောက်လုပ်သော အဆောက်အဦ အကုန်လုံး သိမ်ဖြစ်လေသည်၊ ၎င်းကို သီမဋ္ဌသိမ်ဟု ခေါ်သည်။

သာဓက။ ။ဗဒ္ဓမာနာဝေ ဟိ သီမာ (ပ) သီမာ သင်္ချမေဝ ဂစ္ဆတိ။ ။(၎င်းအဋ္ဌကထာ)

ထိုသီမဋ္ဌသိမ်သည် အဆောက်အဦ၊ သစ်ပင်စသည်တို့ ဆုံးသည်အထိ သိမ်ဖြစ်သည်၊ သို့သော် မြေတွင်းသို့ကား ဆံချည်ခြမ်းမျှဝင်၍ သီမဋ္ဌသိမ် မလိုက်ဟု မှတ်ရမည်။

ဗဒ္ဓလာလျှင် ဂါမနောက်ဆုတ်ပုံ

"ဗဒ္ဓလာလျှင် ဂါမနောက်ဆုတ်"ဟူသည့်အတိုင်း ဗဒ္ဓသိမ်က အဆောက်အဦ သစ်ပင်တို့နှင့် ဂါမသိမ်ကအဆောက်အဦ သစ်ပင်တို ထိစပ်လျှင် အကုန်လုံး ဗဒ္ဓသိမဠချည်း ဖြစ်သည်။

သာဓက။ ။"ဗဒ္ဓ သိမာယ ဇာတံ ယံ ကိဉ္စိ ယတ္ထ ကတ္ထစိ ဇာေ သမ္ဗန္ဓေန ဂတံ သိမာသင်္ခမေဝ ဂစ္ဆတီတိ။ ။ (ဥပေါသထက္ခန္ဓက အဋ္ဌကထာ။)

ဂါမလာလျှင် နဒီနောက်ဆုတ်ပုံ

ဂါမသိမ်ဘက်မှပေါက်ရောက်သော သစ်ပင် အဆောက်အဦ တို့နှင့် နဒီဘက်မှဖြစ်သော အဆောက်အဦတို့ ထိစပ်လျှင် နဒီ နောက်ဆုတ်၍ ဂါမသိမဠချည်း ဖြစ်လေသည်။

သာဓက။ ။နဒီယံ သေတုံ ကရောန္တိ (ပ) သေတု ပါဒါဝါ ဗဟိတီရေ ဌိတာ ကမ္မံ ကာတုံ နဝဋ္ဋတိ၊ သိမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ။ ။(ၰင်းအဋ္ဌကထာ)

ဂါမဘက်နှင့် မထိမစပ်အောင် ပြုလုပ်၍ နဒီရှိအဆောက်အဦ ၌ ကံပြုရပေမည်ဟု ဆိုလိုသည်။ (ကျေး-ဒု-ကျွန်း-ကို)

မှတ်ချက်။ ။ဤ သိမဠသိမ်သဘောကို သိသဖြင့် အဝေးမှ တိုင်အသီးအသီးဖြင့် စိုက်၍ ဆက်သွယ်လာသော ဓာတ်ကြိုးသည် သိမ်ကျောင်း အဆောက်အဦကို ဆက်သွယ်ထားလျှင်၊ ၎င်း၌ ကံပြုသော် ကြိုးကိုဖြုတ်ရမည်၊ အဘယ့်ကြောင့်ဟူမူ ထိုဓာတ်ကြိုး သည် ဂါမသိမဠချည်း မဟုတ်ဘဲနှင့် ဗဒ္ဓသိမဠလည်း ဖြစ်နိုင် သောကြောင့်တည်း၊ အကယ်၍ ဗဒ္ဓသိမ်များအပေါ်၌ ကျခဲ့သော် ၎င်းဓာတ်ကြိုးနှင့်တကွ သိမ် အဆောက်အဦသည် ဒွိသိမ် သိမဠ

စသည်ဖြစ်နေတော့၏၊ ဒွိသိမ်သိမင်္ဂစသည် ဖြစ်လျှင်လည်း "နာနာ-သီမာယ(ပ)အကမ္မံ နစ ကရဏီယံ" ဟူသည်အတိုင်း ကံမအောင်နိုင်ချေ၊ ထို့ကြောင့် ခေတ်ကြီးကိုဖြတ်ရမည်၊ (ဖြတ်၍ လွယ်ကူအောင် ပြုလုပ်ထားရမည်။) အောက်ထပ် တမံတလင်းပေါ်၌ ကံပြုလျှင် အခင်းများကို တိုင်နှံရံတို့သို့ မဆိုစေခဲ့မူ ဖြတ်ရန် မလိုချေ၊ အဘယ့်ကြောင့်နည်းဟူမူ မြေကြီး,တမံတလင်းတို့သို့ သိမင်္ဂသိမ်မလိုက်သောကြောင့်တည်း၊ သို့သော် စိတ်ချရအောင် ကံပြုခါနီး ဖြတ်တာကပင် ကောင်းပေသည်။ (ကျေး-ဒု-မိုးကျွန်း-၄)

ဥဒကုက္ခေပသိမ်

ဥဒကုက္ခေပသိမ်ဟူသည် မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင်တို့၏ အမည်ပင်ဖြစ်သည်၊ အဘယ့်ကြောင့်နည်းဟူမူ ၎င်း ၃-မျိုး၌ပင် ဥဒကုက္ခေပသိမ် ဖြစ်သောကြောင့်တည်း၊ အကျယ်နှင့် အကျဉ်းမျှသာထူးသည်။

သာဓက။ ။"နဒိယာဝါ ဘိက္ခဝေ(ပ)ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကုပေါသထာ"။ ။
(ဥပေါသထက္ခန္ဓက ပါဠိတော်)

အယမေကော ဥဒကုက္ခေပေါ(ပ)ပရိသ ပရိယန္တတော
ဥဒကုက္ခေပေါယေဝ ပမာဏံ။ (၎င်းအဋ္ဌကထာ)

ဉ္ဂြိ-မိုးလေးလအတွင်း အဝန်းသုံးပါး ညီညွတ်စွာဝတ်သော ဘိက္ခုနီမ၏ သင်းပိုင်စွန်းကို စိုလောက်အောင် ရေရှိသော နဒီလက္ခဏာလောက်သော ချောင်း,မြစ်,အင်းအိုင်တို့၌ ဥဒကုက္ခေပသိမ်ဖြစ်နိုင်သည်၊ ဥဒကုက္ခေပသိမ် ဟူသည် ရေတကျ (ရေတခါပစ်၍ ကျရာအရပ်အတွင်း) မျှ အကျယ်ရှိသော ရေသိမ်ကို ဆိုလို

သည်။ ၎င်းဥဒကုက္ခေပသိမ်(ရေသိမ်)ကို ဆောက်လုပ်ထားခဲ့သော် ဂါမ-လာလျှင် နဒီ-နောက်ဆုတ်ရသောကြောင့် ဂါမသိမ်ဘက်နှင့် မထိမစပ်အောင်ထားရမည်၊ ထိစပ်လျှင် ဂါမချည်း ဖြစ်သွားသည်။ (ကျေး-ကျွန်း-ဒု-ကျီ-စံလင်းဆရာတော် ဦးကောဘုခင်မကန်ဆရာတော်-၆)

ဤသို့ ဆောက်လုပ်ရာ၌လည်း အုဋ္ဌခံပြု၍ မဆောက်မလုပ်ရ၊ အုဋ္ဌခံမှာ ကျွန်းသဘောဖြစ်သွားသည်၊ သမုဒ္ဒရာအလယ်ကကျွန်းမှာ နဒီ-မဟုတ် ဂါမ-သာ ဖြစ်သွားသကဲ့သို့တည်း။ ဤကို သတိပြုမိပါစေ။ (ဤ၌-အုဋ္ဌခံပြုလုပ်ခြင်းသည် မြေဖို့၍ ကုန်းပြင်ပြုလုပ်သည်နှင့် အတူတူပင် ဖြစ်၏၊ သို့ဖြစ်၍ ဂါမသိမ် ဖြစ်သွားသောကြောင့်မအပ်ဟုမှတ်ရမည်၊ဥပေါသထက္ခန္ဓကဌကထာ ၂၀၂-တွင်ရှုပါ၊ ထို့အပြင်"သိမ်မျိုးစုံ ဘာသာဋီကာ" ၁၁၂-တွင်ရှု။)

ဤ ဥဒကုက္ခေပသိမ်၌ ဝိမတိ ဋီကာဆရာက - သီမာပေက္ခပြုလုပ်မှ သိမ်ဖြစ်ကြောင်းဆို၏၊သို့ရာတွင်-ကံပြုဆဲခဏ်းဘို့ကိုသာ သီးသန့်၍ဆိုသောကြောင့် ဤဥဒကုက္ခေပသိမ်သည် ကံပြုဆဲ၌သာ ဖြစ်သည်၊ သီမာပေက္ခရှိမှ ရေတကျ-သဲတကျ ဖြစ်မှသာ သိမ်ဖြစ်သည်မဟုတ်၊ ဖြစ်ရန်လည်းမလိုချေ။

သာဓက။ ။ယံ မဇ္ဈိမဿ (ပ) ကေ္ခပါတိ ပန တေိဿ နဒိယာ စတုဝဂ္ဂါဒီနံ သံဃာနံ စတုဝဂ္ဂ ကရဏီယာဒိ ကမ္မကရဏကာလေ သီမပရိစ္ဆေဒ ဒဿနတ္ထံ ဝုတ္တံ၊ တသ္မာ ဥဒကုက္ခေပ ပရိစ္ဆေဒါဘာဝေပိ အန္တော နဒိယံ ကမ္မံ ကာတုံ ဝဋ္ဋတီတိ သိဒ္ဓံ။ (ဝဇိရဗုဒ္ဓိဋီကာ)၊

(ကျေး-ကျွန်း-ဒု-မိုး-ဍေ -သာသနာပိုင် ဦးဍေယျ-၅)၊

(ဤ ဥဒကုက္ခေပသိမ်၌ အကျဉ်း-အကျယ် အထူးမဆိုသဖြင့်၊ ၂၁-ယောက် မစည်းဝေးလောက်သော်လည်း အပ်၏။)

(လင်း-မိုင်း-စံ-၃)

အဗဒ္ဓသိမ်၌လည်း ဗဒ္ဓသိမ်ကဲ့သို့ပင် အကျဉ်းဆုံး ပမာဏကို သိသင့်သောကြောင့် ဤဥဒကုက္ခေပသိမ်မှာ (၂၁)ပါးစည်းဝေး လောက်အောင် ကျယ်သော ချောင်း, မြစ်, အင်းအိုင် တို့၌သာ ရအပ်ကြောင်းမိန့်၏။ (ကျေး-ဒု-မိုး-၃) ဂရုကအရာ၌ တည် သင့်သည်။ (သိမ် အမျိုးမျိုး အကြောင်းကို ဤစာရေးသူ၏ "သိမ်မျိုးစုံဘာသာဋီကာ"၌ ယူပါ။

သိမ်နုတ်-သိမ်သမုတ်နည်းအခဏ်း ပြီး၏။

(၅) ကထိန်ခင်းနည်းအကျဉ်း

ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။ (မဟာဝါ ကထိနက္ခန္ဓက အဋ္ဌကထာ-၃၂၆)

၎င်းနှင့်အညီ လူ,နတ်၊သို့မဟုတ် သိတင်းသုံးဘော် ၅-ယောက် တယောက်ယောက်က ကထိန်သင်္ကန်းလှူသော် .... "မယံ ဘန္တေ ဣမံ ကထိနစီဝရံ ကထိနတ္ထာရတ္ထာယ သံဃဿ ဒေမ" ဟု ၃-ကြိမ် ဆိုစေ၍ အကပ်ခံ။ ။ကျေးဇူးရှင် နှင့် ဒု-မိုး တို့ကား... "ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ" ဟူသော ပါဠိတော်ကို ဘောက်၍ သံဃိကလှူဒါန်းရန် မိန့်တော်မူကြ၏။

ထို အကပ်ခံသောနေ့၌ပင် ပုရိမဝါ ကျွတ်သော ရဟန်းအား သိမ်သို့သွား၍ ကထိနကံသည် စတုဝဂ္ဂကံ ဖြစ်သောကြောင့် ၄-ပါး၊ ၄-ပါးကအထက် ရဟန်းများနှင့်အတူ ကထိန်သင်္ကန်းကို ယူ၍ ဉတ်ကမ္မဝါစာဖြင့် ပေးရမည်။ ထိုသို့ပေးရာ၌ တထည်သာ ပေးရသည်၊ ကျန်သော သင်္ကန်းများ အာနိသင် သင်္ကန်း ဖြစ်သည်။

သာမက။ ။၁။ တတ္ထ တဒဟေဝ အကတွာ(ပ) ကရဏသန္နိဓိ၊ သံဃော အဇ္ဇကထိနဒုဿံ လဘိတွာ ပုန ဒိဝသေ ဒေတိ၊ အယံ နိစယသန္နိဓိ။ (ကင်န်-ဋ္ဌ-၃၂၉)

၂။ ဝုတ္ထဝဿဝသေန(ပ)ပဉ္စိမိကာယ ဥပဂတာဝါ န လဘန္တိ၊ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ။ (၎င်းအဋ္ဌကထာ-၃၂၉)

၃။ ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတိ (ပ) ဝဿ ဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ။ (၎င်းအဋ္ဌကထာ-၃၂၈)

မှတ်ချက်။ ။တိကိဝတ္ထုနှိ စသည်ဖြင့် ပရိဝါပါဠိ ၂၇၉-၌ လာသောကြောင့် သင်္ကန်းသာ ကထိန်၏ ဝတ္ထုဖြစ်ရကား၊ ၎င်း သင်္ကန်းကိုသာ သိမ်သို့ယူ၍ သမ္မုခါဖြစ်စေရမည်၊ ကထိနတ္ထာရဟ ရဟန်းမှာ ဝတ္ထုမဟုတ်သောကြောင့် နာမည်ထည့်ဘတ်သော်- သိမ်ထဲမလိုက်သော်လည်း အပ်၏ဟု ကျေး-ဒု-မိုးတိုမ်ိန်၏။

ငါးခဏ်း၊ ငါးခဏ်းထက်အလွန်ဖြတ်၍ အနားပတ် ၄-ဘက် တင်သော သင်္ကန်း ၃-ထည်၊ တထည်ထည်ကို ဗိန္ဒုထိုးပြီး အဓိဋ္ဌာန် တင်၍ ကထိန်ခင်းရမည်။

သာဓက။ ။၁။ ပဉ္စကေန ဝါ (ပ) သမဏ္ဍလိက တေန အတ္ထတံ ဟောတိ ကထိနံ။

၂။ သံဃာဋိယာ အတ္ထတံ ဟောတိ (ပ) အန္တရ ဝါသကေန အတ္ထတံ ဟောတိ ကထိနံ။ (မဟာဝါ- ကထိန-၃၆၇)

၃။ တဒဟေဝ သိဗ္ဗိတွာ (ပ) ကပ္ပဗိန္ဒု ဒတွာ ကထိနံ အတ္ထရိတဗ္ဗံ။ (မပ-ဝါ-ကထိန-ဋ္ဌကထာ-၃၂၆)

၄။ သစေ သံဃာဋိယာ ကထိနံ (ပ) နဝါ သံဃာဋိ အဓိဋ္ဌာတဗ္ဗာ (ပ) ဝါစာ ဘိန္ဒိတဗ္ဗာ။ (ပဒိဝါ- ကထိနဘေဒ-၂၆၀)

ကထိန်ခင်းရာ၌ အခြားအရပ်မှာ သင်္ကန်းကို အကပ်ခံခဲ့သော် လည်း မိမိဝါကျွတ်ခဲ့သောကျောင်းတိုက်အတွင်းမှာသာ ခင်းအပ် ၏၊ အနုမောဒနာ ပြုရာ၌လည်း နည်းတူပင်။

သာဓက။ ။သိမဋ္ဌော အနုမောဒတိ(ပ)ပဂုံ ဝိညာ ပေတိ။ အတ္ထာရော ကေန မမေ့န သင်္ဂဟိတော ဝဓိ ဘေဒေန။ (ပရိဝါ-ကထိနဘေဒ-၂၇၉)

ကထိန်းခင်သောအခါ ကထိန်းခင်းသော ရဟန်းပါ အနည်းဆုံး ရဟန်း ၅-ပါး မျက်မှောက်၌သာ ခင်းရမည်။

သာဓက။ ။ကထိနတ္ထာရံ ကေ လဘန္တိ (ပ) ပဉ္စန္နံ ဟေဋ္ဌာ န လဘန္တိ။ (မဟာဝါ-ကထိနဋ္ဌကထာ-၃၂၅)

မှတ်ချက်။ ။သင်္ကန်းအဓိဋ္ဌာန်တင်သူဖြစ်လျှင်သာ ပစ္စုဒ္ဓါရ်ပြုရန်လိုသည်၊ အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာပြု၍ ထားသူဖြစ်လျှင် ပစ္စုဒ္ဓိုရ်ပြုစရာမရှိတော့သောကြောင့် ပြုရန်မလို၊ ဤ၌ကြိုတင်၍ ကထိန်ခင်းခါနီးမှာ အဓိဋ္ဌာန် တင်နေဘယ်လည်းမလို၊ သို့ဖြစ်၍ သင်္ကန်းသစ်ကိုပင် အဓိဋ္ဌာန်တင်ပြီး ကထိန် ခင်းအပ်ကြောင်းကို ကျေး-ဒု-မိုးတို့ မိန့်တော်မူကြ၏။

ကထိန်ခင်းလျှင် နှုတ်မြွက်၍ ခင်းအပ်၏၊ ၎င်းကျောင်းတိုက်၌ ပုရိမဝါကျွတ်သော ရဟန်း,သာမဏေ တို့ကလည်း နှုတ်မြွက်၍ အနုမောဒနာပြုအပ်၏၊ ခင်းသောရဟန်း - အနုမောဒနာပြုသော ရဟန်း ၂-ဦးလုံး ကထိန်ခင်းသည် မည်၏။

သာဓက။ ။"ကဿ ကထိနန္တိ (ပ) အတ္ထာရ ကဿစ အနုမောဒကဿစ။ (ပရိဝါ-၂၅၄)

အဓိဋ္ဌာန်တင်၍ ပစ္စုဒ္ဓိုရ်ပြုစရာရှိခဲ့လျှင်-
ဒုက္ကဋ်ကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။"
ကေစ္စိဖြစ်လျှင် "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။"
သင်းပိုင်ဖြစ်လျှင် "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟုပြု။
သို့နောက် ကထိန်ခင်းမည့်သင်္ကန်းကို အဓိဋ္ဌာန်တင်သော်-
ဒုကုဋ်ဖြစ်လျှင် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။"

ကေစ္စိဖြစ်လျှင် "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။"
သင်းပိုင်ဖြစ်လျှင် "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဟုတင်။

ဒုကုဋ်ကိုခင်းပုံ။ ။ဣမာသံဃာဋိယာ ကထိနံ အတ္ထရာမိ။
(၃-ကြိမ်ဆို)

ကေစ္စိခင်းပုံ။ ။ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ။

သင်းပိုင်ခင်းပုံ။ ။ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ။

အနုမောဒနာ တိုက်တွန်းပုံ

အတ္ထတံ အာဝုသော(ငယ်လျှင်-ဘန္တေပြင်)သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။
(၃-ကြိမ်ဆို)

အနုမောဒနာပြုပုံ။ ။အတ္ထ တံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။ (၃-ကြိမ်ဆို) ကထိန်ခင်းသောနေ့ အရုဏ်မတက်မီ အတွင်းသာ အနုမောဒနာပြုအပ်သည်။ (သာမဏေများကိုလည်း အနုမောဒနာပြုစေ၍ ပစ္စည်းကို ဝေဘန်ပေးရသည်။) ဤကား ကျေးဇူးရှင်များ ပြုလုပ်သော အစဉ်အလာတည်း။

ကထိန်ခင်းနည်းအခန်းပြီး၏။

(၆) ဥပုသ်ပဝါရဏာပြုနည်းအခန်း

ဥပုသ် ၉-ပါး

စာတုဒ္ဒသီ,ပန္နရသီ,သာမဂ္ဂီ။

သံဃ,ဂဏ,ပုဂ္ဂလ။

သုတ္တုဒ္ဒေသ,ပါရိသုဒ္ဓိ,အဓိဋ္ဌာန်။ (ပရိဝါပါဠိ-၁၆၇)

ငြင်းခုံကြရာ၌ အာဝါသိက ရဟန်းတို့ကများလျှင် ပကတိစာတုဒ္ဒသီမှတပါး ဝိကတိစာရိတ္တစာတုဒ္ဒသီ နေ့၌လည်း ဥပုသ်ပြုအပ်သည်။

သံဃာညီညွတ်သော နေ့တည်းဟူသော စာတုဒ္ဒသီ-ပန္နရသီဥပုသ်နေ့မှ တပါးသော တနှစ်အတွင်းရှိ ရက်တို့တွင် တရက်,ရက်သည် သာမဂ္ဂီဥပုသ်နေ့ဖြစ်သည်။ ၎င်းနေ့၌ပင် ဥပုသ်ပြုရသည်။ အကယ်၍ စာတုဒ္ဒသီ-ပန္နရသီ ဥပုသ်နေ့၌ သံဃာ ညီညွတ်ခဲ့မူ စာတုဒ္ဒသီ-ပန္နရသီ ဥပုသ်ပင်ပြု၊ သာမဂ္ဂီဥပုသ် မပြုရ။

သံဃာလောက်သော်လည်း ခန္ဓသိမ်သို့သွား၍ ပါရိသုဒ္ဓိဥပုသ်ပြုလျှင် အနာပတ္တိ-ဟုမိန့်၏။ (ဝိမတိ-ဝိနယာလင်္ကာရ-စလင်း-ကျီဝန်-ဗန်းမော် တို့)

ကျေးဇူးရှင်ဆရာတော်၊ ညောင်လွန့်,ဒု-ဆရာတော်၊ ရွှေကျင်ဆရာတော် တို့ကား .... ဥပစာရသိမ်အတွင်း သံဃာလောက်လျှင် သုတ္တုဒ္ဒေသ သံဃဥပုသ် ပြုရမည်ဟု မိန့်တော်မူကြ၏။

(ကျွန်းလည်းမိန့်)

ပါတိမောက်ပြမှုမှာ မထေရ်ကြီးသာအစိုးရ၍၊ မထေရ်ကြီးကမရ၍ အကျဉ်းပြသော် အပြစ်မရှိနိုင်ဟုမိန့်။ (ကျွန်း)

လေးပါး - လေးပါးက အထက် သုတ္တုဒ္ဒေသ - သံဃဉပုသ်၊ သုံးပါး-နှစ်ပါး ပါရိသုဒ္ဓိ-ဂဏဉပုသ်၊ တပါးတည်းဖြစ်လျှင် အဓိဋ္ဌာန်-ပုဂ္ဂလဉပုသ် ပြုရမည်။ (မဟာဝါပါဠိ-၁၃၁)

အဓိဋ္ဌာန်ဉပုသ်မှာလည်း ပုဗ္ဗကရဏ ၄-ပါးကို ပြုရသည်။ ။ (မဟာဝါ ဉပေါသထက္ခန္ဓက အဋ္ဌကထာ-ကင်္ခါအဋ္ဌကထာ-ဝိနယာလင်္ကာရဋီကာ)

အဓိဋ္ဌာန်ဉပုသ်မှာ သိမ်သို့မသွားဘဲ အဓိဋ္ဌာန် ပြုလျှင်လည်း အပ်၏။ (ကင်္ခါဋီကာဟောင်း-မိုင်းက ၎င်းအတိုင်းတော်လောက်စရာ ရှိ၏ဟု မိန့်။)

အဓိဋ္ဌာန် ဉပုသ်နှင့်တကွ ကျန်ဉပုသ်များပါ မေ့၍မပြုမိလျှင် အနာပတ္တိ။ (ဝိမတိ-ဝိနယာလင်္ကာရ-မိုင်း) ဂိလာန ပုဂ္ဂိုလ် ဉပုသ်မပြုနိုင်သော် အပြစ်မဖြစ်နိုင်။ (မိုင်း-ခိုင်း)

တေန ခေါ ပန သမယေန(ပ)ဉာတကာ ဂဏှိံသု။
(မဟာဝါပါဠိ-၁၃၆)

၎င်းထောက်၍ ထောင်အကျဉ်းကျရာ၌ ဉပုသ်မပြုသော်လည်း အာပတ်မသင့်ဟုမိန့်၏။ (ကွန်းရွာ ဆရာတော်)

ဉပုသ်ပြုပုံများ

၁-ပါးပြု။ ။အဇ္ဇ မေ ဉပေါသထော ပန္နရသော အဓိဋ္ဌာမိ။ (၃-ကြိမ်ဆို) ၁၄-ရက်ဖြစ်လျှင်"စာတုဒ္ဒသော" ဟုဆို။

၂-ပါးပြု။ ။**အကြီး**။ ။ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။ (၃-ကြိမ်ဆို)

အငယ်။ ။သာဝုဘန္တေ-သာဝု-ဥ ၁ ဒုံ-ဟု ဆို။

အငယ်။ ။ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ။ (၃-ကြိမ်ဆို)

အကြီး။ ။သာဓု-သာဓု-သာဓု-ဟုဆို။

၃-ပါးပြု။ ။သုဏန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော) ယဒိ အာယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ-ဟု တပါးကဉာတ်ထား၍ ရှေးနည်း အတိုင်း ၃-ကြိမ်စီဆိုပြု။

ညောင်လွန့်တောရ သံဃဥပုသ်ပြုပုံ

အမှာ။ ။သံဃဥပုသ်ပြုရာ၌ အမေး-အဖြေ ဉာတ်များကို ထားလိုက ထားနိုင်သည်၊ ဤ စာရေးသူတို့ နေထိုင်ခဲ့သော ညောင်လွန့်တောရ တိုက်ကြီး၌ကား အမေး-အဖြေ ဉာတ်များ မထားပေ။

ဝိနယပုစ္ဆကဉာတ်။ ။ပါတိမောက် ပြမည့်ရဟန်းက ဝိနယ ပုစ္ဆက သမ္မုတိဉာတ်ကို ထားရမည်။ ။"သုဏာတု မေ ဘန္တေ သံဃော ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ဓမ္မဝံသံ) ဝိနယံ ပုစ္ဆေယျံ။" (၃-ကြိမ်ထား)

ဝိနယဝိဿဇ္ဇကဉာတ်။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ (ဓမ္မဃောသေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။(၃-ကြိမ်ဆိုထား) (မဟာဝါ-၁၂၆)

(အမေး-အဖြေ ဉာတ်များကို ထားလိုကထားတတ်ရန် ပြဆို လိုက်ပါသည်။)

မထေရ်ကြီးကပြောကြားပုံ။ ။သံဃာတော်(၃-ကျိပ်၊၅-ပါး) ရှိပါသည်။ ဥတု ၃-ပါးတို့တွင် (ဆောင်း) ဥတု ဖြစ်ပါသည်။

တဥတုလျှင် ရှစ်ပက္ခရှိသောကြောင့်၊ ယခု ရောက်ဆဲ ပက္ခသည် (ဒုတိယ)ပက္ခ ဖြစ်ပါသည်။ ယခုရောက်ဆဲ ပက္ခနှင့်တကွ လွန်ပြီး (နှစ်)ပက္ခဖြစ်၍၊ (ခြောက်)ပက္ခ ကြွင်းကျန်ပါသေးသည်။ ဥပုသ် ကား (ပန္နရသီ) သုတ္တုဒ္ဒေသ-သံဃဥပုသ် ဖြစ်ပါသည်။

မေး။ ။သမ္မဇ္ဇနီ (ပ) ဝုစ္စတိ-ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ဥပုသ် အိမ် သိမ် အပြင် ဝယ် သံဃာမစည်းဝေးမီ ရှေးအဘို့၌ ပြုအပ်သော တံမြက်လှည်းခြင်း၊ ဆီမီးထွန်းခြင်း၊သောက်ရေ-သုံးရေတည်ထားခြင်း၊နေရာခင်းခြင်း တည်းဟူသော ပုဗ္ဗကရဏ(၄)ပါးတို့ကို ပြု၍ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီဘုရား။

မေး။ ။ဆန္ဒပါရိသုဒ္ဓိ (ပ) ဝုစ္စတိဟူ၍ (ပ) သောကြောင့် သံဃာစည်းဝေးပြီးနောက် ပါတိမောက်မပြမီ ရှေးအဘို့၌ ပြုအပ် သော, ဆောင်အပ်သော ဆန္ဒကိုကြားခြင်း၊ ဆောင်အပ်သော ပါရိသုဒ္ဓိကို ကြားခြင်း၊ ဥတု ၃-ပါးတို့တွင် ရောက်ဆဲဥတု၌ လွန်သောပက္ခ,ကြွင်းသောပက္ခတို့ကို ရေတွက်၍ကြားခြင်း၊ ဥပုသ် အိမ်သိမ်အပြင် တထောင့်ထွာ ဟတ္ထပါသ် အတွင်း၌ စည်းဝေး ရောက်လာကြကုန်သော ရဟန်းတို့ကို ရေတွက်၍ ကြားခြင်း၊ ဘိက္ခုနီမတို့က အဆုံးအမကို ခံလာပါကုန်အံ့ဟု တောင်းပန်သော စကားကို သံဃာတော်အား ကြားခြင်းတည်းဟူသော ပုဗ္ဗကိစ္စ (၅)ပါးတို့ကို ပြု၍ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီဘုရား။

မေး။ ။ဥပေါသထော(ပ)ဝုစ္စတိ-ဟူ၍ (ပ)သောကြောင့်၊ ဥပုသ်သည် နေ့၏ အစွမ်းအားဖြင့် ၃-ပါး၊ ကာရက ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ၃-ပါး၊ ကာတဗ္ဗာကာရ၏ အစွမ်း အားဖြင့်

၃ - ပါး တို့တွင် တပါးပါးသော ဥပုသ်ဖြစ်ခြင်း၊ အယုတ်ဆုံး ၄-ပါး,၄-ပါးထက် အလွန်ရှိသောရဟန်းတို့သည် တသိမ်ထည်း၌ တထောင့်ထွာဟတ္ထပါသ်ကို မစွန့်မူ၍တည်ခြင်း၊ သဘောတူဝတ္ထု ကြောင့် သင့်သောအာပတ်များလည်း မရှိခြင်း၊ လူ-အစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့လည်း သံဃာတော် တို့၏ တထောင့်ထွာ ဟတ္ထပါသ်အကွင်း၌ မရှိခြင်းတည်းဟူသော ပတ္တကလ္လ အင်္ဂါ(၄)ပါးနှင့် ပြည့်စုံပါ၏လော။

မေး။ ။ပြည့်စုံပါ၏ ဘုရား။

မှတ်ချက်။ ။တထောင့်ထွာ ဟတ္ထပါသ်ဟု သုံးစွဲခြင်းသည် ကင်္ခါဋီကာသစ်နှင့် ကျေးဇူးရှင်တို့ ဝါဒအတိုင်းဖြစ်သည်။

(ပါတိမောက်ပြမည့် အမေးရဟန်းက)ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာပတ္တိကဿ (ပ) ကရောမ-ဟုဆို။

ဥပေါသထဉာတ်။ ။သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇု ပေါသထော ပန္နရသော (စာတုဒ္ဒသော) ယဒိ သံဃဿ ပတ္တ ကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

(၃-ကြိမ် ဉာတ်ထား)

ကိံ သံဃဿ ပုဗ္ဗကိစ္စံ (ပ) ဝေမေတံ ဓာရယာမိ-စသည် ရွတ်သွားပါလေ။ ။

သုတသဒ္ဒါနှင့် သိမ်းပုံ

သုတာခေါ ပနာ ယသ္မန္တေဟိ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ။(ပ)သုတာခေါ ပနာ ယသ္မန္တေဟိ သတ္တအဓိကရဏသမထာ ဓမ္မာ(ပ)သိက္ခိတဗ္ဗန္တိ။

သံဃာအားလုံးက သာဓု ၃-ကြိမ် ခေါ်ပါ။

ဤကား - ဝတ်ထွက် စသည်ဖြင့် အကြောင်း ရှိသော နေ့၌ ၄-ဥဒ္ဒေသ ပြပုံတည်း။

မှတ်ချက်။ ။အယုတ်ဆုံး နိဒါနုဒ္ဒေသ မပြီးမီကား-သုတသဒ္ဒါဖြင့် မသိမ်းကောင်း၊ "အဝသေသံ သုတေန သာဝေတဗ္ဗံ" ကို ထောက်ရသည်ဟုမိန့်။ (ကျွန်း)

ပါတိမောက်ပြ၍မဆုံးသေးမီ သံဃာဝင်လာလျှင်လည်း အပြစ်မရှိ၊ ၎င်းလည်း ဥပုသ်ပြုသည်မည်နိုင်သည်။ (ကျေး-ဒု-ကျွန်း)

တထောင့်ထွာ ဟတ္ထပါသ် အတွင်း၌ ခွေး, ကြောင်-စသော တိရစ္ဆာန်များရှိလျှင် မအပ်ဟု မိုင်းခိုင်းမိန့်၏၊ အပ်၏ဟု ကျီဝန်မိန့်၏၊ ကျီဝန်ဝါဒကို နှစ်သက်ကြ၏။ (ကျွန်း) ကျီဝန်ကား-ရဟန်းမခံထိုက်သော နဂါး,ဂဠုန်-စသော သတ္တဝါများကိုသာ တိရစ္ဆာနဂတ-အရ ယူလျှင် မြစ်တော်မူရင်း ပါဠိတော်နှင့်လည်း ညီညွတ်သည်ဟုမိန့်၏။ (ကျွန်းမိန့်)

ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁ - ယောက် တို့တွင် ဟတ္ထပါသ် အတွင်း ဥက္ခိတ္တက ရဟန်းသုံးဦးရှိလျှင် ပါစိတ်၊ ကျန် (၁၈) ယောက်မှာ ဒုက္ကဋ်၊ (ကင်္ခါအဋ္ဌကထာ)၎င်းတို့အတွက် ကံကားမပျက်၊ တသိမ်ထည်း၌ ဟတ္ထပါသ်အတွင်းမပါလည်း ကံမပျက်။

(ကင်္ခါအဋ္ဌကထာ-ကျွန်း)

ဥပုသ်ပြုပုံ ပြီး၏။

ပဝါရဏာပြုပုံ

ပဝါရဏာ ၉-ပါး

စာတုဒ္ဒသီ,ပန္နရသီ,သာမဂ္ဂီ။
သံဃ,ဂဏ,ပုဂ္ဂလ။
တေဝါစိက,ဒွေဝါစိက,ဧကဝါစိက။ ။

သတိပြုရန်။ ။ပဝါရဏာနေ့မှာ စာတုဒ္ဒသီ,ပန္နရသီ,သာမဂ္ဂီ ၃-မျိုးပြားသော်လည်း သီတင်းကျွတ် လဆန်း(၁၄)ရက်မှ စ၍ တန်ဆောင်မုန်း လပြည့် အတွင်းသာ ပဝါရဏာနေ့ ဖြစ်သည်၊ ကြွင်းနေ့တို့မှာမဖြစ်။ မှန်၏-သီတင်းကျွတ်လပြည့်တနေ့၊ ပုရိမဝါသားတို့သည်ပင် ဘဏ္ဍာနကာရကတို့က သီတင်းကျွတ်လပြည့်စသည်မှာ လဆန်းပက္ခကို လဆုတ်ပက္ခဟု ပြင်းခဲ့ကြ၍ ၎င်းတို့က များသောကြောင့် သုဏန္တုမေ-စသည်ဖြင့် ပဝါရဏာကို အထက်သို့ ငင်ရလျှင် သီတင်းကျွတ်လကွယ် တနေ့၊ တန်ဆောင်မုန်းလပြည့်တနေ့၊ ပစ္ဆိမဝါသားတို့မှာလည်း ၎င်း တန်ဆောင်မုန်းလပြည့် တနေ့၊ ဤကား-ပကတိစာရိတ္တဘည်း။

သီတင်းကျွတ်လပြည့်,တန်ဆောင်မုန်းလပြည့်တို့၌ အာဝါသိက-တို့က စာတုဒ္ဒသီ-ဟု ပြင်းခဲ့ကြရာ၊ ၎င်းတို့ကများလျှင် ၎င်း ၁၄-ရက်မှာလည်း ပဝါရဏာပြုရသေးသည်။

သံဃာကွဲပြား၍ ညီညွတ်ခြင်းကိုပြုရာ၊ သီတင်းကျွတ်လဆုတ် ၁-ရက်မှ တန်ဆောင်မုန်းလပြည့်အထိ (၂၉)ရက်အတွင်း တရက်ရက်ကား သာမဂ္ဂီပဝါရဏာနေ့ဖြစ်သည်။ (ကင်္ခါအဋ္ဌကထာ-နိဒါန်းအဖွင့်-၄).

၅-ပါး, ၅-ပါး အထက် သံဃပဝါရဏာ၊ ၄-ပါး, ၃-ပါး, ၂-ပါးမှာ ဂဏပဝါရဏာ၊ တပါးထည်းမှာ ပုဂ္ဂလ ပဝါရဏာ ပြုရမည်။

၃-ကြိမ်ဆို၍ပြုလျှင် တေဝါစိကာ၊ ၂-ကြိမ် ဒွေဝါစိကာ၊ ၁-ကြိမ် ဧကဝါစိကာ-ဟု မှတ်ပါ။

ပဝါရဏာ ပြုပုံများ

၁-ပါးပြု။

အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ၊ (၃-ကြိမ်ဆို) အကြောင်းတစုံတခုကြောင့်စာတုဒ္ဒသီနေ့၌ပြုရလျှင် "စာတုဒ္ဒသီ" ဟုပြင်။

၂-ပါးပြု။

အကြီး။ ။အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ။ဒုတိယမ္ပိ။ ။ တတိယမ္ပိ။

ကျန်ရဟန်းက သာဓုခေါ်။

အငယ်။ ။အဟံ ဘန္တေ အာယသ္မန္တံ (ပ) တတိယမ္ပိ။

ကျန်ရဟန်းက သာဓုခေါ်။ (ပဝါရဏာက္ခန္ဓကပါဠိ-၁၉၁)

၃-ပါးပြု။

ဉတ်။ ။သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇပဝါရဏာ ပန္နရသီ ယဒိ အာယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။

(၃-ကြိမ်ဆို၍ ထား)

အကြီးဆုံး။ ။အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ (ပ) ဝဒန္တု မံ (အာယသ္မန္တော) အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။ ဒု-တ။

ကျန်ရဟန်းများ သာဓုခေါ်ကြ။

ကျန် ရဟန်းများကလည်း အစဉ်အတိုင်း တပါးစီ.... "အဟံ ဘန္တေ အာယသ္မန္တေ (ပ) ဒု-တ။ ပြုပါလေ။

၄-ပါးပြု။ ။ညတ်မှာ ရှေးနည်းတူထား။

အကြီးဆုံး။ ။အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ (ပ) ဝဒန္တုမံ (အာယသ္မန္တော) အနုကမ္ပံ(ပ)ဿာမိ။ ဒု-တ။

ကျန်သောရဟန်းများက သာဓုခေါ်ကြ။

ကျန် ရဟန်းများကလည်း တပါးစီ.... "အဟံ ဘန္တေ အာယသ္မန္တေ (ပ) မိ။ ဒု-ဘ။ ပြုပါလေ။

မှတ်ချက်။ ။၃-ပါး, ၄-ပါး ပြုများမှာ ညတ်ထားပုံမထူး၊ ပဝါရဏာပြုပုံမှာ ၃-ပါးပြု၌"ဝဒန္တု မံ အာယသ္မန္တော"၊ ၄-ပါး ပြု၌ "ဝဒန္တု မံ အာယသ္မန္တော" ဟု အထူးယူတော်မူကြ၏။

(စံကျောင်း-စလင်း-ခိုင်းခိုင်း)

သံဃပဝါရဏာ၌-(၁) သဗ္ဗသင်္ဂါဟိကညတ်၊ (၂) တေဝါစိကညတ်၊ (၃) ဒွေဝါစိကညတ်၊ (၄) ဧကဝါစိကညတ်၊ (၅) သမာနဝဿိကညတ် - ဟူ၍ ၅-မျိုးရှိသည်။ (အန္တရာယ် မရှိလျှင် တေဝါစိက ပဝါရဏာပြု၊ အန္တရာယ်ရှိလျှင် ဒွေဝါစိက-ဧကဝါစိက ပဝါရဏာ ပြုကောင်းသည်။)

သဗ္ဗသင်္ဂါဟိကညတ်။ ။သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။

ဤညာတ်မှာ တေ-ဒွေ-ကေ ဝါစိက ပြုရသည်၊ သမာနဝဿိက သာ မပြုရ။ (မဟာဝါ အဋ္ဌကထာ)

တေဝါစိကညာတ်။ ။သုဏာတု မေ (ပ) သံဃော တေဝါ စိကံ ပဝါရေယျ။ ဤညာတ်မှာ-တေဝါစိကသာ ပြုရသည်၊ ကြွင်း မပြုရ။ ။အကြွင်း သိသာပြီ။ ။ဒွေဝါစိကညာတ်မှာ တေဝါ စိက-ဒွေဝါစိက ပြုရသည်၊ ကေဝါစိကညာတ်မှာ သမာနဝဿိက သာ မပြုရ။ ။သမာနဝဿိကညာတ်မှာ တေ-ဒွေ-ကေ - သမာန ဝဿိက အကုန်လုံးပြုရသည်။ (ညောင်လွန်တောရမှာ သံဃာ များသောကြောင့် သမာနဝဿိက ညာတ်ထား၍၊ ဝါတူချင်း ပေါင်းပြီး ၃-ကြိမ်စီဆို၍ ပြုကြသည်။)

တချို့ - သဗ္ဗသင်္ဂါဟိက ညာတ်ထား၍၊ တပါးစဉ် ၃-ကြိမ်စီ ဆို၍ ပြုကြသည်လည်းရှိ၏။

သံဃပဝါရဏာပြုပုံ

ညာတ်ထားခဲ့သည့်အတိုင်း တပါးစီဖြစ်စေ၊ ဝါတူချင်းပေါင်း ၍ ဖြစ်စေ ပဝါရဏာပြုရမည်။

အကြီးဆုံး။ ။သံဃံ အာဝုသော ပဝါရေမိ (ပ) ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ (ပ) ဿာမိ။ (ဒု-တ။)

ကြွင်းသော သံဃာများက သာဓုခေါ်ကြ။

ကျန်သံဃာများ။ ။သံဃံ ဘန္တေ ပဝါရေမိ (ပ) ဿာမိ။ (ဒု-တ) သာဓုခေါ်ကြ။

(မဟာဝါပါဠိ-ပဝါရဏာက္ခန္ဓက ၁၈၆-၌....“ဝဒန္တု မံ အာ ယသ္မန္တော”ဟု ဘုရား တိုက်ရိုက် ဟောထား ခြင်းကြောင့်၊ ၎င်း

အတိုင်းသာပြုတော်မူကြ၏။ (ကျေး-ကျွန်း-ဒု-မိုး-ဦးဗုဓ်-ဝဇီရ ဗုဒ္ဓိ ဋီကာတို့မိန့်ချက်။) (မူလသိက္ခာ၌“ဝဒတု-န် သံဃော”ဟု ရှိသည်မှာ ပါဌ်ဟောင်းမဟုတ်ဟု ဆရာတော်-ဦးဗုဓ် မိန့်၏။)

ညောင်လွန့်တော ရ သံဃပဝါရဏာပြုပုံ

အမှာ။ ။ဥပုသ်အတွက်မှ ထူးရာကိုသာ ရေးလိုက်သည်။

မေး။ ။သမ္မဇ္ဇနီ (ပ) ပဝါရဏာယ ဧတာနိ (ပ) ဝုဇ္ဇတိ-ဟူ၍ (ပ)သောကြောင့်၊ ပဝါရဏာအိမ် သိမ်အပြင်ဝယ်(ပ) ပုဗ္ဗကရဏ (၄)ပါးတို့ကိုပြု၍ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီဘုရား။

မေး။ ။ဆန္ဒ ပဝါရဏာ ဥတုက္ခာနံ (ပ) ပဝါရဏာယ ဧတာနိ (ပ) ဝုစ္စတိ-ဟူ၍ (ပ) သောကြောင့် သံဃာစည်းဝေးပြီး နောက် ပဝါရဏာမပြုမီ ရှေးအဘို့၌ ပြုအပ်သော, ဆောင်အပ် သော ဆန္ဒကိုကြားခြင်း၊ဆောင်အပ်သောပဝါရဏာကိုကြားခြင်း (ပ)ပဝါရဏာအိမ်သိမ်အပြင် တစတောင့်ထွာဟဉ္ဆပါသ်အတွင်း၌ စည်းဝေး (ပ) ပုဗ္ဗကိစ္စ ၅-ပါးတို့ကို ပြု၍ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီဘုရား။

မေး။ ။ပဝါရဏာ ယာဝတိကာစ (ပ) ဝုစ္စတိ-ဟူ၍ (ပ) သောကြောင့် ပဝါရဏာသည် နေ့၏အစွမ်းအားဖြင့် ၃-ပါး၊ ကာရက ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ၃-ပါး၊ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် ၃-ပါးတို့တွင် တပါး ပါး သော ပဝါရဏာ ဖြစ်ခြင်း၊ အယုတ်ဆုံး ၅-ပါး၊ ၅-ပါးထက် အလွန်ရှိသော ရဟန်း တို့သည် တသိမ်ထည်း၌ (ပ) ပတ္တကလ္လ အင်္ဂါ(၄) ပါးနှင့် ပြည့်စုံ ပါ၏လော။

ဖြေ။ ။ပြည့်စုံပါ၏ဘုရား။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ (ပ) ပဝါရဏံ ကာတုံ အာရောစနံ ကရောမ။

သမာနဝဿိကဉာတ်။ ။သုဏာတု မေ အာဝုသော သံဃော အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သမာနဝဿိကံ ပဝါရေယျ။ (၃-ကြိမ်ထား)

(၎င်းကို အကြီးဆုံး မထေရ်ကြီး ပြုလုပ်လေ့ ရှိပါသည်။) ထို့နောက် ပြဆိုခဲ့သော သံဃပဝါရဏာ ပြုပုံအတိုင်း ဝါတူချင်း ပေါင်း၍ ၃-ကြိမ်စီဆိုပြီး ပြုတော်မူကြသည်။

ပဝါရဏာအတွက် ပြီး၏။

ဒေသနာကြားပုံ

အငယ်ကြား။ ။အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာရောစယာမိ။

(၎င်းအပုဒ်ကား ဒေသနာကြားမဟုတ်၊ သံဃာဒိသိသ်အတွက် ပဋိစ္ဆန္န မဖြစ်အောင် အာဝိကရဏ ပြုမူသာဖြစ်သည်။)

အကြီးခံ။ ။သာဓု-သာဓု-သာဓု။

အငယ်ကြား။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

(၎င်းကား ဒေသနာဂါမ် အာပတ် ၅-ပုံကို ဒေသနာကြားမှုတည်း၊ နိဿဂ္ဂိပါစိတ်အာပတ်မှာ နိဿဂ္ဂိဝတ္ထုကိုစွန့်ပြီး ကြားမှုထသည်၊ မစွန့်လျှင် အာပတ်မှ မထချေ။) (နိဿဂ္ဂိပါစိတ် အာပတ်ဗလပွေနှင့် မသေရန် သတိပြုသင့်သည်။)

အကြီးခံ။ ။ပဿသိ အာဝုသော တာ ပဋ္ဋိယော။

အငယ်ကြား။ ။အာမ ဘန္တေ ပဿာမိ။

အကြီးခံ။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

အငယ်ကြား။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

(ပဿသိ အစ၊ ပဿာမိ အဆိကား–ပဋိညာဉ်ခံမှုတည်း၊ အာယတိံ အာဝုသော အစ၊ သံဝရိဿာမိ အထိကား–ပဋိညာယ ကာရေတဗ္ဗောနှင့်အညီ သမထ ၇-ပါးတို့တွင် ပဋိညာတကရဏ သမထဖြင့် အာပတ္တာဓိကရဏ်းကို ငြိမ်းစေပုံ ဖြစ်သည်။)

အကြီးခံ။ ။သာဓု-သာဓု-သာဓု။

ဤကား **အငယ်ကဒေသနာ** ကြားပုံတည်း။

အကြီးကြား။ ။အဟံ အာဝုသော သမ္ဗာ အာပတ္တိယော အာဝိ ကရောမိ။

(သံဃာဒိသိသ်အတွက် အာဝိကရဏ ပြုမှုတည်း။)

အငယ်ခံ။ ။သာဓု ဘန္တေ သာဓု-သာဓု။

အကြီးကြား။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သမ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

(၎င်းကား ဒေသနာကြားပုံတည်း၊ ဒေသနာဂါမ် အာပတ် ၅-ပုံအတွက်ဖြစ်သည်။)

အငယ်ခံ။ ။ပဿထ ဘန္တေ တာ အာပတ္တိယော။

အကြီးကြား။ ။အာမ အာဝုသော ပဿာမိ။

အငယ်ခံ။ ။အာယတိံ ဘန္တေ သံဝရေယျာထ။

အကြီးကြား။ ။သာဓု သုဏ္ဍု အဟံ အာဝုသော သံ ဝရိဿာမိ။

အငယ်ခံ။ ။သာဓု ဘန္တေ သာဓု သာဓု။

ဤကား အကြီးက ဒေသနာ ကြားပုံတည်း။

မှတ်ချက်။ ။ဤဒေသနာကြား-ဒေသနာခံများ၌ အငယ်က "အဟံ ဘန္တေ သမ္ဗဟုလာ" စသည်ဖြင့်ကြား၍၊ အကြီးက "ပဿတိ အာဝုသော" စသည်ဖြင့် ခံရာဝယ် သဘောတူဝတ္ထု ကြောင့် သင့်သော သဘာဂ အာပတ်များလည်း ရှိတတ်လေရာ၊ ၎င်းသဘာဂ အာပတ်ကို ကြားခြင်း, ခံခြင်းကြောင့် ကြားသူ, ခံသူ ၂-ဦးလုံး ဒုက္ကဋ်အာပတ် ထပ်သင့်သည်၊ ၎င်းဒုက္ကဋ် အာပတ် မှာ ကြားခြင်း-ခံခြင်းကြောင့် သင့်သည်ဖြစ်၍ သဘာဂအာပတ် မဟုတ်ပေ၊ ဤသို့လျှင် ၂-ဦးလုံး ဝိသဘာဂဒုက္ကဋ်အာပတ် ထပ် သင့်လျက် ရှိလေရာ၊ အကြီးက "အဟံ အာဝုသော သမ္ဗဟုလာ" စသည်ဖြင့် ကြားသောအခါ ထိုထပ်သင့်သော ဒုက္ကဋ် အာပတ် ရော၊ အခြားသော ဒေသနာဂါမ် အာပတ်များရော အကြီးမှာ အကုန်ပါဝင်၍ စင်ကြယ်သွားလေပြီ၊ အငယ်မှာ ထပ်သင့်သော ဒုက္ကဋ်အာပတ် ကျန်သေး၏၊ ၎င်းအတွက် နောက်ထပ် " အဟံ ဘန္တေ သမ္ဗဟုလာ" စသည်ဖြင့် ကြားရပြန်သည်။ (ကျေး-ဒု- မိုးနှင့်ဂန္ဓာရုံဆရာတော်၊ ထို့အပြင် စံကျောင်း-ဗန်းမော်-ကျွန်းရွာ တို့မိန့်ချက်။

အငယ်ကြား။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ (ပ)ပဋိဒေသေမိ။ (နောက်ထပ်သင့်သော ဒုက္ကဋ်အတွက်။)

အကြီးခံ။ ။ပဏ္ဍိသိ အာဝုသော တာ အာပတ္တိယော။
အငယ်ကြား။ ။အာမ ဘန္တေ ပဿာမိ။
အကြီးခံ။ ။အာယတိံ အာဝုသော သံဝရေယျာသိ။
အငယ်ကြား။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
အကြီးခံ။ ။သာဓု သာဓု သာဓု။
ဤကား အငယ်က နောက်ထပ်ကြားပုံတည်း။

နိဿယယူပုံ

တပည့်။ ။အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မ
တော နိဿာယ ဝစ္ဆာမိ။ (၃-ကြိမ်ဆို)
ဆရာ။ ။ပါသာဒိကေန သမ္ပာဒေထ။
တပည့်။ ။အာမ ဘန္တေ။

၅-ဝါ မရသေးလျှင်၊ ဝါ-နိဿယမုစ္စနကအင်္ဂါနှင့် မပြည့်စုံသေးလျှင် ဥပဇ္ဈာယ်နှင့် အတူ မနေရသော် နိဿယယူ၍ နေရမည်။

နေလွဲရွာဝင် ပန်ကြားပုံ

အဟံ ဘန္တေ ဝိကာလေ ဂါမပ္ပဝိသနံ အာပုစ္ဆာမိ။ (၃-ကြိမ်ဆို) ထင်ရှားရှိသော ရဟန်းထံ ပန်ကြားနိုင်သည်၊ ၂-ပါးစသည် ရွာဝင်လျှင် အချင်းချင်း ပန်ကြားပါ။ (ဤကိစ္စတွေ ကွယ်သကဲ့သို့ ဖြစ်နေချေပြီ၊ သတိပြုတော်မူကြပါ။)

ဝါကပ်ပုံ

ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။(၃-ကြိမ်ဆို။) ဝါတွင်းမှာ ဝါကပ်ရာ အရာမ်ပဌ္ဌ အရုဏ်တက်အောင်နေလျှင် ဝါကျိုးသည်။

ဝါပန်ပုံ

အန္တော သတ္တာဟေ ပဋိနိဝတ္တေဿာမိ။ (၃-ကြိမ်ဆို)စိတ်ဖြင့် ပန်လည်းရသည်။ (သီတင်းသုံးဘော် ၅-ယောက်နှင့် မိဘများ အတွက်၊ ရတနာ သုံးပါးအတွက် မပင့်သော်လည်း ပန်၍ သွား ကောင်းသည်။)တပါးသောသူတို့ အတွက်ကား-ဒါတို့သောတို့ ပဿိတုံ၊ ဝာ့ ၃-ချက် တချက်ချက်ဖြင့် ပင့်မှ ပန်၍သွားရသည်။) ဤ၌ သီတင်းကျွတ် လပြည့်နေ့မှာ ဝါမကျွတ်သေးသော်သည်း ခရီးထွက်နိုင်ပြီ၊အကြောင်းကား လဆုတ် ၁-ရက်နေ့အရုဏ်တက် တွင် ဝါကျွတ်သွားပြီ ဖြစ်၍ ဝါကြိုးစရာ မရှိတော့သောကြောင့် တည်း၊ သာမကမှာ "နဝမိတော ပဋ္ဌာယ ဂန္တုံ ဝဋ္ဋတိ" ဟူသော ပါဠိကိုပင် ထောက်ရသည်။)

ဝိကပ္ပနာပြုပုံ

အလျား တထောင့်ထွာ၊ အနံ တထွာ ၆-သစ်၊ အယုတ်ဆုံး ရှိသော ကိုယ်ပိုင် သင်္ကန်းကို ၁၀-ရက်အတွင်း ဝိကပ္ပနာပြု၍ ထားရသည်။

သင်္ကန်းတထည်။ ။ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။(၃-ကြိမ်ဆို)

အခြားတပါးက " မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ (၃-ကြိမ်ဆို၍ ဝိကပ္ပနာပြန်ပါ။)

သင်္ကန်းအများ။ ။ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ။

အဝေးမှာသိမ်းထားသော သင်္ကန်းများအတွက်ပြုလျှင်–

"ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟုပြု။

အခြားတပါးက"မယှံ သန္တကာနိ"စသည်ဖြင့် ဆို၍ ပြန်ပါ။

သပိတ်တလုံး။ ။ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ။ (၃-ကြိမ်ဆို) နည်းတူဝိကပ္ပနာပြန်ပါ။

သပိတ်အများ။ ။ဣမေ ပတ္တေ တုယှံ ဝိကပ္ပေမိ။

အဝေးမှာဖြစ်လျှင်"ဧတေ ပတ္တေ တုယှံ ဝိကပ္ပေမိ"ဟုဆို။

"မယှံ သန္တကာနိ"စသည်ဖြင့် ဝိကပ္ပနာပြန်ပါလေ။

ဝိကပ္ပနာမပြုမိဘဲ ၁၁-ရက်လွန်သွား၍ စွန့်ရပုံမှာ–

"ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ရဟန်းတပါးထံစွန့်။

ဒွါများဖြစ်လျှင်"ဣမာနိ,စီဝရာနိ,ဒသဟာတိ,က္ကန္တာနိ,နိဿ, ဂ္ဂိယာနိ,ဣမာ နာဟံ"ဟု ပြင်ဆို။ စွန့်ပြီးလျှင် ဒေသနာကြားပါ။

ထိုရဟန်းက"ဣမံ စီဝရံ (ဣမာနိ စီဝရာနိ) အာယသ္မတော ဒမ္မိ-ဟု ဆို၍ ပြန်ပေးပါလေ။

သပိတ်၌လည်း နည်းတူသိပါလေ။

ဥပုသ်ပဝါရဏာပြုနည်းအခန်း ပြီး၏။

(၇) သီလပေး - ရေစက်ချ တရားဟောနည်းအခန်း

အလှူရေစက်ဆံသောဆုပေးများ

၁။ ဗုဒ္ဓံ ပူဇံ မဟာဘောဂဝဟေ္ဘာ။

ဓမ္မံ ပူဇံ မဟာပညဝဟေ္ဘာ။

သံဃံ ပူဇံ မဟာဘောဂဝဟေ္ဘာ။

မြတ်စွာဘုရားအား ပူဇော်ရခြင်းသည် ကြီးမြတ်သောတန်ခိုး ရှိနိုင်ပါပေ၏၊ တရားတော်မြတ်အားပူဇော်ရခြင်းသည် ကြီးမြတ်သော ဉာဏ်ပညာ ရှိနိုင်ပါပေ၏၊ သံဃာတော်မြတ်အား ပူဇော်ရခြင်းသည် ကြီးမြတ်သောစည်းစိမ်ဥစ္စာ ရှိနိုင်ပါပေ၏။ ။ဤသို့ လာရှိသော ဒေသနာတော်မြတ်နှင့်အညီ တန်ခိုးကြီးခြင်း, ဉာဏ်ပညာကြီးခြင်း, စည်းစိမ်ဥစ္စာရတနာ ရွှေ-ငွေပေါများခြင်းတို့နှင့် ပြည့်စုံစေနိုင်သော ရတနာမြတ်သုံးပါး အပေါင်းတို့အား ရိုသေလေးစားစွာ ရှိခိုးကန်တော့ကြရသော ကောင်းမှုကုသိုလ်ကံ စေတနာကြောင့် †အလိုရှိအပ်သောဆုမြတ်များနှင့်ပြည့်စုံကြပြီးလျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်သို့ လျှင်မြန်စွာ ရောက်လှမ်းနိုင်ကြသည် ဖြစ်စေ။

၂။ ဘုရား-တရား-သံဃာတည်းဟူသော ရတနာမြတ်သုံးပါး အပေါင်းသည် ငါတို့၏ မျိုးရိုးကိုးစား အားထားရာအစစ် ဖြစ်တော်မူပါပေ၏ဟု အသင့်အားဖြင့် နှလုံးသွင်းကြကုန်ပြီးလျှင်၊ မိမိတို့၏ မျိုးရိုးကိုးစား အားထားရာအစစ် ဖြစ်တော်မူသော ရတနာမြတ်သုံးပါးအပေါင်းတို့အား မျိုးရိုးကိုးစား အားထားကြကာ ရိုသေစွာ

ရှိခိုးကန်တော့ကြရသော ကောင်းမှုကုသိုလ်ကံ စေတနာကြောင့် ဘေးဥပါဒ် အန္တရာယ် အပေါင်းတို့မှ ကင်းလွတ်ကြပြီးလျှင်၊ နိဗ္ဗာန်ရောက်ကြောင်း ပါရမီကုသိုလ်များကို ကြိုးစားအားထုတ်နိုင်ကြသည်ဖြစ်၍၊ မဂ်ဉာဏ် - ဖိုလ်ဉာဏ် - နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ်နိုင်ကြသည် ဖြစ်စေ။

၃။ ရှိခိုး ကန်တော့ရသော ကောင်းမှု ကုသိုလ်ကံ စေတနာကြောင့် သူတော်ကောင်းတို့သည် မနှစ်သက်အပ်သော ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို စွန့်ပယ် ရှောင်ကြဉ်နိုင်ကြ၍၊ သူတော်ကောင်းတို့သည်နှစ်သက်အပ်သောကာယသုစရိုက်, ဝစီသုစရိုက်,မနောသုစရိုက်တို့ကို ပြည့်ကျင့်နိုင်ကြပြီးလျှင်၊ ဘုရားအလောင်း,မယ်ယသော်အလောင်းတို့လို လွယ်ကူသောအသိဉာဏ်ဖြင့် မဂ်-ဖိုလ်-နိဗ္ဗာန်ကို မြင်သိနိုင်ကြသည် ဖြစ်စေ။

သက်ဆိုင်ရာကိစ္စတို့၌ ထည့်သွင်းရန် ဆုပေးများ

၁။ သဒ္ဓါဆွမ်းကျွေး ဆုပေး

ရိုသေလေးစားစွာ ရှိခိုးကန်တော့ရသော ကောင်းမှုကုသိုလ် စေတနာ(ဤအိမ်သို့ပင့်ဖိတ်၍)သံဃာတော်မြတ်တို့အား မွန်မြတ်သော ဆွမ်း,ခဲဘွယ်,ဘောဇဉ် အရသာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းရသောကောင်းမှုကုသိုလ်ကံစေတနာအပေါင်းကြောင့်....

၂။ မွေးနေ့-ဆွမ်းကျွေး ဆုပေး

ရိုသေ လေးစားစွာ ရှိခိုးကန်တော့ ( ) စေတနာ၊ မိမိ၏ (သမီးရတနာ၏) ဖွားမြင်ရာ နေ့ကောင်းရက်မြတ် မင်္ဂလာအခါ၌၊ မိမိနှင့်တကွ (သမီးရတနာနှင့် တကွ) အိမ်သားစု အပေါင်းတို့၏ ဘုန်းကြီးသက်ရှည် အန္တရာယ်ကင်းစေရန် ရည်သန်၍၊ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်း, ခဲဘွယ်(ပ)စေတနာအပေါင်းကြောင့်....

၃။ မင်္ဂလာဆောင်-ဆွမ်းကျွေး ဆုပေး

ရှိသေလေးစားစွာ ရှိခိုးကန်တော့ (ပ) စေတနာ၊ ယခုလို ထိမ်းမြားမင်္ဂလာ ပြုလုပ်ရာ အချိန်အခါ၌ (သတို့သား - သတို့သမီး တို့၏) ကောင်းကျိုးချမ်းသာ မင်္ဂလာတရား တိုးပွားစေရန်နှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရန် ရည်သန်၍၊ သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်း, ခဲဘွယ် (ပ) စေတနာ အပေါင်းကြောင့်....

၄။ နှစ်သစ်ကူး-ဆွမ်းကျွေး ဆုပေး

ရှိသေလေးစားစွာ ရှိခိုးကန်တော့(ပ)စေတနာ၊ (၁၃၂၉-ခု နှစ်ဟောင်းမှ ၁၃၃၀-ပြည့်နှစ်သို့ ပြောင်းရွှေတော့မည် ဖြစ်၍၊ နှစ်သစ်ကူးရာ ဤအချိန်အခါ၌ လာလတံ့သော ၁၃၃၀-ပြည့်နှစ် တွင်) ရေနံမြို့-တောင်ပိုင်း၌ နေထိုင်ကြသော (ဤအိမ်၌ နေထိုင် ကြသော) အမျိုးသား - အမျိုးသမီးတို့၏ ဘေးဥပဒ် အန္တရာယ် ကင်းရှင်း၍ ကိုယ်-စိတ်နှစ်ဖြာချမ်းသာကြစေရန် ရည်သန်ပြီးလျှင်၊ သံဃာတော် အရှင်မြတ်တို့အား ဆွမ်း, ခဲဘွယ် (ပ) စေတနာ အပေါင်းကြောင့်....

၅။ အသုဘ-ဆွမ်းသွတ် ဆုပေး

ရှိသေလေးစားစွာ ရှိခိုးကန်တော့(ပ)စေတနာ၊ တမလွန်ဘဝ သို့ ပြောင်းသွားကွယ်လွန်သူ(   )၏ ဖြစ်ရာဘဝ၌ အလို ရှိအပ်သော အဝတ်တန်ဆာ,အစားအစာ,ဥယျာဉ်ဗိမာန်-စသည် တို့နှင့် ပြည့်စုံစေရန် ရည်သန်၍ သံဃာတော် အရှင်မြတ်တို့အား ဆွမ်း, ခဲဘွယ်, ဘောဇဉ် (သင်္ကန်း) စသည်တို့ကို လှူဒါန်း (ပ) စေတနာအပေါင်းကြောင့်....

၆။ ရှင်ပြု-ရဟန်းခံ ဆုပေး

ရိုသေလေးစားစွာ (ပ) စေတနာ၊ သာသနာ့ ဒါယကာ-အသောကမင်းတရားစသည်တို့ကဲ့သို့ အမျိုးကောင်းသား(တို့)ကို ပရိက္ခရာစုံလင်စွာဖြင့် ရှင်အဖြစ် (ရဟန်းအဖြစ်) ကို သွတ်သွင်း ချီးမြှောက်ရသော သာသနဒါယဇ္ဇ-ဓမ္မာနုဂ္ဂဟ ကုသိုလ်စေတနာ အပေါင်းကြောင့်....

(↑ ဤအမှတ်ပြ ကြိုက်ရာအပိုဒ်ကို ဆက်၍ဆုပေးပါ။)

ငါးပါးသီလပေးပုံ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ (ပ) ဘန္တေ။
ယမဟံ ဝဒါမိ တံ ဝဒေထ။
နမော တဿ (ပ) သမ္ဗုဒ္ဓဿ။
ဗုဒ္ဓံသရဏံ (ပ) တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။
တိသရဏဂမနံ ပရိပုဏ္ဏံ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အရှင်ဘုရား တပည့်တော်များ၏ ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့ ပေါက်ရောက်အောင် ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း....။

တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။ ။

အလုံးစုံဆက်ဆံသော ရေစက်ချများ

၁။ ကမ္မံ ကမ္မဝိပါကဉ္စ၊ သဒ္ဒဟိတွာ မယံ ဘန္တေ။
သရဏသီလံ သမာဒါယ၊ ဒဒါမ ဒေယျဝတ္ထုနိ။ ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ။ ကမ္မဉ္စ၊ ကုသိုလ်ကံ - အကုသိုလ်ကံကိုရင်း။ ကမ္မဝိပါကဉ္စ၊ ကုသိုလ်ကံ-အကုသိုလ်ကံ၏ ကောင်းကျိုး-မကောင်းကျိုးကိုရင်း။ ရတနတ္တယဂုဏဉ္စ၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုရင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ သရဏသီလံ၊ သရဏဂုံ သုံးပါးနှင့် (ငါးပါး) သီလကို။ သမာဒိယာမ၊ ခံယူဆောက်တည် ပါကုန်၏ ဘုရား။ သမာဒါယ၊ ခံယူဆောက်တည်ကြကုန်ပြီး၍။ ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက်ကို။ ပါတေတွာ၊ သွန်လောင်းချ၍။ (အာယသ္မန္တာနံ၊ သံဃာတော်များ အရှင်ဘုရားတို့အား။) ဒေယျဝတ္ထုနိ၊ (ဆွမ်း,ခဲဘွယ်,ဘောဇဉ်…. အစရှိသော) လှူဒါန်းဘွယ် ဝတ္ထုပစ္စည်းများကို။ ဒဒါမ၊ သဒ္ဒါကြည်ဖြူ ကပ်လှူပါကုန်၏ဘုရား။

မေ-အမှာကံ၊ တပည့်တော်တို့၏။ ဣဒံပုညံ၊ ဤ ကောင်းမှုကုသိုလ်ကံသည်။ သဗ္ဗန္တရာယေဟိ၊ အလုံးစုံသော ဘေးဥပါဒ်အန္တရာယ်အပေါင်းတို့မှ။ မုဉ္စိတွာစ၊ ကင်းလွတ်သည် ဖြစ်၍ရင်း။ ကာယစိတ္တသုခေဟိ၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့နှင့်။ သံပုဏ္ဏိတွာစ၊ ပြည့်စုံသည် ဖြစ်၍ရင်း။ သဒ္ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း ပါရမီကုသိုလ်ကောင်းဖြစ်သော သူတော်ကောင်းတို့၏တရားကို။ အာရဒ္ဓယိတွာစ၊ ကြိုးစားအားထုတ်နိုင်သည်ဖြစ်၍ရင်း။ အာသဝက္ခယံ၊ အာသဝေါ တရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့။ ပပ္ပေါတုံ၊ ဆောင်ရွက်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဣမံပုညဘာဂံ၊ ဤကုသိုလ်ကောင်းမှု အဘို့ကို။ မာတာပိတု-အာစရိယ-ဉာတကာဒီနဉ္စ၊ အမိ-အဘ, ဆရာသမား, ဆွေမျိုးသားချင်း တို့နှင့်တကွ ရောက်လာကြသောင်း ပရိသတ် အပေါင်းတို့အားရင်း။ ဒေဝိန္ဒသဿ၊ နတ်များသနင်း သိကြားမင်းအားရင်း။ ယမရာဇဿစ၊ ငရဲသနင်း ယမမင်းအားရင်း။ လောကပါလာနဉ္စ၊ ရေမြေစိုးနင်း အစိုးရမင်းတို့အားရင်း။ သဗ္ဗဒေဝတာနဉ္စ၊ အလုံးစုံသော နတ်အပေါင်းတို့အားရင်း။ သဗ္ဗသတ္တာနဉ္စ၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားရင်း။ ဘာဇေမ၊ အမျှ-အမျှ ပေးဝေပါကုန်၏။ လဘန္တု၊ အမျှ ရကြ ပါစေသတည်း။ အာ မောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ သာဓု-သာဓု ခေါ်နိုင်ကြပါစေသတည်း။

အနာဂတေပိ၊ နောင်အခါ၌လည်း။ အယံမဟီ၊ ဤမြေကြီးသည်။ သက္ခိကော၊ သက်သေအရာ၌။ ဟောတု၊ တည်ပါစေသော်။ ။(မြေစောင့်နတ်က သက်သေခံသည်ဟု ထေရဝါဒ ပိဋကတ် ကျမ်း ဂန် များ၌ မရှိသောကြောင့် မြေစောင့်နတ်ဟူသော အသုံးအနှုန်းကို မသုံးလိုက်ပေ။)

၂။ တနည်း-ရေစက်ချပုံအတူး

အမှာ။ ။(ကုသိုလ်ရှင်ကို လိုက်၍ အဆိုခိုင်းပါလေ။)

၁။ သိက္ခာသုံးရပ်၊ ပြည့်စုံလတ်၊ ထေရ်မြတ်ဆရာတော်။
၂။ သံသရာဘေး၊ လွတ်ဘို့ရေး၊ မြော်တွေးတပည့်တော်။
၃။ ကံ-ကွံအကျိုးပါ၊ ဤနှစ်ဖြာ၊ မှန်စွာယုံပြီးသော်။
၄။ သရဏဂုံသီလ၊ မြတ်စမ္မ၊ ယူကြပြီးလေသော်။
၅။ အလှူရေစက်၊ စဉ်မပျက်၊ ချလျက်အမှန်နော်။
၆။ ဤသည့်ဝတ္ထု၊ အစုစု၊ လှူပြု အမှန်နော်။
၇။ ဣဒံပုညံ၊ ကုသလံ၊ နိဗ္ဗာန်ရောက်စေသော်။

၈။ ဤနေ့ကစ၊ ဘေးဘယ၊ ကင်းထမှန်စေသော်။
၉။ ကိုယ်စိတ်နှစ်ဖြာ၊ ဤချမ်းသာ၊ မှန်စွာရစေသော်။
၁၀။ မမပုညာ၊ ဘုံဘာဂါ၊ သမ်ဝေငှသော်။
၁၁။ ဤသို့ပြုစု၊ မြတ်ကောင်းမှု၊ သာဓုခေါ်စေသော်။
၁၂။ အနာဂတေ၊ ဤသည့်မြေ၊ သက်သေခံစေသော်။

သက်ဆိုင်ရာကိစ္စတို့၌ ထည့်သွင်းရန် ရေစက်ချများ

၁။ မွေးနေ့ဆွမ်းလှူရေစက်ချ

အရှင်ဘုရား၊တပည့်တော်တို့သည်"ပုညံဝသုခံဇနေတိ၊အပုညံ ဒုက္ခံဇနေတိ"ဟူသောပေါရာဏဒေသနာအရကောင်းမှုကုသိုလ်ကံသည် ကောင်းကျိုးကို ပေး၏၊ မကောင်းမှု အကုသိုလ်ကံသည် မကောင်းကျိုးကို ပေး၏ဟု ကံနှင့် ကံ၏အကျိုးကို ယုံကြည်တတ်သော ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ်၌ တည်ပါကုန်သည်ဖြစ်၍ သရဏဂုံသီလတို့ကို ခံယူဆောက်တည်ကုန်ပြီးလျှင် (တပည့်တော်၏၊)(အိမ်ရှင်မ၏၊)(သားရတနာ၏)(မွေးဖွားရာနေ့ကောင်းရက်မြတ်၌) တပည့်တော်နှင့် တကွ အိမ်သားတစုတို့၏ ဘုန်းကြီးသက်ရှည် ကြက်သရေမင်္ဂလာတရား ကောင်းကျိုးချမ်းသာများ တိုးပွားစေခြင်း အကျိုးငှါလည်း၊ ဘေးဥပဒ်အန္တရာယ် ကင်းလွတ်စေခြင်း အကျိုးငှါလည်း၊ မြတ်သောအလှူရေစက်ကို သွန်ချ၍ ဆွမ်းခဲဘွယ် ဘောဇဉ် အရသာ အပြာပြာတို့ကို သံဃာတော်အရှင်မြတ်တို့အား ဆက်ကပ်လှူဒါန်းပါကုန်၏ဘုရား။

ဤသို့ မွေးနေ့၌ ပြုရသော ဤကောင်းမှု ကုသိုလ်ကံကြောင့် တပည့်တော်နှင့်တကွ အိမ်သူ-အိမ်သား တစုတို့၏ ကိုယ်တွင်း-ကိုယ်ပ၊ အိမ်တွင်း-အိမ်ပတို့၌ အလုံးစုံသော ဘေးဥပဒ်အန္တရာယ်

အပေါင်းတို့မှ ကင်းလွတ်ကြကုန်သည်ဖြစ်၍ အလုံးစုံသော စီးပွား ချမ်းသာ ကြက်သရေမင်္ဂလာ အဖြာဖြာများ တိုးပွားနိုင်ရပါလို ကုန်၏ဘုရား။

နိဗ္ဗာန်ရောက်ကြောင်း ပါရမီ ကုသိုလ် တရားများကိုလည်း ကြိုးစားအားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဘေးခပ်သိမ်း အေးငြိမ်း ရာ နိဗ္ဗာန်သို့ လျှင်မြန်စွာ ဝင်ရောက်နိုင်ရပါလိုကုန်၏ဘုရား။

ဤမွေးနေ့ အလှူ၏အဘို့ကို အမိ, အဘ, ဆရာသမားများကို အစထား၍(ဤအိမ်သို့)ရောက်လာကြသောပရိသတ်တို့အားငှင်း၊ သိကြားမင်း-ယမမင်းတို့အားငှင်း၊အစိုးရမင်းတို့အားငှင်း၊အလုံးစုံ သောနတ်အပေါင်းတို့အားငှင်း၊ အလုံးစုံသောသတ္တဝါအပေါင်း တို့အားငှင်း အမျှ-အမျှပေးဝေပါကုန်၏အမျှရကြပါစေသတည်း၊ ဝမ်းမြောက်ဝမ်းသာ သာဓု-သာဓု ခေါ်နိုင်ကြပါစေသော်။

၂။ အသုဘ-ဆွမ်းသွတ်ရေစက်ချ

အရှင်ဘုရား တပည့်တော်တို့သည် "ဤလောက၌ ငယ်ကုန် သော သူတို့သည်ငှင်း၊ ကြီးကုန်သောသူတို့သည်ငှင်း သေရခြင်း သဘောကို မလွန်မြောက်နိုင်ပါကုန်" ဟု နှလုံးသွင်းကြပြီးလျှင် သရဏဂုံ သီလတို့ကို ဆောက်တည်ကြပါကုန်သည်ဖြစ်၍ ဘဝ တပါးသို့ ပြောင်းသွားကွယ်လွန်သူ(   )၏ ဖြစ်ရာဘဝ၌ အလိုရှိအပ်သော စည်းစိမ် ချမ်းသာများကို ခံစားနိုင်ပါစေခြင်း အကျိုးငှါ၊ရေစက်သွန်ချ၍ သံဃာတော်များအရှင်ဘုရားတို့အား ဆွမ်း, သင်္ကန်း - စသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းပါကုန်၏ ဘုရား။ ။ဤကောင်းမှုကုသိုလ်ကို ဘဝတပါးသို့ ပြောင်းသွား ကွယ်လွန်သူ (   )သည် ဖြစ်ရာဘဝမှ သိမြင်ပြီးလျှင် ဝမ်းမြောက်စွာ သာဓု ခေါ်နိုင်ပါစေသတည်း၊ သာဓုခေါ်နိုင် သည်ဖြစ်၍ နတ်၌ဖြစ်သောအဝတ်တန်ဆာ၊အစားအစာ၊ဥယျာဉ်,

ဗိမာန်၊ စည်းစိမ်ချမ်းသာများကို သုံးဆောင် ခံစား-စံစားနိုင်ပါစေသတည်း။

ဤကျောင်းမှ ကုသိုလ်အဘို့ကို ဘဝတပါးသို့ ပြောင်းသွားကွယ်လွန်သူ( )အား ရှေးဦးစွာ အမျှ-အမျှ ပေးဝေပါကုန်၏၊ထို့မှတပါး အမိ,အဘ,ဆရာသမားများကို အစထား၍ စသည်ဆိုပါ။

၃။ ရှင်ပြု-ရဟန်းခံ ရေစက်ချ

အရှင်ဘုရား တပည့်တော်တို့သည် “ရှေးအခါက အလှူကို မပေးလှူခဲ့သော ပုဂ္ဂိုလ်တို့သည် ဖြစ်ရာဘဝ၌ ဆင်းရဲကြ-မွဲကြလေကုန်၏၊ ရှေးအခါက အလှူကို ပေးလှူခဲ့သော ပုဂ္ဂိုလ်တို့သည် ဖြစ်ရာဘဝ၌ ပစ္စည်း-ဥစ္စာ ချမ်းသာကြလေကုန်၏” ဟုသော ဒေသနာတော်မြတ်ကို အသင့်အားဖြင့် နှသုံးသွင်းကြကုန်ပြီးလျှင် သရဏဂုံ-သီလတို့ကို ဆောက်တည်ကြကုန်သည်ဖြစ်၍ မြတ်သော အလှူရေစက်ကို သွန်းလောင်းချလိုက် တပည့်တော်တို့၏ ရင်၌ ဖြစ်သောသား၊(သူတပါးတို့၏ ရင်၌ဖြစ်သောသား) ရှင်လောင်း (တို့)ကို ပရိက္ခရာစုံလင်စွာဖြင့် သာသနာတော်၌ ရှင်သာမဏေ၏ အဖြစ်၊ (ရဟန်း၏ အဖြစ်) ကို သွတ်သွင်းချီးမြှောက် ပါကုန်၏ ဘုရား၊ ဤရှင်ပြု-(ဟောန်းခံ)အလှူမင်္ဂလာပွဲကို ပြုလုပ်သောအခါ၌ အရှင်ဘုရားတို့အားလည်း ဤ (သင်္ကန်း, ထီး, ဘိနပ်) စသော လှူဘွယ်ဝတ္ထုတို့ကို........စသည်ဆိုပါ။

၄။ ကျောင်းကိုအပ်အောင် ရေစက်ချပုံ

မယံ ဘန္တေ ဣမံ ဝိဟာရံ သံဃဿ ကပ္ပိယကုဋိံ ကာတုံ ဒေမ၊ သံဃော ကပ္ပိယကုဋိံ ကတွာ ကာယဂ္ဂိ ဝယေဝေဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္စတု၊ ဂဟဋ္ဌာဇ အာဂတာဂတာယံ ယထာသုခံ ဝသန္တု။

အမှာ။ ။ဂဏကိုဖြစ်လျှင် "အာယသ္မန္တာနံ-အာယသ္မန္တော-ပရိဘုဉ္ဇန္တု။" ပုဂ္ဂလဖြစ်လျှင် 'အာယသ္မာဘော-အာယသ္မာ-ပရိဘုဉ္ဇတု"ဟု ပြင်ချ။ ။(ဘေသဇ္ဇက္ခန္ဓကဌကထာထောက်) (ကျေး)

အရှင်ဘုရား တပည့်တော်တို့သည် ဤကျောင်းကို (သံဃာတော်တို့အား) ကပ္ပိယကုဋီပြုခြင်းငှါ လှူဒါန်းပါကုန်၏၊ (သံဃာတော်သည်) ကပ္ပိယ ကုဋီပြု၍ ကိုယ့်အင်္ဂါ အစိတ်အပိုင်းတို့ဖြင့် ထိပါး၍ ချမ်းသာသည့်အတိုင်း နေထိုင်သုံးဆောင်တော်မူပါစေသတည်း။ လူတို့သည်သည်း ရောက်လာဆဲ အခိုက်၌ ချမ်းသာသည့်အတိုင်း နေထိုင်ကြပါစေသတည်း။

တရားဟောပုံကား—ဤစာအုပ်၌ စုံလင်အောင် ရေးသား၍ မဖြစ်နိုင်ပြီအတူတူ လုံးဝ မရေးသည်ကပင် ကောင်းပါလိမ့်မည်။ အလိုရှိလျှင် စုံလင်စွာရေးသားထားသော ဤစာရေးသူ၏ "ဓမ္မမာလာပဒေသာကျမ်း"(ပုံနှိပ်ပြီး)"နိပုဏဓမ္မပဒေသာ" 'ညောင်လွန့် တရားအဘိဓာန်ချုပ်ကျမ်း""တရားဟော အခြေပြုကျမ်း" တို့၌ယူပါ။(တရားဟောပုံကို သီးခြား စာအုပ်များဖြင့် ပြဆိုထားပြီဟု ဆိုလိုပါသည်။)

အမှာ။ ။ဝတ်ဆောက်တည်နည်း အခန်းကိုလည်း အမှတ်ရပါ၏။ သို့ရာတွင် ၎င်းအခန်းကို တကျမ်းတဘွဲ့ လောက်ရေးမှ စုံလင်နိုင်မည်ဖြစ်၍ ချန်ထားခဲ့ရပါသည်။ နောင် အကြောင်းညီညွတ်လျှင် သီးသန့် တကျမ်းအနေအားဖြင့် ရေးသားပါဦးမည်။

သီလပေး၊ ရေစက်ချ၊ တရားဟောနည်းအခန်း ပြီး၏။

နောက်ဆက်တွဲ

ဝိနည်းမိုရ်နှင့် ကျောင်းထိုင် အင်္ဂါများ

ဝိနည်းမိုရ် အင်္ဂါများကို ပါရာဇိကကဏ် အဋ္ဌကထာ-ပ၊ ပဌမပါရာဇိကအဖွင့် ၁၇၇၊ ၁၈၀။ ပရိဝါပါဠိတော် ပဥ္စက-၁၇၆၊ ၁၇၇-တို့၌ ဝိနည်းမိုရ်၏ လက္ခဏာဟူ၍ သီးသန့် ပြဆိုပါသည်၊ ၎င်းတို့၌ယူပါ။

ရာဇဂုရုဘွဲ့တော် ၂-ထပ်ရ၊ စံကျောင်းဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတနှင့် ပိဋကတ္တယပါရဂူဘွဲ့ရ ကမ္ဘာကျော် လယ်တီဆရာတော်ဘုရား၊ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးတို့ကား ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာ ပရိသုပဋ္ဌာပစာ အင်္ဂါလက္ခဏာများကိုပင် ဝိနည်းမိုရ် အင်္ဂါလက္ခဏာဟု ယူတော်မူကြသည်။ (စံကျောင်းဆရာတော်၏ ဝတ္တက္ခန္ဓကနိဿယ-၈၅၊ လယ်တီဆရာတော်၏ ဝိနယသံခိပ်-၁၄၀၊ ဝိသုဒ္ဓါရုံဆရာတော်၏ ဝိနယ ကောသလ္လ-၈၁။)

လယ်တီဆရာတော်ဘုရားကြီး၏ ဝိနည်းမိုရ်အင်္ဂါများ

၁။ ဆယ်ဝါရလျှင်း၊ ဝိဘင်းနှစ်ဖြာ၊ နှုတ်တက်စွာ ကမ္မာကမ္မသိ။

၂။ ဝတ်ခန္ဓက၊ ကျေပွန်လှ၊ မြောက်ထဥပဇ္ဈ်။

၃။ နိဿျည်းဆရာ၊ ဥပဇ္ဈာ၊ အင်္ဂါထူးမရှိ။

၄။ ဝိနယဓရ၊ ပါမောက္ခ၊ ဂဏာဓိပတိ။

၅။ ရှင်-ရဟန်းမွေး၊ ပြုစုရေး၊ လုပ်ကျွေးခံထိုက်၏။

(ဝိနယသံခိပ်ကျမ်း-၁၄၀၊၁၄၁)

ကျောင်းထိုင်အင်္ဂါများ

န ဘိက္ခဝေ ဗာလေန အဗျတ္တေန(ပ)နိဿယံ ဒါတဗ္ဗံ။(မဟာဝါပါဠိ၊ မဟာခန္ဓက-၉၄) ဤ၌ နိဿည်းဆရာနှင့် ဥပဇ္ဈာယ်ဆရာ အင်္ဂါ အတူတူပင်ဖြစ်သည်။ ၎င်းအင်္ဂါကိုပင် အဋ္ဌကထာ၌ ပရိသုပဋ္ဌာပကအင်္ဂါ၊ (ကျောင်းထိုင်အင်္ဂါ)ဟု ပြတော်မူသည်။

သာဓက။ ။"ပရိသုပဋ္ဌာပကေန ဥပသမ္ပဒါယ ဒသဝဿေန (ပ) ဒိသာပါမောက္ခော ယေန ကာမံ ဂမော ပရိသံ ဥပဋ္ဌာပေတုံ လဘတိ။ (ပါစိတျာဒိအဋ္ဌကထာ-ပ၊ ဩဝါဒသိက္ခာပုဒ်-၄၉၊ ၎င်းအဋ္ဌကထာ)

၁။ ဆယ်ဝါရရှိပြီး ဖြစ်ရခြင်း။

၂။ ပါရာဇိကကဏ်ပါဠိ နှင့် ပါစိတ်ပါဠိ တည်းဟူသော ဥဘတော ဝိဘင်းကို နှုတ်တက်အာဂုံ ရရှိတတ်သိရခြင်း။

၃။ အပလောကနကံ,ဉတ္တိကံ,ဉတ္တိ ဒုတိယကံ,ဉတ္တိ စတုတ္ထကံ တည်းဟူသော ကံကြီး-ကံငယ်တို့၌ လိမ်မာ ကျွမ်းကျင်ရခြင်း။

၄။ မဟာဝါ-စူဠဝါ ခန္ဓက၌လာသော ဝတ်ကြီးဝတ်ငယ်များကို တတ်သိနားလည်ရခြင်း။

၅။ အဘိဓမ္မာ နာမ်,ရုပ်တရားများနှင့် သုတ္တန်တရားများကို ပိုင်ပိုင်နိုင်နိုင် ဟောပြောနိုင်ရခြင်း။

ကျောင်းထိုင်များမှာ ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံရမည်။ သို့မဟုတ် အနည်းဆုံး ၁၀-ဝါရ၍ ဗျတ္တဂုဏ်-ပဋိဗလဂုဏ်နှင့် ပြည့်စုံရပေမည်ဟုလို။

ဆောင်ပုဒ်။ ။"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာ-ကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ။ ။(မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး - ဝိနယနိကောသလ္လ-၈၁)

" ဆယ်ဝါရခြင်း၊ ဝိဘင်းကျွမ်းကြေ၊ တတ်စေ ကမ္မာ-ကမ္မ၊ သုတ်ကပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင် လေးအင်္ဂါ"။ ။(ညောင်လွန့်တောရ ဒုတိယ ဆရာတော်ဘုရားကြီး ပကိဏ္ဏကဒီပနီ-တ-၃၄၀)

မှတ်ချက်။ ။ခန္ဓကဝတ်များကို ကမ္မာ-ကမ္မထဲ ရောယူ၍ ၄-ပါးဟု မိန့်ဆိုသည်။

ရှေးဆရာတော်ဘုရားကြီးများ
မိန့်ကြားတော်မူကြပုံ

၁။ နိဿယဆရာ၊ ဥပဇ္ဈာယ်ဆရာတို့သည် အမြတ်၊ အလတ်၊ အယုတ်အားဖြင့် ၃-ယောက်စီ ရှိကြသည်။ သာသနာ ငါးထောင်အတွင်း၌ အရင်း-အနှံ ရသင့်သ၍ စုပေါင်း၍ ဟောထားသည်။ ယခုအခါ အယုတ်ဆုံး ဟောသည့် အင်္ဂါများနှင့် ပြည့်စုံလျှင် သင့်လျော်လောက်ပြီဟု စလင်း ဆရာတော် မိန့်၏။ (စလေး ဦးပုညလို)

၂။ အဋ္ဌကထာအတိုင်း ဥဘတောဝိဘင်းကို နှုတ်တက်အရ ဆောင်နိုင်မှ ကျောင်းထိုင်နိဿယဆရာ အင်္ဂါမြောက်၍ နိဿယဆရာ လုပ်ရမည်ဆိုလျှင် သာသနာတော်သည် ရှေးအတော်ကြာကတည်းက ကွယ်ပျောက်ခဲ့လေရာ၏ဟု စလင်း ဆရာတော်၊ ငွေမဘုရားကြီးဆရာတော်တို့ မိန့်၏။

၃။ အဌကထာ လာသည့်အတိုင်း နုတ်တက်အာဂုံပင် မရသော်လည်း ကြည့်ရှုသောအခါ အနက်ထင်အောင်၊ အဓိပ္ပါယ်ကို သိကျွမ်းနားလည်အောင်၊ ပရိသတ်၌ အမှုအခင်း ဖြစ်လာလျှင် ဝိနိစ္ဆယ ချပေးနိုင်လောက်အောင်၊ ပရိသတ်များအား တရားဟောနိုင်လောက်အောင် လေ့လာထားနိုင်လျှင် သင့်လျော်လောက်ပြီ၊ ရအောင်ကျက်နိုင်သူ မရှိသည်မှာ ကြာလှချေပြီဟု ပဌမဘုရားကြီးဆရာတော်မိန့်၏။

၄။ ဥဘတောဝိဘင်း စသည်တို့ကို နုတ်တက်ပင်ရစေကာမူ ဒကာစမကြီးများ "ဣတိပိသော" ရသကဲ့သို့ အနက်အဓိပ္ပါယ် မသိလျှင် အသုံးလည်းမကျ၊ နိဿျည်း ဥပဇ္ဈာယ် အင်္ဂါလည်း မမြောက်ဟု ညောင်လွန့် ပဌမမိုးနံကုန်း ဆရာတော်ဘုရားကြီး မိန့်၏။ ။(ပကိဏ္ဏကဒီပနီ-တ၊ ၃၄၀)

အယုတ်ဆုံး ကျောင်းထိုင်အင်္ဂါများ

ပဥ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊(ပ)ဒသဝဿော ဝါ ဟောတိ။ ။(မဟာဝါပါဠိ-မဟာခန္ဓက-၉၈။)

ဂင်းပါဠိတော်အရ....

(၁) ဆယ်ဝါရရှိခြင်း။
(၂) ဂရုကအာပတ်ကိုသိခြင်း။
(၃) လဟုကအာပတ်ကိုသိခြင်း။
(၄) အာပတ်မသင့်သည်ကိုသိခြင်း။
(၅) အာပတ်သင့်သည်ကိုသိခြင်း။

ကျောင်းထိုင်များမှာ အယုတ်ဆုံး ဤအင်္ဂါ ၅-ပါးနှင့်ပြည့်စုံရပေမည်။ ။အယုတ်ဆုံး-နိဿယမုစ္စနက အင်္ဂါမှာလည်း အတူတူပင်၊ ငါး၀ါရရှိခြင်းသာထူးသည်။ (ကျေး-ဒု-မိုး) (ကြီး-လင်း)

ထို့ကြောင့်-ယခုကာလ၌ အဆိုပါပါဠိတော်နှင့်အညီ အာပတ္တိ၊ အနာပတ္တိ၊ လဟုက၊ ဂရုက အာပတ်တို့ကို သိအောင် ပါဠိ-အဋ္ဌကထာတို့ကို သင်ကြားပို့ချနိုင်ခြင်း၊ ဆယ်ဝါရရှိခြင်း၊ ဤမျှပြည့်စုံလျှင် သင့်လျော်ပြီ၊ ကျောင်းထိုင်နိုင်ပြီဟု ဒု-မိုး မိန့်၏။

(ပကိဏ္ဏကဒီပနီ ဒု-၂၇၆)

ဤပြဆိုခဲ့သော အယုတ်ဆုံး ကျောင်းထိုင်အင်္ဂါမှ မပြည့်စုံဘဲ ကျောင်း ထိုင် လုပ် ၍ ဥပဇ္ဈာယ် နိဿည်း ပေးလျှင်ကား .... "န ဘိက္ခဝေ (ပ) ဒုက္ကဋဿ" ဟူသော ပညတ်ချက်ဥပဒေအတိုင်း နေ့စဉ်-ဒုက္ကဋ်အာပတ်သင့်လျက် နေတော့မည်သာတည်း။

တာဝန်ခံချက်

သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ မျက်နှာတော်နှင့် သာသနာတော်ကိုသာ ငဲ့ကွက်၍၊ (ဂန္ထဓုရ-ဝိပဿနာဓုရ နှစ်ပါးလုံး တွဲဘက်လျက်)ရက်ရှည်စွာ ကိုယ်-စိတ်ပင်ပန်းခြင်းကို အလေးမပြုဘဲ၊ ဇွဲကောင်းကောင်းနှင့် ရေးသားစီရင်အပ်သော "ဝိနည်းဓိုရ်နှင့် ကျောင်းထိုင်လက်စွဲ" အမည်ရှိသော ဤကျမ်းမြတ်သည်ကား....ပိဋကတ်ပါဠိတော် - အဋ္ဌကထာ - ဋီကာ မျိုးစုံတို့ဖြင့်ရှင်း၊ ဂန္ထန္တရ မျိုးစုံတို့ဖြင့်ရှင်း၊ ဂိုဏ်းပေါင်းစုံ ရှေး - ကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများ၏ယူဆချက် အာစရိယဝါဒ-အာစရိယ လဒ္ဓေါပဒေသ မျိုးစုံတို့ဖြင့်ရှင်း၊ ကျေးဇူးရှင်-ညောင်လွန်တောရ ဆရာတော်ဘုရားထံမှ ကိုယ်တွေ့-လက်တွေ့ နည်းများဖြစ်သော အာစရိယမုဋ္ဌိ နည်းမျိုးစုံတို့ဖြင့်ရှင်း တန်ဆာဆင်၍ ရေးသားစီရင်

အပ်သော ကျမ်းမြတ် ဖြစ်သောကြောင့် .... သဒ္ဓမ္မမာမက, ဝိနယဂရုက, ဝိနယဓရ, ဗဟုသုတဓရ, သုတဂဝေသီ ပုဂ္ဂိုလ်အပေါင်းတို့သည် ကမ္မဘဦးအခါက လိုရာကိုရစေနိုင်သော ပဒေသာပင်ကြီးပမာ ဤကျမ်းစာမှ လိုရာနည်းများကို ကောင်းမွန်စွာ ရယူနိုင်ကြပေလိမ့်သတည်း....။ ။

နိဂုံးနှင့်ဆုတောင်း

ဤသို့လျှင် ဤ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရလက်ထက်၌ တောင်ငူခရိုင်-ရေနီမြို့၊မြို့၏ အနောက်မြောက်ခပ်ယွန်းယွန်း တော,တောင်ခြေ အရပ်ဝယ်၊ ကျောင်း-သခ်မ်းရိပ်သာ အဖြာဖြာတို့ဖြင့် တင့်တယ်သည့်ညားစွာ တည်ထောင်ထားသော "မဟာဓမ္မဒီပိကာရာမ"အမည်ရှိသော ဦးရိပ်သာကျောင်းတိုက်ကြီး၏ အာဒိမာပိတ၊အာရာမိဿရ၊အာရာမာဓိပတိ၊ ပဓာနနာယကဖြစ်သော မူလဓမ္မာစရိယနှင့်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဂန္ထကာရက (ပါဠိ-မြန်မာအားဖြင့် ကျမ်းပေါင်း ၉၀-ကျော်တို့ကို ပြုစီရင်သော) "ဝိဘင်္ဂဝါဒီဘွဲ့ခံ" အရှင်ဦးရိပ်သာ ဆရာတော်(ညောင်လွန့်အရှင်သောဘိတာစာရ)သည် အသက်(၄၁)နှစ်၊ ဝါတော် (၂၁)ဝါ ရသောအခါ၊ ထိုဦးရိပ်သာ ကျောင်းတိုက်ကြီးအတွင်းရှိ "ဆရာတော်ကျောင်း" ခေါ် အုဋ္ဌကျောင်းတော်၌ ကောင်းမွန်စွာ ရေးသား စီရင်အပ်သော (အသက်အရွယ် အသင့်အတင့် ရလာပြီဖြစ်၍၊ ပဓာန ဝိပဿနာ အလုပ်သက်သက်ကိုသာ အားထုတ်လိုသောကြောင့်၊ ဤကျမ်းရေးသားပြီးလျှင် ကျမ်းစာရေးသားမှု နည်းပါးစေတော့မည်ဟု အဓိဋ္ဌာန်ပြုသောအားဖြင့် မှတ်တမ်းတင်ခြင်းခံယူရသော) "ဝိနည်းဓိုရ်နှင့်ကျောင်းထိုင်လက်စွဲ"အမည်ရှိသော ဤကျမ်းစာသည် သာသနာ

တော်နှစ် ၂၅၀၈-ခု၊ ကောဇာ သက္ကရာဇ် ၁၃၂၆-ခု၊ ဝဿာန ဥတု ဝါခေါင်လဆန်း ၁၅-ရက် (လပြည့်နေ့) တနင်္ဂနွေနေ့ (၂၃-၈-၁၉၆၄)နံနက်စံတော်ချိန် ၉-နာရီအချိန်တွင် ရေးသား စီရင်၍ ပြီးစီးအောင်မြင်လေသတည်း....။

ဧတ္တာဝတာစ.... ဆဋ္ဌာဘိညာဒိဂုဏိကာနံ ဘဒ္ဒန္တ မဟာကဿ ပတ္ထေရာဒီနံ ဝံသဘူတာနံ ကန်မြဲ-ရွှေရေးဆောင်-ညောင်လွန့် အာစရိယာနံ သဒ္ဓိဝိဟာရိက အန္တေဝါသိကဘူတဿ သာဋ္ဌကထေ ပိဋကတ္တယေ အတိဝိသာရဒ ဉာဏစာရိနော နာနာဂန္ထန္တရော ပစိတ ဝဇီရဗုဒ္ဓိယုတ္တဿ ဝိနယေအတိဂရုကဿ ဝိနိစ္ဆယဋ္ဌာနာတိ ဝိသုတဿ သံလဒ္ဓါစရိယမုဋ္ဌိနော အရညဝါသိနော မဟာဂဏ ဝါစကဘူတဿ ညောင်လွန့် အရည မဟာရာမေ အဓိပတိဘူတဿ ဘဒ္ဒန္တနာယက မဟာထေရ ဝရဿ အန္တေဝါသိကဘူတေန ရေနံနဂရေ မဟာဓမ္မဒီပိကာရာမ နာမဿ “ဦးရိပ်သာ” မဟာဝိဟာရဿ အဓိပတိဘူတေန အာရာမိဿရေန ညောင်လွန့် ဘဒ္ဒန္တသောဘိတာစာရ နာမေန ဘဒ္ဒန္တဦးရိပ်သာစရိယေန ရစိတော အယံဂန္ထော....။

၁။ ယာဝဗုဒ္ဓေါတိနာမမ္ပိ၊
တာဝလောကမှိ တိဋ္ဌတိ။
ဌတွ.တ္ထံ ဘိက္ခုနံ ယေဝ၊
ဟိတေသိနံ ပဘာတု.ဝ။ ။

၂။ သီဃမေဝ အယံ ဂန္ထော၊
ကတေ.ဝံ နိဋ္ဌိတော ယထာ။
တထာ ကလျာဏ သင်္ကပ္ပါ၊
သီဃံ သိဇ္ဈန္တု ပါဏိနံ။ ။

၃။ ဒေဝေါ ဝဿတု ကာလေဝ၊
သဒ္ဓမ္မောစိရ့တိဋ္ဌတု။
သတ္တာ အနေန ပုညေန၊
ဓမ္မေ ဟောန္တု သ့ဂါရဝါ။ ။

၄။ မယာပုညံ သမာစိတံ၊
တေန ပုညေန သော အဟံ။
ဂမ္ဘီရ ဉာဏ သမ္ပန္နော၊
သမ္ပန္နော ဣစ္ဆိတေ န စ။

၅။ သုခပ္ပဋိပဒါခိပ္ပါ၊
ဘိညောယေဝ ဣမေဝစ။
သစ္ဆိကရေယျ့နိဗ္ဗာနံ၊
ဒုတိယေ ပန တုဿိတော။
အပ္ပမတ္တောဝ ဧကန္တံ၊
သစ္ဆိကရေယျ့မစ္စုတ့န္တိ။ ။

ဝိနည်းမိုရ်နှင့်ကျောင်းထိုင်လက်စွဲကျမ်းပြီးပါပြီ။

ညောင်လွန့်-အရှင်သောဘိတ

ကျမ်းပြုအရှင်-ဦးရိပ်သာ ကိုယ်တော်၏

ပုံနှိပ်ပြီး-နှိပ်ဆဲ ကျမ်း၊စာအုပ်များ

အမှာ။ ။ကျမ်းအမည် အနေအားဖြင့် (၉၀) ကျော် ရှိသော်လည်း စာအုပ်အနေအားဖြင့် သဘောတူရာ ကျမ်းများကို၊ အချို့မှာ တွဲ၍ပုံနှိပ်ထားကြောင်း သိစေအပ်ပါသည်။

၁။ သိမ်မျိုးစုံဘာသာဋီကာကျမ်း (ဒု-အကြိမ်နှိပ်)

၂။ ကမ္မဝါစာဘတ်ပုံ-ဘတ်နည်းကျမ်းနှင့် ကမ္မဝါစာမျိုးစုံ (ပ-အကြိမ်နှိပ်၊ ကုန်နေပြီ)

၃။ အခြေခံသဒ္ဒါကျမ်း (နှိပ်ဆဲ)

၄။ အခြေခံ ပဒမာလာကျမ်း (ပ-အကြိမ်နှိပ်)

၅။ အခြေခံ ဝါကျကျမ်း (ပ-အကြိမ်နှိပ်၊ ကုန်နေပြီ)

၆။ အနုစိပ်စာချနည်းခေါ် အခြေခံ စာချလက်စွဲ (နှိပ်ဆဲ)

၇။ ဓမ္မမာလာပဒေသာ ခေတ်မှီတရားစာ (ပ-အကြိမ်နှိပ်၊ ကုန်နေပြီ)

၈။ နိပုဏဓမ္မပဒေသာ ညောင်လွန့်တရား အဘိဓာန်ချုပ် (ပ-အကြိမ်နှိပ်)

၉။ ဝိဝဋ္ဋလမ်းစဉ်ကျမ်းခေါ် ဝိပဿနာအထွဋ်တင် တရားစာ (နှိပ်ဆဲ)

၁၀။ ကမ္မဋ္ဌာန်းဘာသာဋီကာခေါ် ညောင်လွန့်ကမ္မဋ္ဌာန်း ပေါင်းချုပ်ကျမ်း၊ ၆-စောင်တွဲ (နှိပ်ဆဲ)

၁၁။ ဝိနည်းမိုရ်နှင့် ကျောင်းထိုင်လက်စွဲ (ပ-အကြိမ်နှိပ်)

၁၂။ ပညာရောင်ခြည် ရှင်-ရဟန်းကျင့်ဝတ် ၃-စောင်တွဲ (ပ-အကြိမ်နှိပ်)

၁၃။ ပဋ္ဌာန်လောကဒီပနီကျမ်း (နှိပ်ဆဲ)

၁၄။ မြန်မာ့ကြေးမုံ (နှိပ်ဆဲ)

၁၅။ ဘာသာ့ဂုဏ်ရည်ကျမ်း (နှိပ်ဆဲ)

ကျန်သော ကျမ်းများကိုလည်း ဆက်လက်၍ ပုံနှိပ်ဖြန့်ချီသွားမည် ဖြစ်ပါသည်။

ညောင်လွန့်-အရှင်သောဘိတ-၏

အနုစိပ်စာချနည်းခေါ်

ဓမ္မာစရိယ လက်စွဲကျမ်း

●

ဋီကာကျော်"ဝိသုဒ္ဓ ကရဏာ ဉာဏံ"ဂါထာ၌ အနက်ပေါင်း သုံးသောင်းကျော်၊ ဗုဒ္ဓေါဝိ ၌ဟ် တသိန်းအထိ၊ ညောင်လွန့် နည်းစံနစ်, ရွှေရေး ဆောင် နည်းစံနစ်,ကံမြဲ နည်းစံနစ်တို့ဖြင့် ဝေဆာ အောင် တန်ဆာဆင်ပြီးလျှင်၊ "ဝိသုဒ္ဓ ကရဏာ ဉာဏံ" ဂါထာကို သံဝဏ္ဏေတဗ္ဗ ထား၍၊ သံ ဝဏ္ဏနာယောဇနာပါဠိကိုရေးသားလျက်၊အနက် ပေးပုံ, ပုဒ်-ပါဌ်စစ်ပုံ, နည်းစံနစ်ပေးပုံ စသည် များနှင့်တကွ အနုစိပ်စာချပုံကို အဓိကထားကာ လက်စွဲမ်းပြ ရေးသားထားပါသည်။

ထွက်တော့မည်။

●

ထွက်တော့မည်　　　　ထွက်တော့မည်

ဦးရိပ်သာ ဆရာတော်

ညောင်လွန့်-အရှင်သောဘိတာစာရ၏

နိပုဏဓမ္မပဒေသာ

ညောင်လွန့်-တရားအဘိဓာန်ချုပ်

ရှိုင်ဆိုက် စာမျက်နှာ ၆၀၀-ကျော်ဖြင့်

ဝေဝေဆာဆာ ထွက်ပေါ် လာတော့မည်။

- ဟောကွက်-ပြောကွက်ကျသော တရားပုဒ်ပေါင်း မြောက်များစွာကို တစုတဝေး စုစည်းထားပါသည်။
- ဘယ်အလှူ - ဘယ်တရားပွဲမှာဘဲ ဟောဟော၊ ဟောကွက်ဆိုက်၍ နာကြားသူတိုင်းလည်း နှစ်ချိုက်စေရပါမည်။
- တရားမချော, စကားကြော မရှည်, လိုရင်းအချက်တွေ ပြည့်ဝ၍ တရားသားကလည်း အကွက်စေ့လှပါသည်။
- ဂါထာ, စုဏ္ဏိယ, ပါဠိ, အနက်, အဓိပ္ပါယ် အဆန်းအညွန့်တွေ ရွေးချယ်၍၊ စကားချောပြေ၊ ဝတ္ထု သက်သေ ကောင်းကောင်း၊ လင်္ကာ-သံပေါက် ကဗျာပေါင်းမြောက်များစွာဖြင့် တရားစာတို့ ဂုဏ်အင်္ဂါကို စံတင်ကာ နမူနာထားလောက်အောင် လက်စွမ်းပြ ရေးသားထားပါသည်။
- သုတ်တရား,အဘိဓမ္မာတရား,ဝိပဿနာတရား, ဟောလိုရာတရား မျိုးစုံကို နေ့ပွဲ-ညပွဲ ဆင်နွှဲ၍ ဟောမကုန်အောင် စုံစုံလင်လင် ပြုစုထားပါသည်။

မျှော်ပါတော့　　　　ပေါ်လာတော့မည်။

မကြာမီ ထွက်တော့မည်

ဦးရိပ်သာ ဆရာတော်

ညောင်လွန်-အရှင်သောဘိတာစာရ၏

ညောင်လွန်

အခြေခံ ပဒမာလာ

- သင်္က ၃-မျိုး ကို ပုဒ်စပ်ပုံ-ပုဒ်ဖြတ်ပုံများနှင့် စီရင်သုတ်နံပါတ်များ ကို ဇယားချ၍ တွဲပြထားပါသည်။

- နာမ်-ကာရကပိုင်းများအတွက် နာမ်ဂိုဏ်းပဒမာလာကို ယောဂ ၃-မျိုးနှင့် ယှဉ်တွဲပြသထားပါသည်။

- အာချာတ်ဂိုဏ်း ပဒမာလာကိုလည်း ဝိဘတ်နှင့်ပုရိသ်ပုဒ် ရောမရှုပ်ရအောင် သူ့အုပ်စုနှင့် သူ့နေရာ ရှင်းလင်းစွာ ဖော်ပြထားပါသည်။

- နာမ်-ကာရက-အာချာတ် ပဒမာလာများ အပြီးတွင် ကဏ္ဍ,ကံ, ကြိယာထားပုံနှင့် ပါဠိလေ့ကျင့်ခန်းကို ထည့်သွင်းထားပါသည်။
- ကိတ်-တဒ္ဓိတ်-သမာသ် ပိုင်းများအတွက် ကိတ်ဝိဂြိုဟ်, တဒ္ဓိတ် ဝိဂြိုဟ်, သမာသ်ဝိဂြိုဟ် ဆိုဘတ်ရန် အခြေခံလေ့ကျင့်ခန်းများကို ထည့်သွင်း ဖော်ပြထားပါသည်။

ဤကျမ်းစာသည် သောတုအရှင် စာသင်ယော်များ အတွက် သဒ္ဒါဘက်တွင် အုဋ္ဌမြစ်တချပ် ဖြစ်သည်ကို တော့ အားလုံးက လက်ခံကြရပါမည်။

ပုံနှိပ်နေပါပြီ ထွက်တော့မည်။

မမှသဘင်တရားပလ္လင်မှာ ပွဲကြီးဝင် ဖြစ်နိုင်ပြီး
ပြိုင်စံမပေါ် နိုင်ငံကျော် မမှကထိကဘွဲ့ထူးကို
ဆွတ်ခူးလိုသော အရှင်မြတ်များအတွက်
အထူးတင်ဆက်လိုက်သော

သာကေတမြို့၊ (၇)ရပ်ကွက်၊ မြင်တော်သာလမ်း၊
အာဒိကာရုံကျောင်းတိုက်၊
မမှာရုံဆရာတော်

ဘဒ္ဒန္တ ဩသမ မဟာထေရ်-၏

★ တရားသဂြိုဟ်ကျမ်း ★

ထွက်ပေါ်လာတော့မည်။

●

- ကျမ်းစာ၏ အမည်ကို "ရိုးတယ်လို့" ထင်ကောင်း ထင်ကြမည် ဖြစ်သော်လဲ " အရိုးပေါ် အရွက်မဖုံးသလို " တမျိုးနော် မက်မဆုံးစရာပါဘဲ။
- သူ့တရားနှင့် သူ့စာသား, သူ့အရေးအသားများမှာ ကြည့်ရှုသူ-နာကြားသူတိုင်းနှစ်ချိုက်ပြီး တရားသားဟောကွက်ဆိုက်၍ ဟောသူကိုင်းလည်း အကြိုက်တွေ့နိုင်ပါသည်။
- "အမည်ရိုးသော်လဲ အဘိုးကထိုက်တန်" ဆိုရလောက်အောင် ရေးသားစီရင်ပုံ၊ တရားအိမ်ဖွဲ့ပုံ၊ တရားကွက်ဆင်ပုံ၊ သက်ဆိုင်ရာ ဂါထာ,စုဏ္ဏိယ,ပါဠိ,သာဓကထုတ်ဆောင်ပုံ၊ရစနာဂါထာဖွဲ့နွဲ့ပုံ၊ အနက်ပေးပုံ၊အဓိပ္ပါယ်ရှင်းပုံ၊ဝတ္ထုဇာတ်ကြောင်းတင်ပြပုံများမှာ ခိုင်ခံ့မြဲမြံ ခေတ်နှင့်လည်းလျော်ကန်သဖြင့် "ရိုးသလောက် အဘိုးတန်"သော ကျမ်းစာဖြစ်ပါသည်။

မျှော်ပါတော့ ပေါ်လာတော့မည်။